

# ဗုဒ္ဓဂယာ မဇ္ဈိမခရီး

ဦးကံဝင်း

## "ဒို့တာဝန်အရေးသုံးပါး"

❖ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## "ပြည်သူ့သဘောထား"

❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
❖ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## "နိုင်ငံရေးဦးတည်ချက် (၄)ရပ်"

❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
❖ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။ •
❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## "စီးပွားရေးဦးတည်ချက် (၄)ရပ်"

❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## "လူမှုရေးဦးတည်ချက် (၄)ရပ်"

❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဗုဒ္ဓဂယာ မဇ္ဈိမခရီး



ရေးသားစီစဉ်သူ

## ဦးကံဝင်း

၂၄၇၈၇


"ပုံနှိပ်မှတ်တမ်း"

စာမူခွင့်ပြုချက်အမှတ် ၉၀/ ၂၀၀၃ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၈၄/ ၂၀၀၃ (၅)

ပထမအကြိမ် အုပ်ရေ (၁၀၀၀)

တန်ဖိုး ၅၀၀ ကျပ်

ထုတ်ဝေသူ ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ် (၁၅၈)၊ ၄၈ လမ်း
ဗိုလ်တထောင်မြို့နယ်

မျက်နှာဖုံး ပုံနှိပ်သူ ဦးတင်အောင်ကျော်
အမှတ် (၈၇)၊ ၅၆ လမ်းတို
(၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်

အတွင်း ပုံနှိပ်သူ ဒေါ်ကြည်ကြည်အေး
ဆန်းသိမ့် ပုံနှိပ်တိုက်
၄၈ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း ပြည့်စုံဦး (CS)

ကွန်ပျူတာစာစီ ပြည့်စုံဦး ကွန်ပျူတာ

## အခန်း(၁)


၁။ ဗုဒ္ဓဂယာမဟာဗောဓိမဏ္ဍိုင်မခရီးတွင်ဆက်သွယ်တည်းခိုနိုင်သော မြန်မာဘုန်းတော်ကြီးကျောင်းများ ၁
၂။ ဘုရားစေတီနှင့်တည်နေရာများ ၃
၃။ ရာသီဥတု ၆
၄။ ခရီးမိုင်အကွာအဝေးများ ၇
၅။ မဏ္ဍိုမခရီးစဉ်ပြမြေပုံ ၈


## အခန်း(၂)


၆။ ဗုဒ္ဓဂယာမဏ္ဍိုမခရီး ၉
၇။ မဏ္ဍိုမခရီးအစ ၂၁
၈။ ကာလကတ္တားမြို့ ၂၇
၉။ ပါဋ္ဌလိပုတ်နှင့် ရာဇဂြိုလ် ၃၄
၁၀။ အသောကာရုံကျောင်းတော်ကြီး ၃၈
၁၁။ ဗုဒ္ဓဂယာ ၈၀
၁၀။ ဗောဓိပင်နှင့်ရွှေပလ္လင် ၈၆
၁၁။ အနိမိသစေတီတော် ၈၇
၁၂။ ရတနာစင်္ကြံတော် ၈၈
၁၃။ ရတနာဃရ ရွှေအိမ်တော် ၈၈
၁၄။ အဇပါလနိဂြောဓကျောင်းတိုက် ၈၉
၁၅။ မုစလိန္ဒာအိုင် ၉၀
၁၆။ ရာဇယတနလင်းလွန်းပင် ၉၁

၁၇။ မင်းတုန်းမင်း၏အလှူတော် ၁၀၄
၁၈။ ဒုက္ကရ စရိယတောင် ၁၀၈
၁၉။ ဂျိန်းဘုန်းကြီးနှင့်တွေ့ဆုံခြင်း ၁၂၃
၂၀။ မိဂဒါဝုန် ၁၃၁
၂၁။ သာဝတ္ထိမြို့ဟောင်း ၁၄၆
၂၂။ သာဝတ္ထိမိတ်ဆက်ဘုရားဖူးလမ်းညွှန် ၁၆၉
၂၃။ သာဝတ္ထိမြန်မာဇေတဝန်ကျောင်း ၁၇၂
၂၄။ လက်ရှိကျောင်းတိုက်အခြေအနေ ၁၇၄
၂၅။ အနာဂတ်စီမံကိန်းနှင့်အခက်အခဲများ ၁၇၇
၂၆။ လုမ္ဗိနီ ၁၈၁
၂၇။ ကုသိနာရုံပြည် ၁၉၄
၂၈။ ဖူးမြင်ဖွယ်ရာအစုံကုသိနာရုံ ၂၀၂
၂၉။ မဟာပရိနိဗ္ဗာနဆုတောင်းပြည့်ရုပ်ပွားတော် ၂၀၃
၃၀။ မဟာပရိနိဗ္ဗာနစေတီတော် ၂၀၇
၃၁။ မကုဋဗန္ဓစေတီတော်ကြီး ၂၀၈
၃၂။ အနုရုဒ္ဓါမထေရ်၏စေတီတော် ၂၀၉
၃၃။ ဆုတောင်းပြည့်ရုပ်ပွားတော် ၂၁၀
၃၄။ ချမ်းသာကြီးစေတီတော် ၂၁၀
၃၅။ ဝေသာလီ ၂၁၂
၃၆။ ပတ္တနား မှ ကာလကတ္တား ၂၁၉
၃၇။ အိမ်အပြန် ၂၂၅
၃၈။ ကျမ်းကိုးစာရင်း ၂၂၈

# မြတ်ဗုဒ္ဓ၏ဂုဏ်ကျေးဇူးတော်

• အကယ်၍သာ မြတ်ဗုဒ္ဓသည် လူ့ရွာထင်ရှား
မပွင့်ငြားက ဤကားကုသိုလ်၊ အကုသိုလ်နှင့်
တိုထိုဘဝ မသိရ၊ များလှအပြစ်တွေ . . .

• ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘဝ သိကြရ၊ များလှ ကျေးဇူးပေ . . .

• ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့
အမြတ်ရတနာ၊ သာသနာ၏ နိုင်ရာဝန်ထမ်း၊
ကိုယ်စီစွမ်း ကြိုးပမ်းကြပါလေ . . .



## စာရေးသူ၏အမှာစာ

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသတွင် ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မူခဲ့ပေ၏။

ယနေ့၌ ဤကမ္ဘာလောကကြီးတွင် ဗုဒ္ဓမြတ်စွာသခင် ကျေးဇူးရှင်ကြီး၏ သာသနာတော် ထွန်းကားခဲ့ရာ နေရာဌာနများ အခိုင်အမာ ရှိနေခြင်းက ဗုဒ္ဓဘာသာသူတော်စင်တို့ အထူးအားတက်ဖွယ်ရာ ဖြစ်ပေတော့၏။

ဤသို့နေ၊ ဤသို့ကျင့်၊ ဤသို့လုပ် ဤလိုတရားအားထုတ်ရင်း ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုရမယ်၊ ရောက်မယ်လို့ အတိအလင်း ရှေ့ဆောင်ပြခဲ့သော ဗုဒ္ဓမြတ်စွာ၏ ဖွားပွင့်ဟောစံ ဌာနလေးတန်ကို ဗုဒ္ဓဘာသာ သူတော်စင်တို့ သွားရောက်ဖူးမျှော်လိုကြသည်ကား မည်သူမှ ငြင်းပယ်လိမ့်မည် မဟုတ်ပါ။

သံဝေဇနိယလေးဌာနကို သွားရောက်ဖူးမျှော်ရန်မှာလည်း အချက် (၅) ချက် ပြည့်စုံမှသာ အထမြောက်မည်ဖြစ်၍ ယခုအခါ တိုင်းပြည်အေးချမ်းသာယာမှုက အဓိကကျလှပါသည်။ (၁) တိုင်းပြည်အေးချမ်းမှု (၂) ငွေကြေးကလည်း ပြည့်စုံမှု (၃) ငွေကြေးတတ်နိုင်သော်လည်း ကျန်းမာရေးက ကောင်းပါမှ (၄) ဖူးမျှော်ကြည်ညိုချင်စိတ်သဒ္ဓါတရားက ပြည့်စုံမှု (၅) တစ်နိုင်ငံနှင့်တစ်နိုင်ငံနားလည်မှု၊ အဆင်ပြေမှု ရှိမှသာ သွားရောက်ဖူးမျှော် ကုသိုလ်ယူနိုင်ကြမည်ဖြစ်သည်။

ယနေ့ကာလသည် ဗုဒ္ဓဂယာမဇ္ဈိမဒေသသို့သွားရောက်ရန် အကောင်းဆုံးကာလတစ်ခုဟုဆိုပါကလည်း မမှားချေ။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့်သွားရောက်နိုင်သကဲ့သို့ ပုဂ္ဂလိကဘုရားဖူးကုမ္ပဏီများနှင့်လည်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပါပြီ။ သာသနာရေးဦးစီးဌာန နှင့်သွားသွား၊ ပုဂ္ဂလိကနှင့်သွားသွား၊ FEC 600 ဝန်းကျင်ဖြင့် စရိတ်ငြိမ်း ပို့ဆောင်ပေးနေကြောင်း သတင်းရရှိပါသည်။

စာရေးသူအနေဖြင့် ဗုဒ္ဓဂယာမဇ္ဈိမဒေသသို့ ၁၉၉၇ ခုနှစ်၊ နောက်ဆုံးရက်ဖြစ်သော ဒီဇင်ဘာ (၃၁) ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနစီစဉ်မှုဖြင့်

သွားရောက်ဖူးမျှော် လေ့လာကြည်ညို သံဝေဂယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၂၉/၉၇ အဖွဲ့၏ အဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့် မူလအစီအစဉ်က ကျမ်းတစ်စောင်၊ စာတစ်အုပ်အဖြစ်မရည်ရွယ်ခဲ့ပါ။ တစ်လေယာဉ်ထဲစီး၊ တစ်ခရီးထဲသွား ဓမ္မမိတ်ဆွေများအတွက် ဗုဒ္ဓဂယာခရီးသွားမှတ်တမ်းအဖြစ် အမှတ်တရ သိစေခြင်းငှာ ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဖတ်ရှုပြီးသူ ဓမ္မမိတ်ဆွေအားလုံးက တညီတညွတ်ထဲ တိုက်တွန်းခဲ့သည့်စကားက "နောင် ဗုဒ္ဓဂယာဘုရားဖူးများအတွက် အကျိုးရှိစေတာမို့ စာအုပ်အဖြစ် ထုတ်ဝေပါ" ဟု အကြံပြုလာကြပါသည်။ ၎င်းဓမ္မမိတ်ဆွေများတွင် တစ်ကြိမ်မက အကြိမ်ကြိမ် "စာအုပ် မထွက်သေးဘူးလား" စသည်ဖြင့် စာအုပ်ထုတ်ဖို့ တိုက်တွန်းသူများကတော့ ရန်ကင်းတောင်၊ ဥယျာဉ်တိုက် ဆရာတော် ဦးဇောတိက (MA)၊ သမားတော်ကြီး ဒေါက်တာ မောင်မောင်ခင်၊ ဒေါ်ခင်ခင်အုံး၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာကျင်ကင်း+ဒေါ်အေးမြင့်၊ လမ်းမတော် (၄) လမ်းမှ ဒေါ်သန်းဝင်း၊ (၁၉) လမ်းနေ စန်းစန်းကြည်။ မိုးကုတ်ယောဂီ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ရင်ရင်စန်း နှင့် သတင်းကြား၍ ဗုဒ္ဓဂယာမသွားမီ ငှားဖတ်ကြ၍ ပြန်လာသောအခါ အားရဝမ်းသာနှင့် "ဒီမှတ်တမ်းက ကျွန်တော်တို့ကြုံဖြတ်သွားတာ ဟိုမှာကွက်တိဘဲ" ဟုလည်းကောင်း၊ အကြောင်းအရာတွေ ကြိုတင်သိ၍ အကျိုးကျေးဇူးတွေ

များစွာရကြောင်း၊ နောင် ခရီးသွားများအတွက် လမ်းညွှန် တစ်စောင်ဖြစ်ကြောင်း၊ စာအုပ်ထုတ်ဝေပါ၊ လိုအပ်တာ ပြောပါ ဆိုပြီး အားရဝမ်းသာပြောသွားသူများကတော့ မင်္ဂလာဈေး အထည်ဆိုင်ပိုင်ရှင် ဦးစိုးမြင့် ဒေါ်ညွန့်ကြည်၊ ဇာနည် (၁၅) လမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာနှင့် ဒေါ်မေရီခင် (မူဝံသောက်ရေသန့်)၊ ဒေါ်ရီရီနွဲ့ တို့ဖြစ်ပါ သည်။ ဗုဒ္ဓဂယာ မသွားဖြစ်သေးသော်လည်း "ဒီစာစောင် ဖတ်ရတာ ကိုယ်တိုင်ရောက်နေသလားတောင် ထင်ရတယ်" လို့ ပြောလာကြတဲ့ ခမ္မမိတ်ဆွေအချို့ကတော့ လမ်းမတော် (၅) လမ်းမှ ဒေါ်လှမေ၊ ညီမ ဒေါ်ခင်ရီ၊ မတင်မာအေး၊ မသန္တာအေးနှင့် ဒေါ်အလိမ္မာ (ရွှေလိပ်ပြာ) တို့ ဖြစ်ပါသည်။ ခမ္မမိတ်ဆွေ အတော်များများက ကျမ်းတစ်စောင်၊ စာ တစ်အုပ်အဖြစ်သို့ ရောက်စေလိုကြသော်လည်း "ဗုဒ္ဓဂယာ မဇ္ဈိမခရီး" သည် အကြောင်းအမျိုးမျိုးကြောင့် စာအုပ်ဖြစ် မလာပါ။ အထူးသဖြင့် အလုပ်များလွန်းသော ကျွန်တော့် ကြောင့်ဆိုလျှင် မမှားပါချေ။

ဗုဒ္ဓဂယာ၊ ဂိဇ္ဈကုဋ်တောင်၊ ရှင်အာနန္ဒာ တရားကျင့်ရာ ဂူအနီးမှာ မြန်မာဘုရားဖူးများကိုယ်စား ကျောက်တုံး ကြီး ငယ်များစုပြီး ကျောက်တုံးစေတီ တည်ခဲ့ပြီးနောက်ပိုင်း မြန်မာပြည်ပြန်ရောက်ချိန်မှစ၍ ရှေးဟောင်းပုဂံဘုရားများ အပါအဝင် စေတီအသစ်တည်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်

ငန်းများ တစိုက်မတ်မတ် ဦးဆောင်မှုအခန်းမှနေ၍ ပါရမီရှင်များနှင့် လက်တွဲ သာသနာပြုနေခဲ့ရာ ယခုအခါ (၁၄) ဆူ ပြီးမြောက် ခရီးရောက်ခဲ့ပြီ ဖြစ်ပါသည်။

လောကီ၊ လောကုတ္တရာ အလုပ်များနှင့် မအားလပ်အောင် ဖြစ်နေချိန်မှာ ဝင်း-မီဒီယာ စာပေတိုက်ပိုင်ရှင် ဦးဆန်းညွန့် ဒေါ်ခင်သိန်းဝင်း တို့နှင့် စာရေးဆရာ မောင်နေဝင်း (၁၀) နှစ်ပြည့် ဇနိတာရာမကျောင်းတိုက် အလှူတွင် တွေ့ဆုံကြရာ၊ ဦးဆန်းညွန့်တို့ ဇနီးမောင်နှံက ခင်မင်ရင်းစွဲရှိသူများပီပီ ကျွန်တော်၏ခရီးသွားမှတ်တမ်းကိုဖတ်ပြီးကြပြီ ဖြစ်သည်။ ရေးပြီးသောစာမူကို မိတ္တူကူးပြီး လာပို့ပေးရန်နှင့် စာပေစီစစ်ရေးတင်မှုမှအစ စာအုပ်ထုတ်ဝေပြီးသည်အထိ စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောလာကြပြန်သည်။ အစစအရာရာ လိုလေသေးမရှိကူညီမည့်သူများသော ဤ "ဗုဒ္ဓဂယာ မဇ္ဈိမခရီး" သည် တကယ်ဆိုပါက ၁၉၉၈-၁၉၉၉ မှာ စာအုပ်ဖြစ်လာရန်သာ ရှိသည်။ သို့သော်စောစောက ကျွန်တော်တင်ပြခဲ့သလို အလုပ်များ၍ မအားသော ကျွန်တော့ကြောင့် စာအုပ်အဖြစ်သို့ မရောက်ခဲ့ပါ။ တကယ် စာအုပ်အဖြစ်ရိုက်မည် ဟုဆုံးဖြတ်ချိန်မှာတော့ အကိုးအကားတွေရှာရ၊ စာသတ်ပုံမှအစ ပြင်ဆင်အချောသတ်မှုအဆုံးမအားလပ်သည့်အချိန်တွေထဲမှ အချိန်တစ်ခုပေးလိုက်ရပါသည်။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ဩဝါဒစရိယနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတာလင်္ကာရ မထေရ်မြတ်၏ (၆၆) နှစ်မြောက်မွေးနေ့ပွဲမှာ ဝင်း-မီဒီယာ စာပေတိုက်ပိုင်ရှင် ဦးဆန်းညွန့် ဇနီးမောင်နှံနှင့် ထပ်တွေ့ရာ ထပ်မံတိုက်တွန်းပါသဖြင့် အမြန်ဆုံး အချောသတ်၍ ဗုဒ္ဓဂယာမဇ္ဈိမခရီး စာမူကို ဝင်း-မီဒီယာ စာပေတိုက်သို့ ပေးပို့လိုက်ပါသည်။ စာရေးသူ သွားရောက်လေ့လာခဲ့ရသော (၁၄) ရက်တာကာလအတွင်း အတွေ့အကြုံများအပြင်၊ မသွားမီကာလ စီစဉ်ဆောင်ရွက် ကြိုးစားအားထုတ်မှုများကိုလည်း ထည့်သွင်းရေးသားထားသည် ဖြစ်၍ စာရှုသူ၊ လေ့လာသူများအနေဖြင့် ဤစာအုပ်သည် ခရီးလမ်းညွှန်တစ်ယောက်ကဲ့သို့ အားကိုးရပြီး၊ မသွားဖြစ်သေးသော သူများ ကိုယ်တိုင်ရောက်ရှိနေသကဲ့သို့ ခံစားနိုင်အောင် ဉာဏ်မီသမျှ ကြိုးစားရေးသား တင်ပြလိုက်ပါသည်။

ဦးကံဝင်း

၂၉/၉၇

မြန်မာဘုရားဖူးအဖွဲ့ခေါင်းဆောင်



# အခန်း (၁)

## ဗုဒ္ဓဂယာမဇ္ဈိမခရီးစဉ်တွင် ဆက်သွယ်တည်းခိုနိုင်သော မြန်မာဘုန်းတော်ကြီးများ

| စဉ် | တည်ရှိရာမြို့ | ဘုန်းတော်ကြီး ကျောင်းအမည် | ဆရာတော် ဘွဲ့အမည် | လိပ်စာ |
|---|---|---|---|---|
| ၁ | ဗုဒ္ဓဂယာ | Burmese Vihara. | ဦးဉာဏိန္ဒ<br>U Nyaneinda | Bodhgaya, Gaya<br>District 824231<br>Bihar<br>Ph: 631 400895<br>Fax. 631 400641 |
| ၂ | မိဂဒါဝုန် | Burmese Buddhist Temple | ဦးဝဏ္ဏဓဇ<br>U Wunnadaza | Sq 101, Burma Road<br>Samatt, PC 221007<br>Varanasi<br>Ph: 542 385380<br>Fax: 542 38537 |

| | | | | |
|---|---|---|---|---|
| ၃ | ဗာရာဏသီ | Burmese Buddhist Temple | ဦးသောဘန U Shobana | D-by/135, Sigra. Varanasi 221002 U.P. India Ph: 360856 Fax: 321342 |
| ၄ | ဗာရာဏသီ | Burmese Buddhist Temple | ဦးဂမ္ဘီရဗုဒ္ဓိ U'Gambhidra Buddhi | S-17/330 A-Maladhio Varanasi 221002 U.P. India Ph: 0542-46855 |
| ၅ | သာဝတ္ထိ | Burmese Buddhist Temple | ဦးဩဘာသ U' Awbatha | P.O. Sravasti Dist., Bahraich (U.P) India 271845 |
| ၆ | ကုသိနာရုံ | Burmese Buddhist Temple | ဦးဉာဏိဿရ U'Nyaneswara | P.O. Kushinagar Deoria Dist., U.P., India 274403 |
| ၇ | ရာဇဂြိုလ် | Burmese Vihara. Badhgaya | ဦးဇေယန္တ U'Zayanta | Rajgir P.O. Nalanda Dist., India P.N. 803116 Ph: 061 195024 |
| ၈ | ပတ္တနား | Myanmar Buddhist. Temple (Patlipotra Socity) | ဦးဓမ္မာစာရ U'Danmaa-sarya | No. 10 D, Rajendra Nagar, Patna 80016 Bihav State, India Ph: 612 666626 |
| ၉ | ကာလကတ္တား | Burma Buddhist. Temple | ဦးကာဝိဒ U'Karwida | 10 A, Eder Hospital Rd Caratha 700073 India Ph: 09 133 272721 |

# ဘုရားစေတီ နှင့် တည်နေရာများ

| စဉ် | မြို့ | ဘုရားစေတီ နှင့် တည်နေရာများ |
|---|---|---|
| ၁ | ပတ္တနား/ ဝေသာလီ | မြန်မာဘုန်းတော်ကြီးကျောင်း၊ တတိယ သံဃာယနာတင်ခဲ့သောအသောကရာမိကကျောင်းတော်ရာ၊ အသောကမင်းကြီး ကျောက်တိုင်၊ ဒုတိယ သံဃာယနာတင်ခဲ့သည့် ဝေသာလီကျောင်းတော်ရာ၊ ဓါတ်တော်တိုက်တည်နေရာ၊ ဂျပန်စေတီ။ |
| ၂ | ရာဇဂြိုလ် | မြန်မာဘုန်းတော်ကြီးကျောင်း၊ ဝေဠုဝန်ကျောင်းတော်ရာ၊ ဝေဘာရတောင်ပေါ်ရှိ ပထမသင်္ဂါယနာ တင်သည့် သတ္တပဏ္ဏိလိုဏ်ဂူ နေရာ၊ ရှင်မဟာကဿပလိုဏ်ဂူ နေရာ၊ ရေပူစမ်း၊ ဂိဇ္ဈကုဋ်တောင်ပေါ် ရှိ ဂျပန်သျှန္တိစေတီ၊ မြတ်စွာဘုရား ကျောင်းတော်ရာနေရာ၊ ဗိမ္ဗိသာရမင်းကြီး၏ အကျဉ်းထောင်၊ အဇာတသတ် မင်းကြီး၏ဓါတ်တော်တိုက်၊ ဇီဝကသရက်ဥယျာဉ်၊ ရှေးခေတ်ကျောက်လှည်းဘီးများ။ |

၃ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၊ မဟာဗောဓိစေတီတော်၊ သတ္တဋ္ဌာန၊ နေရဉ္ဇရာမြစ်၊ ဒုက္ကရစရိယာကျင့်ရာ ဥရုဝေလတော၊ သုဇာတာဃနာ နို့ဆွမ်းကပ်သည့်နေရာ၊ ဃနာနို့ဆွမ်းဘုန်းပေးသည့်နေရာ၊ ရွှေခွက်မျှောသည့်နေရာ၊ မဟန့်နန်း တော်၊ မင်းတုန်းမင်းဇရပ်နှင့်ကျောက်စာတိုင်၊ ဂျပန်ဘုရား၊ ဂျပန်၊ တိဘက်၊ ယိုးဒယားကျောင်း များ။

၄ မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်း၊ ဓမ္မစကြာတရားဦးဟောရာဓမ္မရာမိကစေတီနေရာ၊ အနတ္တလက္ခဏာသုတ်ဟောရာ ဓမေ္မခစေတီ၊ နန္ဒိယာမကျောင်းတော်ရာ၊ အသောက ကျောက်တိုင်၊ အနာဂာရိကဓမ္မပါလတည်ဆောက်ခဲ့သော မူလဂန္ဓကုဋီတိုက်၊ မဟာဗောဓိစွယ်တော် ပဥ္စဝဂ္ဂီငါးဦးတို့ အား တရားဦးဟောနေပုံရုပ်ပွားတော်၊ မိဂဒါဝုန်ပြတိုက်၊ ချောက်ခဏ္ဍီစေတီတော်။

၅ သာဝတ္ထိ မြန်မာဘုန်းတော်ကြီးကျောင်း၊ ဇေတဝန်ကျောင်းတော်ရာနှင့်ဂန္ဓကုဋီတိုက်ကျောင်း၊

အင်္ဂုလိမာလ စေတီ၊ အာနန္ဒာဗောဓိပင်၊ တန်ခိုးပြာဋိဟာပြသည့် သရက်ဖြူပင် နေရာတောင်ကုန်း၊ ကောသလမင်းကြီး နှင့် မလိကာမိဘုရား၏နန်းတော် အဆောင်နေရာများ၊ စိဉ္စမာနနှင့် ဒေဝဒတ် မြေမျိုသည့်နေရာများ။

၆ လုမ္ဗိနီ ဘုရားအလောင်းဖွားမြင်သည့်နေရာ၊ အသောကကျောက်တိုင်၊ မယ်တော် မာယာ၏ဖွားတော်မူခန်းရုပ်ထု၊ ရေသန့်စင်ရာရေကန်၊ ဘုရားအလောင်းတော် ခြေလှမ်းခုနစ်လှမ်း လှမ်းသည့် အထိမ်းအမှတ်စေတီငယ်ခုနစ်ဆူ၊ နီပေါဘုန်းကြီးကျောင်း၊ တိဘက်ဘုန်းတော်ကြီးကျောင်း၊ မြန်မာလောကမဏ္ဍိစူဠာစေတီနှင့် ရှေးဟောင်းကျောင်းတော်ရာ။

၇ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်း၊ ပရိနိဗ္ဗာနစေတီတော်၊ လျောင်းတော်မူရုပ်ပွားတော်၊ တေဇောဓါတ်လောင်ကျွမ်းရာစေတီကုန်း၊ အင်္ဂါရစေတီ၊ မြတ်စွာ

ဘုရားရေကြည်တော်နောက်ဆုံးသောက်
သုံးခဲ့သည့်နေရာနှင့်ရုပ်ပွားတော်။

## ၃။ ရာသီဥတု

| | |
|---|---|
| နွေရာသီပူပြင်းကာလ | - ဧပြီလလယ်မှ ဇွန်လကုန် |
| မိုးရာသီ မိုးများကာလ | - ဇွန်လ မှ စက်တင်ဘာထိ |
| ဆောင်းရာသီအလွန်အေးကာလ | - ဒီဇင်ဘာ မှ ဖေဖော်ဝါရီ |
| နွေရာသီအပူချိန် | - ၂၈° မှ ၄၇° စင်တီဂရိတ် |
| မိုးရာသီ မိုးရေချိန် | - ၁၂၀၀ မီလီမီတာ |
| ဆောင်းရာသီအအေးဒီဂရီ | - ၂၂° မှ ၄° စင်တီဂရိတ် |
| ဘုရားဖူးသွားရန်သင့်သောကာလ | - အောက်တိုဘာ၊ နိုဝင်ဘာ၊ ဖေဖော်ဝါရီ၊ မတ်လ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ |

* ဒီဇင်ဘာလ၊ ဇန်နဝါရီလ များတွင်သွားဖြစ်ပါက
အနွေးထည်များများယူသွားပါရန်



## ၄။ ခရီးမိုင်အကွာအဝေးများ

| မှ | ထိ | ကီလိုမီတာ |
|---|---|---|
| ကာလကတ္တား | ဗုဒ္ဓဂယာ | ၄၈၀ |
| ဗုဒ္ဓဂယာ | မိဂဒါဝုန် | ၂၅၁ |
| မိဂဒါဝုန် | သာဝတ္ထိ | ၃၄၇ |
| သာဝတ္ထိ | လုမ္ဗိနီ | ၂၂၁ |
| လုမ္ဗိနီ | ကုသိနာရုံ | ၁၄၀ |
| ကုသိနာရုံ | ပတ္တနား | ၂၃၂ |
| ပတ္တနား | ရာဇဂြိုလ် | ၁၀၁ |
| ရာဇဂြိုလ် | ဗုဒ္ဓဂယာ | ၉၀ |
| ရာဇဂြိုလ် | ကာလကတ္တား | ၅၄၂ |

# မဇ္ဈိမဒေသခရီးစဉ်မြေပုံ



# အခန်း (၂)

## ဗုဒ္ဓဂယာ မမျှိမခရီး

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားဖို့ တာစူသည်ကကြာပြီ။ ကျေးလူ့ရှင်မိခင်ကြီး ဗုဒ္ဓဂယာမှပြန်လာကတည်းက ဆိုလျှင်မမှား။ မိခင်ကြီးတို့ ဗုဒ္ဓဂယာ သွားစဉ်က ၁၉၉၃ ခုနှစ်။ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းတစ်ခုနှင့် သွားဖြစ်ခဲ့သည်။ ထိုစဉ်ကဒေါ်လာ ၉၅၀ အိန္ဒိယ၊ နီပေါ၊ ယိုးဒယား (၃) နိုင်ငံခရီး ဖြစ်သည်။ အောင်အောင်မြင်မြင် ပြန်ရောက်လာတော့ ဝမ်းသာကြည်နူးမိ၏။ မိမိကိုယ်မိမိလည်း အကျေနပ်ကြီးကျေနပ်နေပေသည်။

ကမ္ဘာပေါ်တွင် မိဘကိုရိုသေလေးစားစွာ လုပ်ကျွေးနေသူတွေ အများကြီးရှိ၏။ လူတိုင်းတော့ မိဘကို လုပ်ကျွေးနိုင်ခြင်းမရှိကြ။ မိဘလုပ်ကိုင် ကျွေးမွေးသူများထည်းတွင်

ကိုယ့်မိခင် ဖခင်ကို မိမိရှာဖွေရလာသည့် ချွေးနဲစာဖြင့် ဗုဒ္ဓဂယာသို့ ပို့နိုင်မည့်သူက ခပ်ရှားရှား။ ရိုးသားစွာ ရှာဖွေရလာ သည့် ငွေကြေးဖြင့် မိဘများအား လုပ်ကိုင်ကျွေးမွေးနေသည့်အပြင် ဗုဒ္ဓဂယာသို့အရောက် ပို့ဆောင်နိုင်ခဲ့ခြင်းက မိမိကိုယ်မိမိ ကြေနပ်ပီတိ ဂွမ်းဆီထိခဲ့ပါသည်။

မိခင်ကြီးတို့ ဗုဒ္ဓဂယာမှ ပြန်လာပြီး (၃) နှစ်အကြာ ၁၉၉၆ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးလုပ်ငန်းပေါ်ပေါက်လာပါသည်။ ဝန်ကြီးဌာနမှ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း ပေါ်ပေါက်လာသော်လည်း ကျွန်တော်မသွားဖြစ်သေးပါ။ မိမိလုပ်ငန်းမှရနိုင်မည့်အချိန်၊ ပေးသွင်းရမည့် ငွေကြေး၊ ကျန်းမာရေးမှအစ ချိန်ချိန်နေရသည်နှင့် ၁၉၉၇ ခုနှစ်မှသာ လျှောက်လွှာတင်ဖြစ်ခဲ့သည်။ ၁-၉-၉၇ နေ့တွင် လျှောက်လွှာတင်၍ ၃၁-၁၂-၉၇ နေ့မှာ သွားရောက်ဖူးမျှော်ခွင့်ရခဲ့ပါသည်။

အမှန်တကယ် သွားရောက်ဖူးမျှော်ရမည့်နေ့က ၂၄-၁၂-၉၇ နေ့ဖြစ်ပါသော်လည်း သွားခါနီး (၁၂) ရက်အလိုတွင် အိန္ဒိယပြည်တွင်းသပိတ်၊ အထူးသဖြင့် အိန္ဒိယပြည်တွင်း လေကြောင်းသပိတ်ကြောင့် တစ်ပါတ်နောက်ဆုတ်ခဲ့ရခြင်းဖြစ်ပါသည်။

ဘုရားဖူးသွားခါနီး နှစ်ပါတ်အလိုမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်များမှ ဘုရားဖူးခရီးသွားများကို အစည်းအဝေးတစ်ရပ်ခေါ်ယူပြီး၊ ဘုရားဖူးခရီးစဉ်များကို ရှင်းလင်းပြောပြပါသည်။ ၎င်း အစည်းအဝေးမှပင်ကျွန်တော့်အား (၆၄) ဦးပါ ၂၉/၉၇ အဖွဲ့ ခေါင်းဆောင်အဖြစ် ကြေငြာပါသည်။

အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခံလိုက်ရ ကတည်းက ကျွန်တော့်မှာ သိပ်မအားတော့ပါ။ သွားရောက် ဘုရားဖူးရမည့် (၁၄) ရက်တာကာလအတွင်းမှာ ဖူးမျှော်ရေး ခရီးစဉ် လှည့်လည်သွားလာရေး၊ ကျွေးမွေးတည်းခိုရေး ကိစ္စ အဝဝကို ဝန်ကြီးဌာနမှ တာဝန်ယူစီစဉ်ထားပြီး ကျွန်တော့် တာဝန်များကတော့ဘုရားဖူးများကို ရန်ကုန်မှကာလကတ္တား၊ ကာလကတ္တားမှ ပတ္တနားအထိ ဦးဆောင်ခေါ်ယူသွားရမည်။ ဘုရားဖူးခရီးစဉ်ဌာနတိုင်းတွင် စုပေါင်းလှူဒါန်းမှုများ၊ နိုင်ငံခြားတိုင်းပြည်နှင့် နိုင်ငံခြားသားများအလယ်မှာ မြန်မာဘုရားဖူးတွေ စည်းကမ်းတကျဖြစ်ရေး ကြီးကြပ်ပေး ရန် ဖြစ်ပါသည်။

ဗုဒ္ဓဂယာနှင့်မဇ္ဈိမခရီးစဉ်တွင် မြန်မာ ဘုန်းကြီးကျောင်း (၉) ကျောင်းရှိပါသည်။ ၎င်းကျောင်းများမှာလှူဒါန်းနိုင်ရေး အပါအဝင် အထူးအရေးပါ လှသော သံဝေဇနိယ (၄) ဌာန

မှာ ထာဝရအမှတ်ရစေမည့် လှူဒါန်းမှုများ ပြုလုပ်နိုင်ရန် စီစဉ်ရပါသည်။ စဉ်းစားမိသလောက် အစီအစဉ်များရေးဆွဲ၍ ဘုရားဖူးအဖွဲ့ဝင် (၆၄) ဦးကို ဖိတ်ကြားပြီး ရှင်းလင်းဆန္ဒယူရပါသည်။ အများသဘောတူချက်ဖြင့် ရရှိလာသော အလှူငွေ (၇၀၀၀၀) ခုနစ်သောင်းကျော်ကို (၅) ဦးပါသော ကော်မတီတစ်ရပ်ဖွဲ့၍ လှူဒါန်းမည့်ပစ္စည်းများကို သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေး ဈေးများတွင်လှည့်လည်ဝယ်ယူကြသည်။ မဇ္ဈိမဒေသရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လဖက်၊ လဖက်ခြောက်၊ အကြော်စုံမှအစ ပုဇွန်ခြောက်အပါအဝင် ကြာကြာသိုမှီးထားနိုင်မည့် စားသောက်ဖွယ်ရာများကို ရှာဖွေဝယ်ယူကြရပါသည်။

အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများတွင် မိုးတွင်းကာလ (ဝါတွင်း) ဘုရားဖူးများလည်း အတော်ပါးနေချိန်တွင် မြန်မာဘုန်းတော်ကြီးများ ဆွမ်းဟင်း မပူပင်မကြောင့်ကြရအောင်စီစဉ်ဆောင်ရွက်ပေးရမှာခေါင်းဆောင်၏ တာဝန်ဖြစ်ပေသည်။ ၁၀၈ လမ်းနေ ဆရာမကြီးဒေါ်မြမြခင်အကြံပြုသည့် မုန့်ဟင်းခါးခြောက် (ရေနွေးနှင့်ဖျောရုံနှင့် ဖုန့်ဟင်းခါးအဖြစ် သုံးဆောင်နိုင်သည်)၊ ဖားအံ တံတားစီမံကိန်းမှ ဒေါ်ညွန့်ညွန့်ခင်နှင့် ဒေါ်အေးအေးမြင့်တို့တင်ပြထားသည့် မာရီကွန်နို့ဘူး (သုဇာတာယနာနို့ဆွမ်းကပ်ရန်) များ၊ ဂွတ္တာလစ်ဦးလှသောင်း၊ ဗိုလ်မှူးကြီးမောင်ကြီး

(ငြိမ်း) နှင့် ရေတာရှည်လမ်းဟောင်းနေ ဒေါ်ညိုညိုစိန်၊ ဒေါ်နီနီတာတို့ အကြံပြုထားသည့် ရွှေကြာသက်န်းတော်ကြီးများ ကပ်လှူရေး အစီအစဉ်၊ သိမ်ဖြူလမ်းနေ ဦးရွှေအောင် ဒေါ်သိန်းသိန်းတို့မှ ဗုဒ္ဓဂယာမှာ သိက္ခာထပ်ပွဲ ကျင်းပဖို့ တင်ပြချက်၊ ဒေါ်တင်တင်ဝင်း နှင့် ဒေါ်ခင်ဝင်းကြည်တို့ တင်ပြသည့် ဆီမီး (၁၀၀၀) ပူဇော်ပွဲနှင့် လမ်းမတော်နေ ဒေါ်ရီရီနွဲ့၏ အမွေးနံ့သာ (၁၀၀၀) ပူဇော်ရေးဆွေးနွေး အကြံပြုချက်များ၊ စစ်ကိုင်း သစ်လုပ်ငန်း ဦးအောင်သိန်း၊ ဒေါ်ခင်သောင်းတို့ ဆွေးနွေးထားသည့် နာလန္ဒာတက္ကသိုလ် သစ်ရှိ စာသင်မြန်မာ ရဟန်းတော်များအတွက် ကူညီထောက်ပံ့ရေး၊ ဖားကန့် ဦးလူတင်မှ အိန္ဒိယ၌ မြန်မာကျောင်းဆောက်လုပ်ရေး ငွေလှူရန်ကိစ္စ၊ တောင်ကြီးမှ ကိုခင်မောင်ဇော်၊ စမ်းချောင်းသုခမိန်လမ်းမှဒေါ်ခင်အေးမူ၊ မြောက်ဒဂုံမှ ဦးသန်းလှိုင်၊ ဒေါ်မစန်း၊ အိန္ဒိယ၊ နီပေါ နှင့် အတူပါ သံဃာတော်မြတ်များ အာရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ရန်တင်ပြမှု၊ ရန်ကင်းတောင်ခြေ ဥယျာဉ် စာသင်တိုက် တိုက်အုပ် ဆရာတော်ဦးဇောတိကနှင့်တပည့်မိုးသန္တာတို့၏ (၂၂) တောင် ရွှေကြာသက်န်း (၂) စုံအား ပရိနိဗ္ဗာန်စေတီတွင် ကပ်လှူရေးကိစ္စအဝဝတို့အား တစ်ခုမှ မလစ်ဟင်းရအောင် စီစဉ်ရသည်မှာ မလွယ်ကူလှချေ။ ဗဟန်း ရေတာရှည်လမ်းဟောင်းမှာ ဖွင့်လှစ်ထားသည့်

သမ္မတ သက်န်းတိုက်မှ (၂၂) တောင်ရှိ ရွှေကြာသက်န်းကြီး (၄) စုံကိုလည်း အလှူရှင်များ ထပ်မံပေါ်ပေါက်ကြ၍ အချိန်မီရနိုင်ရေး အပြေးအလွှား စီစဉ်ပေးရပြန်သည်။

ဝယ်ယူရရှိလာသော လှူဖွယ်ပစ္စည်းများနှင့်လာရောက် လှူဒါန်းသော လှူဖွယ်ဝတ္ထုအစုစုအား စုပေါင်း၍မြေအရေခွံ အိတ်များအတွင်း စနစ်တကျ အညီအညာ စီအရီ ထည့် ကြရသည်။ ဘုရားဖူးလှည့်လည်မည့် ခရီးစဉ်တွင် နာလန္ဒာ တက္ကသိုလ် နှင့် မာဂဓတက္ကသိုလ်အပါအဝင် မြန်မာကျောင်း (၉) ကျောင်းအတွက် လှူဒါန်းမည့်အိတ်များ ပေါ်တွင် ကျောင်းအမည်များ ရေးထိုးပေးထားရပါသည်။ ၎င်း လှူဖွယ်အိတ်များကို ချက်ခြင်းပိတ်၍ မရသေးပါ။ အကောက်ခွန် ဦးစီး ဌာနမှ လာရောက်စစ်ဆေးပြီးမှသာ အိပ်များကို အခိုင်အမာ ပိတ်ကြရသည်။ ခရီးသွားခါနီး (၂) ရက်အလိုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒု-အထွေထွေမန်နေဂျာ ဦးတင့်လွင်၏ စီစဉ်မှုဖြင့် အကောက်ခွန်အရာရှိများ လာရောက်စစ်ဆေးပေး ကြပါသည်။ စစ်ဆေးပြီးအိတ်များကို ၎င်းစစ်ဆေးရေး အဖွဲ့ရှေ့မှာပင် စနစ်တကျ အခိုင်အမာ ပိတ်ရသည်။

အကောက်ခွန်ဦးစီးအရာရှိများ စစ်ဆေးပြီးနောက် အိတ်များကို မြန်မာ့ကုန်တိုက်မှ တာဝန်ရှိသူများထံ စနစ်

တကျအပ်နှံပြီးချိန်မှာ စိတ်ရောကိုယ်ပါလန်းဆန်း၍ ပေါ့ပါး သွား ပါသည်။ အဖွဲ့၏ စုပေါင်းလှူဒါန်းရေး အစီအစဉ်များ အားလုံးပြီးစီးပြီ ဖြစ်၍ မိမိယူဆောင်သွားရမည့် လိုအပ်သည့် အသုံးအဆောင် များဝယ်ယူရန် မြို့ထဲစတိုးဆိုင်ကြီးများသို့ တက်သုတ်နှင်ရပြန်သည်။

အိန္ဒိယနိုင်ငံ၏ ရာသီဥတုသည် အေးသည့်အခါ အလွန် တရာမှ အေး၍၊ ပူသောအခါ၌လည်း လူသေလောက်သည် အထိ ပူပါသည်။ ကျွန်တော်တို့သွားမည့် ဒီဇင်ဘာလသည် အိန္ဒိယ နိုင်ငံတွင် အလွန်အေးနေချိန်ဖြစ်ပါသည်။ ဒီဇင်ဘာလ မှ ဖေဖော်ဝါရီလအထိ ၄ ံ စင်တီဂရိတ်အထိ အေးတတ်ရာ အနွေးထည် အလုံအလောက်ပါမှ ဖြစ်ပါမည်။ အနွေးထည် နှစ်စုံ၊ အားကစား ဘောင်းဘီရှည် နှစ်ထည်၊ ခေါင်းစွပ်နှစ်ခု၊ ခြေအိတ်၊ လက်အိတ်နှစ်စုံစီဝယ်လိုက်သည်။ ခေါင်းစွပ်၊ ခြေအိတ် လက်အိတ် နှစ်စုံစီ ဆိုသည်မှာ တစ်ခါတစ်ရံ ဘုရားဖူးသွားရင်း ပျောက်ရှသွားလျှင် အိန္ဒိယနိုင်ငံတွင် ချက်ခြင်းဝယ်ယူဖို့က မလွယ်လှ။ အပိုဆောင်သွားသည်က အကောင်းဆုံး။ ဖလင်လိပ် (၁၀) လိပ်၊ ကျန်းမာရေးအတွက် ဆေးဝါးများ၊ အထူးသဖြင့် အအေးမိ၊ ချောင်းဆိုးပျောက်ဆေး များ၊ အမိက များများဝယ်ဖြစ်သည်က ကိုမစ် ချောင်းဆိုး ပျောက်ဆေး၊ အက်ပက်စလင် နှင့် ပါရာစီတမော ဆေးပြား များ

ဝယ်ဖြစ်ခဲ့သည်။

အိမ်က ကျွန်တော့် ကင်မရာက ကိုနီကာလက်လှည့်ဖြစ်နေရာ ပုံထွက်မှာလည်း သိပ်မကောင်းလှ။ ဗုဒ္ဓဂယာဆိုသည်မှာ သွားရဖို့ ဖူးရဖို့ တော်ရုံကုသိုလ်နှင့် မရနိုင်။ ရောက်ခဲနိုင်ပေစွ။ ရောက်ခဲလှသော ဌာန ဒေသမှာ ကင်မရာ ကောင်းကောင်းဖြင့် မှတ်တမ်းတင်နိုင်မှ ဖြစ်မည်။ မိမိ ကင်မရာကို အားမရ။ ဝယ်ဖို့ကလည်း အချိန်မရတော့ပြီ။ ကံကောင်းချင်တော့ သူငယ်ချင်း ပုလဲကိုညွန့်ဆွေရောက်လာသည်။ ဗုဒ္ဓဂယာ သွားခါနီးမှ လာနှုတ်ဆက်ခြင်းဖြစ်သည်။ လိုရမယ်ရ သူနိုင်ငံခြား သွားရောက်နေစဉ်က ဝယ်ယူအသုံး ပြုခဲ့သော နီကွန် အော်တိုကင်မရာ တစ်လုံးတပါတည်း ယူဆောင်လာ ပေးသည်။ ပုလဲကိုညွန့်ဆွေကို ဘယ်လို ကျေးဇူး တင်မှန်း မသိ။ အထူးကျေးဇူးတင်သည်။ ဗုဒ္ဓဂယာ ကပြန်လျှင် လက်ဆောင်ကောင်းကောင်းပေးမည်ဟု ပြောမိပါသည်။ သူလိုချင်သည်က ဗုဒ္ဓဂယာ က ဗောဓိညောင်ရွက်။

ဒီဇင်ဘာ (၂၃) ရက်နေ့ မနက်ပိုင်း ကုန်တိုက်ရုံးချုပ်သို့ ဆက်ဆက်လာပါရန် အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က မှာကြားထား၍ ဒီဇင်ဘာ (၂၃) ရက်နေ့ (၁၀) နာရီမှာ ဗိုလ်ဆွန်ပက်လမ်းရှိ ကုန်တိုက်

ရုံးချုပ်သို့ ရောက်လာခဲ့သည်။ မန်နေဂျာ ဦးစိန်မောင် ညွှန်ခန်းမှာ ထိုင်နေစဉ် ဒုတိယ ဗိုလ်မှူးကြီး သိန်းလွင် ရောက်လာပြီး၊ ခရီးစဉ်ကို ဒီဇင်ဘာ (၃၁) ရက်နေ့သို့ ရွှေ့ပြောင်းလိုက်ကြောင်း ပြောပါသည်။ အိန္ဒိယနိုင်ငံမှာ မငြိမ်မသက်ဖြစ်နေကြောင်း၊ နေရာ ဒေသအချို့တွင်လည်း သပိတ်မှောက်မှုတွေ ရှိနေကြောင်း၊ လက်ရှိ အိန္ဒိယ အစိုးရသည်လည်း အယုံ အကြည်မရှိ အဆိုဖြင့် ရှုံးနိမ့်သွားပြီဖြစ်ကြောင်း၊ အထူးသဖြင့် အိန္ဒိယပြည်တွင်း လေကြောင်း သပိတ်က ခရီးစဉ်ကို ထိခိုက် စေခဲ့ကြောင်း အကျယ်တဝင့် စိတ်ရှည် လက်ရှည် ရှင်းပြရှာ ပါသည်။

ခရီးစဉ် (၃၁) ရက်နေ့ ရွှေ့ဆိုင်းကြောင်း အတည်ပြုပြီး ချိန် မှာ မန်နေဂျာ ဦးစိန်မောင်၊ ဦးအေးသိန်းနှင့် ကျွန်တော် တို့ (၃) ဦးသား တယ်လီဖုန်း တစ်ယောက် တစ်လုံးစီဖြင့် အလုပ် ရှုပ်ကုန်ပါတော့သည်။ ဘုရားဖူးအတော်များများ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပေးထားကြ၍ တစ်နာရီ၊ နှစ်နာရီအတွင်းမှာပင် အားလုံးနီးပါး အကြောင်းကြား ပြီးခဲ့သည်။ နယ်ကရောက် လာ၍ တဆင့်ခံဆက်သွယ်ရ သော တောင်ကြီးမှ ကိုခင်မောင်ဇော်တို့ သားအမိသာ အဆက်အသွယ် မရခဲ့ပါ။ ဦးအေးသိန်းကတော့ လူလွှတ်အကြောင်းကြားမည်ဖြစ်၍ တစ်ပိုင်း စိတ်အေးရသည်။ စိတ်မအေး လူမအေးဖြင့် ရုံးချုပ်မှ

အိမ်ပြန်ရောက်တော့ မိုးချုပ်စပြုပြီ။

အိမ်ပြန်ရောက်၍ ခေတ္တနားနေပြီး ရေမိုးချိုးမည်ဟု ကြံရွယ်နေစဉ်မှာပင် ဖုန်းတွေ ဆက်တိုက်ဝင်လာပါတော့သည်။ ဘုရားဖူးတွေ စိတ်ပူကြ၍ ဖုန်းဆက်မေးကြခြင်း ဖြစ်ပါသည်။ ည (၁၁) နာရီကျော်မှပင် ဖုန်းဆက်ရပ်သွားကြသည်။ အိန္ဒိယသပိတ်သည် အဆန်းတော့ မဟုတ်ပါ။ မကြာ မကြာ သပိတ်မှောက်ကြသည်။ သပိတ်မှောက်လျှင်လည်း အကြာကြီး မဟုတ်၊ ခဏတဖြုတ်သာ ဖြစ်သည်။ လေကြောင်းသပိတ်ကို (၂၆) ရက်နေ့အထိသာ ဟုသိရပါသည်။ ဒီဇင်ဘာလ (၂၄) ရက်နေ့ ခရစ္စမတ်နေ့နှင့် အချိန်ကိုက် မှောက်ခြင်း ဟု သုံးသပ်မိသည်။ လေကြောင်းလိုင်း (၂၆) ရက်နေ့ ပြန်ဖွင့်မှာ ဖြစ်သော်လည်း ဘုရားဖူး ခရီးစဉ်စီစဉ်သူ စီးပွား/ကူးသန်း လူကြီးများအနေဖြင့် သေချာအောင် (၃၁) ရက်နေ့သို့ ရွှေ့ပြောင်းရခြင်း ဖြစ်ဟန်တူပါသည်။

အိန္ဒိယမှာရှိသော မြန်မာဘုန်းတော်ကြီးများ နှင့် အတူလိုက်ပါမည့် ဘုန်းတော်ကြီး (၁၃) ပါးအား အာရုံဆွမ်း၊ နေ့ဆွမ်း ကပ်လှူရာတွင် ခရီးစဉ်မှ ကျွေးမွေးမည့် ဟင်းလျာများအပြင် မိမိ၏ဒါနပါ တစ်ဆက်တည်း ပါဝင်နိုင်စေရန် ဘာလချောင်ကြော်၊ ငါးပိကြော်များကို မိခင်ကြီး ဒေါ်တင်လှ နှင့် အိမ်ရှင်မ ဒေါ်ခင်မာကြည်တို့က ချက်ပြုတ်

ကြော်လျှော်ကြပါသည်။ အိန္ဒိယမြန်မာဘုန်းတော်ကြီးကျောင်းများတွင် တံမျက်စည်းရှားကြောင်း မိခင်ကြီး သတိပေး၍၊ စံပြဈေးမှ တံမျက်စည်း (၁၀) ချောင်း သွားဝယ်ရပြန်သည်။ ဒီဇင်ဘာ (၂၄) ရက်နေ့ မထွက်ဖြစ်၍ ဘုရားဖူးထွက်ရန် လိုနေသောရက်များအတွင်း လိုအပ်သည်များ၊ လှူလိုသော ဝတ္ထုပစ္စည်းများ၊ ခေါင်းအေးအေးထား၍ ပြင်ဆင်နိုင်ခဲ့သည်။ လေယာဉ်ပေါ် (၄၄) ပေါင်ထက် ပိုတင်၍ မဖြစ်သောကြောင့်လည်း မိမိပစ္စည်းများကို တွက်ဆစီစဉ်ရပါသည်။ လေကြောင်းလိုင်းမှ ခွင့်ပြု ကုန်ချိန်မှာ လက်ဆွဲ (၁၀) ပေါင်နှင့် တန်ဆာအတွက် (၄၄) ပေါင် ဖြစ်ပါသည်။

ဗုဒ္ဓဂယာမှာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲအတွက် "ထီး၊ တံခွန်၊ ကုက္ကား ဝယ်ပြီးပြီလား" ဟု ကော့သောင်း၊ ပြည်တော်အေး ကမ္မဋ္ဌာန်းကျောင်းမှ ဆရာတော် ဦးကေလာသ ဖုန်းဆက်မေးမှ သတိရပြီး ရွှေတိဂုံဘုရားသို့ ပြေးဝယ်လိုက်ရ သည်။ ဦးကေလာသ ကို ဝမ်းတွင်ကြိတ်ပြီး ကျေးဇူးတင်မိသည်။ ဦးကေလာသ သာဖုန်းဆက် သတိမပေးရင် ဗုဒ္ဓဂယာ မှာ မပြည့်မစုံနဲ့ အနေကဇာ တင်ရမလို ဖြစ်နေမည်။ ရွှေတိဂုံဘုရား ရောက်တုန်း ရောက်ခိုက် မြသပိတ်သေးသေးလေး ဝယ်ဖြစ်ခဲ့သည်။ ရွှေပလ္လင်ထက်မှာ ပေါက်ပေါက်ဆုပ်ဆွမ်းကပ်ရန် ဖြစ်၏။

ဒီဇင်ဘာ (၃၀) ရက်နေ့ညတွင်လည်း ခမ္မမိတ်ဆွေများ ထုံးစံအတိုင်း ဖုန်းတစ်ဂွမ်ဂွမ်နှင့် ဆက်ကြပြန်သည်။ မနက်ဖြန် သေချာပြီလား ဟုမေးမြန်းကြသည်။ တဆက်တည်းမှာပင် ဗုဒ္ဓဂယာမှာ အလွန်အေးနေပြီဖြစ်ကြောင်း အနွေးထည်၊ လက်အိတ်၊ ခြေအိတ်များ ယည့်ယူခဲ့ရန် သတိပေးရသည်။ အသက်ရွယ် ကြီးရင့်သူ ဒေါ်အုန်းသင် (၈၂) နှစ်၊ ဒေါ်ခင်နုနု (၇၈) နှစ်တို့ကိုလည်း ဖုန်းဆက်၍၊ အနွေးထည် အလုံ အလောက်၊ ဆေးဝါး အပြည့်အစုံပါဖို့ လှမ်းမှာကြားရ ပြန်သည်။ ဗုဒ္ဓဂယာ ဘုရားဖူးတွေအားလုံး တက်ကြွနေ ကြသည်။ တက်တက်ကြွကြွ နိုးနိုးကြားကြား အရှိဆုံးကတော့ ဖားအံ တံတားစီမံကိန်းမှ ဒေါ်ညွန့်ညွန့်ခင် ဖြစ်သည်။ လှူစရာ တန်းစရာ အစုံစုံကိုလည်း စိတ်ကူးပေါ်တိုင်း ဝယ် ဝယ်နေ၍ တန်ဆာသတ်မှတ်ချက်ပင် ကျော်လွန်နေသည့်အပြင် ကုန်တိုက်ရုံးချုပ်မှ လေယာဉ်ပေါ် တိုက်ရိုက်ပို့မည့် လှူဖွယ် ပစ္စည်း ပါဆယ်အုပ်စုထံ အိတ်တစ်အိတ် ပို့လိုက်ရသေးသည်။ သူ၏ လှူဖွယ်ထဲတွင် အခြား ဘုရားဖူးများ မလှူသေးသည့် ပလပ်စတစ်ဖျာတွေ၊ မျက်နှာသုတ်ပုဝါတွေ၊ စားပွဲခင်း၊ လက်သုတ်ပုဝါ၊ အိပ်ယာခင်းပင် ပါလိုက်သေးသည်။

## မဇ္ဈိမခရီးအစ

ဒီဇင်ဘာလ (၃၁) ရက်နေ့သည် ၁၉၉၇ ခုနှစ်၏ နောက်ဆုံးနေ့ဖြစ်၏။ ထိုနေ့၌ ကျွန်တော်ခေါင်းဆောင်သော ဘုရားဖူးအဖွဲ့အမှတ် ၂၉/၉၇ အဖွဲ့သူ/အဖွဲ့သားများ နံနက် (၇) နာရီတိတိတွင် ရန်ကုန်လေဆိပ်၊ ပြည်ပထွက်ခွါ ဌာနသို့ စုံညီစွာ အသီးသီးရောက်လာကြသည်။

လေယာဉ်ကွင်းသို့ ဆင်းလာကြရာတွင် တစ်ချို့ကိုယ်ပိုင် ကားရှိသူများက လေယာဉ်ကွင်းသို့ တိုက်ရိုက်လာကြသည်။ နယ်အဝေးမှ လိုက်ပါသူများနှင့် ကိုယ်ပိုင်ကားမရှိသူများ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံးချုပ်ရှိရာ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်တွင် စုရပ်အဖြစ် ကြိုတင်သတ်မှတ်နေရာသို့ နံနက် (၅) နာရီတွင် အရောက် လာကြရပါသည်။ တစ်ချို့ကိုယ်ပိုင်ကားရှိသော်လည်း ရုံးချုပ်ကစီစဉ်သည့်ကားနှင့်ပင် လေဆိပ်သို့လိုက်ပါလာ

၂၁၇၉၇

ကြ၏။

ဒီဇင်ဘာ (၃၁) ရက်နေ့ နံနက် (၈း၃၀) တွင် လေဆိပ်ခန်းမ၌ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးမှ နှုတ်ခွန်းဆက်အမှာစကားပြောကြားပါသည်။ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးတင့်လွင်တို့မှ အမှာစကားများ အသီးသီး ပြောဆိုကြပြီးနောက် လေယာဉ်ပေါ်အရောက် ပျူပျူငှါငှါ လိုက်လံပို့ဆောင်ပေးကြပါသည်။ ဘုရားဖူး ခရီးစဉ်ကို လိုလေသေးမရှိအောင် ဂရုတစိုက် စီမံဆောင်ရွက်ပေးသည့် လူကြီးများကို ဝမ်းတွင်းကြိတ်၍ ကျေးဇူးတင်နေမိပါသည်။

မာန်ငါးပါးကိုလည်းကောင်း၊ အောင်ခြင်းရှစ်ပါးကိုလည်းကောင်း၊ အောင်ခြင်းအဖြာဖြာ အောင်မြင်တော်မူသော မြတ်စွာဘုရား၏ အဆုံးအမကို ခံယူကြည်ညိုကြကုန်သော ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်း၏ အလေးအမြတ်ထားရာ သာသနာ့အလံကြီးကို ရှေ့ဆုံးမှ ငွါးငွါးစွင့်စွင့် ဝင့်ဝင့်ကြွားကြွား လွှင့်ထူ၍ လေယာဉ်ပေါ် ဦးဆောင်သယ်ဆောင်လာသော ကျွန်တော်၏ရင်မှာ ပီတိတွေဖြာဝေလျှက် ကြက်သီးမွေးညှင်းများ ထသည်အထိ ကြည်နူးမိပါသည်။

နံနက် (၉း၄၅) တွင် အိန္ဒိယလေကြောင်းလိုင်းပိုင် လေယာဉ်ကြီးသည် ရန်ကုန်လေဆိပ်ကိုနှုတ်ဆက်၍ ထွက်ခွါခဲ့ရာ ကာလကတ္တားလေဆိပ်သို့ နံနက် (၁၁း၃၅) နာရီတွင် အောင်မြင်စွာ ရောက်ရှိလာပါတော့သည်။ လေယာဉ်ပေါ်မှ အဆင်းတွင် စနစ်တကျ စည်းကမ်းရှိလှသော မြန်မာ ဘုရားဖူးအဖွဲ့သို့ လေယာဉ်မှူးကြီးကိုယ်တိုင် လေယာဉ် ပေါက်ဝမှ ဆီးကြိုစောင့်နှင့်ကာ ကျေးဇူးတင်ကြောင်းနှင့် သစ်သီးဖျော်ရည်ဗူးကြီး (၁၀) ဗူးကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါသည်။ ထိုသို့ စနစ်တကျရှိကြောင်း ချီးကျူးခံရခြင်းမှာ ဘုရားဖူးမသွားမီ အစည်းအဝေးတစ်ရပ်၌ မြန်မာ ဘုရားဖူးတစ်ချို့ ဖြစ်လေ့ဖြစ်ထ ရှိသည်ကို တာဝန်ရှိလူကြီး များက ကြိုတင်သတိပေးခဲ့ခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်သည်။

လေယာဉ်ပေါ်တွင် နေရာလုခြင်း၊ စကားအကျယ်ကြီး ပြောခြင်း၊ တက်ရာဆင်းရာတွင် တိုးဝှေ့ဆင်းတက်ခြင်းများ မပြုလုပ်ရန် ခေါင်းဆောင်ဖြစ်သူကျွန်တော့်ထံမှာ တာဝန်ရှိလှသည်ဖြစ်ရာ အထူးသတိပေးပြီး လေယာဉ်ပေါ်တက်ခါနီး အချိန်အထိ အနီးကပ် သတိပေးလိုက်နိုင်သည်။

ကာလကတ္တားလေဆိပ်တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ကုန်တိုက်မှ ငွါးရမ်း

ထားသော အိန္ဒိယပြည်တွင်း ခရီးသွားလာရေး ကုမ္ပဏီမှ အိန္ဒိယလူမျိုး မြန်မာအမည် ဒေါ်သင့်သင့်စိန်နှင့် အဖွဲ့ဝင်များမှ ဆီးကြိုကြပါသည်။ ကာလကတ္တားလေဆိပ် အဆောက်အဦ အဝင်ဝ၏ လက်ယာဘက်ခပ်ယွန်းယွန်း ကိုက် (၃၀) အကွာရှိ ကောင်တာတွင် နိုင်ငံကူးလက်မှတ် ပြည်ဝင်ခွင့် ဗီဇာများကို ပြသစစ်ဆေးခံယူပြီးနောက် တန်ဆာအိတ်များကို စနစ်တကျ စီစစ်ကြပါသည်။ လေဆိပ်လုပ်သားများမှ လေဆိပ်ပြင်ပ ကားရပ်စခန်းအထိ တန်ဆာအိတ်များကို လက်တွန်းလှည်းများဖြင့် လိုက်လံပို့ဆောင်ပေးပါသည်။ လေဆိပ်လုပ်သားများက တစ်ခြားဘာမှ တောင်းခြင်းမရှိသော်လည်း စီးကရက်ကိုတော့ မကြာခဏ တောင်းပါသည်။ တစ်ယောက်ကိုများ ယောင်ပြီးမပေးလိုက်ပါနှင့်။ တစ်ယောက်ပြီးတစ်ယောက် သတင်းပေါက်ကြားရာ ကားပေါ်အမြန်တက်နိုင်မှ တော်ယုံကျပါလိမ့်မည်။

ဗုဒ္ဓဂယာ မြန်မာဘုရားဖူးအဖွဲ့များစုံညီစွာဖြင့် အသင့်စောင့်ကြိုနေသော အဲယားကွန်း ဘတ် (စ်) ကားကြီးပေါ်တွင် နေရာယူကြပါသည်။ ကျွန်တော်နှင့် ဒေါ်သင့်သင့်စိန်တို့မှ (၆၄) ဦး ပြည့် မပြည့် လူစစ်ကြပြီးနောက် ကာလကတ္တားပြည်တွင်းလေဆိပ်သို့ ၎င်းကားကြီး (၂) စီးဖြင့် ဘုရားဖူးများကို ခေါ်ဆောင်သွားရသည်။ ပြည်တွင်းလေဆိပ်အဝတွင် အိတ်များအားလုံး ကားစတိုခန်းမှ စီစစ်၍ အပ်ရပြန်သည်။

ဒေသစံတော်ချိန် ညနေ (၅:၄၅) မှာ ပတ္တနား (ပါဋလိပုတ်) သို့ လေယာဉ်ဖြင့် ခရီးဆက်ရမည်ဖြစ်ရာ ကြိုကြိုတင်တင် အပ်နှံပြီးပါက ကာလကတ္တားမြို့တွင်း လေ့လာရေးခရီး အေးဆေးစွာထွက်နိုင်မည်ဖြစ်ပါသည်။ အိတ်များစနစ်တကျ အပ်နှံပြီးနောက် ရန်ကုန်မှ ဌာနဆိုင်ရာ အကြီးအကဲများ ပေးလိုက်သောခရီးသွားအစီအစဉ်များ၊ ခရီးစဉ်ကုန်ကျစရိတ် ဟိုတယ်ခများကို စနစ်တကျလွှဲပြောင်းပေးအပ် ပါသည်။

မြန်မာစကား လည်ပတ်စွာ ပြောနိုင်သော အိန္ဒိယ ခရီးသွား ကုမ္ပဏီ ဒါရိုက်တာ ဒေါ်သင့်သင့်စိန်နှင့် ပြောဆို စီစဉ်လုပ်ကိုင်မှုများသည် မြန်မာနိုင်ငံမှလူကြီးများ မှာကြား ထားသည့် (၂) နာရီအတွင်း အပြီးအစီး အောင်မြင်အောင် လုပ်ကိုင်နိုင်ခဲ့ပါသည်။ အကယ်၍ ဒေါ်သင့်သင့်စိန်သာ မြန်မာစကား ကောင်းစွာ မပြောတတ်ပါက ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့နှင့် လုပ်ကိုင်ရသည်မှာ အခက်အခဲ ရှိကောင်း ရှိပါလိမ့်မည်။ နိုင်ငံကူးလက်မှတ် ဗီဇာစစ်ဆေး မှုများ၊ တန်ဆာအိတ် လက်ဆွဲအိတ်များ စီစစ်ရွေးယူမှု ကိစ္စ အဝဝ ချောမောစွာ ဆောင်ရွက်ပြီးစီးပြီးနောက်၊ မြန်မာ ဘုရားဖူးအဖွဲ့ (၆၄) ဦးကို တစ်ခါသုံး ထမင်းဘူးဖြင့် ကား ပေါ်မှာတင် ကျွေးမွေးကြပါသည်။

မြန်မာစံတော်ချိန် (၂) နာရီတွင် ကာလကတ္တား

ပြည်တွင်းလေဆိပ်မှ စတင်ကာ ကာလကတ္တားမြို့တွင်း လေ့လာရေးခရီးစဉ်ကို စတင်ပါတော့သည်။ စကားပြန်အဖြစ် တာဝန်ယူ လိုက်ပါလာသော မမာယာမှ ဘုရားဖူးများ အားလုံးကို "မင်္ဂလာပါ" လို့ နှုတ်ခွန်းဆက်သပြီးနောက် "လက်ပတ်နာရီ အားလုံးကို နောက်သို့ (၁) နာရီ ရွှေ့လိုက်ပါ" ဟု ပြောလိုက် ပါသည်။ ဘုရားဖူးများအားလုံး မိမိတို့နာရီကို နောက်သို့ (၁) နာရီစီ ရွှေ့လိုက်ကြ၏။ မြန်မာစံတော်ချိန်က (၂) နာရီ၊ အိန္ဒိယ စံတော်ချိန်က (၁) နာရီ။

## ကာလကတ္တားမြို့

ကာလကတ္တားမြို့လယ် လမ်းဘေးဝဲယာ ရှုခင်းများ၊ တိုက်တာ အဆောက်အဦများကို ၄၅ မိနစ်ခန့် ကြည့်ရှုလေ့လာကြပြီးနောက် ဂင်္ဂါမြစ်ရောက်ကာနီး ကာလကတ္တား စက်မှုဇုန် အလွန်တွင် ကားကိုရပ်လိုက်ပါသည်။ ကားပေါ်မှ ဆင်းဆင်းချင်း မြင်လိုက်ရသည်မှာ အလွန်တရာမှ မြင့်မားလှသော အင်္ဂလိပ်ရဲတိုက်လိုလို အဆောက်အဦကြီး။ စကားပြန်ကိုမေးကြည့်ရာ ဝိတိုရိယဘုရင်မနန်းတော် ပြတိုက်ဖြစ်ကြောင်း သိခဲ့ရသည်။ ဝိတိုရိယဘုရင်မပြတိုက်ဝန်းကျင်နှင့် ပြတိုက်နေရာများကို လေ့လာကြည့်ရှုကြပြီးနောက် ဂင်္ဂါမြစ်ကမ်းအနီး မြစ်ဆိပ်တွင် ကားကိုခေတ္တရပ်ကာ မြစ်ကူးတံတားကြီးနှင့် မြစ်ကမ်းအလှကို ခဏတာ ငေးကြည့်ကြပါသည်။

ရင်းနောက် ဇဒင်ဥယျာဉ်ကိုလေ့လာကြပြန်သည်။ ဇဒင်

ဉယျာဉ်အတွင်း ဝင်ရောက်လိုက်မိသည်နှင့် ထူးထူးခြားခြား မြန်မာမှု အနုလက်ရာ အဆောက်အဦတစ်ခုကို မြင်တွေ့လိုက်ရသည့်အချိန်မှာ မဖော်ပြနိုင်အောင်ဝမ်းသာလှပါသည်။ တိုင်းတစ်ပါးနိုင်ငံမှာ နာမည်ကျော် ဒေဝဉယျာဉ်ကြီးလိုနေရာမှာ ဝင့်ဝင့်ကြွားကြွား မြန်မာတွေရဲ့ရှေးလက်ရာကို ခန့်ခန့်ငြားငြား တွေ့ရမည်လို့ မည်သို့မှ ကျွန်တော် မထင်မှတ်ခဲ့ပါ။



သီပေါမင်း (၁၅) ရက်စံအိမ်

ဝမ်းသာကြည်နူး ဂုဏ်ယူလို့မှမဆုံးမီ၊ မြန်မာတို့၏

ကနုတ်ပန်းအိုးအလှ ပန်းဆွဲ၊ စုလစ်၊ မွန်းချွန်တွေကို ငေးနေစဉ် ပေါက်ပေါက် (အေးအေးမြင့်) က အပြေးအလွှား အနီးပါးရောက်လာပြီး ပြောပြလိုက်ချိန်မှာ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းခုန်နေပါတော့သည်။ ပေါက်ပေါက်ပြောလိုက်သည့် စကားက "ကုလားဖြူတွေ သိပေါမင်းကို ဖမ်းလာပြီး ခဏထားတဲ့ စံအိမ်" တဲ့ . . . ကောင်းရောဗျား။ စောစော က ဝမ်းသာသလောက် ယခုလောက်စိတ်ဆင်းရဲတာ ဘယ် အခါမှ မဖြစ်ခဲ့ဘူး။ မြန်မာတွေ စည်းကမ်းဖေါက်လို့ထီးနန်း ပျောက်ခဲ့ရတာတွေ ကုလားဖြူတွေဟာ လက်နက်အင်အား အားကိုးစွာဖြင့် နိုင်ငံငယ်တွေအပေါ် စိုးမိုးချယ်လှယ်ခဲ့တာ တွေ၊ အနိုင်ကျင့်ခဲ့တာတွေကို ပြန်တွေးမိရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လို့ "တောက်" တစ်ချက်ခေါက် လိုက်မိသည်။

"အဖွဲ့ဥက္ကဋ္ဌကြီးစိတ်ကိုထိန်းနော်၊ ဘုရားဖူးလာတာ" ဟု (၅) လမ်း ဒေါ်ရီရီနဲ့က လက်တို့သတိပေးလိုက်မှ သတိပြန် လည်ကာ မခံချင်သောစိတ်တွေ လျှော့ချလိုက်ရသည်။ သေချာအောင်တော့ "မမာယာ" ကိုမေးမှ ဖြစ်မည်။

နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာဘုရင်ကို ခေါ်ဆောင်လာတဲ့ သင်္ဘောဟာ စောစောက သာယာလှပသည်ဆိုသော ဂင်္ဂါမြစ် ကူးတံတားခြေရင်းက သင်္ဘောဆိပ်အရောက်မှာ စာချွန်

တော် ရောက်လာသည်။ သီပေါမင်းကို အကျယ်ချုပ်ထားမည့် ရတနာဂီရိမှာ အဆောက်အဦတွေမပြီးခင် ယခုရောက်သော နေရာမှာ ယာယီစံအိမ်ဆောက်ပြီး ခေတ္တနေရန်ဖြစ်သည်။ မြန်မာမှု၊ မြန်မာဟန်တွေနှင့် ဆောက်ထားသော အဆောက် အဦးဖြစ်ခြင်းကြောင့် ကျွန်တော့်အထင် မြန်မာဗိသုကာ ပညာရှင်တွေကိုပါ အင်္ဂလိပ်က ဖမ်းလာပုံရပါသည်။ ထိုနေရာမှာ (၁၅) ရက်နေထိုင်သွား၍ (၁၅) ရက်စံအိမ်လို့ ခေါ်ကြပါသည်။ နောင်ဘုရားဖူးများ ကာလကတ္တားရောက်သည့်အခါ သွားဖြစ်အောင် သွားရောက်လေ့လာကြပါလို့ တိုက်တွန်းပါ ရစေ။

ဒေင်ဥယျာဉ်အတွင်း အမှတ်တရ ဓါတ်ပုံများရိုက်ကြသည်။ အထူးသဖြင့် သီပေါမင်း (၁၅) ရက်စံအိမ်မှာ နောက်ခံထား အမှတ်တရ ရိုက်ကြ၏။ ခေတ္တခဏ အနားယူ အပန်းဖြေပြီးချိန်မှာ ဒေသစံတော်ချိန် (၄) နာရီဖြစ်နေပေပြီ။ ပတ္တနားလေယာဉ်က (၅း၄၅) မှာ ထွက်ခွါမည် ဖြစ်ခြင်းကြောင့် ကာလကတ္တားလေဆိပ်သို့ ကားကြီး (၂) စီးဖြင့် ပြန်လာကြ ရပါတော့သည်။ အပြန်ခရီးတွင် အလာခရီးလောက် မမြန် ပါတော့ချေ။ ရုံးဆင်းချိန်မို့ ကားတွေကြပ်နေ၏။ လမ်းပိတ် ဆို့မှုတွေ ဖြစ်နေရာ တစ်နေရာမောင်းလိုက် ခေတ္တနားလိုက် နှင့် (၁) နာရီ ကျော်အောင် မောင်းခဲ့ရသည်။ လမ်းဆုံ မီးပွိုင့် များတွင်လည်း

အိန္ဒိယရဲများကတုတ်တစ်ချောင်းဖြင့် အလုပ်ရှုပ်နေကြသည်။

ရဲသားကြီးတွေ ကိုင်ထားတဲ့ ဝါးရင်းတုတ်ကို ကုလား လူမျိုးတွေ အတော်ကြောက်ပုံရပါသည်။ အိန္ဒိယ နိုင်ငံ၏ ယာဉ်ကြော အခြေအနေမှာ လက်ဝဲကပ်မောင်း ဖြစ်ပါသည်။ ကာလကတ္တားမှာရှိသော ကားကြီးကားငယ် ဟူသမျှသည် ညစ်ညစ်ထေးထေး နိုင်လှပါသည်။ ဆေးချယ်ထားသော ကားတစ်ချို့ကို တွေ့ရသော်လည်း ရိုးရိုးရှင်းရှင်းသာ ကြိုက် သော မြန်မာမျက်စေ့နှင့် ဖီလာကန့်လန့်ဖြစ်နေသည်။ ကာလကတ္တားမြို့တွင်း အလွန်တရာမြင့်မားသော တိုက်တာ ကြီးတွေ သိပ်မမြင်ရသော်လည်း တိုက်တာ အဆောက်အဦ တော်တော်များသော မြို့ဖြစ်ပါသည်။

ရန်ကုန်မြို့လယ်ခေါင်မှ တိုက်တာ အဆောက်အဦ များ လို သန့်ရှင်းသပ်ရပ်မှု မရှိလှပါ။ သာယာလှပမှုတွေသည် ရန်ကုန်မြို့ကို မှီအုံ့မထင်။

ကာလကတ္တာပြည်တွင်း လေဆိပ်ကိုရောက်တော့ ဒေသ စံတော်ချိန် (၅) နာရီ (၁၀) မိနစ် ဖြစ်နေပေပြီ။ လေဆိပ်မှာ အသင့်ရောက်ရှိ စောင့်ကြိုနေသော ဒေါ်သင့်သင့်စိန်မှ ပတ္တနားလေယာဉ်ပေါ် တန်းတက်ရန် ညွှန်ကြားပါသည်။ ကာလကတ္တား ပြည်တွင်းလေဆိပ်တွင် ခေတ္တထိုင်နားရန် အချိန်မရတော့ပါ။ မကြာမီ အချိန်အတွင်း လေယာဉ်ထွက်

ခွါတော့မည်ဖြစ်၍ လေဆိပ်အဆောက်အဦ၏ စစ်ဆေးရေးဂိတ်တွင် တစ်ဦးချင်း အစစ်ဆေးခံရပါသည်။ အားလုံးစစ်ဆေးပြီးချိန်မှာ အသင့်စောင့်ကြိုနေသော လေဆိပ် ရေးနိုးဘတ် (စ်) ကားကြီးပေါ် တက်ရောက်ပြီး လေယာဉ်ရှိရာသို့ တဆင့်သွားရပါသည်။

ပတ္တနားသွား လေယာဉ်ကြီးပေါ် ကျွန်တော်တို့အားလုံးရောက်ချိန်မှာ (၅း၄၀) နာရီ ရှိပေပြီ။ လေယာဉ်မယ်မှအရေးပေါ် ထွက်ပေါက်နေရာပြသခြင်း၊ အသက်ကယ်၊ အသက်ကူ ကိရိယာများ တပ်ဆင် အသုံးပြုပုံ ရှင်းပြခြင်း၊ ခါးပါတ် ပါတ်ပုံ နှင့် ခါးပါတ်ပါတ်ရန် သတိပေးခြင်းများပြီးချိန်မှာ လေယာဉ်ထွက်ခွါရန် မီးပြနေ၍ ခါးပါတ် ပါတ်လိုက်၏။ (၁) နာရီ နီးပါးခန့် အကြာတွင် မီးရောင်စုံလှပစွာဖြင့် ညီညာ စီတန်းနေသော လမ်းမီးများ၊ နီယွန်မီးရောင်ဖြင့် လှချင်တိုင်း လှနေသော ပတ္တနားမြို့ညရှုခင်းကို လေယာဉ်မှန်ပြူတင်းပေါက်မှ အတိုင်းသား မြင်တွေ့ရသည်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ကြွရောက်သာသနာပြုခဲ့သော နေရာဋ္ဌာန၊ ပါဋလိပုတ်မြို့ မြို့ကြီးစတည်စဉ်က မြတ်စွာဘုရား ဆွမ်းအနုမောဒနာဟောကြားခဲ့သောနေရာဖြစ်ပါသည်။ မကြာမီအချိန် ပတ္တနား လေဆိပ်သို့ ဆိုက်ရောက်လာခဲ့ပါသည်။

ပတ္တနားလေဆိပ် အဆောက်အဦများရှေ့တွင် ကျွန်တော်တို့အား အဲယားကွန်း ဘတ် (စ်) ကား (၂) စီးဖြင့် အသင့်လာရောက် ကြိုဆိုနေပါသည်။ ထိုကား (၂) စီးဖြင့် (၄၅) မိနစ်ခန့် စီးသွားလိုက်ရသည်။ ပတ္တနား မြန်မာကျောင်းသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာခဲ့ပါတော့သည်။ ပတ္တနား မြန်မာကျောင်းကြီးမှာ မပြီးတတ်သေးပါ။ လုံလုံခြုံခြုံ ပြုလုပ်ထားသော ယာယီအဆောင်များမှာ အမျိုးသား၊ အမျိုးသမီး သီးသန့်စီခွဲပြီး တည်းခိုကြရပါသည်။ ပတ္တနား ကျောင်းသည် မိဂဒါဝုန်နှင့်ဗုဒ္ဓဂယာကျောင်းများကဲ့သို့ လွတ်လွတ်လပ်လပ် တည်ရှိခြင်း မဟုတ်ဘဲ၊ ကုလားရပ်ကွက်ထဲမှာ တည်ရှိသော ကျောင်းဖြစ်ပါသည်။ လူမျိုးခြားတွေ ကြားမှာ ကြံ့ကြံ့ခံ သာသနာ ပြုနေသော ဆရာတော် ဦးဓမ္မာစာရ (ထားဝယ်ဇာတိ) ၏ ရဲရင့်သော သတ္တိကို ချီးကျူးပူဇော်မိပါသည်။

မြန်မာဘုရားဖူးအဖွဲ့အားလုံး လေယာဉ်ပေါ်တွင် ညစာစားပြီးကြပြီဖြစ်၍ ဆရာတော် ဦးဓမ္မာစာရ ကျောင်းတွင် ညစာ မစားနိုင်ကြတော့ပါ။ တစ်ချို့တစ်ဝက်သာ စားနိုင်ကြသည်။ မြန်မာနိုင်ငံမှာ နံနက်စာ စား၍ ညစာကို အိန္ဒိယနိုင်ငံ ပတ္တနားမြို့တွင် စားသည်ဟု ဆိုလောက်ယုံသာ။



## ပါဋ္ဌလိပုတ် နှင့် ရာဇဂြိုလ်

အိန္ဒိယနိုင်ငံရှိ ပြည်နယ်များတွင် အကြီးဆုံး ပြည်နယ် တစ်ခုဖြစ်သော ဗီဟာရ်ပြည်နယ်၏ မြို့တော်မှာ ပတ္တနားမြို့ ဖြစ်ပါသည်။ ရှေးအခါက မဂဓတိုင်း၊ ပါဋ္ဌလိပုတ်ပြည် ဟုခေါ်တွင်ခဲ့ပြီး အသောကမင်းကြီး၏ နေပြည်တော် ဖြစ်ခဲ့သည်။

၁၉၉၇ ခုနှစ်၏ နောက်ဆုံးရက်ဖြစ်သော ဒီဇင်ဘာ (၃၁) ရက်နေ့တွင် ခရီးပန်းခဲ့ကြသော မြန်မာဘုရားဖူးများသည် ပတ္တနားမြန်မာကျောင်းတွင် စိတ်ချမ်းမြေ့စွာ လွတ်လွတ် လပ်လပ် အနားယူအိပ်စက်နေသည်မှာ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ နံနက် (၅) နာရီထိုးသည့်တိုင် မနိုး ကြသေးပါ။ ဒေသစံတော်ချိန် နံနက် (၅း၃၀) နာရီတွင် အာရုံဆွမ်းကပ်ကြရမည်ဖြစ်ပါသည်။ ရန်ကုန်တွင် နံနက် (၈) နာရီမှ အိပ်ယာထတတ်သော ကျွန်တော့်အဖို့ အိန္ဒိယနိုင်တွင်

(၅) နာရီမထိုးမီနိုးနေခြင်းကအံ့ဖွယ်ကောင်းပါသည်။ ညက အိပ်ယာဝင်စဉ်က နံနက်စောစော မနိုးမှာစိုး၍ လမ်းမတော် ဦးအောင်သိန်းကို စောစောနှိုးပါရန် ပြောထားလိုက်မိသည်။ အဖွဲ့ခေါင်းဆောင်မို့ စောစောထရမည်၊ နောက်ကျမှ အိပ်ရမည် မဟုတ်ပါလား။ "စောစော နှိုးပေးပါ ဘဘရေ" ဟု ပြောထားသော လမ်းမတော် ဦးအောင်သိန်းကို ပြန်နှိုးမှ ဝူး ဝါး နဲ့ထလာပါတော့သည်။ ဘုရားဖူး မမွမိတ်ဆွေတွေ ကိုလည်း လိုက်လံနှိုးဆော်ရပါသည်။ မြန်မာပြည်မှ ကြွလာ သောရဟန်းတော်က (၁၃) ပါးနှင့်ပတ္တနားမြန်မာကျောင်းက ရဟန်းတော် (၄) ပါး၊ စုစုပေါင်း (၁၇) ပါးကို အာရုံဆွမ်း ကပ်ရန် ဖြစ်ပါသည်။ ဆွမ်းကွမ်းကိစ္စက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးက တာဝန်ယူထားသည်မှာမှန်သော် လည်း တိုင်းတစ်ပါးမှာ ဖြစ်ခြင်းကြောင့် မြန်မာပြည်မှာလို ဖွယ်ဖွယ်ရာရာကြီး မကပ်နိုင်ကြ။ မြန်မာဘုရားဖူးတွေက ရဟန်းတော်များ ဆွမ်းဟင်း မပူရအောင် မြန်မာပြည်မှ ပိုမို ကြော်လှော် ချက်ပြုတ် ယူဆောင်လာခဲ့ကြသည်။

ဒေါ်ခင်ခင်အုံး နှင့် ဖားအံတံတားစီမံကိန်းမှ ဒေါ်ညွန့်ညွန့်ခင် တို့ ဦးဆောင်ပြီး ချက်ပြုတ် ကြော်လှော် ယူလာခဲ့ကြ၍သာ မြန်မာပြည်မှာ ဆွမ်းကပ်နေသလား အောက်မေ့ရအောင် ခရီးတစ်လျှောက် ဆွမ်းဟင်းတွေ မြိုင်မြိုင် ဆိုင်ဆိုင် ရှိခဲ့ကြသည်။ ကျွန်တော့်

အိမ်မှကြော်လှော်ပေး လိုက်သော ဟင်းလျာများကိုတော့ အသာလျှို ထားလိုက်သည်။ ဟင်းလျာနည်းသော အချိန်ကျမှသာ ထုတ်၍ကပ်မည်ဟု ရည်စူးထားပါသည်။

အာရုဏ်ဆွမ်းကပ်ရန် အိပ်ဆောင်အသီးသီးမှ ထွက်လာသော မြန်မာဘုရားဖူးအဖွဲ့သားများ အားလုံး တစ်ဦးနှင့်တစ်ဦး ဘယ်သူဘယ်ဝါ ခွဲခြား၍ရကြမည် မဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် နှင်းမှုန်ဖွဖွတွေကြားမှာ အနွေးထည်ထူထူတွေအပြင် ခြေအိတ် လက်အိတ် ကိုယ်စီနှင့် မျက်နှာဝိုင်းဝိုင်းလေးသာ ဖော်ထားကြခြင်းကြောင့် ဖြစ်ပါသည်။ ပတ္တနား၏ အအေး ဒီဂရီက (၇) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။

အာရုဏ်ဆွမ်း ကပ်ပြီးသည်နှင့် ဘုရားဖူးများ၏အိတ်များ ကျောင်းရှေ့ ကွက်လပ်တွင် သွားရောက်စုပုံပေးထားရသည်။ အိတ်အနီကြီး (၃၂) လုံး၊ အိတ်အနီ အသေး (၃၂) လုံးက တစ်ပုံ၊ အိတ်အပြာကြီး (၃၂) လုံး၊ အသေး (၃၂) လုံးကတစ်ပုံ သပ်သပ်စီပုံပေးထားရပါသည်။ ဘုရားဖူးများ နံနက်အဆာ ပြေ စားပြီးသည်နှင့် အသင့်ခရီးစထွက်နိုင်ရန် ကားအကူ အလုပ်သမားများက ကားပေါ်တင်နှင့်ပါသည်။ အိတ်အနီ ပိုင်ရှင်များက ရှေ့ဆုံးမှကားဖြစ်ပြီး၊ အိတ်အပြာပိုင်ရှင်များက နောက်က ကားမှ လိုက်ရန်ဖြစ်သည်။ ရန်ကုန်ရုံးချုပ်မှ စီစဉ်

ပေးသည့်အတိုင်း ကြီးကြပ်ရေးအဖွဲ့က နေရာချထားပေးရပါသည်။ ခရီးစဉ် တစ်လျှောက်လုံး သတ်မှတ်ပေးထားသော နေရာများမှာသာ ထိုင်ရန်ဖြစ်ပါသည်။ သို့မှသာ စာရင်းအတိုင်း ခုံနံပါတ်အတိုင်း လူစစ်သောအခါ လွယ်ကူမည်ဖြစ်ပါသဖြင့် ဘုရားဖူးများလည်း ကျေနပ်ကြသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စီစဉ်ထားမှုများသည် ထောင့်စေ့ အကွက်ကျ စီစဉ်ထားသည်ကို မချီးကျူးပဲ မနေနိုင်ပါ။ ပထမ ရှေ့ဆုံးကားတွင် ဝန်ကြီးဌာန ကြီးကြပ်ရေးတစ်ဦးနှင့် အဖွဲ့ခေါင်းဆောင်တို့ လိုက်ပါရပြီး ဒုတိယကားကို ဝန်ကြီးဌာန ကြီးကြပ်ရေးတစ်ဦးနှင့် အဖွဲ့ ဒု-ခေါင်းဆောင် တို့မှ လိုက်ပါရပါသည်။ အရံကြီးကြပ်ရေးနှင့် အကူလုပ်သား (ကုလားလူမျိုး) နှစ်ဦးတို့က ကား (၂) စီးမှာ မျှတလိုက်ပါ၍ လမ်းခရီးတစ်လျှောက် နေ့စဉ်ရေတစ်ဘူး (သို့) ဖျော်ရည်တစ်ဘူး၊ ဘီစကစ်ထုတ်ဝေခြင်း၊ လမ်းခရီးတွင် ထမင်းစားရသည့် အခါ၌ ထမင်းဘူးများ ပေးဝေခြင်း၊ သိမ်းဆည်းခြင်းများ ပြုလုပ်ကြပါသည်။



## အသောကာရုံကျောင်းတော်ကြီး

၁၉၉၈ ခုနှစ် နှစ်ဆန်း (၁) ရက်နေ့ နံနက် (၇) နာရီ ဟိုတီ တွင် (၆၄) ဦး ပါဝင်သော မြန်မာ ဘုရားဖူး အဖွဲ့ကြီး သည် သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ရဟန္တာ (၁၀၀၀) တတိယ သင်္ဂါယနာတင်ခဲ့သော အသောကာရုံကျောင်း တော်ကြီးသို့ ရောက်ရှိခဲ့ကြသည်။ ကျောင်းအဝင်ဝ တွင် ဦးစွာတွေ့လိုက်ရသည်က စေတီလိုလို အဆောက်အဦ တစ်ခု၊ သေချာကြည့်တော့မှ ဂျိန်းဘုရားလိုလို၊ ဟိန္ဒူဘုရား လိုလို ဖြစ်နေ၍ လက်အုပ်ချီ မတ်ရပ် ကန်တော့နေသော ဘုရားဖူး အချို့ကို "မဟုတ်ဘူး၊ မဟုတ်ဘူး ကျွန်တော်တို့ ဘုရား မဟုတ်ဘူး" ဟု လှမ်းအော် သတိပေးလိုက်ရသည်။ နေလို လလို ဘုန်းမီးတောက်ခဲ့သော အသောကမင်းတရား၏ အာသောကာရုံ ကျောင်းဝန်းထိပ် မှာ ဘယ်သူ့ပုံမှား လာရိုက်သနည်း။ ရင်ထဲမှာတော့ နင့်ကနဲ ဖြစ်ခဲ့သည်။

ကျောင်းပရဝုဏ် ထဲ ဝင်ရောက်မိတော့မှ စိတ်မှာ လန်းဆန်းတက်ကြွသွား သည်။ စနစ်တကျ သာယာလှပသော ဥယျာဉ်သဖွယ် မြက်ခင်း စိမ်းတွေကြားမှာ အုတ်လမ်းကလေးနှင့် ရန်ကုန်ကန်တော်မင် ပန်းခြံနှင့် ခပ်ဆင်ဆင်တူပါသည်။ ဒီနေရာဟာ အာသောကာရုံ ကျောင်းနေရာ။ လှမ်းကြည့်လိုက်တော့ အသောကမင်းတရား ကြီးဆောက်လုပ်ခဲ့သော အာသောကာရုံကျောင်း အဆောက် အအုံကြီး မတွေ့ခဲ့ရ။ အထင်အရှား တွေ့မြင်နိုင်သည်က ရေကန်တစ်ခုဖြစ်ပါသည်။ တစ်ချိန် တစ်ခါက ဂင်္ဂါမြစ်ရေ့တွေ ကြီးစဉ်က မြေနှံ့ မြေကြီးတွေအောက် ရောက်ခဲ့ပြီး ယခု ပြန်လည် တူးဖော်ထားသောနေရာတွင် ရေတွေဝင်ရောက် ခဲ့ပြီး ရေကန်သဖွယ် တွေ့ခဲ့ရသည်။ ကျောင်းတော်နေရာကို အသေအချာ ညွှန်ပြနိုင်သည်ကတော့ ကျောင်းတိုင် ပြုလုပ်ခဲ့ သော ကျောင်းတိုင်ငုတ်ကို တွေ့ရှိရခြင်း ဖြစ်ပါသည်။ ၎င်း ရေကန်ငယ်၏ ဝန်းကျင်တွင်လည်း ကျောင်းတော်ရာ အုတ်ခုံများ တူးဖော်ထားသည်ကို တွေ့ရပါသည်။

အသောကာရုံကျောင်းတော်ကြီး ကို ရာဇကုမာ ဟုလည်း တစ်ချို့ကခေါ်ကြပါသည်။ ၎င်း အုတ်ခုံများနှင့် ကိုက် (၁၀၀) ကွာခန့်တွင် အသောကကျောက်စာတိုင် အကျိုးကြီးတွေ ကိုလည်း သိုးသန့် အဆောက်အအုံငယ်ကလေး ပြုလုပ်၍ ပြသထားပါသည်။

ကိုက် (၃၀၀) ကျော်အနက်ရှိသော ရေတွင်းကြီးကိုတော့ သွားရောက်ကြည့်ရှုရန် အချိန်မရတော့ပါ။ အမိကကျလှသော အာသောကရုံကျောင်းကိုသာ အာရုံစိုက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သာသနာ့အလံတွေ၊ တံခွန်တွေ၊ ရောင်စုံအလံချွန် ကလေးတွေနဲ့ စည်စည်ကားကား တတိယသင်္ဂါယနာတင်ပွဲ ကြီးကို မျက်စေ့ထဲ မြင်ယောင်နေမိ၏။ အရှင်မဟာမောဂ္ဂလိ ပုတ္တသမထေရ် အမှူးပြုသော ရဟန္တာ မထေရ်ကြီး (၁၀၀၀) တို့သည် အသောကမင်းကြီး၏ ထောက်ပံ့မှု ခံယူ၍ တတိယ သင်္ဂါယနာတင်ခဲ့ကြသည်။ ရဟန္တာ မထေရ်ကြီးများ၏ အမိန့်ကို ခံယူ၍ အသောကမင်းကြီးသည် သုဝဏ္ဏဘူမိခေါ် မြန်မာ၊ ယိုးဒယား အပါအဝင် ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြု စေလွှတ်တော် မူခဲ့ပေသည်။

(၇) နှစ်သား ရှိသေးသော မိမိ၏တူတော် နိဂြောဓ သာမဏေ၏ အဆုံးအမကို ခံယူ၍ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ခဲ့သော အသောကမင်းကြီး။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို အထိမ်းအမှတ်ပြု၍ ရေတွင်း၊ ရေကန်၊ ကျောင်း၊ စေတီ၊ ပုထိုးပေါင်း (၈၄၀၀၀) စီ လှူဒါန်းတော် မူခဲ့သော အသောကမင်းကြီး။

မြတ်စွာဘုရား၏ သာသနာတော်ကြီးအား ဇမ္ဗူဒီပတွင် သူမတူအောင် စွမ်းစွမ်းတမံ သာသနာပြုခဲ့တော်မူခဲ့သော

အသောကမင်းတရားကြီး၏ ကျေးဇူးတွေကို အောက်မေ့သတိရခြင်း များစွာဖြင့် ခရီးဆက်ခဲ့ရာ၊ နာလန္ဒာတက္ကသိုလ်ဟောင်းကြီးရှေ့ကားရပ်မှ အတွေးကိုဖြတ်လိုက်ရတော့သည်။

လက်ကနာရီကြည့်လိုက်တော့ နံနက် (၉း၂၀) ရှိချေပြီ။ နာလန္ဒာမြို့သည် အရှင်သာရိပုတ္တရာ မထေရ်ကြီး၏ ဖွားရာဇာတိဖြစ်၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က အကြိမ်ကြိမ် ကြွရောက်တော်မူခဲ့သောနေရာဌာန ဖြစ်ပေ၏။

ကားပေါ်က အမှတ်တမဲ့ လှမ်းကြည့်လိုက်မိတော့ ပုဂံမြို့အဝင်က မြို့ရိုးလိုလို ထင်ရသည်။ ကားပေါ်က ဆင်းပြီးကြည့်လိုက်တော့ ခံတပ်ကြီးတစ်ခုလို မြင်ရပြန်သည်။ ပရဝုဏ်ဝင်းအတွင်း ဝင်ကြည့်လိုက်သောအခါ ကျောင်းဆောင်အုတ်ခုံကြီးတွေ၊ အုတ်နံရံကြီးတွေ တွေ့ရသည်။ စနစ်တကျဖွဲ့စည်း တည်ဆောက်ထားပါသည်။ ပါမောက္ခအဆောင်၊ ကထိကအဆောင်၊ စာသင် ရဟန်း သံဃာတော်များအဆောင်၊ ဆွမ်းစားခန်း၊ စာသင်ခန်းမ စသည်ဖြင့် အံ့သြလောက်အောင် ကမ္ဘာကျော် နာလန္ဒာတက္ကသိုလ်ဟောင်းကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ အပေါ်အဆောက်အဦကြီးတွေ မရှိတော့သော်လည်း အုတ်ရိုး၊ အုတ်ဆောင်၊ အုတ်နံရံတွေကို အပေါ်စီးမှ တက်ကြည့်ရင် ဖွဲ့စည်းတည်ဆောက်ပုံ ကောင်းကြောင်း ကောင်းကောင်း

သိနိုင်သည်။ ၎င်းကျောင်းဆောင်များ ကျော်လွန်သောအခါ မျက်နှာမူရာ၏ လက်ဝဲဘက်ခြမ်းတွင် အတော်အသင့်မြင့်သော အုတ်လှေခါးတစ်ခုကို တွေ့လိုက်ရသည်။ ၎င်း အုတ်လှေခါးအတိုင်း တက်သွားပါက အပေါ်ဆုံးတွင် ရှင်သာရိပုတ္တရာ ဖွားတော်မူသည့် တိုက်ခန်းနေရာကို တွေ့ရပြီး၊ ၎င်းနေရာတွင် အသောကမင်းကြီးက စေတီတစ်ဆူ တည်ထားကြောင်း သမိုင်းစာအုပ်တွင် တွေ့ရှိခဲ့ဘူးသော်လည်း ယခုအခါ စေတီတော်သဏ္ဌာန် မပေါ်တော့ပါ။ အထိမ်းအမှတ် နေရာမှာတင် ကျွန်တော်တို့ ဆီမီး၊ အမွှေးတိုင် ပူဇော် ကန်တော့ခဲ့ကြပါသည်။



**ရှင်သာရိပုတ္တရာဖွားတော်မူသည့် တိုက်ခန်းနေရာ**

မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ်က နာလန္ဒာသို့ အကြိမ်ကြိမ် ကြွရောက်တော် မူခဲ့ဖူးပါသည်။ သက္ကရာဇ်

(၁၄၈) ခု ပရိနိဗ္ဗာန်ပြုသည့် နောက်ဆုံးနှစ်မှာပင် နာလန္ဒာသို့ ကြွချီတော်မူခဲ့သေးသည်။



နာလန္ဒာတက္ကသိုလ်

ဤမျှ ကြီးကျယ် ခန်းနားလှပါသော ကမ္ဘာကျော် တက္ကသိုလ်ကြီးကို စတင်တည်ထောင်သူမှာ အရှင်နာဂအဇ္ဇုန ဖြစ်တော်မူပြီး မဟာယနဝါဒကို စတင်ထူထောင်သူဟု သိခဲ့ရသည်။ နာလန္ဒာသည် မဟာယနဗုဒ္ဓဘာသာ၏ အချက်အချာ အစလည်း ဖြစ်ပါသည်။

အနိစ္စသဘောကို မလွန်ဆန်နိုင်သော ဤကမ္ဘာကြီးတွင် နာလန္ဒာသည်လည်း အနိစ္စရောက်ခဲ့ရပါသည်။ မဂိုဘုရင်များ စိုးမိုးသော ကာလတွင်လည်း ဘုရားကျောင်းကန်များ မီးရှို့ဖျက်ဆီး လုယက်မှုကို ခံခဲ့ရသည်။ တိဗက်သမိုင်းရေး

ဆရာ တာရာနာထ၏ မှတ်တမ်းတွင် တာခ်တို့ ဖျက်ဆီး သတ်ဖြတ်ပုံကို မှတ်တမ်းတင်ထားသည်။

စစ်ဗိုလ်ချုပ် ဘတ်ခ်တိယာရ်ခ်ဂျီ ၁၁၉၇-၁၂၀၃ သည် နာလန္ဒာတက္ကသိုလ်အပါအဝင် တက္ကသိုလ်များအားလုံးလိုလို မီးရှို့ဖျက်ဆီးခဲ့ကြပြီး ရဟန်းတော်များကိုလည်း သတ်ဖြတ်ခဲ့ကြသည်။ ကျောင်းတော်ကြီးပိုင် ရွှေ၊ ငွေ၊ ရတနာ သမိုင်းအထောက်အထားများကို ယူဆောင်ကြသည်။ ၎င်း၏ တပ်လုံခြုံရေးအတွက် နာလန္ဒာကို ခံတပ်သဖွယ် ပြုလုပ်ခဲ့ကြပါသည်။

တရုတ်ဘုန်းတော်ကြီး ဟူယင်ချင်နှင့် အိချင်တို့၏ နာလန္ဒာမှတ်တမ်းတွင် စာသင်သားရဟန်း (၁၀၀၀၀) ရှိ၍ စာချဆရာတော် (၁၅၀၀) ရှိသည်ဟု ဆိုသည်။ သာသနာတော်နှစ် (၁၇၄၁) တွင် ဘီဟာနယ်ကို တူရကီနွယ်ဝင် မဟာမေဒင်တို့သည် စစ်တပ်အလုံးအရင်းဖြင့် တက္ကသိုလ်ကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ကျောက်မျက်ရတနာများအားလုယူ၍ ရဟန်း (၁၀၀၀၀) ကျော်ကိုပါ သတ်ဖြတ်ခါ ရဟန်းအပြောင်ရှင်းပွဲ လုပ်ကြကြောင်း သိရပါသည်။

တူရကီရာဇဝင်ရေးဆရာတစ်ဦးဖြစ်သူ မိန်ဟာဇဒ်၏ တာဘာကာတာ စာအုပ်တွင် ရဟန်းပေါင်းများစွာ အရှင်လတ်လတ် မီးရှို့အသတ်ခံရသည်ကို မှတ်တမ်းတင်ထား

သည်။ တက္ကသိုလ် ပိဋကတ်တိုက်ကြီးများကို မီးရှို့ဖျက်ဆီးခဲ့ရာ လအတော်ကြာသည့်တိုင် မီးမငြိမ်းဘဲ တငွေ့ငွေ့လောင်မြဲ လောင်နေကြောင်း လေ့လာတွေ့ရှိရပြန်သည်။

ဝါရွှေရောင် သင်္ကန်းတွေလွှမ်းခဲ့သော နာလန္ဒာ၊ နိုင်ငံရပ်ခြား တိုင်းတစ်ပါးအသီးသီးမှ ဗုဒ္ဓဘာသာရဟန်းတော်တွေ ပိဋကတ်ကျမ်းဂန်တွေ စာအံသံတွေနဲ့ ပနံတင့်ခဲ့သော နာလန္ဒာ၊ "အို နာလန္ဒာ" ဟိုးအရင်တစ်ခါလို နောင်ဘယ်ခါ ပြန်စည်ပင်ပါလိမ့် . . .

"နာလန္ဒာ ပြန်စည်ပင်အုံးမယ် ဒကာကြီး"

"ဘုရား"

ပြုန်းကနဲ ဆိုင်းမဆင့် ဗုံမဆင့် ကျွန်တော့်အနီးအပါးရောက်လာပြီး ပြောလိုက်သူက နာလန္ဒာတက္ကသိုလ်မှ စာသင်သား ရဟန်းတော် ဦးဝါယမ ဖြစ်ပါသည်။ ကျွန်တော့်အတွင်းစိတ်ကို သိနေဟန်တူပါသည်။ "အကြားအမြင်များ ရလို့လား" ဟုမေးသောအခါ "တိုက်ဆိုင်လို့ပါ" တဲ့။ နောက်ပြီး ကျွန်တော့်မျက်နှာ တစ်မဟုတ်ချင်း ညှိုးသွားတာ အကဲခတ်ပြီး ပြောခြင်း ဖြစ်ကြောင်း သိရပါသည်။ ဦးဝါယမ ပြောတာ မှန်ပါသည်။ နောင်ဆိုရင် နာလန္ဒာ တက္ကသိုလ်ကြီး ပြန်စည်ပင်တော့မှာ ဖြစ်ပါသည်။ ယခုနေရာမှာတော့ မဟုတ်ပါ။

ယခု နာလန္ဒာ တက္ကသိုလ်ဟောင်းနှင့် (၂) ဖာလုံအကွာတွင် နာလန္ဒာ တက္ကသိုလ်အသစ် ဖွင့်လှစ်ထားပြီးဖြစ်ရာ နိုင်ငံ အရပ်ရပ်မှ စာသင်သား ရဟန်းတော် (၅၆) ပါး ရှိနှင့်နေ ပါသည်။ ဦးဝါယမ အပါအဝင် မြန်မာနိုင်ငံမှ (၂၄) ပါးတိတိ ပညာသင်ကြားနေကြောင်း ဝမ်းသာအားရ ကြားသိခဲ့ရ ပါသည်။ ဦးဝါယမ နှင့် ဦးဝိစိတ္တသာရ ဖိတ်ကြားမှုကို အကြောင်းပြု၍ နာလန္ဒာတက္ကသိုလ် အသစ်သို့ ရောက်ခဲ့ကြ ရသည်။ မြန်မာဘုရားဖူး အဖွဲ့သားများက နာလန္ဒ မြန်မာ စာသင်သား ရဟန်းတော်များကို ကြည်ညိုကြကုန်၏။ ရှူပီး (၆၂၅) ထောက်ပံ့လှူဒါန်းပြီး၊ ရန်ကုန်မှ ယူလာခဲ့သော ပုဇွန်ခြောက်၊ လဖက်ခြောက်၊ ငါးရံ့ခြောက် စုစုပေါင်း (၆၀၀၀) ကျပ်ဘိုးကိုပါ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်း ကြသည်မှာ ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှပါပေတကား။ ကမ္ဘာကျော်ခဲ့သော နာလန္ဒာတက္ကသိုလ်အဟောင်းသည် မဟာယန ဗုဒ္ဓဘာသာဖြစ်ပြီး နာလန္ဒာတက္ကသိုလ်အသစ် သည် ထေရဝါဒ ဗုဒ္ဓဘာသာ ဟု သိခဲ့ရပါသည်။

နာလန္ဒာ တက္ကသိုလ်အသစ်မှ အပြန်တွင် နာလန္ဒာ တက္ကသိုလ်ဟောင်းနှင့် မလှမ်းမကမ်းတွင်ရှိသော မြန်မာနိုင်ငံ မှ ရခိုင်လူမျိုးဘုန်းတော်ကြီး (၂) ပါးကို ထိန်းသိန်းစောင့် ရှောက်ရန် လွှဲအပ်ထားသော တရုတ်ဘုန်းတော်ကြီးကျောင်း သို့ ခေတ္တဝင်ရောက် လှူဒါန်းကြပြန်သည်။ ရခိုင်ဘုန်းတော်

ကြီး (၂) ပါးကလည်း ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်တွေ့ရသည့်အလား လဖက်ရည်၊ မုန့်များဖြင့် အားပါးတရ ဧည့်ခံကျွေးမွေးပါသည်။ မြန်မာဘုရားဖူးအဖွဲ့မှလည်း ရခိုင်ဆရာတော် (၂) ပါးအား ရူပီးငွေ (၁၉၂၀) နှင့် ကုန်ခြောက်ပစ္စည်းများ လှူဒါန်းကြပါသည်။

တရုတ်ကျောင်းတော်မှ ပြန်လည်ထွက်ခွါလာချိန်မှာ (၁၁) နာရီ ကျော်နေပါပြီ။ မြန်မာဘုရားဖူးအဖွဲ့ပါ သံဃာတော် (၁၃) ပါးအတွက် ဆွမ်းကပ်ရန် ရာဇဂြိုလ်ကျောင်းမှာ စီစဉ်ထားသည် ဖြစ်ရာ မွန်းမလွဲမီ အရောက်မောင်းရန် ကားမောင်းသူကို အကျိုးအကြောင်း ရှင်းပြပြီး မောင်းခိုင်းရပါသည်။ ဒေသ စံတော်ချိန် (၁၁:၄၅) နာရီတွင် ရာဇဂြိုလ်မြန်မာကျောင်းသို့ ရောက်ရှိပြီး အချိန်မီ ဆွမ်းကပ်နိုင်ခဲ့ပါသည်။ "နာလန္ဒာနှင့် ရာဇဂြိုလ်ကျောင်း ဘယ်လောက်ဝေးပါသလဲ" လို့ ကားဆရာကို အင်္ဂလိပ်လိုမေးရာ (၆) မိုင်ခန့်ဟု သိခဲ့ရပါ သည်။ ကျွန်တော် လေ့လာထားသော သမိုင်းစာအုပ်တွင် ကားလမ်းမိုင် မပါသော်လည်း ရထားခရီးမိုင်မှာ (၄) မိုင် ဖြစ်ပါသည်။

ရာဇဂြိုလ်ကျောင်းတွင် နေ့လည်စာ စားသောက်ကြ၊ ခေတ္တ ခဏ နားကြပါသည်။ ဂိဇ္ဈကုဋ်တောင်သို့ ကားဖြင့်သွားရာ မိနစ် (၂၀) သာ ကြာပါသည်။ တောင်ခြေတွင် ကုလား

လူမျိုးများ မဲမဲလှုပ်နေအောင် တွေ့ကြရသည်။ ၁၉၉၈ ခုနှစ် နှစ်ဆန်းတွင် ကုလားလူမျိုးများ ဘုရားဖူးထွက်ကြခြင်း ဖြစ်၏။ မှန်ပါသည်၊ ယနေ့သည် ၁၉၉၈ ခုနှစ် နှစ်ဆန်း (၁) ရက်နေ့ မဟုတ်ပါလား။

ဂိဇ္ဈကုဋ်တောင်ပေါ် စက်လှေခါးဖြင့် ယနေ့တက်ရန် မဖြစ်တော့ပါ။ အကြောင်းမှာ ကုလားလူမျိုး ဘုရားဖူးတွေနှင့် တိုးဝှေ့တန်းစီရမည်ဖြစ်ရာ အချိန်ပုတ်မှာကြောက်ခြင်း ကြောင့် မနက်ဖြန်မနက်စောစောမှ တက်ရန် စီစဉ်ထား သော ဝေဘာရ တောင်သို့ ယနေ့ သွားရောက်တက်ကြရန် ဆုံးဖြတ်ကြပါသည်။ ဂိဇ္ဈကုဋ်တောင်ပေါ်တွင် ဂျပန်နိုင်ငံမှ သာသနာနှစ် (၂၅၀၀) ပြည့် အထိမ်းအမှတ် စေတီကြီးရှိပြီး ၎င်းစေတီတော်ကြီး၏ တောင်ဖက်နား အနည်းငယ်ရောက် လျှင် မြတ်စွာဘုရား သီတင်းသုံးခဲ့သော ကျောင်းတော်ရာရှိ ပါသည်။ ၎င်းတောင်ပေါ်သို့ ကုလားလူမျိုး ဘုရားဖူးများ လာရောက်ဖူးမျှော်ကြ၍ ပထမ ဝမ်းသာကြည်နူးနေသော် လည်း နာလန္ဒာမှ လိုက်ပါလာသော ဦးပဋ္ဌင်းကို မေးကြည့်မှ စိတ်ပျက်လက်ပျက် ဖြစ်မိသည်။ သူတို့သည် ဗုဒ္ဓဘုရား ကျောင်းသို့ လာခြင်း မဟုတ်ပါ။ ၎င်းတို့ကိုးကွယ်သော ဂျိန်း ဘုရားကျောင်းသို့ လာခြင်း ဖြစ်ပါသည်။ ဂျိန်းဘာသာသည် ရာဇဂြိုလ်၌ ဗုဒ္ဓဘာသာနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။

ဝေဘာရတောင်ခြေရောက်ပြန်တော့လည်း ကုလားလူမျိုးများ ' ပျားပန်းခတ်မျှ ရှုပ်ထွေးစည်ကား နေသည်ကို တွေ့ရသည်။ ဝေဘာရတောင်ခြေတွင် ကားကြီး၊ ကားငယ်၊ လှည်း မျိုးစုံဖြင့် ၎င်းတို့ ဘုရားသို့ လာရောက် ဖူးမျှော် ဆုတောင်း ကြသည်ကို တွေ့ရပါသည်။ (Happy New Year နှစ်သစ်ကူးပွဲတော် ကျင်းပ)

ဝေဘာရ တောင်တက်လမ်းတွင်လည်း ကုလားလူမျိုးများ ပြွတ်သိပ်နေအောင် တွေ့ရပြန်သည်။ ကျွန်တော့်အဖွဲ့သား များကို (၂) ဦးတစ်တွဲ တွဲရန်ညွှန်ကြားရသည်။ လူစုကွဲမှာ ကြောက်ရသည်။ တောင်တက်၊ တောင်ဆင်း နှင့် လှေခါးတက် တွေလည်း ရှိပြန်ရာ ဓမ္မမိတ်ဆွေများ အဆင်ပြေစွာ တက် ရောက်နိုင်ရန် အစီအစဉ်တစ်ခုကို ချမှတ်လိုက်ရသည်။ ဘုရားဖူးများ (၂) ယောက်တစ်တွဲ တန်းစီ တက်ရာတွင် ရှေ့ ဆုံး (၂) ယောက်တွဲမှစ၍ လှေခါးထစ် ဆင်းပြီဆိုလျှင် "လှေခါးထစ်ဆင်းပြီ"၊ နောက်က (၂) ယောက် တွဲကလည်း "လှေခါးထစ်ဆင်းပြီ"၊ တက်ပြီဆိုလျှင်လည်း "လှေခါးထစ်တက်ပြီ" "လှေခါးထစ်တက်ပြီ" ဟုဆင့်ကဲဆင့်ကဲ အော်ဟစ်ကြသောအခါ ရှေ့လူပခုံးကိုသာကြည့်ပြီး လူမျိုး ခြားတွေကြားမှာ တက်ရ ဆင်းရသည်မှာ အဆင်ပြေ သည့်အပြင် ခလုတ်တိုက်မိခြင်းလည်းမရှိ၊ အနိမ့်ထဲချော်ကျ ရမှာလည်း မပူရ၊ ညီညီညာညာ အသံပေး ဆင်းတက်ကြရ၍

ပျော်လည်းပျော် လူစုလည်းမကွဲ အမောလည်းပြေကြ ရပါသည်။



**ခရီးကြမ်းကြမ်း ဝေဘာရတောင်တက်လမ်း**

ကုလားလူမျိုးများ တိုးမပေါက်အောင် ရှုပ်ထွေးစည်ကား ပျားပန်းခတ်မျှ ဖြစ်နေသောနေရာကား ဝေဘာရတောင်ခြေ ရင်း၌ ရှိနေသော ရေပူစမ်းတွင်ဖြစ်သည်။ ၎င်း ရေပူစမ်း အနီးတွင်ဟိန္ဒူဘုန်းကြီးကျောင်းရှိ၏။ ဟိန္ဒူဘုန်းကြီးများ သည် အတက်အဆင်းထိပ်နားတွင် ရပ်စောင့်၍ အလှူခံ ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရပြီး၊ ကုလားလူမျိုး အလှာအသီးသီးမှ ရေလာချိုးသူများ တွေ့ရသည်။ ရေချိုးရာတွင် အပေါ်ဆုံး မှ ဇာတ်မြင့်သူများချိုး၍၊ အလယ်တွင် ဇာတ်လတ်၊ အောက်ဆုံးတွင် ဇာတ်နိမ့်များ ချိုးကြရသည်။ ရေပူစမ်းတွင် ရေချိုးကြပါက ရောဂါပေါင်းစုံ

ကင်းရှင်းသည်ဟု ပြောပါသည်။ ကျွန်တော်တို့ ဘုရားဖူး အဖွဲ့မှ ဦးချမ်းပိန် တစ်ယောက်လူစု ကွဲသွားရာ ပြန်တွေ့တော့ ရေပူစမ်းတွင် ရေသွားချိုးကြောင်း သိရပါသည်။ အမှန်တကယ် ရောဂါကင်း မကင်းတော့ မသိပါ။ ဦးချမ်းပိန် တစ်ယောက်တော့ (၂) ရက်လောက် အသံမထွက် ဖြစ်နေပါသည်။

ရေပူစမ်းမှ ကျောက်လှေခါးထစ်များအတိုင်း အတန်ငယ် တက်မိလျှင်ဖြင့် ဦးစွာတွေ့ရမည်က ပိပ္ပလိကျောက်ဂူ နေရာဖြစ်ပါသည်။ ရှင်မဟာ ကဿပ သီတင်းသုံးနေထိုင်သွားသော နေရာဖြစ်ပါသည်။ ရှင်မဟာကဿပ မထေရ်ကြီးနေထိုင် မကောင်းဖြစ်စဉ်က မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွလာပြီး ဗောဇ္ဈင်သုတ် ဟောကြားတော်မူပါသည်။ ကျွန်တော်တို့ အဖွဲ့လည်း ရောက်ရောက်ချင်း ဆီမီး၊ အမွှေး ပူဇော်ကန်တော့ကြပြီးနောက် အဖွဲ့နှင့်အတူ လိုက်ပါကြွလာသော ရဟန်း (၁၃) ပါးနှင့် နာလန္ဒာတက္ကသိုလ်မှ (၂) ပါး စုစုပေါင်း (၁၅) ပါးမှ စုပေါင်းညီညာစွာ ဗောဇ္ဈင်သုတ်ကို ရွတ်ဆိုပူဇော်ကြပါသည်။

ဗောဇ္ဈင်သုတ် ရွတ်ဖတ်ပူဇော်ကြပြီးနောက် နာရီဝက်ခန့်နားလိုက် တက်လိုက် သွားကြရာ ညီညာ ပြန့်ပြူးသော ဝေဘာရ တောင်ထိပ်သို့ ရောက်ရှိကြပါသည်။ ၎င်း

တောင်ထိပ်တွင် မဟာဒေဝ ဟိန္ဒူဘုရားကျောင်းနှင့် ဂျိန်းဘုရား ကျောင်းကို တွေ့မြင်ရသည်။ တောင်ထိပ်မှ ပါတ်ဝန်းကျင် တစ်ခို လှမ်းမျှော်ကြည့်မည်ဆိုလျှင် ရာဇဂြိုလ်မြို့ဟောင်းနှင့် မြို့သစ်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ တောင်ငါးလုံး ဝန်းရံခိုရာ ရာဇဂြိုလ် ဆိုသည့်အတိုင်း ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင် ဝန်းရံထားရာ နေရာသည် အဇာတသတ်မင်း ထီးနန်းစိုးစံခဲ့သော မြို့တော်ဟောင်းနေရာ ဖြစ်ပြီး မြို့တော်သစ်မှာ တောင်ငါးလုံးအပြင်ဘက် မြို့ဟောင်း၏ မြောက်ဘက်တွင် တွေ့မြင်ရသည်။

မြတ်စွာဘုရားလက်ထက်တော်အခါက ရာဇဂြိုလ်တောင်များသည် စိမ်းစိုလှပ၍ သစ်ပင်တောအုပ်ကြီးတွေနှင့် သူတော်ကောင်းတို့ နှစ်သက်ကြည်ဖြူ တရားယူသော နေရာဖြစ်ခဲ့ သော်လည်း ယခုအချိန်မှာ ခြောက်ခြောက် သွေ့သွေ့နှင့် တောင်ကတုံးကြီးတွေသာ တွေ့မြင်ရပါသည်။ ဝေဘာရ တောင်တက်ရင်း ကျိုက်ထီးရိုးတောင်ကို လွမ်းဆွတ်မိသည်။ မောလျှင် နားစရာကအသင့်၊ သောက်ချင်လျှင် ကြည်လင် အေးမြ ရေများလည်း ရနိုင်သည်။ ခြေပစ် လက်ပစ်နားချင်လျှင် ကွပ်ပျစ်တွေ ရှိသည်။ ယခု ဝေဘာရတောင်တက်လမ်း ခရီးတွင်

မောပန်း၍ နားချင်သော်လည်း အရိပ်ကောင်း ကောင်း သစ်ပင်မရှိ။ နားခိုဆောင် ဝေလာဝေး။ ရေဆို ဗလာနတ္ထိ။ ရေသန့်တစ်ဘူးဆောင်ထား၍သာ တော်သေး၏။

ဝေဘာရတောင်သို့ တစ်ချို့ကျန်းမာရေး မကောင်းသူများ အထမ်းငှါး၍ တက်ကြ၏။ တစ်ဦးလျှင် ရူပီး (၄၀၀) ပေး ရသည်။ ဝေဘာရ တောင်တက်တောင်ဆင်း လမ်းတစ်လျှောက်တွင် အိန္ဒိယရဲများကိုတွေ့ရသည်။ အိန္ဒိယရဲများသည် နိုင်ငံခြားသား ဘုရားဖူးများအနီးမှ တစ်ဖဝါးမခွါ အတက် အဆင်း လိုက်လံစောင့်ကြပ်ပေး၏။ နိုင်ငံခြားသားဘုရားဖူးများထံမှ ပရုပ်ဆိဘူး။ စီးကရက်ဘူးများ လက်ဆောင်တောင်းတတ်၏။ ပြန်ဆင်းလာပါက အဖွဲ့ခေါင်းဆောင်ထံမှ ရူပီး (၁၀၀) (၂၀၀) တောင်းတတ်ပြန်သည်။ မပေးသော်လည်း တာဝန်အရ စောင့်ကြပ်ပေးကြမည် ဖြစ်သော်လည်း တစ်ဦးမှာ မေတ္တာ တစ်ဦးမှာ စေတနာ ဆိုသကဲ့သို့ ရူပီး (၁၀၀) ပေးခဲ့ ပါသည်။

ဝေဘာရတောင်ထိပ်မှ လက်ျာဘက်လမ်းကျဉ်းအတိုင်း အနည်းငယ် ဆင်းလိုက်မည်ဆိုလျှင်ဖြင့် ပထမသင်္ဂါယနာတင် သတ္တပဏ္ဏိလိုဏ်ဂူကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါတော့ သည်။ လိုဏ်ဂူဝတွင် ဉာဏ်တော် (၃) ပေခန့်ရှိသည့် စကျင် ကျောက်ရုပ်ပွားတော် တစ်ဆူအား ဦးစွာဖူးမျှော် ရွှေသင်္ကန်း

ကပ်လှူကြပါသည်။

ယောဂီတော်တော်များ အထဲပိုင်းအထိ မဝင်ကြ။ ကျွန်တော်နှင့် ဦးရွှေအောင်က ဖယောင်းတိုင် ကိုယ်စီဖြင့် အတော်အသင့် ဝင်ကြည့်သည်။ သဘာဝ ကျောက်ဂူကြီး ဖြစ်၏။ မရောက်ခင်က အလွန်တရာမှကြီးမားသော လိုဏ်ဂူကြီးဟု ထင်ခဲ့သည်။ ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူကြီးထက် မကြီးတောင်မှ ကျယ်ဝန်း သန့်ပြန့်သော လိုဏ်ဂူ တစ်ခုတော့ ဖြစ်မည်ထင်ခဲ့သည်။ ယခုမူ (၁၀) ပေ အကျယ်အဝန်းရှိ လိုဏ်ဂူတန်းဖြစ်ပြီး အထဲတွင် ဝင်္ကဘာ သဘောမျိုး တွေ့ရသည်။ ပြင်ဦးလွင် နန္ဒမူလိုဏ်ဂူသဘောမျိုး ခပ်ဆင်ဆင်တူပါသည်။ အနည်းငယ် ဆက်ဝင်ကြည့်သော အခါ အနံ့ အသက်များက မကောင်း၊ လင်းနို့ချေးနံ့တွေ နံလွန်းသည်။ ပလွေသံလိုလို မြွေသံလိုလိုကြား၍ နောက်လှည့်ပြန်ခဲ့သည်။ အရှင်မဟာ ကဿပ မထေရ်အမှူးပြု သော ရဟန္တာအပါး (၅၀၀) တို့မှ (၇) လတိုင်တိုင် ပထမ သင်္ဂါယနာတင်ခဲ့သော နေရာဌာနကြီးကို မျက်စိတွင် မြင်အောင်အာရုံပြု၍ ဆိမိး၊ အမွှေးနံ့သာများ ပူဇော်ကြ ပါသည်။



**ပထမသင်္ဂါယနာတင်တော်မူရာ သတ္တပဏ္ဏိလိုဏ်ဂူ**

လိုဏ်ဂူအဝတွင် ကြီးကျယ်ခန်းနားသော မဏ္ဍပ်တော်ကြီးကို ဆောက်လုပ်၍ အစစ အရာရာ တာဝန်ယူခါ ပထမသင်္ဂါယနာတင် မင်းအဖြစ် ဘုရင်အဇာတသတ်က ခံယူနိုင်ခဲ့သည်။ ပထမ သင်္ဂါယနာတင်တော်မူရာတွင် ဘုရားဟော တရားတော်မြတ်တို့အား မူရင်းအတိုင်းထားတော်မူ၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း နှုတ်ပယ်ခြင်း လုံးဝမပြုလုပ်ကြပါ။

အမေးဆရာတော်အဖြစ် အရှင်မဟာ ကဿပ မထေရ်ကမေး၍၊ ဝိနည်း ပိဋကကို အရှင် ဥပါလိ၊ သုတ္တန်နှင့် အဘိဓမ္မာ ပိဋကကို အရှင်အာနန္ဒာ တို့က ရှင်းလင်းဖြေဆိုတော်မူခဲ့ပေသည်။

ဝေဘာရတောင် ခရီးတစ်လျှောက်တွင် နားခိုရန်နှင့် အပန်းဖြေ ရှုခင်းကြည့်ရန် အကောင်းဆုံးနေရာ ဖြစ်သည့် အပြင် ဗုဒ္ဓဘာသာဝင်များ၏ အဖိုးမဖြတ်နိုင်သော နေရာ ဖြစ်သည့် သတ္တပဏ္ဏိလိုဏ်ဂူဝမှ ဖခွါချင်သော်လည်း ခွါခဲ့ ရပြီ။ ဘုရားဖူးအဖွဲ့နှင့်အတူ လိုက်ပါလာသည့် ရန်ကုန် မဟာတိုး ဗွီဒီယိုမှကိုဝင်းနိုင်ကို မှတ်တမ်းဟင် ကျကျနန ရိုက်ဖို့မှာကြား ထားသည်ဖြစ်ရာ ကိုဝင်းနိုင်မှာ ကြီးမား လေးလံသော ကင်မရာကြီးကိုထမ်း၍ အားပါးတရ မှတ်တမ်းတင်ရိုက်နေပေသည်။

ဝေဘာရတောင်မှ ပြန်အဆင်းတွင် တောင်ခြေ၏လက်ဝဲ ဘက် ရာဇဂြိုလ်မြို့သစ်သို့ သွားသောလမ်းအတိုင်း အနည်း ငယ်လျှောက်လိုက်လျှင် ဝေဠုဝန်ကျောင်းတော်ရာကို အဝင် အဝ လမ်းမကြီးမှ လှမ်းမြင်နေရပါသည်။ ကျောင်းတော် နေရာကို ခြံခတ်ထားပြီး မျက်နှာစာတန်းတွင် ဝါးရုံတန်း များကို လှမ်းမြင်ရပါသည်။-အဝင် အဝတွင် ဂိတ်ပေါက်ရှိပြီး တစ်ဦး လျှင် ရူပီး (၃) ရူပီး ပေးဝင်မှ ရပါသည်။ ဂိတ်ပေါက်၏ လက်ဝဲဘက်ခြမ်းတွင် ဦးစွာတွေ့မြင်ရ သည့်နေရာကား အရှင်မောဂ္ဂလန်မထေရ်၏ ဓါတ်တော် များကို မြတ်စွာဘုရား ကိုယ်တော်တိုင် ကြီးကြပ်ကွပ်ကဲ၍ တည်ခဲ့သော ဓါတ်တော် စေတီနေရာဖြစ်ပါသည်။ ယခု အုတ်ပုံကြီးပေါ်၌ အလေ့ကျ သစ်ပင်များ ဖရိုဖရဲပေါက်နေ

ပြီး၊ ဘာသာခြားတို့၏ သင်္ချိုင်းက နေရာယူထားသည်ကို စိတ်မကောင်းစွာ မြင်တွေ့ရပါသည်။ ဘုရားဖူး ဓမ္မမိတ်ဆွေ အချို့က လက်အုပ်ချီမိုး မတ်တပ်ရပ် ကန်တော့နေကြသော် လည်း မတားဖြစ်တော့ပါ။ "ဘာသာ ခြားတို့၏ ဂူသင်္ချိုင်းတွေ" ဟု အော်လိုက်ပြန်လျှင်လည်း အပြစ်တော့ မမြောက် လောက်ပါ။ ဓမ္မမိတ်ဆွေအချို့ လက်အုပ်ချီမိုး ရှစ်ခိုး ကန်တော့သည်ကား ရှင်မောဂ္ဂလန် ကိုယ်တော်မြတ်ကြီး၏ ဓါတ်တော်စေတီကို ရည်မျှော်မှန်းခြင်းသာ ဖြစ်ပါသည်။ ဝေဠုဝန်ကျောင်း မနေရာကို ပြန်မာပိုင်တဲ့ မြေသာ ဖြစ်မည် ဆိုလျှင် . . . ။

ဝေဠုဝန်ကျောင်းပေါက်၏ လက်ယာဘက်ခြမ်း ဝါးရုံတော အလွန်တွင် သာယာလှပါသော ရေကန်တစ်ခု တည်ရှိသည်။ ၎င်းကို "ကရဏ္ဍကရေကန်" ဟုခေါ်သည်။ ၎င်းရေကန်နှင့် ပတ်ဝန်းကျင်ကို ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာ အဖွဲ့မှ မွမ်းမံ ဆောက်လုပ်ကြောင်း သိရပါသည်။

ကရဏ္ဍကရေကန်၏ လက်ဝဲဘက်ခြမ်းတွင် ဉာဏ်တော် (၃) ပေ အမြင့်ရှိသည့် စကျင်ကျောက်ဖြင့် ထုလုပ်ထားသော မတ်ရပ် ရုပ်ပွားတော် တစ်ဆူကို ဖူးမြင်ရပါသည်။ (ပါတိ မောက် ဟောကြားရာနေရာ ဟုဆိုသည်။) ညီညာပြန့်ပြူး သော မြက်ခင်းစိမ်းစိမ်းကို ဖြတ်လျှောက်လိုက်လျှင် ဝေဠုဝန်

ကျောင်း နောက်ပေါက်ဝကိုရောက်ပါသည်။ နောက်ပေါက်ဝမှ ကိုက် (၂၀၀) လောက်အကွာတွင်ရှိ ဂျပန်ဗုဒ္ဓဘာသာကျောင်းသို့ သွားရောက်လေ့လာ ဖူးမျှော်ကြပါသည်။ သစ်ပင်ပန်းမလ်တို့ဖြင့် သာယာလှသော ဘုရားကျောင်းကြီးဖြစ်ပါသည်။

ဝေဘာရတောင်တစ်လျှောက်တွင် စိမ်းစိမ်းစိုစို မရှိသလောက် ဝေဠုဝန်ကျောင်းတော်ရာ ဥယျာဉ်တွင်းမှာဖြင့် သစ်ပင် ပန်းပင်တို့ဖြင့် လှပ တင့်တယ်နေပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ဗိမ္ဗိသာရမင်းကြီး သည် တရားတော်ကို ဦးစွာနာယူစဉ်မှာပင် သောတာပန်တည်ခဲ့၏။ မြတ်စွာဘုရားအား ကြည်ညိုလွန်းလှသဖြင့် ရာဇဂြိုလ်မြို့အလယ်မှာရှိ သာယာလှပသော ဝေဠုဝန်ဥယျာဉ်တော်ကြီးကို မြတ်စွာဘုရားသို့ ရေစက်သွန်းချ လှူဒါန်းခဲ့ပါသည်။

ဝေဠုဝန်ကျောင်းတော်သည်ကား ဇမ္ဗူဒိပ်တွင် ပထမဦးဆုံးကျောင်းတော်ရာ သာသနာ့မြေ ဖြစ်ခဲ့ပါသည်။ မြတ်စွာဘုရား ဒုတိယဝါမှ စတုတ္ထဝါအထိ ဝါဆိုတော်မူခဲ့သော ဝေဠုဝန်ကျောင်းတော်နေရာမှ ရာဇဂြိုလ်မြန်မာကျောင်းသို့အပြန် အချိန်ရသေး၍ ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတော်တိုက်ကို ဝင်ရောက်လေ့လာကြပါသည်။ ဗိမ္ဗိသာရမင်းကြီး

၏ ရွှေတိုက်တော် ဟုလည်း ခေါ်ဆိုကြပါသည်။ ဝေဘာရ တောင်ခြေရှိ ကျောက်တောင်နံရံကို ထွင်း၍ လိုဏ်ဂူသဖွယ် ပြုလုပ်ထားသည်။ လူဝင် လူထွက်ရန် (၇) ပေ၊ (၃) ပေ အပေါက်တစ်ပေါက်ဖေါက်ထားသည်ကို တွေ့ရ၏။ နံရံများ တွင် ရုပ်ပုံများရေးထားရာ သုတေသနဌာနက အေဒီ (၃) ရာစု လက်ရာ ဂျိန်းဘုရားပုံ ဟု ခန့်မှန်းကြသည်။ ဂျိန်း ဘာသာဝင် ဘုရားဖူး (၁၀၀) ခန့်နှင့်လည်း အမှတ်မထင် တွေ့ခဲ့ရသည်။ ရွှေတိုက်တော်အား ဗုဒ္ဓဘာသာဝင် တစ်ချို့ က ပထမ သင်္ဂါယနာတင်ရာ (သတ္တပဏ္ဏိဂူ) ဟု ဆိုကြ ပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ရွှေတိုက်တော်ရှေ့တွင် ပေ (၂၀၀) ပတ်လည် ညီညာပြန့်ပြူးသောနေရာ၌ ရဟန္တာ (၅၀၀) အတွက် မဏ္ဍပ်ဆောက်လုပ်နိုင်ခြင်းကြောင့် ဟု ဆိုကြသည်။

ဂျိန်း ဘာသာဝင်များမှလည်း ၎င်းတို့၏ ဂျိန်းဘုန်းကြီး များနေထိုင်ခဲ့သော နေရာဌာနတစ်ခုအဖြစ် လာရောက် လေ့လာ ကြည်ညိုကြသည်။ မည်သို့ပင် ဆိုစေကာမူ အိန္ဒိယ အစိုးရကျောက်စာဌာနက ဗိမ္ဗိသာရမင်းကြီး၏အခွန်ဘဏ္ဍာ လိုဏ်ဂူ (ရွှေတိုက်တော်) ဟု အတည်ပြုသတ်မှတ်ထားပေ သည်။

ဗိမ္ဗိသာရမင်း ဘဏ္ဍာတော်တိုက်ကို လေ့လာပြီးချိန်မှာ

မြန်မာဘုရားဖူးများအားလုံး ပင်ပန်း၍ နွမ်းလျလျဖြစ်နေကြပုံရပါသည်။ အားလုံး အသံတွေ တိတ်နေကြ၏။ အသံစာစာနှင့် ဗိဒီယို ကင်မရာရှေ့မှာ မပါမှာစိုး၍ ဟန်ရေးတပြုပြုလုပ်နေတတ်သော မြောက်ဒဂုံမှ ဦးသန်းလှိုင်နှင့် မစန်း တို့ပင် ငြိမ်ချက်သားကောင်းနေသည်။ ဘုရားဖူးတွေ နွမ်းလျလျ ပန်းသမျှ ပြေစေဖို့ အစီအစဉ်တစ်ခုကို လုပ်ရပြန်ပါသည်။ ကားပေါ်မှာ လူတွေစစ်ပြီးနောက် ခပ်တည်တည်ဖြင့် ပြောရ၏။ "ဗိမ္ဗိသာရ မင်းကြီး၏ ဘဏ္ဍာတော်တိုက်ကြီးမှာ ဟိုးယခင်က ရွှေ ငွေ ပိဿာချိန်ပေါင်းများစွာ ရတနာ ပစ္စည်း အမျိုးပေါင်းများစွာ သိုမှီးထားသော နေရာဖြစ်ပါတယ်။ ဒီနေရာ အရောက်မှာတော့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ကျွန်တော်ကတော့ မမျှော်လင့်ဘဲ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး စာရင်းဝင် ဖြစ်သွားပါပြီ။ ဘာကြောင့်လဲဆိုတော့ မြေမှုန်တွေ၊ ရွှံ့မှုန်တွေ ကပ်နေတဲ့ တစ်ပိဿာလောက် ရှိတဲ့ ပတ္တမြားတစ်လုံးကို ဘဏ္ဍာတော်တိုက်ထဲက ကောက်ရခဲ့လို့ပါပဲ"

"ဟင်း" "ဟယ်" "ဟုတ်ပ့ါမလား" . . . ဆိုသော အသံများဖြင့် အဖွဲ့သားအားလုံး အံ့သြကုန်ကြသည်။ လှုပ်လှုပ် ရွရွ ဖြစ်ကုန်၏။ "ဟုတ်ပါတယ်၊ မယုံမရှိပါနှင့်၊ ကျွန်တော်ထုတ်ပြပါမယ်။ ကျွန်တော် ရထိုက်လို့သာ မှတ်ပါ။ အတိတ်က အကြောင်းကြောင့် ယခုအကျိုးပေါ်ခြင်း ဖြစ်ပါတယ်။

ဒီမှာ ကြည့်ကြပါ" ကျွန်တော်က ပြောပြောဆိုဆို လွယ်အိတ်ထဲမှ ကျောက်ခဲတုန်းကို အများမြင်သာအောင် ထုတ်ပြလိုက်သောအခါ ဝါးလုံးကွဲမတတ် တစ်ဖွဲ့လုံး ပွဲကျသွားပါတော့သည်။ အားလုံး စောစောက နှမ်းလျလျ အသံတိတ်သလောက် ယခုလောက် ဆူဆူညံညံ ဖြစ်လာမည်ဟု မည်သူမျှ မျှော်လင့်လိမ့်မည် မဟုတ်ပါ။ ယခု ရာဇဂြိုလ်ပြည် မြန်မာကျောင်းသို့ ရောက်သည့်တိုင် ဝေဖန်သံ ကဲ့ရဲ့သံ ဟားတိုက်သံတွေ ညံစီသွားပါတော့သည်။

ညဦးပိုင်းတွင် အသက် (၉၂) နှစ်ရှိ ရာဇဂြိုလ် ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ပွဲ တစ်ရပ် ကျင်းပပါသည်။

မြန်မာနိုင်ငံမှ ယူဆောင်လာသော (၇၀၀၀) ကျော်ဖိုးရှိ ကုန်ခြောက်များအပြင် စုပေါင်း၍ အမေရိကန် (၆၉) ဒေါ်လာ၊ ရူပီး (၉၄၀၀) ကို ဆောက်လုပ်ဆဲကျောင်းကြီး အတွက် ရေစက်သွန်းချ လှူဒါန်းခဲ့ကြပါသည်။



## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၂) ရက်နေ့

အာရုံဆွမ်းကွမ်းများ အဆင်သင့်ပြင်ပြီးချိန်တွင် သံဃာတော်များကို ပင့်ရသည်။ ဆွမ်းစားဆောင်တွင် ဘုရားဖူးများစုံစုံညီညီတွေ့ရသည်။ စောစောပိုင်းက ဆွမ်းကပ်ရန် လိုက်လံနှိုးဆော်ထားပြီးဖြစ်သည်။ သံဃာတော်များ အာရုံဆွမ်းကပ်ပြီးချိန်မှာ ကျွန်တော်တို့ နံနက်စာ အဆာပြေထမင်းကြော်စားကြသည်။ နှစ်ဆန်း (၂) ရက်နေ့ ဦးစွာသွားရောက်ဖူးမျှော်မည့် ဌာနကား ဂိဇ္ဈကုဋ်တောင်ဖြစ်ပြီး (၆း၃၀) အချိန်တွင် ကားပေါ်အရောက် နေရာယူပေးကြပါရန် ကြီးကြပ်ရေးအဖွဲ့မှ အကြောင်းကြား၍ ဓမ္မမိတ်ဆွေအပေါင်းတို့ကို ကျွန်တော့်အသံ ဩဩကြီးဖြင့် ဆော်ဩရပြန်သည်။

"ဒါ အဇာတသတ် နန်းတော်သစ်တည်ခဲ့တဲ့နေရာ" နာလန္ဒာတက္ကသိုလ်ကျောင်းမှ ရဟန်းတော် ဦးဝိစိတ္တသာရ ညွှန်ပြရာသို့ လှမ်းကြည့်မိသည်။ ရာဇဂြိုလ် မြန်မာကျောင်း

နှင့် လမ်းသာခြား၍ ကျောက်တုံး ကျောက်ခဲများဖြင့် တံတိုင်း ပြုလုပ်ထားသည်ကို တွေ့ရသည်။ ရာဇဂြိုလ်မြန်မာကျောင်း ရှေ့မှ နန်းတော်သစ်ကို လှမ်းကြည့်ပြီးနောက် ဂိဇ္ဈကုဋ်တောင် ခြေသို့ ကားများဖြင့် သွားရောက်ကြပါသည်။ ဂိဇ္ဈကုဋ်တောင် ခြေတွင် လူရှင်းနေ၏။ စောသေး၍လား မသိ။ စက်လှေခါး ဖြင့် တက်ကြရန် လူဝင်သံတန်းတွင် တန်းစီနေရာယူ စောင့်နေရ၏။ ထိုင်ခုံစက်လှေခါးကြီးက မလည်သေးပါ။ (၈း၃၀) မှ ဟုသိရသည်။ ထိုင်ခုံ စက်လှေခါးများကို တောင် ပေါ်တောင်အောက် စတီးဘတ်ကြိုးကြီးဖြင့် ဆက်သွယ် ထားသည်။ လူတစ်ယောက် သက်တောင့်သက်သာ ထိုင်စီး နိုင်သော ထိုင်ခုံ (၁၀၀) ကျော် ရှိကြောင်း သိရသည်။ မော်တာစက်ကြီးထိပ်မှာ (၁၀) ပေ အဝန်းအဝိုင်းရှိ ပူလီကြီး ရှိ၏။ တောင်ပေါ်ထိပ်တွင်လည်း ၎င်းကဲ့သို့ ပူလီအဝိုင်းကြီး ရှိ၏။ ၎င်းအဝိုင်းကြီး (၂) ခုကို စတီးဘတ်ကြိုးဖြင့် ဆက် သွယ်လိုက်သောအခါ လက်ယာဘက်ကြိုးက အပေါ်တက် ပြီး၊ လက်ဝဲဘက်ကြိုးက ပြန်ဆင်းသည်။ စတီးဘတ်ကြိုးကြီး တွင် ထိုင်ခုံများ ချိတ်ဆွဲထားပါသည်။ ဖြန်းကနဲကြည့်လျှင် ခိုင်ပါ့မလား၊ မြဲပါ့မလား ထင်ရသော်လည်း သေချာစွာ စနစ်တကျ တပ်ဆင်ထားပါ၍ စိတ်ချလက်ချ စီးကြပါ။ ကြောက်စရာ မလိုပဟု ပြောလိုပါသည်။ ကျွန်တော်တို့အဖွဲ့မှ အကြောက်သန်လှသော ဒေါ်ခင်သောင်း (မန္တလေး)၊

ဒေါ်သိန်းသိန်း (သိမ်ဖြူ)၊ ဒေါ်တင်နွဲ့ (တောင်ဥက္ကလာပ) တို့ တုံတုံရီရီဖြင့် ဘုရားစာများ ရွတ်ဖတ်၍ စက်လှေခါးစီး ကြသည်။

တောင်ထိပ် စက်လှေခါးဂိတ်မှ သာယာလှပသော ကျောက်ခင်းလမ်းအတိုင်း (၁) ဖါလုံခန့် ဆက်လျှောက်သော အခါ ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ သာသနာနှစ် (၂၅၀၀) ပြည့် အထိမ်းအမှတ် ကမ္ဘာ့ငြိမ်းချမ်းရေးစေတီကြီးကို ဦးစွာဖူးမြင် လိုက်ရပါသည်။ အိန္ဒိယခရီးတစ်လျှောက် ကားတွေအလှ ဆင်ပုံလည်း မျက်စိရှုပ်ရှုပ်၊ လူတွေကလည်း မဲမဲလှုပ်လှုပ် ရှုခင်းရှုကွက်ကလည်း သိပ်မဟုတ်လှသော အချိန်တွင် ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ ဖြစ်ခဲ့ရသည်။ ဂျပန် နိုင်ငံ၏ စိတ်ကူးကောင်းပုံ၊ အလှဆင်ပုံ လမ်းအယူအဆ၊ စိုက်ပျိုးထားသော သစ်ပင်ပန်းပင်တို့သည် စနစ်ကျလှသည်။ အချိုတွင် သကာဆင့်သကဲ့သို့ သာသာယာယာရှိလှသော စေတီတော်ကြီး အနီးဝန်းကျင်တွင် အေးမြမြ လေကလေး ကပါ တဖြူးဖြူးတိုက်ခတ်လိုက်သဖြင့် "သည်တောင်က မောင်မခွါရက်ပေါင်" ဟု ဖားကန့်သူဌေး ဦးလူတင်၏ သီချင်းသံသည် နားဝင်ပီယံရှိလှပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်ကြီး ၊ ရင်ပြင်တွင် ကျွန်တော်တို့ အဖွဲ့သားအားလုံး စုပေါင်းညီညာ စုပေါင်း

ဝတ်ပြု ဘုရားရှိခိုးကြပါသည်။ ၎င်းနောက် လှည့်လည်၍ ဆိမ်း အမွေးတိုင်များ ကပ်လှူကြပြီး အမှတ်တရ ဓါတ်ပုံ ရိုက်ကြသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်ကြီးကို ဝိရှသျှန္တိစေတီ တော်ဟုလည်း ခေါ်ဆိုကြပါသည်။ ဝိရှသျှန္တိ စေတီတော် ကြီးကို ဂျပန်ဗုဒ္ဓဘာသာ ရဟန်းတော်ကြီး အရှင်ဖိဂျီက သာသနာ (၂၅၀၀) ပြည့်နှစ်တွင် တည်ထားခြင်း ဖြစ်ပါ သည်။ တောင်ထိပ်ကြီးတွင် ခမ်းနားလှပသောဂျပန်ကျောင်း နှင့် ပန်းဥယျာဉ်ကြီးရှိပြီး၊ ဟယ်လီကော့ပတာ ဆင်းနိုင်သည့် ကွင်းတစ်ခုကိုပါ အမှတ်မထင် တွေ့ခဲ့ရပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး စေတီတော်ကြီး နောက်ခံပြု၍ အမှတ်တရ ဓါတ်ပုံရိုက်ကြပါသည်။ ၎င်းနောက် မြတ်စွာဘုရားကျောင်းတော်ရာသို့ (၂) ဖါလုံခန့် ခပ်ပြေပြေ လမ်းလျှောက်ဆင်းရပြီး၊ တဖန် (၂) ဖါလုံခန့် ပြန်မော့ တက်ရပြန်သည်။ ဝိရှသျှန္တိစေတီတော်မှ (၁၀) မိနစ်ခန့် လမ်းလျှောက်လိုက်လျှင် မြတ်စွာဘုရား သီတင်းသုံးတော် မူခဲ့သော ဂိဇ္ဈကုဋ်တောင်ထိပ်ကို လှမ်းမြင်နေရပါပြီ။ လင်းတကြီးတစ်ကောင် နားနေသကဲ့သို့ရှိသော ကျောက် တောင်ကြီးကို လှမ်းမြင်ရသည်။ ထို့ကြောင့်လည်း ၎င်း တောင်တော်ကို (ဂိဇ္ဈ=လင်းတ + ကုဋ=တောင်ထွဋ်) လင်းတ

နှင့်တူသော တောင်ဟုခေါ်ပါသည်။

ဂိဇ္ဈကုဋ်တောင်ထိပ်နားရောက်ခါနီးတွင် ကျောက်ဂူများ တွေ့ရသည်။ ရဟန္တာ အရှင်မြတ်များ သီတင်းသုံးရာ ကျောက်ဂူများဟု သိရပါသည်။ မြတ်စွာဘုရားကျောင်းတော်ရာရှိသော ဂိဇ္ဈကုဋ်တောင် ထိပ်သို့ ရောက်ခါနီးတွင် ကျောက်ဂူတစ်ခုကို တွေ့ရပြန်သည်။ ၎င်းဂူမှာ ရှင်အာနန္ဒာဂူ ဖြစ်ကြောင်း သိရသည်။



**ရှင်အာနန္ဒာတရားကျင့်တော်မူရာလိုဏ်ဂူ**

ရှင်အာနန္ဒာဂူမှ (၂) မိနစ်ခန့် ဆက်တက်သွားလျှင် မြတ်စွာဘုရား ကျောင်းတော်နေရာကို ရောက်ပါပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးကို လှမ်းမျှော်ကြည့် လိုက်ပါလျှင် တောင်ငါးလုံး ဝန်းရံခို ရာဇဂြိုလ်ဆိုသည့် အတိုင်း

တောင်ထွဋ်တောင်တန်းတွေ မျက်စိတဆုံးလှမ်းမြင်နေရသည်။ ဆောင်းနှင်းဝေဝေ မြူခြေတွေက ဆိုင်းဆိုင်းနှင့်နေ၏အလင်းတန်းများက နှင်းမြူကို ထိုးဖောက် မြေပြင်ကို အလင်းပေါက်ဖို့ ကြိုးစား နေဟန်ကို တွေ့ရပါသည်။

ငှက်ကလေးများ၏ တေးဆိုသံများလည်း သာယာနာပျော်ဖွယ် ကြားနေရသည်ဖြစ်ရာ ဆိတ်ငြိမ်အေးချမ်းလွန်းပါသည်။ ဘုရားရဟန္တာများ ဆူဆူပူပူ လူသူ ဝေးဝေးနားအေးအေးဖြင့် တရားနှလုံးသွင်းဖို့ နေရာဌာနရွေးချယ်မှုကိုတော့ အတုယူဖွယ် ကောင်းလှပေ၏။

တစ်ခါတစ်ရံ ငှက်ကလေးများ၏ တေးဆိုသံတွေကြားတွင် ဗေလုဝနတ်စောင်းတီးသလိုလို ကျွန်တော်အာရုံထဲနားထဲတွင် ကြားလိုက်ရသည်။

ဗုဒ္ဓမြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၏ ဣန္ဒသာလလိုဏ်ဂူတွင် သီတင်းသုံးနေစဉ်အခါက ပဥ္စသိခ နတ်သားသည် ဗေလုဝနတ်စောင်းအား တီးခတ်၍ ပူဇော်ခဲ့ဖူးပါသည်။ ၎င်းဗေလုဝနတ်စောင်းပိုင်ရှင်မှာ မာရ်နတ်သားဖြစ်ပါသည်။ မာရ်နတ်သည် မြတ်စွာ ဘုရား၏ရွှေပုလ္လင်အား ဆင်တပ်မြင်းတပ်များနှင့် စစ်သည်ဗိုလ်ပါတွေပါ ခေါ်ဆောင်ပြီးလာရောက် လုယူရန် ကြိုးစားစဉ်က မဟာပထဝီမြေကြီးတုန်ဟီး၍ ကြောက်လန့်တကြား ဆင်တခြား မြင်းတခြား

ကစင့်ကလျား ထွက်ပြေးသွားစဉ် ဗောဓိပင် အနီး၌ ကျကျန်ခဲ့သော စောင်းဖြစ်ပါသည်။ ၎င်းစောင်းကြီးကို ယူဆောင်လာသော အကြောင်းရင်းကား အောင်ပွဲရခဲ့ပါက အောင်ပွဲခံ တီးမှုတ်ကခုန်ရန် ဖြစ်ပါသည်။

၎င်းစောင်းကို ပဥ္စသိခနတ်သားမှ အပြေးအလွှား ကောက်ယူသိမ်းဆည်းထားခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား ကျောင်းတော်နေရာတွင် ဆီမီး ပန်းရေချမ်းများ ကပ်လှူပြီးချိန်မှာ သရက်တောကျောင်း တိုက်မှ ဆရာတော် ဦးပါမောက္ခ ဦးဆောင်၍ သံဃာတော်အရှင်မြတ်များမှ သီလပေးကာရားချီးမြင့်တော်မူ ပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ပရိကံထား အာရုံပြု၍ အားမရနိုင်အောင် ကြည်ညို၍မဆုံးနိုင်အောင် ဖြစ်နေရသော်လည်း ဆက်လက် လေ့လာကြည်ညိုရန် နေရာဌာန များစွာရှိသေသဖြင့် မခွါချင်သော်လည်း နောက်ဆုံး လက်အုပ်ချီ ထိခြင်းငါးပါးတို့ဖြင့် ရှင်ခိုးပူဇော် ကန်တော့ခဲ့ရပါသည်။

ဂိဇ္ဈကုဋ်တောင်ပေါ်မှ ရှင်အာနန္ဒာဂူအလွန်တွင် အပြည်ပြည်အရပ်ရပ်မှ ဘုရားဖူးများ ရောက်တုံးရောက်ခိုက်

ကျောက်ပုံစေတီများ အထိမ်းအမှတ် အဖြစ်တည်ထား ခဲ့ကြသည်ကို မျက်ဝါးထင်ထင် မြင်ရပါသည်။

ကျွန်တော်လည်း အမှတ်တရ ဖြစ်စေခြင်း အလို့ငှာ ကျောက်တုံးသေးကြီးတွေ အမြန်အမြန် လိုက်ကောက် ပြီးနောက် မြန်မာဘုရားဖူးများကိုယ်စား စေတီကလေး တစ်ဆူ တည်မိလိုက်သည်။



**အမှတ်တရကျောက်ပုံကျောက်တုံးစေတီများ**

ဂိဇ္ဈကုဋ်တောင် အဆင်းလမ်းသည် အလွန် ချောမွေ့ ကောင်းမွန်လှပါသည်။ ၎င်းလမ်းကို ဗိမ္ဗိသာရမင်း ဖောက်လုပ်ခဲ့၍ အာသောကမင်းကြီးက မွမ်းမံပြင်ဆင် ခဲ့ကြောင်း သိရပါသည်။ ဂိဇ္ဈကုဋ်တောင်ခြေနား ရောက်ခါနီးတွင် လေးထောင့်စပ်စပ် စေတီပျက် အုပ်ခုံတစ်

ကို တွေ့၍ နာလန္ဒာတက္ကသိုလ်မှ ရဟန်းတော် ဦးဝါယမကို မေးကြည့်ရာ ဗိမ္ဗိသာရမင်းကြီး မြတ်စွာဘုရားထံ သွားရောက် တရားနာလာသည့်အခါတိုင်းတွင် ယခုနေရာ၌ သရဖူ သံလျက်အဆောင်အယောင်များအား လဲချွတ်ပြီးမှသာ သွားရောက် ဖူးမျှော်တရားနာယူကြောင်း သိရပါသည်။ ၎င်း နေရာနှင့်အဆင်းလမ်း ခပ်လှမ်းလှမ်းတွင်လည်း အုပ်ခုံ တစ်ခုရှိကြောင်း ၎င်းအုပ်ခုံထိ ရထားဖြင့် စီးလာပြီးနောက် ရထားပေါ်ကဆင်း၍ ခြေလျှင်လျှောက်သော နေရာရှိ ကြောင်း သိရသည်။ စကားတပြော ပြောနှင့် ဆင်းလာကြရာ စောစောကမြင်ခဲ့သလို အုပ်ခုံတစ်ခု ကို တွေ့ရပြန်သည်။ "ဒီနေရာကစပြီး ခြေလျင်လျှောက်တက်တဲ့နေရာ စောစော ကနေရာက အဆောင်အယောင်တွေ ကိုယ်ရံတော်တပ်တွေ နေခဲ့ရတဲ့နေရာ ဟိုမှာကြည့် ဆိုင်းဘုတ် တစ်ခု" ဆရာတော် ဦးဝါယမ ပြသောနေရာကို ကြည့်လိုက်သောအခါ အပြာရောင်သွပ်ပြားပေါ်တွင် အင်္ဂလိပ်စာနှင့်တပိုဒ် ကုလား စာနှင့်တဖုံ ရေးသားထားသော အထိမ်းအမှတ်စာ။

ဒေဝဒတ်တောင်ပေါ်မှ ကျောက်မောင်းဆင်း၍ ကျောက်တုံးကြီးတွေ လှိမ့်ချသော နေရာဖြစ်ကြောင်း မြတ် စွာဘုရား ခြေမတော်၌ သွေးချေဉ သွေးစိမ်းတည်အောင် ဒဏ်ရာရသောအခါ မလှမ်းမကမ်းမှာရှိသော မဒ္ဒကုစ္ဆိ ကျောင်းသို့ ခေတ္တာပင့်ဆောင်ခဲ့ရကြောင်း သိရပါသည်။

မဒ္ဒကုစ္ဆိကျောင်းနေရာသည် ဗိမ္ဗိသာရမင်း ကြီး၏ မိဖုရားကြီး ဝေဒေဟီသည် ကိုယ်လေးလက်ဝန် ရလာ၍ပုဏ္ဏားတို့အား မေးတွက်စစ်ရာ အဖကိုသတ်မည်သားဟု သိ ရ၍ကိုယ်ဝန်ဖျက်ချသော နေရာဖြစ်ပါသည်။ မဒ္ဒကုစ္ဆိ ဝမ်းဗိုက် နှိပ်နယ်ခြင်းဟု အနက်ရသည်။

ဒေဝဒတ်ကျောက်မောင်းဆင်း၍မြတ်စွာ ဘုရား သွေးစိမ်းတည်သော နေရာဌာနသည် ဂိဇ္ဈကုဋ်တောင်ခြေ ရောက်ခါနီး ကိုက် (၅၀) အကွာလောက်တွင် ဖြစ်ပါသည်။ ၎င်းနေရာမှ ဂျပန်စက်လှေကားဂိတ်သို့ လှမ်းမြင်နေရပါပြီ။ ဂျပန်စက်လှေကားဂိတ်တွင် ခေတ္တ အမောအပန်းဖြေရင်း လူစုံအောင် စောင့်နေရ၏။



**ဒေဝဒတ် ကျောက်မောင်းဆင်းသည့်နေရာ**

လူစုံသောအခါ ကားကြီး (၂) စီးဖြင့် (၁၀) မိနစ် မောင်းရုံမျှဖြင့် ဇီဝက သရက်ဥယျာဉ်သို့ ရောက်ပါ သည်။ သမားတော် ဇီဝကက သရက်ဥယျာဉ်တွင် မြတ်စွာ ဘုရား၏ ခြေမတော်ဒဏ်ရာကို ဇီဝကမှပျောက်ကင်းသည့် အထိ ကုသပေးသောနေရာ ဖြစ်ပါသည်။ ၎င်းသရက် ဥယျာဉ်အား မြတ်စွာဘုရားသို့ ကျောင်းဆောက်လှူဒါန်း ထား၍ ဇီဝကသရက်ဥယျာဉ် ကျောင်းဟုလည်း ခေါ်ဆိုပါသည်။ ဂိဇ္ဈကုဋ်တောင်ခြေတွင် တည်ရှိပြီး သရက်ဥယျာဉ်ဟုသာ ခေါ်ဆိုရသည်၊မည်သည့်အ ပင်ကြီးကြီးမျှ မရှိပါ။ အပင်သေးသေးလေးများကိုလည်း ယခင့် ယခင် ရောက်နှင့်ခဲ့ပြီးဖြစ်သော ဘုရားဖူးများ ဆေးဖက်ဝင်သည် ဟုဆိုကာ နုတ်ယူသွားကြ၍ ပြောင် သလင်းဖြစ်နေသည်။ ကျွန်တော်တို့တဖွဲ့လုံးလည်း ဘယ်ရမလဲဗျာ အပင်ပိစိ သေးသေး ကွေးကွေးတွေ အလုအယက်နုတ်ယူလိုက်ကြတာ အိန္ဒိယမြူနီစီပါယ်အဖွဲ့များကတွေ့လျှင် ဆုပင်ပေး လောက်ပါပေ့။

ဆေးဆရာဇီဝက သရက်ဥယျာဉ်မှ ဆက်လက် ထွက်ခွာခဲ့ရာ ရာဇဂြိုလ်မြို့ဟောင်းအတွင်းမှာရှိသော အဇာတသတ်မင်းကြီး၏ ဓါတ်တော်တိုက်ကို ရောက်ခဲ့ ပါသည်။ အဝေးကလှမ်းမြင်စဉ်က အမိုးဝိုင်းကြီးနှင့် ကတုတ်ကျင်းပုံစံ ဖြစ်ပါသည်။ ၁၇ ပေ ၁၈ ပေခန့်မြင့်

သော အုတ်တံတိုင်းပေါ်မှ ကျဉ်မြောင်းသော ကကိုယ်စာသွား၍သာ ရနိုင်သော အုတ်လှေခါးဖြင့် အောက်ကိုဆင်းလာသောအခါ ကြီးမားသော ရေတွင်းသဏ္ဍာန်တွင်းဟောင်းဝိုင်းဝိုင်းကြီး အနီးသို့ ရောက် ပါသည်။ သံတန်း သံချောင်းများဖြင့် ပါတ်ပါတ်လည် အခိုင်အမာ ကာရံထားပြီး လူဝင်ကြည့်နိုင်ရန် ဝင်ပေါက်တံခါးရှက်ကလေးရှိ၏။ ၎င်းသံတန်းမှ အတွင်းသို့ဝင်လျှင် လူတစ်ဦး ခေါင်းငုံ့၍ ကြည့်နိုင်သော (၄) ပေပတ်လည် စတုရန်းပေါက် တစ်ပေါက်ကို ကုလားလူမျိုးတစ်ဦးက စောင့်ကြပ်နေသည်။ တစ်ဦးချင်း စနစ်တကျ ဝင်ရောက်ကြည့်ရပါသည်။ ယခင်က တိဗက်ဘုန်းကြီးတစ်ပါး လိမ့်ကျဘူးကြောင်း ကြားသိရပါသည်။ ကျွန်တော်အလှည့်အရောက်၌ဝင်ရောက်ငုံ့ကြည့်သောအခါ ပေ (၂၀) အနက်ရှိသော တွင်းဟောင်းကြီးတစ်ခု ဖြစ်ပါသည်။ အုတ်များဖြင့် စနစ်တကျကာရံထားခြင်းကြောင့် နှစ်ပေါင်းများစွာကြာသည့်တိုင် ခိုင်ခန့်နေပါသည်။ တွင်းဟောင်းကြီးကြမ်းပြင်သို့ လက်နှိပ်ဓါတ်မီးထိုးကြည့်ရာ ပန်းစည်းကလေးများပစ်ချပူဇော်ထားသည်ကို တွေ့ရသည်မှတစ်ပါး တခြားဘာဆိုဘာမှ မမြင်ခဲ့ရပါ။ အဇာတသတ်မင်း ဓါတ်တော်တိုက်ကို လေ့လာပြီးနောက် (၅) ဖာလုံခန့် ကားစီးသွား၍ကတ္တရာကားလမ်းမှ (၁) ဖာလုံနီးပါး လမ်းလျှောက်ဝင်လိုက်လျှင် ဗိမ္ဗိသာရမင်းကြီး အကျဉ်းထောင်နေရာကို

ရောက်ပါသည်။ အကျဉ်းထောင် အဆောက်အအုံနေရာ၌ ကျောက်ကြမ်းတုံးများကို အင်္ဂတေဖြင့် မံပြီး နေရာသတ်မှတ် ပြထားပါသည်။



**ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချထားသည့်ထောင်နေရာ**

ရှေးဟောင်းဌာနမှ လက်နှင့်ခြေတို့အား ထုတ်နှောင် ခတ်သိမ်းထားသော သံကွင်း၊သံကြိုးများ တူးဖော်တွေ့ရှိရာ နေရာတစ်ခုကို အမှတ်အသားပြုထားရာ ၎င်းနေရာ သည် ဗိမ္ဗိသာရမင်းကြီး နောက်ဆုံးနေခဲ့သော နေရာဟု သတ်မှတ်ရပေမည်။ ဤနေရာ၌ ဗိမ္ဗိသာရမင်းကို သားတော် အဇာတသတ်က အကျဉ်းထားချုပ်နှောင်ခဲ့သည်။ ဗိမ္ဗိသာရ မင်းကြီးသည် ဤကျဉ်းထောင်တွင်းမှ ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ မြတ်စွာဘုရားအား ဖူးမျှော်နိုင်ခဲ့သည်။ ဤနေရာ၌

အကြောင်းသင့်၍ ပြောလိုပါသည်။ ဆရာတင် မှား၍အဖကို ညှင်းဆဲသတ်ဖြတ်ခဲ့သော အဇာတသတ်၏ နောက်ဆုံးခရီး သည်ကား သားတော်ဖြစ်သူ ဥဒယဘဒ္ဒ၏ မရှုမလှုလုပ်ကြံ သတ်ဖြတ်မှုကို ခံခဲ့ရပေသည်။

ဗိမ္ဗိသာရမင်းကြီး အကျဉ်းခံနေရာသို့ လေ့လာကြပြီး နောက် နေ့လည်စာ စားသုံးရန် ရာဇဂြိုလ် မြန်မာကျောင်း သို့ ပြန်လည်ရောက်ခဲ့ကြသည်။ ရာဇဂြိုလ်မြန်မာကျောင်းတွင် ငါးကြော်နှပ်ဖြင့် ထမင်းသုံးဆောင်ကြပြီးနောက် ဗုဒ္ဓဂယာသို့ ခရီးဆက်ရန် ပြင်ကြရသည်။ အထုတ်အပိုးတွေ ကားပေါ်တင် ကြပြီးနောက် သက်တော်ရှည် ရာဇဂြိုလ် ဆရာတော်ဘုရား အား **နှုတ်ဆက်ကန်တော့ကြပါသည်။**



**နှစ်ပေါင်း (၂၆၀၀) က**

**ကုန်သည်လှည်းလမ်းကြောင်းပေါ်မှာ**

ဒေသစံတော်ချိန် နေ့ ၁၂း၃၀ တွင်ရာဇဂြိုလ်မြန်မာကျောင်းမှ ဗုဒ္ဓဂယာသို့ စတင်ထွက်ခွာနိုင်ခဲ့ကြပြီး (၁၅ ) မိနစ် ခန့်အကြာ ရာဇဂြိုလ်မြို့အထွက်တွင် အံ့သြဖွယ်လှည်းဘီးရာကြီးများရှိရာသို့ ရောက်ရှိကြပြီး ခေတ္တခဏ ဝင်ရောက် လေ့လာ ကြည့်ရှုကြပါသည်။ မှတ်တမ်းတင်ဗွီဒီယိုဓါတ်ပုံများ ရိုက်ကြသည်။ ဤကျောက်လှည်းဘီးလမ်းသည် သာဝတ္ထိထိ ခရီးပေါက်ကြောင်း ဟိုးယခင်ကကုန်သည်များ တစ်မြို့နှင့် တစ်မြို့ ကူးလူးဆက်ဆံ ရောင်းဝယ် ဖောက်ကား သွားလာခဲ့ ကြရာ ပင်မလမ်းကြောင်းကြီးဖြစ်ခဲ့ကြောင်း သိခဲ့ရပါသည်။

ဂွတ္တာလစ်မှ ဦးလှဆောင်တစ်ယောက် ခါးတကုန်းကုန်းနှင့် ဟိုစမ်းစမ်းဒီစမ်းစမ်းလုပ်နေ၍ "ဘာလုပ်နေတာလဲ" ဟုမေးရာ လှည်းလမ်းပေါ်က ကျောက်တုန်းစကလေးတွေ ရှာနေကြောင်း ၄င်းကျောက်တုံးစကလေးတွေဆောင်ထားရင် အရောင်းအဝယ် ကောင်းကြောင်း၊ စိတ်ပါဝင်စား ပြန်ရှင်းပြရာ ကျွန်တော်တို့ တစ်ဖွဲ့လုံးမရွယ်ဘဲဝါးလုံးကွဲမတတ်ရယ်မောကြပါသည်။ ထိုအခါ၌ ဦးလှဆောင်တစ်ယောက် ရှက်ကလဲရှက် စိတ်ကလည်းတို ကောက်ထားတဲ့ ကျောက်တုံးစကလေးတွေကို လွင့်ပစ်ရင်း "ကျုပ်ကကောက်ချင်တာမဟုတ်ဖူး။ ကျုပ်မိန်းမက ပူဆာလို့ဗျို့" ဟုပြောလိုက်ရာ အိန္ဒြေသိက္ခာနှင့် နေကြသော ဆရာတော်များ

ပင် အိပ်နေ့မဆယ်နိုင်တော့ပဲ ရယ်မောကြပါသည်။ အရေးထဲ အရယ်သန်ကဲ့ ကြည်မြင်တိုင်က မမြင့်မြင့်သန်းတစ်ယောက် အူတက်မတတ် ဖြစ်သွား၍ ဝိုင်းဝန်းပြုစုပေး လိုက်ရပါသေးသည်။

ဆက်လက်ခရီးထွက်ခွာလာရာ ညနေ (၅) နာရီတိတိတွင် ဗုဒ္ဓဂယာသို့ အောင်မြင်စွာရောက်ရှိပါတော့သည်။ (၃) ညတာ တည်းခိုမည့် ဗုဒ္ဓဂယာမြန်မာကျောင်းသို့ အရင်မဝင်ဘဲ ဗုဒ္ဓဂယာ စေတီတော်ဆီ ဦးတည်အရင်ဝင်ပေးတဲ့ ကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ပုံကို သဘောကျလှပါသည်။

ဗုဒ္ဓဂယာစေတီတော်ကြီးကို ဖူးလိုက်ရသည်နှင့် ကျွန်တော်တို့တတွေ တစ်နေကုန် ပင်ပမ်းသမျှ အေးချမ်းသွားရသည်။ ရောက်ခဲလှပေစွ ဖူးရခဲလှပေစွ။ အကြိမ် (၅၀ ) ထက်မနည်း ကြည်ညိုမဆုံး ကန်တော့မိနေတော့၏။ လူတွေကလည်း များမှများ အလံတွေ တံခွန်တွေကလည်း ပွက်ကျပ်ညှပ်အောင် စိုက်ထူထားကြသည်။ ကြိတ်ကြိတ်တိုးလာရောက်ဖူးမျှော်ကန်တော့သူများထဲတွင် တိဗက်လူမျိုးတွေ အများဆုံး ဗုဒ္ဓဂယာပရဝုဏ်အတွင်း ကွတ်လပ်နေရာအတော်များများတွင် တိဗက်ဗုဒ္ဓဘာသာ ဘုန်းကြီးတွေက နေရာယူထားကြသည်။ (၃ )ပေ (၈)ပေခန့်ရှိသော သစ်သားကွပ်ပျစ်များပေါ်တွင် မြတ်စွာဘုရားအား ဒိုက်ထိုးရှိခိုး နေကြပါသည်။ သုမေ

ဓါရှင်ရသေ့မှ ဒီပက်ရာမြတ်စွာဘုရားသို့ ရှစ်ခိုးကန်တော့ ဗျာဒိတ်ခံယူနေပုံမျိုး မတ်တပ်ရပ်လိုက် ဝမ်းလျားထိုး ကန်တော့လိုက်နှင့် ဗုဒ္ဓဂယာစေတီတော်မြတ်ကြီးကို ကြည်ညိုနေကြသည်မှာ အထူးအဆန်းလဲဖြစ် စိတ်ဝင်စားဘို့လည်း ကောင်းလှပါသည်။

ဗောဓိပင်နှင့် ရွှေပလ္လင်အနီးတွင် နိုင်ငံခြားသားများ အထူးသဖြင့် ဥရောပမှပုံစံမျိုး လူမျိုးတွေ အံ့သြစွာ ခပ်များများ တွေ့ရပြန်သည်။ မေးမြန်းရမည့်သူကို ဟိုကြည့်ဒီကြည့် လုပ်နေစဉ် ရတနာစကြံတော်နှင့် တည့်တည့်အုတ်တံတိုင်းကို ကျောပေး၍ တန်းစီထိုင်နေသော နိုင်ငံခြားသားများ အုပ်စုထဲမှ ကျွန်တော့ကို စူးစိုက်ကြည့်ရှုအကဲခတ်နေသော အမျိုးသမီးတစ်ဦးကို သတိထားမိလိုက်သည်။ ၎င်းနောက် အမှတ်တရ ဓါတ်ပုံတစ်ပုံ ရိုက်လိုကြောင်း ပြောပြရာ သူမက လိုလိုလားလားပင် မှတ်တမ်းတင်အရိုက်ခံပါသည်။ "နောက်တစ်နေ့တွင် သင်နှင့်ပြန်ဆုံချင်သေးကြောင်း" အင်္ဂလိပ်လို နှုတ်ဆက်ပြီးနောက် (၃) ရက်တာ နားခိုနေထိုင်မည့် မြန်မာကျောင်းသို့ အဖွဲ့နှင့်အတူ ပြန်လာခဲ့ကြသည်။

ဗုဒ္ဓဂယာမြန်မာကျောင်းတွင် ပစ္စည်းများနေရာချ ရေချိုးထမင်းစားပြီးနောက် တချို့လည်း လန်ခြားကို (၃ )ရူပီ ပေး၍၎င်း၊ ခြေလျှင်ဖြင့်တစ်ဖုံ ဗုဒ္ဓဂယာ စေတီတော်မြတ်ဆီ

အသီးသီးသွားရောက်ဖူးမျှော် ကြပါသည်။ ဖူး၍မဝနိုင်အောင် အားမရနိုင်အောင် အကြိမ်ကြိမ်ဖူးချင်နေသည်။ ယခုစာရေး ရင်း နောက်တစ်ကြိမ်သွား၍ ဖူးချင်စိတ်တွေပေါ်နေ ပေသည်။ သို့သော် ညပိုင်း ကြာကြာတရာထိုင်၊ပုတီးစိတ်၊ ကြာကြာဖူး၍ကမဖြစ် ရာသီဥတုက ဆောင်းတွင်းဖြစ်ခြင်း ကြောင့် အအေးဒဏ်ကို ကြာကြာကြံ့ကြံ့ခံဘို့က မလွယ်။ တစ်နေကုန် ပင်ပန်းနွမ်းနယ်လာ၍လားအသိ အိပ်ယာပေါ် ကျောဆန့်လိုက်သည်နှင့် လောကကြီးကို အဆက်အသွယ် ပြတ်သွားပါတော့သည်။

## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၃) ရက်နေ့

## ဗုဒ္ဓဂယာ

၃-၁-၁၉၉၈ခု နံနက် (၆း၃၀ ) တိတိမှာ ဗုဒ္ဓဂယာ မြန်မာကျောင်းမှ ကားကြီး (၂) စီးဖြင့် မဟာဗောဓိစေတီတော်သို့ ထွက်ခွာလာကြရာ (၁၀) မိနစ်ပင် မကြာပါချေ ရောက်ရှိပါတော့သည်။ နံနက်စောစောမို့လားမသိ။ ဘုရားဖူးများရှင်းလင်းနေသည်။ မဟာဗောဓိစေတီ မုဒ်ဦးထိပ်မှာ ဘုရားဖူးများ (၂) ယောက်တစ်တွဲ စနစ်တကျ နေရာယူကြရန်ပြန်ကြားရပါသည်။

ဘုရားဖူးများလည်း (၂) ယောက်တစ်တွဲ တန်းစီ၍ နေရာယူပေးကြပါသည်။ မြန်မာနိုင်ငံ သမ္မတသင်္ကန်းတိုက်မှ ဝယ်ယူ လာသည့် (၂၂)တောင်ရှည်ရှိ သင်္ကန်းကြီး (၆) စုံအား အဖွဲ့ဝင် (၆၄) ဦးမှ ပုခုံးဖြင့် လှည့်လည်ပူဇော်ပွဲတစ်ရပ်

ကျင်းပရန် ဖြစ်ပါသည်။ သင်္ကန်း တစ်စုံလျှင် (၂၂) တောင် ရှည်လျားပြီး (၆) စုံ ဖြစ်ခြင်းကြောင့် (၁၂၃) တောင် ရှည်လျားပြီး ပေအား ဖြင့် (၁၉၈) ပေရှည်လျားပါသည်။ (၁၉၈) ပေရှည် သင်္ကန်းကြီးကို မြန်မာဘုရားဖူးအဖွဲ့မှ လက်ယာဖက်တွင်လူ (၃၀)ကျော် ဖြင့် ပုခုံးထက်ပေါ်တွင် တင်းတမ်းရင်းရင်း ညီညီညာညာ ကိုင်ဆောင်ထားသည်ကို မြင်လိုက်ရသည့် ကျွန်တော့်ရင်မှာ တလှပ်လှပ်နေအောင် ခုန်လာပြီး ကြက်သီးမွေးညှင်းများ ထလာသည့်ထိ ကြည်နူးမိပါသည်။ ၎င်းသင်္ကန်းတန်း၏ ထိပ်ဆုံးမှ အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ခေါင်းဆောင်မှ သာသနာ့ အလံကို ဦးဆောင်၍ အဖွဲ့ခေါင်းဆောင်နောက်မှ ပေါက်ပေါက်ဆွမ်းများ ထည့်ထားသော မြသပိတ်ကို သိမ်ဖြူလမ်းမှ ဦးရွှေအောင်မှ ပင့်ဆောင်ရပါမည်။ ၎င်းနောက်မှ သင်္ကန်းတော်သယ်မည့် မြန်မာရဟန်းတော်များ ရဟန်းတော်များ နောက်မှ မြန်မာဘုရားဖူးအဖွဲ့များ စနစ်တကျ နေရာကျအောင် စီစဉ်ပြီးချိန်မှာ မနက် (၇း၁၀) နာရီ ရှိပါပြီ။ ပထမဦးစွာ နမောတဿ (၃) ကြိမ်ရွတ်ရပါမည်။ ပြီးပါက (၂၄) ပစ္စည်း ညီညီညာညာ ရွတ်ဆို၍ မဟာဗောဓိစေတီတော်အား လက်ယာရစ်(၃) ကြိမ်လှည့်ပတ် ပူဇော်ရပါသည်။

နံနက် (၇း၂၀)နာရီ တိတိတွင် မဟာဗောဓိ စေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော်မြတ်များ ဆက်ကပ်

လှူဒါန်းပွဲကြီးကို စတင်ပါတော့သည်။

ရှေ့ဆုံးမှ သာသနာ့အောင်လံကြီးအား သယ်ဆောင်၍ မဟာဗောဓိ စေတီရင်ပြင်သို့ ခြေချမိချိန်မှာ ကျွန်တော့်ရင်၌ ပီတိတွေ လှိုင်နေပါတော့သည်။ မည်သည့်အချိန်ကတည်းက ရောက်ရှိကြသည်မသိ၊ နိုင်ငံပေါင်းစုံမှ ဘုရားဖူးများ မဟာဗောဓိ ရင်ပြင်မှာ အများအပြားတွေ့လိုက်ရသည်။ ရွှေကြာသကင်္န်း(၆) စုံအား ပုခုံးထမ်း၍ လက်ျာရစ် သယ်ဆောင် (၂၄) ပစ္စည်း ရွတ်ဆိုပူဇော်လာသော စနစ်ကျလှသော မြန်မာဘုရားဖူးအဖွဲ့အား နိုင်ငံပေါင်းစုံမှ ဘုရားဖူးများသည် အံ့သြခြင်း အကြည်ဖြင့်လည်းကောင်း မြင်ခဲ တွေ့ရခဲသော ပွဲတော်တစ်ရပ်အဖြစ်လည်းကောင်း လိုက်လိုက်လှဲလှဲ ပီတိအပြုံးများဖြင့် လက်အုပ်တွေချီ တငေးတမော ကြည့်နေကြသည်။ တချို့ကလည်း ဗွီဒီယိုဖြင့် မှတ်တမ်းတင်ကြ၍ တချို့ကြတော့လည်း ဓါတ်ပုံများ တဖြတ်ဖြတ်ရိုက် မှတ်တမ်းတင်နေသည်။ ကျွန်တော့်နှုတ်မှ (၂၄) ပစ္စည်းကို ရွတ်ဆိုပူဇော် နေသည်မှာ မှန်နေသော်လည်း ဘေးပရိတ်သတ်မှ တခါတရံ "မြန်မာ" ဟု အသံတွေကြားရတဲ့အခါမှာ တစ်လှမ်းချင်း လှမ်းနေတဲ့ ခြေလှမ်းတွေ စုပေါင်းရွတ်ဆိုနေတဲ့ ပဋ္ဌာန်းတော်တွေ မှားသွားရအောင်ကို ဝမ်းသာကြည်နူး ဖြစ်လိုက်ရတာ။ ယနေ့နိုင်ငံခြားတိုင်းပြည် တစ်ခုမှာ နိုင်ငံပေါင်းစုံက လူမျိုးစုံရှေ့မှာ တို့မြန်မာတွေ

မြတ်စွာဘုရားကို ကြည်ညိုကြပြီး တနိုင်ငံတရပ်တကျေးမှာ "မြန်မာ" ဆိုတဲ့ ချိုးကျူးတဲ့အသံလေး ကြားရတော့ အမိနိုင်ငံ မိမိဦးဆောင်တဲ့ ဘုရားဖူးအဖွဲ့ ဂုဏ်တက်ခဲ့ပြီဗျာ။ ဘယ်သူ မကြည်နူးပဲ ရှိပါ့မလဲ။ မြတ်စွာဘုရားသာသနာတော်ကြီးကို စနစ်တကျ ယဉ်ယဉ်ကျေးကျေး တူညီ ယောဂီဝတ်စုံများဖြင့် လုံလုံခြုံခြုံ ရှိလှသော ဗုဒ္ဓဘာသာ ဘုရားသားတော် သမီးတော် မြန်မာဘုရားဖူး တွေ ကို တိုင်းတပါးသားတွေ အားကျအတုယူဖွယ်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။

မာရ်ငါးပါးကို အောင်မြင်ခဲ့သောနေရာ ပဋိစ္စ သမုပ္ပါဒ်တော်မြတ်ကို အနုလုံပဋိလုံ ဆင်ခြင်သုံးသပ်တော် မူပြီးနောက် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ချုပ်ငြိမ်းလက်စ သိမ်း၍ ခန္ဓာပရိနိဗ္ဗာန် ပြုခဲ့သောနေရာ မြတ်စွာဘုရား ဇာကန်စင်စစ်ဖြစ်ခဲ့သောအောင်မြေ၊ ဗောဓိပင်နှင့် ရွှေပုလ္လင် တော်မြတ်အား လက်ယာရစ် (၃) ကြိမ် ရစ်ပတ်ပူဇော်ပြီး ချိန်မှာ (၁၉၈) ပေရှည် ရွှေကြာသင်္ကန်းတော်မြတ်ကြီးအား မဟာဗောဓိပင်ကို လကျာ် ရစ်ပါတ်၍ အောင်မြင်စွာ လှူဒါန်းပြီးသည်နှင့် မြန်မာရဟန်း တော်များဦးဆောင်ကာ သီဟိုဠ်၊ တိဗက်၊ အိန္ဒိယ ရဟန်းတော်များပါမကျန် စုပေါင်းညီညာ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်နေကြပါသည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့သားများအားလုံး ညီညာ

ဖျဖျ အောင်မြင်စွာ သာစုခေါ်သံသည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီကြီး ရင်ပြင်တော်ပါမက စကြာဝဠာအဆုံးတိုင် လွင့်ပျံ့သွားပြီးလား အောက်မေ့ရပါသည်။ မှန်ပါသည် များမကြာမီကာလတွင် မြတ်စွာဘုရားသာသနာတော်သည် စကြာဝဠာလွှမ်းခြုံသင်းကြည် အေးမြ၊ ငြိမ်းချမ်းလှသော အမှန်သစ္စာမိုးရေ ရွာသွန်းဖြိုးပေတော့မည်။ ဒီတစ်ခါ ရွာတဲ့မိုး ချိုးဖြစ်အောင် ချိုးကြပါလိမ့်မည်။

ရွှေကြာသက်န်း ကပ်လှူပူဇော်ပွဲပြီးနောက် တချို့ဘုရားဖူးများက ပုတီးစိတ်၊ တရားထိုင်ကြ၍ တချို့တော်တော်များများက ဗောဓိပင်ရွက်ကြွေတွေ လိုက်ကောက်နေကြ၏။ တချို့ကလည်း ကြွေကျနိုးနိုးဖြင့် စောင့်မျှော်နေကြသည်။ မဟာဗောတိပင်ကို စောင့်နေသော အိန္ဒိယရဲအစောင့်ကို ငါးရူပီပေးလိုက်လျှင် ဗောဓိရွက်တွေ ရတတ်ပါသည်။ သို့သော်လည်း မည်သည့်အပင်ကမှန်း မသိ၍ မယူသင်ပါ။

စေတီတော်ကြီး၏ မြောက်ဘက် ပထမ ခြံတံတိုင်းအပြင်ဘက်အနီးတွင် ညောင်ပင်ကြီးတစ်ပင် ရှိပါသည်။ ၎င်းညောင်ပင်အား ဟိန္ဒူဘာသာဝင်များက တမလွန်ရောက် ၎င်းတို့မိဘ ဘိုးဘွားများအား ၎င်းညောင်ပင်တွင်နေထိုင်ကြကြောင်း အယူရှိပါသည်။ မကြာမကြာ ထမင်းဆုတ်များလာကျွေးတတ်ကြပါသည်။ မြန်မာအတွေးအခေါ်ကတော့

သရဲတွေ ကုလားသရဲတွေ နေတဲ့အပင်လို့ ဆိုပါသည်။ ၎င်းညောင်ပင်က ညောင်ရွက်တွေကို တချို့လုံခြုံရေးဝန်ထမ်းများက ကောက်ယူထားတာ မြန်မာဘုရားဖူးတွေ ဝယ်မိရင်တော့ စဉ်းစားကြည့်ကြပါတော့။ နောင်ဘုရားဖူးတွေ သတိကြပ်ကြပ်ပြုကြပါ။ သေချာမှယူပါ၊ မြန်မာကျောင်းဆရာတော်ထံမှာ အစစ်မှန် ဗောဓိရွက်တွေ ရှိပါသည်။ တောင်းယူပူဇော်နိုင်ပါသည်။

မြန်မာဘုရားဖူးများ သတိထားသင်သည့် နောက်တစ်ချက်က ဗောဓိပင်ရင်းကမြေကို အတင်းဝင်မယူဖို့ ဖြစ်ပါသည်။ အောင်မြေအဖြစ် ယူကြခြင်းဖြစ်ပါသည်။ ၎င်းမြေသည် မူလမြေမဟုတ်ပါ ဖို့မြေသာဖြစ်ပါသည်။ အောင်မြေအစစ်ကို ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော်ထံမှ ဘုရားဖူးများကို အစေ့အင ဝေပေးပါလိမ့်မည်။ မရပါက တောင်းယူပါ၊ ထိုမြေသည် အောင်မြေအစစ် ဖြစ်ပါသည်။

သီဟသုဓမ္မမဏ္ဍောတဘွဲ့ရ ရွှေမြင်တင်ဦးညိုမှ ဗုဒ္ဓဂယာအောင်မြေများ ဗောဓိစေ့များကို ဓမ္မဒါနပြုနေပါသည်။ မိဂဒါဝုန်ရောက်သည်နှင့် အစေ့အင ဝေငှမည်ဖြစ်ပါ၍ ပူပင်စရာ မလိုအပ်တော့ပါ။ ဗောဓိပင်ခြေရင်းမှ မြေတွေကို ကုတ်ခြစ်ယူပါများလျှင် အမြစ်တွေပေါ်လာပြီး ရေရှည်ထိမ်းသိမ်းဖို့ အပင်ရှင်သန်ဖို့ မလွယ်ဖြစ်တတ်ပါသည်။ ထို့

အပြင် နိုင်ငံရပ်ခြားမှာ လူမျိုးခြားရဲတွေ အော်ငေါက်တာမျိုး၊ မခံရအောင် မြန်မာဆိုတဲ့ အမျိုးဂုဏ်ကို ထိမ်းသိမ်းဖို့ လိုအပ်လှပါသည်။ သံဝေဇနိယ လေးဌာနရောက်ပြီဆိုလျှင် အပါယ် လေး၀ မလားရ၊ လားရ လူ့နတ်ပြည်ဆိုသည့်အတိုင်း သံဝေဂပွားလျှင်ပင် အပါယ်ပိတ် ကုသိုလ်ထူးရနေပြီဖြစ်၍ နောင် ဘုရားဖူးများ ဆန္ဒမစောကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာဘုရားဖူးများ လူပြန်စုမိသောအခါ ဗုဒ္ဓဂယာ မြန်မာကျောင်းမှ ရဟန်းတော်ဦးပညာသာမိမှ သိသင့်သိထိုက်သည်များကို စိတ်ရှည်စွာ ရှင်းပြပါသည်။ မဟာဗောဓိ စေတီတော်ကြီး၏ ဖိနပ်တော်မှာ (၄၈ )ပေရှိ၍ ဉာဏ်တော်အမြင့် (၁၇၀ )ပေ ရှိပါသည်။ စေတီတော် တံတိုင်းပတ်လည်ရှိ မြေမျက်နှာပြင်သည် စေတီရင်ပြင်ထက် (၁၅ )ပေခန့် မြင့်တက်နေပါသည်။ မေးကြည့်ရာ မိုးတွင်းကာလ နေရဥ္စရာမြစ်ရေလွှမ်းမိုးခြင်းဘေးမှ လွတ်ကင်းရန် မြင့်မားစွာ ကားရံထားခြင်းဖြစ်ကြောင်း သိရပါသည်။

သတ္တဌာနကို အစဉ်အတိုင်း လေ့လာရာ-

## ၁။ ဗောဓိပင်နှင့်ရွှေပလ္လင်

ပထမ သတ္တဟသည် ဗောဓိပင်နှင့် ရွှေပလ္လင်ဖြစ်ပါသည်။ အပရာဇိတပလ္လင်တော်သည် ဗောဓိပင်ကြီးနှင့်စေတီ

ကြားတွင် တည်ရှိပြီး အလျား(၇) ပေခွဲ အနံ (၄) ပေ (၁၀) လက်မ အမြင့် (၃) ပေရှိ၍ ကျောက်တုံးကိုထုလုပ်ထားပါသည်။

ယခု ဘုရားဖူးတွေ မြင်ရသော ဗောဓိပင်သည် မူလဗောဓိပင် မဟုတ်တော့ပါ။ မူလ ဗောဓိပင်၏ တောင်ဘက်ကိုင်းကို သီရိမဟာသောကမင်းကြီး၏ သားတော်နှင့် သမီးတော်တို့မှ အမိဋ္ဌာန်ပြုဖြတ်ယူ၍ သီဟိုဠ်နိုင်ငံတွင် စိုက်ပျိုးထားရာ ယနေ့တိုင်ဖူးမြင်နိုင်ပါသည်။ ယခု တွေ့ရသော ဗောဓိပင်သည် ၁၈၇၀ ခု ကျောက်စာမင်းကြီး ကံနင်ဟန်မှ ယခင်အပင်အိုကြီး၏မျိုးစေ့ဖြင့် ယူထားသော အပင်ငယ်ဖြင့် စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်ပါသည်။ ဗောဓိပင်ကို နောက်မှီပြု၍ အပင်ရင်းပလ္လင်တော်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကြောင်းပြဆိုခဲ့ပြီး ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့ ရှိခိုးပူဇော်ထိုက်သော စေတီ (၄) မျိုးအနက် ပရိဘောဂစေတီတော်ဖြစ်၍ ရှိသေရှိခိုးပူဇော်ပါက အကျိုးများနိုင်ပါသည်။ အေဒီ (၁၃) ရာစုနှစ်က မြန်မာနိုင်ငံ ပုဂံမြို့တွင် ပုံတူ မဟာဗောဓိစေတီတော် တစ်ဆူ တည်ထားပါသည်။

## ၂။ အနိမိသစေတီတော် (ဒုတိယသတ္တာဟ)

စေတီတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့် ကုန်းမြင့်ပေါ်မှာတည်ရှိပါသည်။ ဉာဏ်တော် မှာ (၅၅) ပေ ရှိ၏။ လိုဏ်ဂူမုခ်ဦး၏ အတွင်းတွင် ဘုရားခေါင်းရုပ်ထု

တော်တည်ရှိပါသည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် စေတီတော်နေရာတွင် ရပ်တော်မူပြီး ဗောဓိပင်နှင့် ရွှေပလ္လင်ကို ခုနှစ်ရက်ပတ်လုံး တစိမ့်စိမ့် ရှုစားတော်မူရာ ဌာနဖြစ်တော် မူပါသည်။

## ၃။ ရတနာစင်္ကြံတော် (တတိယသတ္တာဟ)

စေတီတော်ကြီး၏ မြောက်ဘက်ကပ်လျှက် တည်ရှိနေပါသည်။ အလျား (၆၀) အနံ (၄) ပေ အ မြင့် (၃)ပေ အုတ်ခုံပေါ်တွင်ကြွချီရာ ခြေတော်ရာအဖြစ် ကြာပွင့် (၁၉) ပွင့် ထုလုပ်ထားပါသည်။ ပလ္လင်တော်နှင့် အနိမိသ ဌာန (၂) ခုကြား၌ ရတနာစင်္ကြံတော် ဖန်ဆင်း၍ ခုနှစ်ရက်တိုင်တိုင် စင်္ကြံကြွတော်မူပါသည်။ နတ်ပြဟ္မာများက မြတ်စွာဘုရားသည် ခုနစ်ရက်တိုင် ပလ္လင်တော်ကို စိုက်ကြည့်ခြင်းသည် ကိလေသာရှိသေးကြောင်း အထင်လွဲကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်က အထင်လွဲမှုကို ပါယ်ဖျက်ရန် ကောင်းကင်၌ ရတ နာစင်္ကြံ ဖန်ဆင်းတော်မူသည်။

## ၄။ ရတနာဃရရွှေအိမ်တော် (စတုတ္ထ သတ္တာဟ)

စေတီတော်ကြီး၏ အနောက်ယွန်းယွန်း ပေ (၃၀၀) ခန့် အကွာတွင်ရှိသည်။ ၁၄ ပေ × ၁၁ ပေ ကျယ်ဝန်းသော တိုက်ခန်းတစ်ခု ဖြစ်သည်။ အတွင်း၌ ဗောဓိသတ္တရုပ်ထု ရှိပါသည်။ နတ်တို့ဖန်ဆင်းသော ရတနာဃရ ရွှေအိမ်

တော်တွင် ခုနှစ်ရက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး အဘိဓမ္မာခုနှစ်ကျမ်းကို ဉာဏ်တော်ဖြင့် သုံးသပ်တော်မူရာ နောက်ဆုံးပဋ္ဌာန်းကျမ်းကြီးကို ရောက်ရှိချိန်တွင် မြတ်စွာဘုရားသခင် ကိုယ်တော်မှ ရောင် ခြည်တော် ခြောက်သွယ်ပေါ်ထွက်ကွန့်မြူးပါသည်။ ရောင်ခြည်တော်ခြောက်သွယ်သည် အဆုံးမရှိ အနန္တ အာကာသကြီးထဲသို့ ပျံ့နှံ့သွားပါသည်။

## ၅။ အဇပါလနိဂြောဓကျောင်းတိုက် (ဆိတ်ကျောင်းညောင်ပင်) (ပဉ္စမ သတ္တာဟ)

စေတီတော်ကြီး၏ အရှေ့မုဒ်တည့်တည့် ပေ (၂၀၀) ခန့်အကွာတွင် တည်ရှိသည်။ အရှေ့မုဒ်လှေခါး ဆင်းဆင်းချင်း အလယ်တည့်တည့်၌ တည်ရှိသည်။ ဆိတ်ကျောင်းညောင်ပင်ကိုတော့ မတွေ့ရတော့ပါ။ ၎င်းနေရာတွင် အသောကမင်းကြီးမှ ကျောက်တိုင်ကြီးတစ်တိုင် စိုက်ထူထားပါသည်။ မူလအမြင့်တော့ မဟုတ်ပါ။ ၁၂ ပေ၊ ၁၃ ပေ ခန့် ကျိုးနေသော ကျောက်တိုင်ကြီးကို အထင်ကရ တွေ့ခဲ့ရသည်။

၎င်းနေရာ၌သာနေ၌ ခုနစ်ရက်တိုင်တိုင် တရားတော်များ ဆင်ခြင်သုံးသပ်တော်မူပြီး အရဟတ္တဖိုလ်ချမ်းသာကို ခံစား နေတော်မူပါသည်။

## ၆။ မုစလိန္ဒာအိုင် (ဆဋ္ဌမ သတ္တာဟ)

မဟာဗောဓိစေတီတော်မကြီး၏ အဲရှေ့ထောင့် အနီးတွင် တည်ရှိပါသည်။ မြန်မာနိုင်ငံမှ လှူဒါန်းထားသော နဂါးပါတ်ဘုရားကို ၎င်းမုစလိန္ဒာအိုင်တွင် မျက်ဝါး ထင်ထင် ဖူးမြင်နိုင်ပါသည်။



မုစလိန္ဒာအိုင်

မုစလိန္ဒာအိုင်အနီး ကျီးပင်အရင်း၌ ခုနစ်ရက် ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူစဉ် ခုနစ်ရက်တိုင်တိုင် မိုးစွေ ၍ လေနုအေးများလည်း တိုက်ခတ်နေပါသည်။ ထိုစဉ် မုစလိန္ဒ နဂါးမင်းမှ အအေးဒဏ်ကာကွယ်ရန် မြတ်စွာ ဘုရားရှင်ကို ခုနစ်ပါတ်ရစ်ခွေ၍ မိုးမမိစေရန် အပေါ်မှ ပါးပျဉ်းအုပ်မိုး ပူဇော်ခဲ့ပါသည်။

## ၇။ ရာဇာယတနလင်းလွန်းပင် (သတ္တမ သတ္တာဟ)

မဟာဗောဓိစေတီတော်ကြီး၏ တောင်ဘက် ကျောက်လက်ရမ်းတံတိုင် နှင့် ကိုက် (၂၀) အကွာတွင် ရှိပါသည်။ မြတ်စွာဘုရားရှင်သည်လင်းလွန်းပင်ရိပ်၌သတ္တမ ခုနစ်ရက်ပါတ်လုံး ဖလသမာပတ် ဝင်စားတော်မူ ပါသည်။

(၄၉) ရက်မြောက်သောနေ့၌ မြန်မာပြည် ဥက္ကလာပ မှ လှည်းကုန်သည် တဖုဿ နှင့် ဘလ္လိက တို့မှ ပေါက် ပေါက်ဆုပ်နှင့် (ပျားနို့ဆွမ်း) ဆက်ကပ်သောနေရာ ဖြစ်ပေသည်။ မူလ လင်းလွန်းပင်နေရာတွင် မြန်မာနိုင်ငံ ခြေလျင်တောင်တက် အသင်းဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးကြီး လှအောင်မှ လင်းလွန်းပင် တစ်ပင်စိုက်ပျိုးခဲ့ကြောင်း ဦးပညာသာမိ မှ ရှင်းပြပါသည်။



ကမာကူရဘုရားကြီး

သတ္တဋ္ဌာနများကို လေ့လာဖူးမျှော်ပြီးချိန်မှာ ဒေသ စံချိန် (၉း၄၅) သာ ရှိသေးရာ အချိန်ရသေးသဖြင့် ဗုဒ္ဓ ဂယာမြို့တွင်း ကားကြီး (၂) စီးဖြင့် လှည့်လည် လေ့လာ ကြပြန်ပါသည်။ လှည့်လည်လေ့လာရာတွင် ဂျပန်နိုင်ငံမှ ကမာကူရဘုရားပုံတူအတိုင်း တည်ထားသော ကမာကူရ ဘုရားကြီးကို ကြည်နူးစွာ ဖူးမျှော်ရသည်မှာ ဂျပန်ပြည်ကို ရောက်နေသည့်အလား ခံစားရသည်။

တရုတ်ကျောင်းကြီးများကလည်း တစ်ရွာတစ်ပုဒ် ဆန်းပါဘိ။ ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ကို နှဲ၊ ဘင်၊ ထရမ်းပက်၊ ရကွင်း၊ စီး၊ ဝါး တို့ဖြင့် တီးမှုတ်ကြိုဆိုပြီး နောက် ဘုရားဝတ်ပြုဆုတောင်းပေးပါသည်။

အကြီးဆုံး ကျောင်းထိုင်ဆရာတော်ကြီးက စီးဝါးအချက်ပြလိုက်သည်နှင့် အသံစုံတီးဝိုင်းကြီးက ကျောင်းတိုက်ကြီး အမိုးပွင့်မတတ်လောက်အောင် တီးမှုတ်သံ ညံသွားပါတော့သည်။ တရားထောက်ဟု ဆိုသူများကလည်း နှဲလိုအရာကြီးဖြင့် တီတီတာတာ တရားထောက်ကြသည်မှာ တရားရဖွယ်ပါပေ။

တရုတ်ကျောင်းများ လေ့လာကြပြီးနောက် ဗုဒ္ဓဂယာမြို့တွင်း ကားကို ဖြေးညှင်းစွာ မောင်း၍ အခြား ကိုရီးယား၊ တိဘက် ဗီယက်နမ်ကျောင်းများကို ကားပေါ်မှပင်

ကြည့်ရှုကြပါသည်။ ဗုဒ္ဓဂယာမြို့သည် သာယာလှပသော မြို့ကလေးတစ်မြို့ ဖြစ်ပါသည်။ အထူးသဖြင့် လမ်းပန်း ကျနသာယာလှသော ရပ်ကွက်အစုတစ်ခုကို ညွှန်ပြပါ ဆိုပါက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတည်ရှိရာ ဌာနစုတစ်ခုကိုပြပါ ဆိုပါက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းများတည်ရှိရာ ဌာနစုကို ပြရလိမ့်မည်။ ဂျပန်နိုင်ငံမှ အကုန်အကျခံ၍ လမ်းတွေခင်း၊ နွမ်းပါးသော ဗုဒ္ဓဘာသာ နိုင်ငံတစ်ချို့၏ ကျောင်းမြေနေရာနှင့် အဆောက်အအုံ များပင် ဝယ်ယူ ပေးခဲ့ကြောင်း သတင်းစကား ကြားသိရပါ၍ သာဓုခေါ် မိပါသည်။ ဗုဒ္ဓဂယာမြို့တွင်း လည့်လည် လေ့လာပြီးနောက် မြန်မာ ဘုန်းတော်ကြီး (၁၄) ပါး စာသင်နေသော ဗုဒ္ဓဂယာ (မာဂဓ) တက္ကသိုလ်သို့ ဝင်ရောက် လေ့လာရန် ရှိသော်လည်း အတူပါသံဃာတော်များ ဆွမ်းကပ်ရန် အချိန်နီးပြီမို့ တည်းခိုရာ ဗုဒ္ဓဂယာ မြန်မာကျောင်းသို့ ပြန်လာခဲ့ရသည်။

သံဃာတော် (၁၃) ပါးအား ဆွမ်းကပ်ပြီးနောက် ဘုရားဖူးတွေကို မှာကြားရသည်။ ယနေ့ ၁၂:၃၀ နာရီ မှာ သုဇာတာ သူဌေးသမီးအိမ်ကို သွားမည်ထိုမှ သူဇာတာ ယနာနို့ဆွမ်းကပ်နေရာ ရွှေခွက်မျှောနေရာများကို သွား ရောက် လေ့လာမည်ဖြစ်၍ သုတ်သုတ်စားသုတ်သုတ်နားပြီး ခြေလျှင်ခရီးဖြစ်၍ ပေါ့ပါးသော ပစ္စည်းများသာ ယူလာ ကြရန် နှိုးဆော်ရပြန်ပါသည်။

ကျွန်တော်လည်း ကိုယ့်စကားနှင့်ကိုယ် ခပ်သုတ်သုတ်စားရာစားပြီးချိန်မှာ ၁၁း၃၀ ရှိနေပေပြီ။ နေ့လည်စာစားပြီးချိန်မှာ နာရီဝက်မျှ မှိန်းတတ်အိပ်တတ်ရာ အားရှိအောင်တော့ ခေတ္တအိပ်လိုက်မိ၏။ ဆူဆူညံညံအသံဗလံများကြောင့် ထကြည့်ရာ ဘုရားဖူးအမျိုးသမီးတွေ အုပ်စုဖြစ်၏။ ၁၂း၀၀ နာရီသာ ရှိသေးသည် သုဇာတာသူဌေးသမီး အိမ်သို့ သွားချင်နေကြပေပြီ။

သုဇာတာနို့ဆွမ်းကပ်နေရာတွင် အထူးအစီအစဉ်အဖြစ် ရန်ကုန်သိမ်ကြီးဈေးမှာ ရှာဖွေယူလာသော မာရီကွန်နို့ဗူးများ ကပ်လှူရေး ဖြစ်သည်။ တစ်ပါကင်လျှင် (၁၄) ဗူးပါ၍ (၃) ပါကင်ရှိ၏။ မြန်မာဘုရားဖူး (၆၄) ဦးကို တစ်ယောက်တစ်ဗူး ဝေငှလိုက်လျှင် သက်သာသော်လည်း ကျွန်တော့အနေဖြင့် ကုသိုလ်ပိုရအောင် အဖွဲ့ဝင်အားလုံးလည်း အံ့အားသင့်သွားအောင် ယနာနို့ဆွမ်း ကပ်လှူနေရာကျမှ ဝေငှရရင်ကောင်းမည်ဟု စိတ်ကူးကပေါ်လာ၍ ဘုရားဖူးအဖွဲ့ဝင်များကို ရှေ့ကသွားနှင့်ကြပေတော့ ကျွန်တော်နောက်က နားနားနေနေ လိုက်ခဲ့မည်ဟု မှာလိုက်မိ၏။ ဗုဒ္ဓဂါယာမြန်မာကျောင်းမှ တက္ကသိုလ်စာများလာရောက်လေ့လာသင်ကြားနေသူ ဦးပညာသာမိက ဘုရားဖူး အဖွဲ့ကို ဦးဆောင်၍ သွားနှင့်ပေပြီ။

ကျွန်တော့ဗလ ကျွန်တော့အားကို ယုံကြည်စွာဖြင့် နို့ပါကင် (၃) ပါကင်ကိုထမ်း၍ ဗုဒ္ဓဂယာကျောင်းမှ ခရီးစ

ထွက်ခဲ့ရာ အစပထမက အဆင်ချောသယောင်ရှိသော်လည်း ဂျပန်တံတားထိပ်ရောက်တော့ မရှုနိုင်မကယ်နိုင် ဖြစ်တော့၏။ နေက ဆောင်းနေဖြစ်သော်လည်း ၁၂း၀၀ နာရီဆိုတော့ နဲနဲပူပေ့ါ၊ ပူတာရော မောတာရော ယောရိရောယာ ဖြစ်ကုန်ပြီး စိတ်အားငယ်စွာ ထိုင်နေမိစဉ် အိမ်သာတက်၍ နောက်ကျ ကျန်နေသော ကိုသန်းလှိုင် (မြောက်ဒဂုံ) တစ်ယောက် ကားယားကားယားနှင့် ရောက်လာ၍ အကူအညီတောင်းရာ (၂၄) ဗူးပါ တစ်ပါကင် သယ်ပေးမယ်ပြောရာ ဝမ်းသာသွားပါသည်။ (၂) ပါကင်ဆိုတော့ နဲနဲတော့ တော်သေးတာပေါ့၊ သို့သော်လည်း (၁) မိုင်ခွဲခရီး လောက်ရှိသောကြောင့် မဟန်သေး၊ ကိုသန်းလှိုင်ကတော့ ပြောပြောဆိုဆိုသွားနှင့်ပြီ။ ကျွန်တော်က အမောမပြေသေး အမောပြေအောင် ရန်ကုန်ကပါလာတဲ့ ဂျိုးသိန်းတစ်လိပ်ကို ဖွာရှိုက်နေမိတော့၏။ ထိုစဉ်မှာပင် ခပ်လှမ်းလှမ်း လန်ချားဂိတ်မှ ကုလား (၁၅) ယောက်လောက် ကျွန်တော့နား ရောက်လာရာ ထိတ်ထိတ်ပြာပြာဖြစ်သွားမိသည်။ ပြီးမှ သက်ပြင်းချနိုင်၏။ ဂျိုးသိန်းဆေးလိပ်ကို လာဝိုင်းကြည့်ကြခြင်းဖြစ်ပါသည်။ အိန္ဒိယပြည်တွင် ဂျိုးသိန်းလောက်ကြီးသော ဆေးပေါ့လိပ်မရှိ။ ဘီလီဟု ခေါ်သော လက်သန်းအရှည်နီးပါးရှိ ပြားသေးသေး ဆေးလိပ်သာရှိရာ ကျွန်တော်သောက်နေသော ဂျိုးသိန်းကို အထူးအဆန်း ဝိုင်းကြည့်ပြီး တောင်းသောက်ကြ၏။ ကျွန်တော်ကို ဘယ်ကလည်းဟု လက်ဟန် ခြေဟန် ကုလားစကားသံဖြင့် မေး၏။ ကျွန်တော်

က မြန်မာဟုပြောရာ မသိကြောင်း နောက်တခါ မြန်မာ ဟုထပ်ပြောရာ အားလုံးငြိမ်ချက်သားကောင်းပြီး သူတို့ထဲမှ ကုလားလေးတဦးက မြန်မာကျောင်းဘက်သို့ လက်ညှိုး ထိုးပြပြီး၊ အော် လိုက်တော့မှသဘောပေါက်သွားကြပြီး ဆူညံ သွားပါတော့သည်။ ကျွန်တော်လည်း စိတ်မော လူမော ဖြစ်နေရတဲ့အထဲ - 'ကုလားအုပ် လုပ်နေပုံတော့ သုဇာတာ အိမ် ဒီနေ့ ရောက်ပါ့မလား ဟုတွေးကာ စိတ်ညစ်စိတ်ပူ ဖြစ်နေ၏။ ထိုစဉ် အသက် (၄၅) နှစ်အရွယ် မုတ်ဆိတ်မွေး ဗလဗျစ်နှင့် ဒိုတီဝတ်သူမှ ကျွန်တော်အိပ်ထဲက ဂျိုးသိန်း ဆေးလိပ် (၅) လိပ်ပေးရင် သုဇာတာအိမ် သူလိုက်ပို့မည် ဖြစ်ကြောင်း ကမ္ဘာသုံး လက်ဟန် ခြေဟန်စကားသံဖြင့် ရှင်းပြရာ အရမ်းဝမ်းသာစွာဖြင့် အိပ်ထဲမှ ဂျိုးသိန်းကို ရေတွက်ကြည့်ရာ (၄) လိပ်သာရှိ၍ (၄) လိပ်ထောင်ပြရာ ခေါင်းငြိတ်သဘောတူကြသဖြင့် နို့ပါကင် (၂) ထုတ်ကို လန်ချားပေါ်တင်၍ ဂျပန်နိုင်ငံမှ လှူဒါန်းထားသော (၁) မိုင်နီးပါးခန့်ဟုထင်ရသော တံတားပေါ်တွင် ဇိမ်ကျစွာ လိုက်လာခဲ့ရပါတော့၏။'

တံတားဆုံးကာနီးတွင် စကားတပြောပြောနှင့် လမ်းလျှောက်လာသော ဒေါ်ညွန့်ညွန့်ခင်တို့အုပ်စုကို တွေ့ လိုက်ရာ ၎င်းတို့အဖွဲ့က မရွယ်ပါဘဲ ဝါးလုံးကွဲမတတ် ရယ်မောကြပါ၏။ အဖွဲ့မှ အဝဆုံး ဒေါ်ညွန့်ညွန့်ခင်ကို တံတားထိပ်မှစောင့်၍ "ကဲ အန်တီညွန့်ရေ လန်ချားပေါ်

တက် ကျွန်တော်တော့ လမ်းဆင်းလျှောက်မယ်" ပြောရာ အန်တီညွန့်က "နှစ်ယောက်မနိုင်ဘူးလား" ဟု လန်ချား ဆရာကို မေး၏။ လန်ချားဆရာက လမ်းကိုလက်ညိုးထိုးပြရာ သဲလမ်းဖြစ်ခြင်းကြောင့် တစ်ယောက်သာ သူနိုင်ကြောင်း အကြောက်အကန် ငြင်းနေ၍ တစ်လမ်းလုံး အသားမစား သက်သတ်လွတ်စားလာ၍ အားအင်တွေ နည်းပုံရသော ဖားအံ့တံတား ဒါရိုက်တာကြီးကတော်ကို "ကဲ သုဇာတာ သူဌေးသမီး လန်းချားပေါ် ကြွနိုင်ကြောင်းပါခင်ဗျား" လို့ ပြောလိုက်ရာ တဝါးဝါးနှင့် ရယ်မောကြရာ ခပ်နွမ်းနွမ်း ဖြစ်နေသော အဖွဲ့သားအချို့ ခပ်လန်းလန်းဖြစ်သွားပါ တော့သတည်း။

သုဇာတာ အိမ်ဂေဟာကုန်း အတတ်ရောက် တော့လန်ချားက ခရီးမဆက်နိုင်တော့။ ကတိတည်သော ကုလားလူမျိုး လန်ချားသမားပါပေ။ သူ့ကတိအတိုင်း သုဇာတာ အိမ်ဂေဟာကုန်းအပြင် ယနာနို့ဆမ်း ကပ်ရာ အနီးသို့တိုင်လိုက်ပို့ရှာပါသည်။ ဂျိုးသိန်း(၄)လိပ်၏တန်းဖိုး ကားကြီးလှပါပေ၏။ ယနာနို့ဆွမ်းကပ်သော နေရာဌာန သို့ရောက်ရန် ရွာသေးသေးတစ်ခုကို ဖြတ်ကျော်ရဦး မည်ဖြစ်ရာ ရွာထိပ်တောအုပ်စပ်စပ် အရောက်တွင် ဦးပညာသာမိမှ ဘုရားဖူးများကို ခဏနားစေပြီး ရှင်းလင်း ပြောပြသည်။ ယခု ကုလားရွာတွေကို ဖြတ်ပြီဆိုရင်ဖြင့် ကုလားလေးတွေက အတင်းနောက်မှ ပိုက်ဆံလိုက်တောင်း လက်ကိုဆွဲ အိပ်ကိုဆွဲ လုပ်တတ်ကြောင်း၊ ၎င်းအခါမျိုးတွင်

အတတ်နိုင်ဆုံး ဘယ်သူမှပိုက်ဆံမပေးပါရန်နှင့် ပေးမိပါက အုံလိုက်ကျင်းလိုက် အကြီးအကျယ် လိုက်တောင်းပြီး မပေးပါက ငို၍တဖုံ လက်တို့၍တနည်း တောင်းတတ်ကြောင်း စိတ်ညစ်အောင် စိတ်မရှည်အောင် တောင်းတတ်ကြောင်း ထိုအခါ၌ စိတ်မရှည်သူ စိတ်တိုသူနှင့်တွေ့၍ ဆွဲဖယ်တွန်းထုတ်လုပ်မိလျှင် ရွာထဲငိုယိုပြေးပြီး မြန်မာဘုရားဖူးတွေ ရိုက်နှက်ကြောင်း ရွာသားတွေကို ပြောတတ်၏။ ထို့ကြောင့် သည်းခံခွင့်လွှတ်ကြရန် မေတ္တာရပ်ခံထားပါသည်။



**သုဇာတာအိမ်နေရာကုန်း**

အုတ်ကျိုးအုတ်ပုံ ဟောင်းကြီးပေါ်ရောက်တော့ ဦးပညာသာမိ က ပြောပါသည်။ရင်းနေရာသည် သုဇာတာသူဌေးသမီးအိမ်နေရာဖြစ်ကြောင်းသိရပါသည်။ ထိုမှ ခရီးအတန်ငယ် မိုင်ဝက်နီးပါး ခရီးဆက်ခဲ့ရာ ညောင်ပင်အို

ကြီးနားရောက်လာပါတော့သည်။ ညောင်ပင်အိုကြီးနှင့် ကပ်ရပ် ဟိန္ဒူဘုရားကျောင်း အနောက်ဖက် ခပ်မလှမ်း မကမ်း နေရာသည် ယနာနို့ဆွမ်းကပ်နေရာအထိမ်းအမှတ် နေရာ ရုပ်ထုဖြစ်ပြီး မြန်မာဘုန်းတော်ကြီးများ ကြပ်မတ် အလှူခံ၍ရသော နေရာလေးမှာ မြတ်စွာဘုရားအား သုဇာတာမှ ယနာနို့ဆွမ်းကပ်ဟန်ရုပ်ထုတော်ကို ဖူးတွေ့ရ ပါသည်။မြန်မာနိုင်ငံမှအနုလက်ရာမှန်း ဖူးမြင်လိုက်ရ သည်နှင့် လမ်းတလျှောက်ပင်ပန်းသမျှ ကြည်နူးချမ်းမြေ့ ရပါသည်။

ခေတ္တခဏ အမောအပန်းတွေ ဖြေကြပြီးချိန်မှာ "ကဲ အန်တီအေး (ပေါက်ပေါက်) တို့ မိုးသန္တာ (ကျောက်ကုန်း) တို့ ဝေငှပေးပါ တစ်ဦးတစ်ဗူးစီ" ဟု ပြောပြော ဆိုဆို နို့ပါကင် (၂) ထုတ်ကိုလှမ်းပေးလိုက်သည်။ ကျွန်တော်လည်း ကျန်ပါကင်ကိုဖွင့်ခါ ရဟန်းသံဃာတော်များပါမကျန် စတင် လိုက်လံဝေငှလိုက်ချိန်မှာ ဘုရားဖူးအဖွဲ့ဝင် တော်တော် များများ ဝမ်းသာလုံးဆို့သွားဟန် ပါးစပ်အဟောင်းသားနှင့် ခပ်ပြုံးပြုံးကလေး ဖြစ်ကုန်တော့သည်။

'ဦးကံဝင်း ခရီးတလျှောက်လုံး ထမ်းလာတာ ဒါကိုး ကွက်တိဘဲဗျို့။ ဘယ်ဘုရားဖူးအဖွဲ့မှလုပ်မှာမဟုတ်ဘူး။ ကျုပ် သိသလောက်တော့ ကျုပ်လိုက်ပို့သမျှတော့ မကြုံ ဘူးပါဘူး။ စိတ်ကူးကလည်း ကောင်းပါ့ဗျာ" ဟု စီးပွား

ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အန္ဒိယ နိုင်ငံတွင် ဘုရားဖူးများအားကြီးကြပ်ရန် စေလွှတ်ထားသူ ဦးတင်ဦးမှချီးကျူးစကား ပြောလိုက်ခြင်း ဖြစ်ပါသည်။ ပုထုဇဉ်ဆိုတော့လည်း မြှောက်ပြောတာ အမှန်ပီတိ ဖြစ်မိပါသည်။ အချိန်ကိုက်စီစဉ်ဆောင်ရွက်ရမည့် စုပေါင်း ယနာနို့ဆွမ်းကပ်ရန် အစီအစဉ်ပင် ခေတ္တမေ့လျော့ နေရာမှ ဦးဇောတိက က၊ အဖွဲ့၌ပါလာသောသက်တော်ကြီး ဆရာတော် ဦးပါမောက္ခ (သရက်တော) အား "ဆရာတော် ရှေ့ကဦးဆောင်တိုင်ပေးတော်မူပါဘုရားဟု" လျှောက်လိုက်မှ နေရာပြေးယူလိုက်ရသည်။

စုပေါင်းညီညာ ယနာနို့ဆွမ်း ကပ်လှူပြီးနောက် မြန်မာကျောင်းမှ ဦးပညာသာမိမှ "ကဲ ဒီဘက်ကိုလာ အားလုံးကြည့်ကြပါ" ဟု ဆိုလိုက်သဖြင့် အသံလာရာ အနောက်ဘက်သို့လှည့်ကြည့်လိုက်သည်။ ယနာနို့ဆွမ်း ကပ်လှူရပ်ထုတော်၏ အရှေ့လက်ယာဘက် ယွန်းယွန်း၌ မြင်လိုက်ရသော ထန်းငါးပင်နေရာသည် ဉရုဝေလ ရသေ့ကြီး၏ကျောင်းသခ်မ်းတည်ရှိကြောင်း၊ မြတ်စွာဘုရား ရှင်သည် ဉရုဝေလရသေ့ကြီးထံ တစ်ညတာ တည်းခိုခွင့် တောင်းရာ မီးတင်းကုတ်အတွင်း၌ တည်းခိုခွင့်ပြုခဲ့သည်။ ၄င်းမီးတင်းကုတ်တွင် အဆိပ်ပြင်းသောနဂါးကြီးတစ်ကောင် ရှိသည်။ ဘုရားနှင့်နဂါး တန်ခိုးပြိုင်ကြရာ မြတ်စွာဘုရား

တန်ခိုးတော်ကြောင့် နောက်ဆုံးနဂါးကြီးရှုံးပြီး သပိတ်အတွင်းသွတ်သွင်းခြင်းခံရပါသည်။ ယခင်က မီးတင်းကုတ်နေရာတွင် အဆိပ်ပြင်းသောနဂါးရုပ်ရှိသော်လည်း၊ ယခုမရှိတော့ကြောင်း အချိန်နှင့်အနေအထားကြောင့် ၄င်းနေရာကိုသွားရောက်မကြည့်ရှုတော့ပါရန်နှင့် ယခုရွှေခွက်မျှောဟန် ရုပ်ပွားတော်ကို သွားရောက်လေ့လာကြရန် ပြောပြပါသည်။ကျွန်တော်တို့လည်း နဂါးမင်းကို အောင်နိုင်ခဲ့သော နေရာသို့မျှော်မှန်းကာ လက်အုပ်ချီမိုး တန်ခိုးတော်ကြီး မြတ်စွာဘုရားကြီးကို ကန်တော့ခဲ့ကြပါသည်။

သုဇာတာ သူဌေးသမီး ယနာနို့ဆွမ်းကပ်တော်မူရာမှ မိနစ် (၂၀) ခန့် လမ်းလျှောက်လျှင် နေရဉ္ဇရာမြစ်ကမ်းအနီး၌ ရွှေခွက်မျှောဟန်ရုပ်ပွားတော်ဟု မြန်မာစာတန်းထိုးထားသည့် အဆောက်အအုံကို ရောက်ပါသည်။ ၄င်းရွှေခွက်မျှောဟန်ရုပ်ပွားတော်မြတ် ရှေ့တွင်အာရုံပြု၍ ရှစ်ခိုးပူဇော် ကန်တော့ကြပြီးနောက် သဲသောင်တွေ ထွန်းနေသော နေရဉ္ဇရာမြစ်ကျယ်ကြီးကို မှန်းမျှော်ကြည့်ကြရင်း မျက်ဝန်းထဲတွင် မျက်ရည်များစို့နေကြသည်ထိ ခံစားမိကြသည်။

မြန်မာဘုရားဖူးအဖွဲ့ဝင်တချို့ကတော့ ဘုရား

စစ်စစ် ဧကန်ဖြစ်မည်ဆိုပါက ရွှေခွက်သည် ရေညာသို့ ဆန်ပါစေသားဟု အဓိဋ္ဌာန်ပြုခဲ့သော မြစ်ကမ်းနဖူးတွင် လက်အုပ်ချီမိုး၍ ဆုတောင်းအဓိဋ္ဌာန်ပြုနေကြ ပါသည်။

နေရဉ္ဇရာမြစ်ကမ်း၌ ဆုတောင်းအဓိဋ္ဌာန်ပြုကြပြီးနောက် လာလမ်း၏ သုံးချိုးတစ်ချိုး ပြန်လျှောက်ကာ ကျေးရွာ (၂) ရွာ ဘက်ဖြတ်လျှောက် လွန်မြောက်ပြီးချိန်မှာ မြတ်စွာဘုရား အလောင်းအား မြက်ရိတ်သမားသုဒ္ဓိယမှ မြက်ရှစ်ဆုတ် လှူဒါန်းနေသော ရုပ်ထုနေရာတော်သို့ ရောက်ပါသည်။

၄င်းနေရာရောက်မှပင် ကျွန်တော် သက်ပြင်းရှည်ကြီးကို ကောင်းစွာချနိုင်ပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ဦးပညာသာမိပြောသော ကုလားလေးများ အတင်းဒရကြမ်းလိုက်လံတောင်းရမ်း နှောင့်ယှက်ခဲ့၍ပင်။ ဘုရားဖူးတချို့စိတ်ညစ်ကုန်၏။ အခံရဆုံးကတော့ ကျွန်တော် အဖွဲ့ခေါင်းဆောင် ဖြစ်သူ (၆၄) ဦးပါအဖွဲ့သားများနောက်မှ လူစုမကွဲရန် စီစစ် စောင့်ရှောက်လိုက်ပါလာရသည်ဖြစ်ရာ ကုလားကလေးများ၏ ပစ်မှတ်ကို အလူးအလဲခံရပါတော့သည်။

ခန္တီစသည်းခံခြင်းသည် အောင်မြင်ခြင်း အရာဖြစ်ခဲ့ပေပြီ။ ယခုရောက်သောနေရာမှ လှမ်းမျှော်ကြည့်လိုက်သော် အလွန်တရာကျယ်ဝန်းသော (၁) မိုင်ခန့်

အကျယ်ရှိသော နေရဉ္ဇရာမြစ်ကြီးကို မြင်ရပြန်သည်။၎င်း မြစ်ပြင်ကျယ်ကြီးတွင် သဲသောင်တွေပေါ် လျှောက်လိုက် ရေပြင်ထဲ ဖြတ်လျှောက်လိုက်နှင့် ပုဆိုးတွေမ၊ ဖိနပ်တွေချွတ်၍ ကိုးယို့ကားယား နိုင်လှသော်လည်း စိတ်မှာကြည်လည်း ကြည်နူး ပျော်လည်းပျော်မိသည်။ ရေစီးသန်နေရာတွင် သတိ ဝီရိယထား လုံချည်တွေမ၍ ဖြတ်လျှောက်ကြရသည်။ ကျွန်တော်များအဖွဲ့ နေရဉ္ဇရာမြစ် ဖြတ်သောကာလသည် ဒီဇင်ဘာကုန်၍ ဇန်နဝါရီဆန်းဖြစ်ရာ မြစ်ရေကလည်းမကြီး မခမ်းသော အချိန်ဖြစ်ပါသည်။ မတ်လလောက်ဆိုပါက ရေခမ်းသွားပြီးဖြစ်ရာ ညနေ (၅) နာရီ (၆) နာရီတွင် သဲသောင်ကို ဖြတ်မလျှောက်ရဲကြပါ။ ကြက်ဥပြုတ်ထားရင် တခဏပင် ကျက်ကြောင်း ဒေသခံများကပြော၍ သိခဲ့ရပါသည်။ အိန္ဒိယ၏ ရာသီဥတုကား ပူလျှင်လည်း လူသေအောင်ပူ၍ အေးလျှင်လည်း လူသေလောက်အောင်အေးတတ်ပါသည်။



## မင်းတုန်းမင်း၏အလှူတော်

နေရဉ္စရာမြစ်အား ဆက်လက်ဖြတ်ကူး လျှောက်လှမ်းလာရာ မကြာခင်မှာတွင် မဟာန့်နန်းတော်ကြီး ၏ နောက်ဖက်ခြမ်းကမ်းနားသို့ရောက် လာပါသည်။ ၎င်းနေရာမှ လူစစ်ဆေး၊ လူစုံသောအခါ မဟာန့် နန်းတော်ကြီးကို ဖြတ်သန်းလေ့လာကြပြီးနောက် မြောက်ဘက်အပေါက်မှ ပြန်ထွက်၍ မင်းတုန်းမင်းဇရပ်ကို လေ့လာကြရန် ခြေလျှင်ခရီး ထပ်လျှောက်ကြပြန်ပါသည်။ (၅) မိနစ်ခန့်လျှောက်ပြီးသော် ဦးစွာပထမ တွေ့ရမည့် ဌာနကား ခြံနွယ်ပိတ်ပေါင်းတွေခြားမှ ဘကြီးတော် ကျောက်စာတိုင်နှင့် မင်းတုန်းမင်းကြီး ကျောက်စာတိုင် တို့ဖြစ်ပါသည်။ ၁၈၇၄ ခုနှစ်၌ မင်းတုန်းမင်းကြီးသည် ဘုရင့်သံတမန်တော်များ စေလွှတ်၍ ထိုခေတ်ရှုပီငွေ (၆) သန်းဖိုးရှိ ရွှေငွေရတနာများ လှူဒါန်းခဲ့ပါသည်။မင်းတုန်း မင်းကြီးသည် ၁၈၇၅ တွင် တစ်ကြိမ် သိန်းပေါင်းများစွာ အကုန်ကျခံ၍

မဟာဗောဓိစေတီတော်ကြီးအား ပြုပြင်ခဲ့ ပါသည်။ ယနေ့ဖူးတွေ့ရသည့် မဟာဗောဓိစေတီကြီးအား မင်းတုန်းမင်းတရာကြီး ပြုပြင်မွမ်းမံထားသည့်အတိုင်းပင် ဖူးတွေ့နိုင်ပါသည်။

ဘကြီးတော်ကျောက်စာတိုက်မှ ကျောက်စာများသည် မလိုတမာသူများ၏ ပွတ်တိုက်ဖျက်စီးခြင်းခံရ၍ မင်းတုန်းမင်း ကျောက်စာတချို့ကိုလည်း ဖျက်စီးထားကြပြန်သည်။ ကံအားလျော်စွာ အချို့တော်တော်များများ ဖတ်ရှု၍ရသေးရာ ဆက်လက်မဖျက်စီးပဲ ချန်ထားသူ မလိုတမာသူများကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေမိ၏။ သိမ်ဖြူလမ်း ဂျီအီးစီဆိုင်နှင့်မျက်နှာခြင်းဆိုင်တိုက်က ဦးရွှေအောင်ကတော့ သူတကာထက် ပိုထူးပါသည်။ သူမျက်နှာသုတ်ပုဝါဖြင့် စာလုံးတွေသုတ်လိုက် အသံကျယ်ကျယ်ဖြင့် အော်ဖတ်လိုက် လုပ်နေသည်။ စစ်ကိုင်းတိုင်းသစ်လုပ်ငန်းမန်နေဂျာကြီး ဦးအောင်သိန်းကတော့ မျက်မှန်ထူထူကြီးတပ်ပြီး မြင်တွေ့သမျှ ကျောက်စာတွေ မှတ်တမ်းစာအုပ် တွင် ကူးရေးနေပါသည်။

ရာဇဝင်စာအုပ်တွင်ဖတ်ရသော မင်းတုန်းမင်းကြီး လက်ထက် ကောင်းမှုတော် နှစ်ထပ်တိုက်ဇရပ်ကြီးကိုတော့ တစ်ထပ်တိုက်ဇရပ်ကြီးအဖြစ် မြင်ခဲ့ရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ကျောက်စာတိုက်နှင့် မလှမ်းမကမ်းတွင် ဗုဒ္ဓဂယာရဟန်းတော်များ မြန်မာမင်း တမန်တော်များ

စေတီတော်ပြုပြင်ထိန်းသိမ်းသူများနေထိုင် ရန်နှင့် လှူဖွယ်ပစ္စည်းများ သိမ်းဆည်းထားရန် ရည်ရွယ်ချက်ဖြင့် မင်းတုန်းမင်းကြီး မှ ၁၈၇၄ ခုနှစ်တွင် ဆောက်လုပ် ခဲ့ ခြင်းဖြစ်ပါသည်။ ထိုစဉ်က ၄င်းဗိဟာနယ်၏ ဒုတိယ အကြီးဆုံး မြေပိုင်ရှင်ဖြစ်ခဲ့သော မဟာန့်အား ၄င်း (၂) ထပ် တိုက်ဇရပ်ကြီးနှင့် အတွင်းပစ္စည်းများကို ထိမ်းသိမ်း စောင့်ရှောက်ရန် အလို့ငှာ မြန်မာမင်း တမန်တော်များမှ အပ်နှံထားခဲ့မိသည်။

မဟာန့်သည် လှူဖွယ်ပစ္စည်းများကို ကိုယ်ကျိုးအတွက်သုံးခဲ့သည့်အပြင် (၂) ထပ်တိုက်ဇရပ်ကြီးကို ဖျက်၍ တစ်ထပ်တိုက် အသစ်တစ်ခု ဆောက်လုပ်ထားရာ ရှားပါးလှသော မြန်မာမှု အနုလက်ရာတွေ အတော်များများပျောက်ခဲ့ရပြီးဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်မှာ စိတ်မကောင်းစရာ ဖြစ်ပါသည်။ ၄င်းတစ်ထပ်တိုက် ဇရပ်ကြီး၏ ပင်မတံခါးများပိတ်ထား၍ အပြင်မှပါတ်၍ ကြည့်ရှုလေ့လာကြပါသည်။ ရှားရှားပါးပါး လေ့လာစရာ မြန်မာမှုအနုလက်ရာဆို၍ ပျက်စီးယိုယွင်းနေသော ရှေးခေတ်ဘုရင်များသုံး ညောင်စောင်းအပျက်ကိုတော့ အပြင်ဘက်တွင် ထုတ်ထားသည်ကိုသာ အလွမ်းပြေ လေ့လာကြည့်ရှု ဓါတ်ပုံရိုက်နိုင်ခဲ့ပါသည်။

မင်းတုန်းမင်းကြီး ဇရပ်မှ ပြန်လည်ထွက်ခွာလာခဲ့

ကြရာ မဟာနန့်နန်းတော်ရာအတွင်းဘက် ဘေးကပ်ရက်လမ်းမှ နန်းတော်ရာ အရှေ့ဘက် အပေါက်သို့ ရောက်လာခဲ့ပါသည်။နန်းတော်ရာအဝင်ပေါက်ကြီးမှ ထွက်လိုက်သည်နှင့် ကတ္တရာလမ်းပေါ် ရောက်ခဲ့ကြသည်။ ထိုမှ မြန်မာကျောင်းသို့ တစ်ဦးလျှင် (၃) ရူပီးပေးရသောသုံးဘီးကားဖြင့် မြန်မာကျောင်းသို့ ချောမောစွာ ပြန်လည် ရောက်ရှိခဲ့ကြပါသည်။

ညစာထမင်းစားသည့်အခါ ကြက်ဥဟင်းဖြစ်သော်လည်း ပင်ပန်း၍လားမသိ စားကောင်းကောင်းနှင့်စားကြပြီး အားလုံးလိုလို အိပ်ပျော်သွားကြ၏။ မြန်မာဘုရားဖူးများ အပင်ပန်းဆုံးနေ့တစ်နေ့ ဖြစ်ခဲ့သည်။ ယနေ့ လျှောက်ခဲ့သော ခရီးမိုင်ကား သွားပြန် (၄) မိုင်ခန့်ရှိခဲ့ကြပါသည်။



## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၄) ရက်နေ့

## ဒုက္ခရစရိယတောင်

၄-၁-၁၉၉၈ မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့

ရန်ကုန်တွင် မနက် (၈) နာရီမှ အိပ်ယာထလေ့ရှိသော ကျွန်တော် ဗုဒ္ဓဂယာခရီးမှာ နံနက်တိုင်း သံပါတ်မပေးပါပဲ စောစီးစွာ နိုးထခြင်းက အလွန်ထူးခြားအံ့ဖွယ် ကောင်းလှပါ၏။ ယခုလဲ နံနက် (၄း၃၀) မှာ အိပ်ယာနိုးလာပါသည်။

အိပ်ယာထ နံနက်စောစော ပြုဖွယ်ကိစ္စများပြီးစီးချိန်တွင် ဆွမ်းချက်ဆောင်ကိုသွား၍ အဆင့်ဆင့်ဖြစ်မဖြစ် သွားရောက်ကြည့်ရှုရပါသည်။ ဘုရားဖူးမမှမိတ်ဆွေများကို လိုက်လံ၍နိဗ္ဗာန်ဆော်ရပါသည်။ နိုးရသည်။ နံနက်တိုင်း အာရုဏ်ဆွမ်းကပ်လှူရာတွင် အားလုံးစုပေါင်းညီညာ ဆွမ်းကပ်စေချင်သောကြောင့်

ဖြစ်ပါသည်။ ယနေ့ကား တခြားနေ့များနှင့်မတူ ထူးထူးခြားခြား ဆွမ်းကပ်လှူရန် စီစဉ်ထားပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်း အမှတ် ဆွမ်းကပ်လှူပွဲကြီးပြုလုပ် ဖြစ်ပါသည်။ ထို့ အပြင် ယနေ့ လွတ်လပ်ရေးနေ့မှာတင် ဗုဒ္ဓဂယာမြန်မာ ကျောင်း၌ အဖွဲ့တွင် သိက္ခာတော်ကြီး မထေရ်ကြီး ဦးပါမောက္ခ (သရက်တော) ကို သိက္ခာထပ် အလှူပွဲနှင့် ယနေ့မနက်ပိုင်း သွားရောက်ဖူးမျှော်ရမည့် ဒိုက္ကရစရိယာတောင်ကို စောစော တက်ဖို့ပါ ကြိုတင်စီစဉ် မှာကြားထားရပါသည်။

နံနက် (၅း၃၀ )မှာ သံဃာတော်များ စုံညီစွာ ကြွ ရောက်ပြီးနောက် 'လွတ်လပ်ရေးနေ့' အထိမ်းအမှတ် စုပေါင်း ဆွမ်းကပ်လှူကြပါသည်။ ဆရာတော် သံဃာတော်များမှလည်း မြန်မာပြည်ကြီး ထာဝရလွတ်လပ်ချမ်းသာရန် ဆုတောင်း မေတ္တာပို့ကြပါသည်။

နံနက် (၆း၃၀) မှာဖြင့် ကြိုတင်မှာကြားထားသည့် အတိုင်း ကားကြီး (၂) စီးပေါ်မှာ ဘုရားဖူးများ စုံညီနေရာ ယူပြီးကြပြီဖြစ်ပါသည်။ နာရီဝက်ခန့် ကားမောင်းလိုက် သောအခါ ဒုက္ကရစရိယာတောင်ခြေသို့ ရောက်ရှိပါသည်။ ဗုဒ္ဓဂယာမြန်မာကျောင်းနှင့် ဒုက္ကရစရိယတောင်ခြေသည် (၄) မိုင်သာသာ ဝေးကြောင်း လေ့လာသိရှိရပါသည်။ ကား

ပေါ်မှဆင်း၍ လှမ်းမျှော်ကြည့်ရာ အနည်းငယ် မတ်စောက်၍ လမ်းကလေးသည်ပြေပြစ်လှပြီး မဲဇလီ၊ ဒဟတ်ပင်များနှင့် လှချင်တိုင်းလှနေသည့် ပန်ချီကားတစ်ချပ်သဖွယ် ကြည်နူးမိပါသည်။ စကားတစ်ပြောပြော တဖြေးဖြေးချင်း တစ်ဦးကိုတစ်ဦးဖေးမပြီး တက်လာကြရာ ခြေလှမ်းအားဖြင့် (၁၀၀၀) ကျော်ကျော် လှမ်းပြီးချိန်မှာ တောင်ထိပ် ရောက်ပါသည်။ တောင်ထိပ်လှေခါးထိပ် မှာ တိဘက်ဘုန်းတော်ကြီးတစ်ပါးက ဆီးကြိုနေပါသည်။ ဗုဒ္ဓဂယာ အအေးဓာတ်ထက် အနည်းငယ် ပိုအေးသယောင် ရှိပါသည်။ အမောလဲပြေ အနွေးဓာတ်လည်းရအောင် ကျွန်တော်တို့အဖွဲ့အား တိဘက်ဆရာတော်ကြီးမှဆီးကြို၍ ရေနွေးကြမ်းပူပူများ လဖက်ရည်ချိုများဖြင့် တည်ခင်းဧည့်ခံပါသည်။ ၎င်းတိဘက်ကျောင်းမှ အပေါ်နားလှေခါးထစ်များ အတိုင်းအနည်းငယ် တက်မိလျှင်ဖြင့် မြတ်စွာဘုရား ဒုက္ကရစရိယာ ကျင့်ခဲ့သောဂူကြီးကိုတွေ့မြင်ရပါသည်။



ဒုက္ကရစရိယာကျင့်တော်မူရာဂူသို့သွားရာလမ်း

ကျဉ်းလွန်းသော ဂူပေါက်ဝမှ ငုံ့ဝင်လိုက်သည်နှင့် ဦးစွာဖူးတွေ့ရမည်က အစာရေစာခြိုးခြံစွာစား၍ တရားကျင့်ခြင်းကြောင့် ကျုံလှီသေးကွေး ခန္ဓာကိုယ်လေးပေါ်တွင် အရိုးပေါ်အရေတင် အရိုးပြိုင်းပြိုင်း အကြောလှိုင်းတွေက တွန့်ကြေ တင်ပျဉ်ခွေလျက် ပကတိခြိုးခြံစွာ တရားကျင့်သဏ္ဌာန်နှင့် ချွတ်စွတ်တူအောင် ပြုလုပ်ထားသော ရုပ်ထုတော်ကို ဦးစွာဖူးတွေ့ရပါသည်။ (၁၀) ပေ ပတ်လည်ရှိ ဤဂူထဲတွင် ဘုရားအလောင်းတော် (၆) နှစ်ကြာ ဒုက္ကရစရိယာကျင့်တော်မူခဲ့သည်။ ပဲနောက်ပြုတ်ရေကလေး အနည်းငယ်စားသုံးပြီး မလျှော့ဒသာဇွဲလုံ့လဖြင့် တရားအားထုတ်ခဲ့သော်လည်း ပူလောင်လွန်းသော ဒုက္ခဝေဒနာကိုသာ ခံစားခဲ့ရပါသည်။ ဤဒုက္ခဆိုးအမျိုးမျိုးမှ လွတ်ငြိမ်းချမ်းသာ

သောတရားများကို ရှာမတွေ့သောအဆုံးတွင် စိတ်ကို ရတိပြတ်ဖြတ်၍ အစွန်းရောက်လွန်းသော ထိုအကျင့်ကို စွန့်နိုင်ခဲ့သော နေရာဌာန၊ တနည်းအားဖြင့် မဇ္ဈိမပဋိပဒါလမ်း၏ အစကို သိမြင်လာ၍ ထမင်းနှင့်ဂျုံမုန့်ကို စားသုံးရန် ဆုံးဖြတ်လိုက်သည့်ဌာန၊ နုစဉ်ဘဝ ဖခမည်းတော် လယ်ထွန်မင်္ဂလာဆင်းစဉ်က ဇမ္ဗူသပြေပင်အရိပ်၌ အာနာပါန (ဝင်လေသိ ထွက်လေသိ) စျာန်ဝင်စားခဲ့သည်ကို ပြန်လည်သတိရဆင်ခြင်မိသောဌာန၊ ဤဒုက္ကရစရိယာဂူ ဌာနသည် ဘုရားဖူးဗုဒ္ဓဘာသာဝင်များအတွက် အဖိုးမဖြတ်နိုင်အောင်ပင် ကျေးဇူးများလှပါသည်။

ရောက်နိုင်ခဲပေစွ ဒုက္ကရစရိယာဂူဌာနတွင် ထာဝရအမှတ်ရစေခြင်းအကျိုးငှာ ဓမ္မမိတ်ဆွေများအား အလှည့်ကျအာနာပါန (၁၅) မိနစ်ရှုမှတ်ပွားများစေပါသည်။ ဆရာတော် ဦးပါမောက္ခ (သရက်တော) ၏ ဒုက္ကရစရိယာကျင့်စဉ်မကျဉ်းမကျယ်တရားကိုလည်း ဒုက္ကရစရိယာဂူပေါက်ဝနဘေးရှိ ကွက်လပ်ကလေးတွင် နာယူနိုင်ခဲ့ကြပါသည်။

ဒုက္ကရစရိယာဂူမှ တိဗက်ကျောင်းသို့ ပြန်အဆင်းတွင် လက်နက်ကိုင် အိန္ဒိယရဲသုံးလေးဦးကို အမှတ်မထင်တွေ့လိုက်ရသည်။ ဤတောင်ပေါ်တွင် လုံခြုံရေးစခန်းဖွင့်ထား ပုံရပါသည်။

တိပဋက်ကျောင်းအပေါက်ဝတွင် တိပဋက်ဘုန်းတော်ကြီးမှ လဖက်ရည်ချို ဘီစကစ် မုန့်များဖြင့် ညော့ခံကျွေးမွေးရာ ရန်ကုန်မှစထွက်ကတည်းက မသောက်ခဲ့ရသော ကြိုက်လွန်းသောလဖက်ရည်ကို မြင်ကတည်းက ကြိုက်မရှက် ငတ်မရှက် ဆိုသလို အငမ်းမရ ဦးအောင်သောက်လိုက်မိပါသည်။ တိပဋက်ဆရာတော်ဘုရားကြီးကိုလည်း အသံကျယ်ကျယ်ဖြင့် ဆုတောင်းပေးလိုက်မိသည်။ "တိပဋက်ဆရာတော်ဘုရားကြီး ကျန်းမာ၊ ချမ်းသာ၍ သာသနာတော်ကို ယခုထက် ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ပါစေ" "တိပဋက်ဆရာတော်ဘုရားကြီး မကျန်းမာဘူးတဲ့ဗျို့၊ ပြီးခဲ့တဲ့တစ်ပါတ်ကပဲ ကုလားလူဆိုးသုံးဆယ်ကျော်လောက် တောင်ပေါ်တက်လာပြီး၊ ဆရာတော်ကြီးကို ရိုက်နှက်၊ ရူပီးဆယ်သိန်း လုသွားတယ်။ အဲဒီ ရူပီးဆယ်သိန်းကလည်း ဂျပန်ကအလှူရှင်တစ်ချို့နှင့် ဘုရားဖူးတွေ လမ်းပြင်ဖို့လှူခဲ့တဲ့ငွေ၊ နောက်တစ်နေ့ဆို လမ်းပြုပြင်ဖို့ ငွေချေတော့မယ့်ဆဲဆဲ" တဲ့ ကျွန်တော့်ဆုတောင်းမဆုံးမီပင် မိုးကုတ်၊ နဂါးရုံကျောင်းတိုက်မှ ဆရာတော် ဦးကုမာရကပြောပြခြင်း ဖြစ်ပါသည်။ ဤသတင်းအား ဘယ်သူပြောတာလဲ မေးသောအခါ ဗုဒ္ဓဂယာကျောင်းဆရာတော်မှ ပြောကြောင်း ဆရာတော်ကိုယ်တိုင် ပြည်နယ်တရားရုံးသို့ တိုင်ကြားထားသော်လည်း အရေးတယူ မရှိ၍ မနေ့က တစ်ခါထပ်ပြီး

သွားပြောမှ ရဲတစ်ချို့လွှတ်ပေးကြောင်း သိရပါသည်။ စောစောက တွေ့ခဲ့ရသော လက်နက်ကိုင်ရဲများ ဖြစ်ပါလိမ့်မည်။ လူမျိုးခြား၊ နိုင်ငံခြားသား၊ ဘာသာခြားတို့ အလယ်မှာ ကြံ့ကြံ့ခံသာသနာပြုနေသော ဆရာတော်များကို လေးစားကြည်ညို ချီးကျူး၍ မဆုံးနိုင်အောင် ဖြစ်မိပါသည်။ ဒုက္ကရစရိယတောင် တိဗက်ဆရာတော်များနည်းတူ ဗီယက်နမ် ဗုဒ္ဓ ဘုရားကျောင်းလည်း ဓါးပြတိုက်ခံရသည်ဟု ကြားသိပြန်ရာ လွန်စွာစိတ်မကောင်းခြင်း ဖြစ်ခဲ့ရပြီး စိတ်အစဉ်၌ လူငယ် တွေးတွေးကာ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရား မြန်မာနိုင်ငံမှာ လာပွင့်လို့ ရရင် အဘယ်မျှ ကောင်းလိုက်မည်နည်း။ အမျိုးမာန်၊ ဇာတိမာန်ဖြင့်သာ တွေးလိုက်ရသည်။ ပွင့်ခဲ့ပြီးသော ကကုသံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားများ အပြင် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားသည် ဤအိန္ဒိယပြည် ဗီဟာနယ် ဗုဒ္ဓဂယာမြို့ မဟာဗောဓိစေတီ၊ ဗောဓိပင်နှင့် ဒွေပလ္လင်မှာသာ ပွင့်တော်မူကြကုန်သည်မှာ အတိအကျသိနှင့်ပြီးဖြစ်သည်။ ဒုက္ကရစရိယတောင် ဆရာတော်ဘုရားကြီးအား နဝကမ္မငွေ လှူဒါန်းကြပါသည်။ အိုမင်းမစွမ်း ဖြစ်နေသော တိဗက်ဆရာတော်ဘုရားကြီးကို သနားကြည်ညိုသောအားဖြင့် ဒေါ်လာငွေများနှင့် ရူပီးငွေများ သဒ္ဒါထက်သန်စွာ လှူဒါန်းကြသည်မှာ

မြန်မာသာကီဝင်မျိုးတွေ၏ ကြင်နာ ယုယ လှပသော စိတ်ဓါတ်များကို ဖေါ်ညွှန်းနေသယောင်ပင်။ ဒေသစံတော်ချိန် (၉း၃၀) မှာ ဒုတ္တရစရိယတောင်တော်မှ ပြန်လည်ထွက်ခွါလာခဲ့ကြရာ တောင်ဆင်းလမ်းတစ်လျှောက်တွင် တောင်းရမ်းနေသော ကလေး၊ လူကြီးအုပ်ကြီးအား ကားလမ်းတစ်လျှောက် (၁၀၀) ထက်ပင်မနည်း ရှိလောက် ပေမည်။ ဒုတ္တရစရိယတောင်နှင့် ဒုတ္တရစရိယဂူအား ကားပေါ်မှ ရိုသေစွာကန်တော့ကြပြီးနောက် တည်းခိုရာ မြန်မာ ကျောင်းသို့ပြန်လာကြပါသည်။

ဗုဒ္ဓဂယာမြန်မာကျောင်း ရောက်သည်နှင့် တခြားသူများကဲ့သို့ မနားနိုင်။ သင်္ကန်း၊ ပရိက္ခရာရှစ်ပါး စုံလင်စွာထည့်လာသော မြွေအရေခွံအိတ်ကိုထမ်းခါ သိမ်တော်ရှိရာသို့ သယ်ဆောင်ရသည်။ အခမ်းအနားကျနအောင် ပြင်ဆင်ပြီးချိန်မှာ ၁၀ နာရီ ထိုးနေပေပြီ။ သံဃာတော်အရှင်မြတ်များအား ဦးစွာသွားရောက် ပင့်ဆောင်ပြီးနောက်ဘုရားဖူးများအား သိမ်ဆင်းလောင်းလှူရန် နိုးဆော်ရပြန်ပါသည်။

ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့တွင် လိုက်ပါလာသော ရဟန်းတော် (၁၃) ပါးမှ သက်တော်အကြီးဆုံး ဆရာတော် ဦးပါမောက္ခအား သိက္ခာထပ်သည့်အလှူပွဲဖြစ်ပါသည်။ နံနက် (၁၁) နာရီမှာ သိက္ခာထပ်ပြီး၍ သိမ်ဆင်း လောင်းလှူပွဲကြီးကို ကြည့်ကာ ကြိုးစားပန်းစား

စီစဉ်ဆောင်ရွက်ရကျိုး နပ်ပြီဟု မိမိကိုယ်မိမိ ဂုဏ်ယူမိပါသည်။

သံဃာတော်များ ဆွမ်းကပ်ပြီးနောက် ဘုရားဖူးများ ထမင်းစားချိန်မှာ ညနေပိုင်း အစီအစဉ်တွေကို ကြေငြာရပြန်ပါသည်။ နေ့လည်စာ စားပြီးချိန်မှ မွန်းလွဲ (၂း၃၀) အထိ အားလပ်ချိန်၊ ဈေးဝယ်လိုက ဝယ်၍၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပမည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်သို့ (၂း၃၀) ထက် နောက်မကျစေဘဲ အရောက်လာကြပါရန်နှင့် အနေကဇာတင်ပြီးပါက အားလပ်ချိန် ထပ်ရမှာဖြစ်ကြောင်း အသိပေးလိုက်ရပါသည်။

ထမင်းစားပြီးချိန်မှာ မြန်မာဘုရားဖူးများ အေးဆေးစွာ အနားမယူကြပါ။ ရတဲ့အချိန်ကလေးတွင် ဈေးချိုပါသည်ဟု ပြောကြသော တိဗက်ဈေးတန်းသို့ ပြေးကုန်၏။ ကျွန်တော်ကလိုက်၍မဖြစ်သေး။ အနေကဇာတင် ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရပါဦးမည်။ သံဃာတော်များ အနားယူနေချိန် ခဏသာ နားခွင့်ရလိုက်သည်။မွန်းလွဲ ၁း၄၅ မှာ သံဃာတော် အရှင်သူမြတ်များအား မဟာ ဗောဓိစေတီသို့ ပင့်ဆောင်ရပါသည်။

မဟာဗောဓိစေတီရောက်တော့ ဒေါ်အမာ မမြင့်မြင့်သန်း (ကြည့်မြင်တိုင်) အဖွဲ့ ဒေါ်တင်တင်နွဲ့(ပါရမီ)

မိုးသန္တာဝင်း (ကျောက်ကုန်း) တို့ပုတီးထိုင်စိတ်နေသည်ကို မထင်ပါပဲ တွေ့လိုက်ရ၍ဝမ်းသာမိပါသည်။ကိုယ်ပိုင် အားလပ်ခွင့် လည်ပတ်ခွင့်ပေးချိန်မှာပင် သူတို့နောက်ပါမည့် အလုပ်ကို လုပ်ကြသည်မှာ ချီးကျူးစရာပင်။

မဟာဗောဓိပင်နှင့် ရွှေပုလ္လင်ခြေရင်းမှာ နေရာယူကြတော့ မြန်မာဘုရားဖူးတချို့ ပြန်မရောက်ကြသေး။ သို့သော်လည်း မူလ အစီအစဉ်အတိုင်း ၂း၃၀ မှာ စတင်ရပါတော့မည်။ ပလ္လင်တော်ပတ်ပတ်လည်တွင် မြန်မာရဟန်းတော်များ ဝိုင်းပတ်နေရာယူပြီး အိန္ဒိယဘုန်းတော်ကြီး (၃) ပါးက ဒုတိယတန်း၊ အဲဒီနောက်မှ မြန်မာဘုရားဖူးတွေ။ ၂း၃၀ မှာ မြန်မာနိုင်ငံ ရွှေတိဂုံဘုရားစောင်းတန်းပန်းဆိုင်မှဝယ်ယူလာသော ထီး၊ တံခွန်၊ ကုက္ကား၊ ခုနှစ်နံဂြိုလ် တိုင်များကို သံဃာတော် အရှင်မြတ်များအား ခွဲဝေမျှတလှူဒါန်းပြီးနောက် ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲကိုစတင်လိုက်ပါတော့သည်။



**မဟာဗောဓိပင်နှင့်ရွှေပုလ္လင်**

၁ နာရီနီးပါးမျှ ရဟန်းသံဃာတော်မြတ်များမှ အနေကဇာတင်တော်မူပါသည်။ အနေကဇာတင်ပွဲပြီးနောက် ရှေ့နောက် ဝန်းကျင်ကိုအကဲခတ် ကြည့်ရာကမ္ဘာလှည့် ခရီးသည်များပါ တင်ပျဉ်ခွေထိုင်၍တရားနှလုံးအာရုံသွင်း နေကြပါ၏။ နောက်ကျမှ ရောက်လာသော ဦးအောင်သိန်း ဒေါ်ခင်သောင်းတို့ အုပ်စုကို ရတနာစကြံဆိုင်းဘုတ်အောက် နားတွင်တွေ့ရကား မြန်မာဘုရားဖူးများ စုံညီစွာ အနေ ကဇာတင်ပွဲတက်ရောက်ခဲ့ကြသည်။

၄င်းနောက် ကိုယ်ပိုင်အားလပ်ချိန်ရရှိကြရာ ကျွန်တော်နှင့် ဦးရွှေအောင်တို့ စေတီတော်ရင်ပြင်တွင်လက် ယာရစ်လှည့်ပါတ်လေ့လာကြပါသည်။ မဟာဗောဓိပင်

စေတီတော် တောင်ဖက် အထက်စကြံလမ်း တံတားကြီးပေါ် မှနှစ်ယောက်သား ကင်မရာတစ်လုံးစီကိုင်၍ အမှတ်တယ ဓါတ်ပုံများ ရိုက်ခြင်း မှတ်တမ်းရိုက်ခြင်းများ ပြုလုပ်ပါသည်။ မုစလိန္ဒာအိုင်နှင့် တည့်တည့် ကိုက်(၂၀)ခန့် အကွာတွင် အာသောကကျောက်စာတိုင်ကြီး စိုက်ထူထားသည်။



**ဘာသာခြားတို့ ပုံမှားရိုက်ခံနေရသည့် မဟာဗောဓိစေတီဝန်းအတွင်းမှအသောကကျောက်စာတိုင်**

ဟိန္ဒူ ဘာသာဝင်တချို့က ၎င်းကျောက်စာသည် ကွယ်လွန်သူ တမလွန်ရောက် ဘိုးဘွားများအတွက် အထိမ်းအမှတ် ကျောက်တိုင်ဖြစ်ကြောင်း အကြောင်းပြု၍ ထမင်းဆုပ်၊ နို့ရည်များ တစ်သုတ်ပြီးတစ်သုတ် တစ်အုပ်ပြီးတစ်အုပ် လာရောက် လာရောက်၍တင်သွားကြရာ ကျောက်တိုင်ပတ်လည် ညစ်ပတ်နေခြင်းဖြစ်ပါသည်။ ဗုဒ္ဓဂါယာ မဟာဗောဓိ

စေတီတော်ကြီး ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်တို့ ပူးတွဲအုပ်ချုပ်ခွင့်သာ ရရှိထား၍ဗုဒ္ဓဘာသာဝင်များတဝက် သာစီမံအုပ်ချုပ်ခွင့်ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များ လက်ထဲ အပြီးအပိုင်အုပ်ချုပ်ခွင့်ကို ဘယ်တော့အုပ်ချုပ်ခွင့်ရမည် နည်း။ မလွယ်လှ။ မဟာဗောဓိစေတီမြတ်ကြီးအား ယခုလို တစ်ဝက်အုပ်ချုပ်ခွင့်ရအောင် စွမ်းဆောင်သွားသော ပုဂ္ဂိုလ် ကား သီဟိုဠ်နိုင်ငံသား မဟာဗောဓိအသင်းကြီး တည်ထောင် သူ အနာဂါရိကဓမ္မပါလ ဖြစ်ပါသည်။

မဟာဗောဓိစေတီတော်ကြီးအား အပြည့်အဝ အုပ်ချုပ်ခွင့် မရသေးသမျှကာလပါတ်လုံး အာသောက ကျောက်တိုင်ကြီးလို ပုံမှားရိုက်ခံနေရဦးမည်သာ။

ညနေစာ စားပြီးချိန်မှာ ခေတ္တခဏ အနားယူကြပြီး နောက် အုပ်စု(၃)စုခွဲကာ မဟာဗောဓိစေတီတော် သို့ထွက်ခွာလာခဲ့ကြသည်။ မဟာဗောဓိ စေတီတော်ကြီး အား ဆီမီး (၁၀၀၀) အလင်းရောင်များဖြင့် ပူဇော်ကြမည် ဖြစ်ပါသည်။ စေတီတော်ရင်ပြင်တွင် လူစုံသောအခါ ဖယောင်းတိုင်များ ဝေငှပြီး၊ စေတီတော်ကြီး ပတ်ပတ်လည် အညီအမျှ နေရာယူစေပါသည်။ စေတီတော်ကြီး အပေါ်ပိုင်း ဗောဓိပင်ဘက်၌ ဦးငွေဇင်၊ ဦးတင်ရှိန်၊ ဦးတင်ဦး တို့ နေရာယူစေပြီး စေတီတော် တောင်ဘက်ခြမ်းတွင်

ဦးဇောတိက (ဥယျာဉ်တော်) နှင့် ဒေါ်တင်နွဲ့၊ မိုးသန္တာဝင်း၊ မခင်အေးမူ၊ မမြင့်မြင့်သန်း၊ မုဒ်ဦးအဝင်ထိပ်တွင် ဒေါ်ညွန့်ညွန့်ခင်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ခင်အုံး (ပြည်)၊ ဒေါ်ရိဂ္ဂိနွဲ့၊ ဦးရွှေအောင်၊ ဒေါ်သိန်းသိန်း၊ ဒေါ်မြမြခင်တို့က လင်းလွန်းပင်တဝိုက် ကျွန်တော်နှင့် ဒေါ်နီနီတာ၊ ဒေါ်ညိုညိုစိန်၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်တင်တင်ဝင်းတို့က ဖယောင်းတိုင်များ ဝေငှခြင်း၊ လိုအပ်နေရာ ဝင်ဖြည့်ပေးခြင်းများ တာဝန်ခွဲဝေသန်မှတ်၍ မင်္ဂလာအချိန်ဖြစ်သော ည (၇း၂၀) နာရီတွင် စုပေါင်းညီညာ ပြိုင်တူ ဆီမီး (၁၀၀၀) ဖြင့် အလင်းရောင်များစွာကို ကြည်နူးချမ်းမြေ့စွာ ပူဇော်ကြပါသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်း ပူဇော် လိုက်ခြင်းကြောင့် ဗုဒ္ဓဂယာ မဟာဗောဓိစေတီ တော်ကြီး ရှေ့နောက်ဝဲယာ ဝန်းကျင်တွင် ထိန်ထိန်လင်း လျှက် ဖူးမျှော်ကြည်ညို၍ မဆုံးနိုင်အောင် သပ္ပါယ်လှပါသည်။

အတုမရှိ ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ကြီးမှာ ဆီမီးထောင်သောင်း အလင်းပေါင်းဖြင့် ထွန်းညှိ ပူဇော်ဤကုသိုလ်တော်ကြောင့် ခန္ဓာချုပ်ငြိမ်း လက်စသိမ်းသော နိဗ္ဗာန်မင်္ဂဖိုလ် ရက်တိုတိုဖြင့် မျက်မှောက်ပြုရ ပါလို၏ အရှင်ဘုရား။ ဆီမီးတစ်ထောင် ဟုသာ အဓိဋ္ဌာန်ပြုရသည်၊ ဆီမီးပေါင်းက တစ်ထောင်မက ပူဇော်ကြသည်။ ကျွန်တော်သယ်ယူလာသည်ပင် (၁၀၀၀) ကျော်ပြီ ဖြစ်ရာ

အဖွဲ့ဝင် (၆၄) ဦးမှာလည်း ဖယောင်းတိုင်၊ အမွှေးတိုင် ထုတ်တွေ အများကြီးမို့ အားမနာတမ်း အားရပါးရ လှူလိုက်ရသည့် ပူဇော်ပွဲကြီး ဖြစ်ပါသည်။

ဆီမီးထွန်းညှိပူဇော်ပွဲကြီး ပြီးသောအခါ ကုလားလူမျိုး ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးလေးမှ အပေါ် ထပ်မှာ တက်ရောက်ဘုရားရှိခိုးနိုင်ကြောင်း သတင်းကောင်း လာပေး၍ အပေါ်ပစ္စယံသို့ တက်ရောက်ကြကာ ကြည်ညိုသပ္ပါယ်ဖွယ် အထူးကောင်းသော ရုပ်ပွားတော်မြတ်ရှေ့တွင် ဘုရားရှိခိုးခြင်း တရားထိုင်ခြင်း ကောင်းမှု ကုသိုလ်များ ပြုလုပ်နိုင်ခဲ့ပေသည်။ ည (၉) နာရီတွင် ဘုရားတံခါးများ ပိတ်မှာဖြစ်ကြောင်း သတိလာပေးကြ၍ တရားထိုင်ရာမှ တရားဖြုတ်ကာ ဗုဒ္ဓဂယာမြန်မာကျောင်းသို့ ပြန်လာခဲ့ရပါတော့သည်။



## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၅) ရက်နေ့

## ဂျိန်းဘုန်းကြီး နှင့် တွေ့ဆုံခြင်း

၅-၁-၁၉၉၈ နံနက် ၆း၃၀

ဗုဒ္ဓဂယာမှ မိဂဒါဝုန်သို့ သွားရမည့် ခရီးစဉ်ဖြစ်ပါသည်။ ညဦးက ဗုဒ္ဓဂယာကျောင်းဆရာတော် ဦးဉာဏိန္ဒ ကို နှုတ်ဆက်ပူဇော် ကန်တော့ပွဲတစ်ရပ် ကျင်းပခဲ့သည်။ နှုတ်ဆက်ပူဇော် ကန်တော့ပွဲ အပြီးတွင် ကျန်းမာရေး မကောင်းသော၊ ဝမ်းလျှော၊ ဝမ်းပျက် ဖြစ်နေသော၊ ဒေါ်ခင်နုနု အခန်းသို့ အဖွဲ့၌အတူပါလာသော ဒေါက်တာ ဒေါ်ရင်ရင် (ဟသ်ာတ) ကို ဝင်ခေါ်ပြီး သွားရောက်သတင်းမေးခဲ့သည်။ ဒေါ်ခင်နုနု အသက် (၇၈) နှစ်ရှိပြီး အသက်လည်းကြီး၊ အားလည်းပြတ်နေ၍ ခရီးဆက်ခေါ်သင့် မခေါ်သင့်ကို ဆရာဝန်နှင့်တိုင်ပင် ကြည့်ရာ ခေါ်၍မဖြစ်။

ဒေါ်ခင်နုနုကို ထားခဲ့ရပါလိမ့်မည်။ ယခုသွားရမည့်ခရီးကား (၂၅၁) ကီလိုဝေးရာ မိုင်အားဖြင့် (၁၅၀) ကျော် တစ်နေကုန်နီးပါး ကားစီးရမည်။ ရာသီဥတုက ဗုဒ္ဓဂယာထက် ပိုအေးသည်။ မိဂဒါဝုန်ထက်၊ သာဝတ္ထိ၊ နီပေါ၊ လုမ္ဗိနီက ပိုအေးလွန်းသည်။ ဗုဒ္ဓဂယာဆရာတော်ကြီးသည် အလွန်တရာမှ သဘောကောင်း၍ အဖွဲ့သား များ အားလုံး မပူမပင်ခရီးဆက်ကြရန်နှင့် အသက်ကြီး၍ ကျန်းမာရေးကြောင့် မလိုက်လိုပါက ယခုအဖွဲ့ပြန်ဆုံမည့် ပတ္တနားကျောင်းသို့ ပို့ပေးမည်ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။ ကျန်းမာရေးကောင်းသော်လည်း အရွယ်ကြီးပြီဖြစ်သော ဒေါ်အုန်းသင် (၈၂) နှစ်နှင့် သမီး ဒေါ်မြင့်တို့သားအမိ ဗုဒ္ဓဂယာ မြန်မာကျောင်းမှာ နေခဲ့မည်ဖြစ်ပါသည်။ ကျန်းမာရေးကြောင့် ဗုဒ္ဓဂယာကျောင်းမှာ နေခဲ့ပြီး ပတ္တနားကျောင်းမှာ လာစောင့်နေမည့် ဒေါ်အုံးသင်၊ ဒေါ်ခင်နုနု တို့အား အားပေးစကားပြောကာ နှုတ်ဆက်ခဲ့ရသော်လည်း ကျွန်တော့်အဖွဲ့တစ်ဦးတစ်လေမှ မထားခဲ့ချင်ပါ။ လမ်းခရီးတွင် တစ်ခုခုဖြစ်ခဲ့သော် ကျွန်တော့်မှာ တာဝန်အရှိဆုံး။ ယခင်ဘုရားဖူးအဖွဲ့မှာ ရောဂါခံရှိသူတစ်ဦး ကွယ်လွန်ခဲ့ဘူးပါသည်။ မဖြစ်သင့်သည်ကို မဖြစ်ရအောင် ကြိုတင်ကာကွယ်သည်သာ အကောင်းဆုံးဟု ဆုံးဖြတ်၍ ဖြေသိမ့်လိုက်ရပါသည်။

ဒေါ်အုံသင်တို့၊ ဒေါ်ခင်နုနုတို့ မလိုက်ဖြစ်သည်မှာလည်း ခပ်ကောင်းကောင်း။ လမ်းခရီးတစ်လျှောက်လုံး ကားကောင်းကောင်း မောင်း၍မရပါ။ ဆီးနှင်းများ နံနက် (၁၀) နာရီအထိ တစ်ဖွဲဖွဲကျနေရာ နှင်းမှုန်ကြားမှာ ကားကိုဖြေးညှင်းစွာမောင်း၍ ခရီးက မတွင်လှပါ။ ကားဘေးမှန်ကို မဖွင့်ရဲ။ ဖွင့်လိုက်သည်နှင့် စိမ့်နေအောင် အေးသွားပါသည်။ အိန္ဒိယနိုင်ငံ၏ ရာသီဥတုကား အတက်အကျ အရမ်းမြန်လွန်းကြောင်း ငယ်စဉ်က မြန်မာပြည်တွင် နေခဲ့ဘူးသော မြန်မာစကား အတော် အတန်ပြောတတ်သည့် ဒေသခံလုပ်သား မောင်စောဟန်မှ ပြောပြ ပါသည်။

နှင်းမှုန်ကြားတွင် တဖြေးဖြေးချင်း မောင်းလာခဲ့ရသော မြန်မာဘုရားဖူးများ စီးနင်းလိုက်ပါလာသည့် ဘတ်(စ်) ကားကြီး နှစ်စီးသည် ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်သို့ ဦးတည်နေပါသည်။ ဤခရီး၏ တစ်ဝက်ဖြစ်သော ဆာဆရံမြို့သို့ (၁၀) နာရီတွင် ရောက်ရှိလာပါသည်။ တိုက်တာ အိမ်ခြေတွေ အတော်အသင့်သာ တွေ့ရပြီး၊ အိမ်ခြေကျဲကျဲ မြို့ငယ်လေးတစ်ခုဖြစ်ပါသည်။ ဆာဆရံမြို့ကိုကျော်သည်နှင့် ကားလမ်းဘေးသစ်ပင်ရိပ် ကောင်းသောနေရာမှာ ကားဆရာကြီးက ကားရပ်ပေးပါသည်။ အပေါ့အပါးသွားကြရန် ဖြစ်ပါသည်။ အေးလွန်းအားကြီး၍ဆီးသွားချင်နေသည်နှင့် အတော်ဖြစ်သွားသည်။ ဝေးဝေးလံလံသွား

ရန်မလိုပါ။ နှင်းတွေထူထဲစွာ ကြုပ်ပိတ်နေ၍ ပိုအဆင်ပြေလှသည်။ ထိုစဉ် ဘုရားဖူးဓမ္မမိတ်ဆွေများ ထိပ်ထိပ်ပြာပြာ အော်ဟစ်သံကြောင့် ထိတ်လန့်တကြား အသံလာရာသို့ လှမ်းကြည့်လိုက်ရာ မဲမဲပြောင်ပြောင်အရာနှစ်ခုကို ဖြုန်းကနဲ တွေ့လိုက်ရသည်။ အဝတ်အစားမပါ၊ ဗလာထီးထီး၊ အလုံးအထည်ထွားထွား တောကောင်လား သရဲလား ဝေခွဲမရချိန်မှာ ဘုရားဖူးတွေကို အားလုံးကားပေါ် အမြန်တက်ကြရန် အော်သာပြောလိုက်ရသည်။ ကျွန်တော့်အသံများက မူမမှန်တော့ ကြောက်လန့်တကြားတုန်တုန်ရီရီဖြစ်နေသည်။ သရဲဆိုသည်ကို ကြားသာကြားဖူးသည်။ တစ်ခါမျှ မတွေ့ဘူး၍ သရဲဆိုတာ ဒါပါလား ဟုထင်မြင်မိနေစဉ် အရှေ့ဆုံးကားမှ ကားဒရိုင်ဘာက လက်အုပ်ချီပြီး ကုလားစကားဖြင့်လှမ်းနှုတ်ဆက်လိုက်မှ သရဲမဟုတ်တာ သေချာပြီဟုကောက်ချက်ချလိုက်သည်။ ကားဒရိုင်ဘာနှင့်စကားပြောနေစဉ်စောဟန်ကိုမေးမှ ကြောက်လန့်စိတ်ပြေသွားသည်။ ကျွန်တော်တို့တွေ့လိုက်ရသည်မှာ သရဲမဟုတ်ပါ။ ဂျိန်းဘုန်းကြီးတွေဖြစ်နေပါသည်။

ဂျိန်းဘုန်းကြီးတွေသည် ဘယ်လောက်ပူပူ၊ အေးအေး အဝတ်အစား မဝတ်ကြပါ။ ကိုယ်လုံးထီး နေကြပါသည်။ လေယာဉ်၊ ကား၊ ရထား၊ မစီးကြပါ။ တစ်နေရာမှ တစ်နေရာသွားလိုလျှင် ခြေထောက်ကိုသာ အားကိုးအား

ထားပြုကြသည်။ ဖြတ်ကနဲ သတိတစ်ချက် ဝင်လာသဖြင့် "ကားပေါ်မှ အမျိုးသမီးတွေ မကြည့်ကြနဲ့ မကြည့်ကြနဲ့" ဟု အော်ပြောမိသော်လည်း အားလုံးက သရဲမဟုတ်မှန်း သိသွား၍ မကြောက်ကြတော့ပါ။ ကျွန်တော်လည်း မှတ်တမ်း ပြုချင်သောအားဖြင့် ကင်မရာဖြင့်ရိုက်ရန် ခွင့်တောင်းရာ အကြောက်အကန် ငြင်းဆိုသဖြင့် ဓါတ်ပုံမှတ်တမ်း မရိုက် လိုက်ရပါ။ ဂျိန်းဘုန်းကြီးများလည်း နှင်းမှုန်တွင်း တိုးဝင် ပျောက်ကွယ်သွားပါသည်။ ထာဝရမမေ့နိုင်သော ဆာဆရံမြို့ ကလေးကို မှတ်တမ်းစာအုပ်ထုတ်၍ ရေးမှတ်လိုက်စဉ်မှာ ပင် ကျွန်တော်တို့ကားလည်း စထွက်ပါတော့သည်။

ကားစထွက်ပြီနောက် မကြာမီတင်မှာ ဦးလှိုင်မြင့် (၄၇) လမ်းက "ဦးကံဝင်းရေ သတိထားဗျို့ ရှေ့လျှောက် လမ်းတွေ ပေါ်မှာ တွေ့ရမှာက ဂျိန်းမယ်သီလရှင်တွေနော်" ဟု ဆိုလိုက်ရာ ကားအမိုးပွင့်မတတ် တဝါးဝါးရယ်မောကြပါသည်။

ဗာရာဏသီမြို့တွင်းကို ကားဖြတ်ချိန်မှာ ညနေ (၃) နာရီ ထိုးနေပါပြီ။ ဗာရာဏသီမြို့နှင့် မိဂဒါဝုန်သည် (၈) မိုင်သာဝေးရာ မကြာမတင်မှာပင် မိဂဒါဝုန်သို့ ရောက် ရန်ရှိသော်လည်း ဂင်္ဂါမြစ်ကူးဗာရာဏသီတံတားကြီးပေါ်မှာ ကားပိတ်ဆို့မှု ဖြစ်ပေါ်နေ၍ နှစ်နာရီမျှကားရပ်စောင့်စား

နေရပါသည်။ နှစ်နာရီခန့် စောင့်စားပြီးမှ ကားသွားရပြန်တော့လည်းတရွေ့ရွေ့သာ ဖြစ်၏။ ဗာရာဏသီ တံတားကြီးသည် နှစ်ထပ်တံတားကြီးဖြစ်ပါသည်။ အပေါ်ဆုံးထပ်ကားကားလမ်းဖြစ်ပြီး ဒုတိယထပ်သည် ရထားလမ်းဖြစ်ပါသည်။ ဗာရာဏသီ တံတားကြီးပေါ်မှဂင်္ဂါမြစ်သို့လှမ်းမျှော်ကြည့်ရသည်မှာ သာယာလှပမှု ရှိလှသော်လည်း ရံဖန်ရံခါ ကြက်သီးမွေးညှင်းများထထလာ၍ မိမိကိုယ်မိမိ လန့်နေမိ ပါသည်။ အအေးဒဏ်ကြောင့်လား၊ လေတိုက်နှုန်းကြောင့်လား သို့တည်းမဟုတ် အကြောင်းတခုခုတော့ ရှိရမည်။

ဂင်္ဂါမြစ်ကူးတံတားကြီး တည်ဆောက်စဉ်က ကျောက်တုံး ကျောက်ခဲများ လိုအပ်မှုကို အကြောင်းပြကာ ထိုစဉ်က အုပ်စိုးသော နယ်ချဲ့ အင်္ဂလိပ်ဘာသာခြားများက ဆင်းတုတော် (၄၈) ဆူနှင့် နန္ဒိယကျောင်းအောက်ခြေဖောင်ဒေးရှင်း တွေ အတော်များများ ဖျက်၍ တံတားတိုင်းကို ကွန်ဂရက်ထည့်လောင်းခဲ့ကြသည်။ ဗုဒ္ဓဘာသာကိုနှိပ်ကွပ်ခဲ့ကြသည်ကို ပြန်ပြောင်းတွေးမိရင်း စိတ်မကောင်းခြင်းများဖြစ်ခါ ကြက်သီးမွေးညှင်းထသည်ထိ ခံစားမိပါသည်။

မြန်မာနိုင်ငံ နယ်ချဲ့တို့အုပ်စိုးစဉ်ကာလ မျက်နှာဖြူစစ်တပ်တစ်စုသည်ဗုဒ္ဓရုပ်ပွားတော်ကို ခြေထောက်နားထား၍ ဓါတ်ပုံရိုက်ခဲ့ကြသည်ကို (၁၁-၉-၁၉၉၀) နေ့ မြန်မာ

နိုင်ငံထုတ် ကြေးမုံသတင်းစာတွင် တွေ့လိုက်ရစဉ်က ဒေါသလည်းထွက် စိတ်လည်းမကောင်းဖြစ်ခါကြက်သီးမွေးညှင်းထသည်ထိ ခံစားမိခဲ့ဘူးပါသည်။

ဗုဒ္ဓဘာသာကို အကြောင်းမဲ့နှိပ်ကွပ်ခဲ့သူများသည် သူတို့ဒဏ်သူတို့ခံကြရပေလိမ့်မည်။ ကျွန်တော်တို့လက်လှမ်းမမှီ၍သာ သူတို့သတင်းမကြားလိုက်၍သာ။ သာဓကတစ်ခုက နယ်ခဲ့လက်ထက်မှာပင် ၎င်းတို့စစ်တပ်အတွက် ကျည်ဆံ၊ အမြောက်ဆံများထုပ်လုပ်ရန် မြန်မာနိုင်ငံမှ မာန်အောင်မြင်ဇလွန်ပြည်တော်ပြန်ဘုရား ရုပ်ပွားတော်ကို အတင်းအဓမ္မ အန္ဒိယသို့ ပင့်ဆောင်သွားကြပြီး အရည်ကျိုရန် မီးပြင်းတိုက်ကြရာ အားလုံးသွေးအန်မရှုမလှသေဆုံးကြသည့်အပြင် ဘုရင်မကြီးလည်း ခေါင်းမထူနိုင်အောင် ခေါင်းအုံကိုက်ခဲ ဝေဒနာ ဖြစ်ပေါ်ခဲ့ရပါသည်။ သို့နှင့် အကြောင်းစုံကို မေးမြန်းသိရှိသောအခါ အင်္ဂလိပ်စစ်သင်္ဘောကြီးဖြင့် အမြန်တက်သုတ်နှင်၍ ဇလွန်သို့ ပြန်ပို့ခဲ့ရသည့် သာဓကကား မည်သူမျှ ငြင်း၍ မရနိုင်အောင် အထင်ကရ ရှိခဲ့သည်။

ညနေအတော်စောင်းမှ နယ်ခဲ့တွေ ဆောက်သည့် တံတားကို လွန်မြောက် မိဂဒါဝုန် ရောက်လာခဲ့ရပါတော့သည်။ မိဂဒါဝုန် မြန်မာကျောင်းရောက်ချိန်တွင် အမှောင်

ထုက ကြီးစိုးနေပေပြီ အအေးဓါတ်ကလည်း ဗုဒ္ဓဂါယာထက် ပိုအေးလာသည်။ အပြင်မှာ အေးသလောက် တိုက်ခန်း အတွင်းမှာ နွေးနေ၍ တော်သေး၏။ မနက်ဖြန်နံနက်တွင် ပဥ္စဝဂ္ဂီငါးဦး တရားဦးဟော နေရာဌာနဌ် ဓမ္မစကြာသုတ် စုပေါင်းရွတ်ရန် စီစဉ်ထားမိလိုက်သည်။



## မိဂဒါဝုန်

၆-၁-၁၉၉၈ နံနက် (၇) နာရီ

မိဂဒါဝုန် မြန်မာကျောင်းတိုက် စကြ်ံလမ်း တလျှောက် သုံးယောက်တစ်တွဲနေရာယူတန်းစီကြပါသည်။ ဓမ္မ စကြာတရားဦးဟောရာ မိဂဒါဝုန်ဥယျာဉ်ရှိ ဓမ္မရာဇိက စေတီတော်သို့ သွားရောက်ဖူးမျှော် ကြည်ညိုကြရန် ဖြစ် ပါသည်။ သုံးဦးတစ်တွဲတန်းစီ၍သွားကြရန် စီစဉ်ရခြင်းမှာ အလွန်တရာမှ ထူထဲစွာကျနေသော နှင်းထုကြောင့် ဖြစ်ပါ သည်။ (၁၀) ပေ အကွာမှ လူကို ဘယ်သူဘယ်ဝါ ခွဲခြား၍ ခက်အောင် ဖြစ်နေရကား လူစုမကွဲရန် စီစဉ်ရခြင်း ဖြစ် ပါသည်။ မိဂဒါဝုန်ဥယျာဉ်သည် ဥတ္တာပရာဒေ့ရှ် ပြည်နယ် ဗာရာဏသီမြို့အနီး ဆာရနတ်ဟုခေါ်တွင်သည့် နေရာတွင် တည်ရှိပါသည်။ ယခုကျွန်တော့်များ ရောက်ရှိတည်းခိုသော မိဂဒါဝုန် မြန်မာကျောင်းတိုက်နှင့်ကပ်လျက် တည်ရှိပါ၍

သွားရောက်ဖူးမျှော်ရသည်မှာ သိပ်မဝေးလှပေ။ နံနက် (၇း၁၀) နာရီတွင် စနစ်တကျတန်းစီ၍ မိဂဒါဝုန် ဥယျာဉ် အတွင်းသို့ ရောက်ရှိလာပါသည်။ ဦးစွာပထမ တွေ့ရ သည်ကား (၇)ပေ သာသာရှိ အာသောကကျောက်တိုင်ကို ကျောက်ကွန်ကရစ်များနှင့် သံပန်းများ ကာရံထားသည်ကို တရားဦးဟောရာ စေတီသို့အသွား တွေ့ခဲ့ရပါသည်။ ခေတ္တ ခဏ ကြည့်ရှုပြီးနောက် စေတီဟောင်းများ နံဘေးမှ အနည်းငယ် လျှောက်လိုက်သည်နှင့် ဓမ္မရာဇိကစေတီ တော်နေရာကို ရောက်ပါသည်။ စေတီတော်ဟူ၍ အလုံး အထည် ညဏ်တော်ဟု ပြစရာမရှိတော့ပါ။ ၁၇၉၄ ခုနှစ် က ဗာရာဏသီမင်း၏ အမတ်တစ်ဦးဖြစ်သော ဂျဂတ်ဆင် ဆိုသူမှ ရပ်ရွာတည်ထောင်ရန် အုပ်ခဲ၊ ကျောက်များ လိုချင် ဇောဖြင့် စေတီတော်ကြီးကို ဖြိုဖျက်ခဲ့သည်။ ဤစေတီတွင်းမှ ကြုတ်တစ်ခုရရှိ၍ဖွင့်ကြည့်ရာ ပြာလဲ့လဲ့သဏ္ဍာန်များတွေ့၏ ၎င်းပြာလဲ့လဲ့ပြာများ (ဓါတ်တော်တွေဟုထင်ရ) ကို ဂင်္ဂါမြစ် အတွင်း သွန်ချပစ်လိုက်သည် ဆို၏။

ဘာသာခြားတို့ ဖျက်ဆီး၍ ကျန်ခဲ့သော စက်ဝိုင်း သဏ္ဍာန် ရင်ပြင်တော်တွင် ဆီမီး အမွှေးတိုင်များ ပူဇော်၍ စုပေါင်းညီညာ ဓမ္မစကြာသုတ်ကို ရွတ်ဖတ်ကြပါသည်။ ၎င်း နောက် ဘောလုံးကွင်းတစ်ကွင်းသာသာ အဝန်းရှိ ကျောင်း တော်ရာကြီးကိုတွေ့မြင်ရပြန်ရာ မသေမီကပင် နတ်ပြည်မှာ

ဘုံဗိမ္မာန် ကြိုတင်ပေါက်ခဲ့သော နန္ဒိယကျောင်းတော် ဖြစ်ပါသည်။ ၎င်းကျောင်းတော်ရာကြီးကို မူလဂန္ဓကုဋိဟုလည်း လေ့လာတွေ့ရှိရသည်။ ကျောင်းတော်ကြီး အလယ်တည့်တည့်တွင် မြတ်စွာဘုရား ပထမဝါကပ်ခဲ့စဉ်က နေ့စဉ် တရားဟောကြားပြသရာ ပလ္လင်ကြီးတစ်ခုကို တွေ့မြင်ရပါသည်။



**နန္ဒိယကျောင်းတော်ရာ**

မိဂဒါဝုန် ဥယျာဉ်အတွင်း အထင်းအရှားဆုံး အကြီးမားဆုံးကား "ဓမ္မေခ" စေတီတော်ကြီး ဖြစ်ပါသည်။ အနတ္တလက္ခဏသုတ်တော် ဟောကြားတော်မူခဲ့သော နေရာဌာနတွင် ညဏ်တော်အမြင့် ပေ (၁၀၀) ကျော်ခန့်ရှိ၍ ကြီးမားသော ကျောက်တုံးကြီးများဖြင့် တည်ထားပါသည်။ မြန်မာမှု အနုလက်ရာနှင့် ခပ်ဆင်ဆင်တူသော ပန်းအလှ

ပန်းအခက်များနှင့် စကြာပုံပေါ် ပန်းအနုလက်ရာအချို့ကို စေတီတော် အနောက်ဖက်တွင် တွေ့မြင်လိုက်ရ၏။ မြန်မာနိုင်ငံ ပုဂံဘုရားများကို လွမ်းဆွတ်လာ၍ အမှတ်တရ ဓါတ်ပုံများ ရိုက်ယူခဲ့ပါသည်။ ထူးခြားသည်မှာ "ဓမ္မေခ" စေတီတော်မြတ်ကြီးအား မည်သည့် ရန်သူတွေ ဖျက်ဖျက် မပျက်မစီး ထီးထီးမားမား ဖူးတွေ့နိုင်ခြင်း ဖြစ်ပါသည်။

မိဂဒါဝုန်ဥယျာဉ်၏ အရှေ့ဘက်နားတွင်ရှိ မြန်မာနိုင်ငံမှ လှူဒါန်းထားသော ပဉ္စဝဂ္ဂီငါးဦးအား တရားဦး ဟောတော်မူရာ ရုပ်ပွား ရုပ်ထုတော်များ ရှိရာသို့ သွားရောက်ဖူးမျှော်ကြပြန်ပါသည်။ မူလဂန္ဓကုဋီ တိုက် အဝင် မုဒ်ပေါက်မှဝင်ပြီး လက်ယာဘက်ချိုးလိုက်သည်နှင့် ဗောဓိပင်ကြီးတစ်ပင် တွေ့ရပါလိမ့်မည်။ ၎င်း ဗောဓိပင် ကြီးအောက်တွင် မြန်မာနိုင်ငံမှ လှူဒါန်းထားသော မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာ တရားဟော တော်မူဟန်ကို ဖူးတွေ့လိုက်ရချိန်မှာ ကျွန်တော်တို့ အတိုင်းမသိ ဝမ်းသာကြည်နူး ဦးတော် အကြိမ်ကြိမ် ချ၍ ဆုတောင်းမှုတွေပြုကြပါသည်။



မမွစကြာတရားဟောတော်မူသည့်နေရာ

တဖန်မူလ ဂန္ဓကုဋိဝိဟာရသို့သွားရောက်ဖူးမျှော်ကြပြန်ပါသည်။ မူလဂန္ဓကုဋီ ဝိဟာရတိုက်ကြီး၏ အဆောက်အအုံကြီးကား ကျွန်တော်တို့ဖူးမြင်တွေ့လာရသော ကျောင်းအဆောက်အအုံနှင့်လုံးဝမတူဘဲ ထူးထူးကဲကဲ ခမ်းခမ်းနားနား တည်ဆောက်ထားပါသည်။ စုလစ်မွန်းချွန်များနှင့် ပြသာဒ်ဆောင်ကြီးသည် အမြင့် (၁၁၀) ပေ မြင့်မား၍ငွါးငွါးစွင့်စွင့် လှပ ပနံတင့်လှပါသည်။ လာရောက်လေ့လာကြသော ကမ္ဘာလှည့်ခရီးသည် ဘုရားဖူးများ အလွန်များပြားစွာ တွေ့ခဲ့ရပါသည်။ အတွင်းဘက်မူလဂန္ဓကုဋီ ဝိဟာရတိုက်တွင် မြတ်စွာဘုရား ဓါတ်တော်တိုက်နှင့် ကြည်ညိုသပ္ပါယ်စွာရှိသော ရုပ်ပွားတော်မြတ်တစ်ဆူအား ဖူးတွေ့ရပြီး အိန္ဒိယ ထေရဝါဒမှ ဘုန်းတော်ကြီး တစ်ပါးမှ

ဓါတ်တော်ကြုတ်အား ကျွန်တော်နှင့်ဘုရားဖူးများအား တစ်ဦးချင်း တန်းစီစေ၍ ဦးခေါင်းထက်တင် ဆုတောင်းပေးပါသည်။ ကျွန်တော်တို့ အားလုံးလည်း ဆုတောင်း အဓိဋ္ဌာန်ပြုကြပါသည်။ မြန်မာဘုရားဖူးများ ကိုယ်စား အထိမ်းအမှတ် သာသနာ့ အလံတော်အား အိန္ဒိယ ဘုန်းတော်ကြီးထံပေးအပ်ပြီးနောက် ဓါတ်တော်တိုက်မှ ပြန်လည်ထွက်ခွါလာခဲ့ ကြပါသည်။ ဓါတ်တော်တိုက်အပြင်ဘက်တွင် လက်ရာပြောင်မြောက်လှသော မူလဂန္ဓကုဋီ ဝိဟာရတိုက်ကြီးအား နောက်ခံထား၍ အမှတ်တရ ဓါတ်ပုံများရိုက်ကာ မှတ်တမ်းတင်ကြပါသည်။

ဤမူလ ဂန္ဓကုဋီဝိဟာရ တိုက်ကြီးကို ဦးဆောင်တည်ဆောက်သူမှာ မဟာဗောဓိအသင်းကြီး တည်ထောင်သူ သီဟိုလ်နိုင်ငံသား အနာဂါရိကဓမ္မပါလ ဖြစ်ပါသည်။ ၁၉၃၁ ခုနှစ်က တည်ဆောက်ခဲ့၍ တည်ထောင်စဉ်က မြန်မာနိုင်ငံမှ ဒေါ်ဂွမ်းအပါအဝင် အလှူရှင်များက အလှူငွေများ လှူဒါန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မူလဂန္ဓကုဋီဝိဟာရနှင့် မလှမ်းမကမ်း အနည်းငယ် လမ်းလျှောက်သွားပါလျှင် ပြတိုက်ကို ရောက်ပါသည်။ ပြတိုက်အဝင်တွင် ဝင်ကြေးပေးဝင်ရပြီး ကင်မရာများကို အတွင်းသို့ ယူဆောင်ခွင့်မပေးပါ။ ပြတိုက်အတွင်း ဝင်လိုက်သည်နှင့်ခန်းမ (၃) ရှိရာ မြတ်စွာဘုရား သာသနာ

တော်နှင့် ဆက်နွယ်သော မြေကြီးတွင်းမှ တူးဖော်ရရှိထားသော ရှေးဟောင်းသမိုင်းအထောက်အထားများ ပြသထားသည့်အပြင် တခြားဘာသာကိုးကွယ်မှု တချို့ကိုပါ ပြသထားသည်ကို တွေ့ခဲ့ရပါသည်။ ထူးထူးခြားခြားတွေ့မြင်သည်ကတော့ ခြသေ့်လေးစီး အရုပ်လေးမျက်နှာလှည့်နေသော ရုပ်ထုကြီးဖြစ်ပါသည်။ ခြသေ့်လေးစီး၏ အောက်ခြေတွင် ဓမ္မစကြာဘီး ရှိပါသည်။ ၎င်းဓမ္မစကြာဘီးတွင် အကန့်ပေါင်း (၂၄) ကန့်ရှိရာ (၂၄) ပစ္စည်းပဋ္ဌာန်းတော်ကို ရည်ညွှန်းဟန်ဟု ယူဆပါသည်။ ခြသေ့်များမှာ ရွှေတိဂုံဘုရား မြန်မာပြည်ဘုရားများမုဒ်ဦးတွင် တွေ့မြင်ရသော ခြသေ့်ပုံသဏ္ဌာန်မျိုးမဟုတ်ပဲ လည်ဆံမွေးဖွားဖွားနှင့် တောခြသေ့်ပုံစံမျိုးထုလုပ်ထားသည်မှာ အလွန်တရာမှ ယောက်ကွက်မရှိအောင် လက်ရာပြောင်မြောက်လှ ပါသည်။ ခြသေ့်လေးစီးရုပ်ထုကို ကျွန်တော်များ မိဂဒါဝုန်မှာ ဦးစွာသွားလေ့လာသော အာသောကကျောက်စာတိုင်အနီးမှ တူးဖော်ရရှိပြီး ဓမ္မစကြာတရားဦးဟောရာကို ညွှန်ပြသော အထိမ်းအမှတ် ကျောက်တိုင်ထိပ်ဆုံးပိုင်းဟု သိခဲ့ရပါသည်။

ပြတိုက်အတွင်းတွင် အလွန်ကြီးသော လှည်းဘီးကြီးသဏ္ဌာန်ကျောက်ဝိုင်းကြီးတွေ့ရာ ကျွန်တော့အထင် ရာဇဂြိုလ်နှင့် သာဝတ္ထိသွား ကုန်သွယ်လှည်းလမ်းသုံး ကျောက်ဘီးလှည်းကြီး ထင်သော်လည်း သေချာလေ့လာ မေးစမ်းကြည့်

သောအခါ ရှေးခေတ်ရုပ်ပွားတော်များပေါ်မှ မိုးထားသော ကျောက်ဘီးကြီး ဖြစ်ကြောင်းသိခဲ့ရပါသည်။ ပြတိုက်အတွင်း ထူးခြားသော လက်ရာတစ်ခုကတော့ ဓမ္မစကြာတရား ဟောဟန်ရုပ်ထုကြီးဖြစ်ပြီး ပဉ္စဝဂ္ဂီငါးဦးအား တရားဟော နေပုံဖြစ်ပါသည်။ ၎င်းနေရာတွင် ကျောက်စာတိုက်ဝန်ထမ်း ဟု ထင်ရသူ ဘောင်းဘီဝတ် အသက် (၅၅-၆၀) ဝန်းကျင်ရှိ ကုလားကြီးမှ ကုလားဘာသာနှင့် အင်္ဂလိပ်ဘာသာ ညှပ်ပြီး ရှင်းပြနေရာ တလုံးတပါဒမှ နားမလည်ခဲ့သော်လည်း ပြန် ခါနီးတွင် လဖက်ရည်ဘိုးတောင်းပါသည်။

ပြတိုက်အတွင်း ဆက်လက်လေ့လာကြရာ ဗုဒ္ဓ မြတ်စွာ၏ ဘဝဖြစ်စဉ် ဗုဒ္ဓဝင် ရုပ်ထုမြတ်များ ဖူးတွေ့ ရသည်။ မှန်ရှိုးကေ့(စ်) များတွင် မြတ်စွာဘုရား မဏိတော် များကို ပြသထားပါသည်။ ရှေးဟောင်း သုတေသန ဌာနမှ တူးဖော်ရရှိသော ရှေးခေတ်အသုံးအဆောင်များ အိုးကြီးများ၊ အုတ်ချပ်ကြီးများအပြင် တခြား ဘာသာခြားတို့ နတ်ဘုရား ရုပ် များကိုလည်း တွေ့ရှိခဲ့ရသည်။

မိဂဒါဝုန်ပြတိုက်ကို လေ့လာပြီးနောက် မြန်မာ ကျောင်းသို့ ခေတ္တပြန်နားကြပါသည်။ ထမင်းစားပြီး ခေတ္တ ခဏ နားပြီးချိန်တွင် နံနက်ခင်းက အချိန်မရ၍ စုံပေါင်း ရွှတ်ဖတ် ပူဇော်ရန်ကျန်ခဲ့သော ဓမ္မေခသို့ ဦးထည်ထွက်ခွါ

လာခဲ့ ကြပါသည်။ နန္ဒိယကျောင်းတော်ရာ လက်ဝဲခြမ်း သားသမင်မျိုးစုံရှိရာ ဥယျာဉ်နားမှ ဖြတ်သန်းလျှောက်ကြရင်း သမင်များ ဘေးမဲ့ပေးရာ ဥယျာဉ်ကို ကြည့်မိကြပါသည်။ ကျွန်တော်များ ဘုရားဖူးအဖွဲ့ကိုတွေ့သောအခါ သားသမင် တစ်ချို့ သံဇကာစည်းရိုးနားထိလာကြပါသည်။ ရေတာရှည် လမ်းမှ ဒေါ်ညိုညိုစိန်၊ ဒေါ်နီနီတာ တို့က "သမင်လေးတွေ အစာတောင်းတာ ဖြစ်မယ်နော်" ဟု ပြောရာ သုခမိန်လမ်း ဒေါ်စွမ်း၊ သမီး ခင်အေးမူက "ဟုတ်ချင် ဟုတ်မယ်၊ ဘုရား အမျိုးတွေ လာလို့ ထွက်ကြည့်တာနေမှာ" ဟု ပြောလိုက်စဉ် ဗိုလ်မှူးကြီးမောင်ကြီး (ငြိမ်း) က "ဒါလဲဖြစ်နိုင်တယ်၊ ကျုပ် တို့က သာကီဝင်မျိုးတွေမဟုတ်လား" ဤသို့ စကားပြော ရင်း သမင်လေးများလည်းကြည့်ရင်း လမ်းလျှောက်လာခဲ့ ရာ ဓမ္မေခစေတီကြီးသို့ ရောက်လာပါတော့သည်။

ဓမ္မေခစေတီတော်ကြီး အရောက်တွင် ကျိုင်းတုံ ဆရာတော် ဦးဝိလာသ က ကတ်ကြွစွာ ဦးဆောင်၍ ဆီမီး အမွှေးတိုင်တို့ ပူဇော်ကြပါသည်။ ပြီးနောက် ဓမ္မေခစေတီ နှင့် မြတ်စွာဘုရား ကျောင်းတော်ရာကြား မျက်ခင်း စိမ်းစိမ်းမှာ နေရာယူကြပြီး အနတ္တလက္ခဏာသုတ်ကို စု ပေါင်း ညီညာစွာ ရွတ်ဖတ်ပူဇော်ကြပါသည်။

အနတ္တလက္ခဏာသုတ်တော်များ ရွတ်ဖတ်ပူဇော်

ကြပြီးနောက် မိဂဒါဝုန်ဥယျာဉ်ဘေးပေါက်မှ ထွက်လိုက်လျှင် ဗာရာဏသီသွား ကားလမ်းပေါ်ရောက်ပါသည်။ ကားလမ်းအတိုင်း မြို့အထွက်ဘက်သို့ (၂) ဖါလုံခန့် လမ်းလျှောက်လိုက်မိလျှင် ချောက်ခဏ္ဍီစေတီတော်သို့ ရောက်ပါသည်။ ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဟောကြားရန် ဗုဒ္ဓဂယာမှ မိဂဒါဝုန်သို့ ကြွတော်မူလာသော မြတ်စွာဘုရားနှင့် ပဥ္စဝဂ္ဂီငါးဦးကို ပထမဦးဆုံး တွေ့ဆုံ၍ ပဥ္စဝဂ္ဂီငါးဦးမှ ခရီးဦးကြိုပြုရာ နေရာဌာနကို သိရှိစေမှာသောကမင်းကြီးက အထိမ်းအမှတ်ပြုစေတီတော်ကြီး တည်ထားခြင်းဖြစ်ပါသည်။

စေတီတော်ကြီးသည် နှစ်ပေါင်းများစွာ မိုးဒဏ်လေဒဏ်ကြောင့် အပေါ်ပိုင်းများ ပြိုကျ ပျက်စီးခဲ့သည်။ ၎င်းပြိုကျ ပျက်စီးသောအထက်ပိုင်းနေရာတွင် ဘာသာခြားတို့က မျှော်စင်ကြီးတစ်ခုဆောက်ထားရာ ဝမ်းနည်းဖွယ်ရာ မြင်တွေ့ခဲ့ရပါသည်။ ၁၅၈၈ ခုနှစ်တွင် အက္ကဘာဘုရင်က တည်ဆောက်ခဲ့သည်။ သူ၏ခမည်းတော် ဟွန်မယွန်သည် စစ်ရှုံးနိမ့်ပြီး ကစဉ့်ကလျား ထွက်ပြေးစဉ် ချောက်ခဏ္ဍီစေတီနေရာ၌ ပုန်းအောင်းခဲ့သည်ကို အမှတ်တရ မျှော်စင်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိခဲ့ရပါသည်။



ချောက်ခဏ္ဍီစေတီ

ချောက်ခဏ္ဍီစေတီကို လေ့လာပြီးနောက် မြန်မာကျောင်းသို့ လာလမ်းအတိုင်း ပြန်လာကြရာ အပြန်ခရီးတစ်လျှောက်တွင် အဏ္ဏဘာမျှော်စင်နှင့် ပတ်သက်သည်များကို ပြောဆိုနေဖြစ်ကြတော့၏။ "တောက် မှောက်ချင်သလို မှောက်၊ လှန်ချင်သလိုလှန်၊ လုပ်ချင်သလိုလုပ်တာ ခံရခက်တယ်ဗျာ" ဦးလူတင်က စိတ်မရှည်ဟန်ဖြင့် ပြောလိုက်ရာ၊ ဦးလှိုင်မြင့်က "အဲဒါကိုကြည့်ပြီး ကျုပ်တို့ သင်ခန်းစာယူရမယ်၊ တိုင်းပြည်မှာ စည်းလုံး ညီညွတ်မှု ပျက်ပြားလျှင် ဒီလို ခံရတတ်တယ် ဆိုတာပဲ" ဟု ကောက်

ချက်ပြုပါသည်။ မှန်ပါသည်။ ဦးလှိုင်မြင့်ပြောသည်မှာ သွေးထွက်အောင် မှန်လှပါပေသည်။ စည်းလုံးညီညွတ်မှု ပျက်ပြားလျှင် တိုင်းပြည်ပြိုကွဲမည်။ တိုင်းပြည်ပြိုကွဲလျှင် လူမျိုးခြား နယ်ချဲ့ရောက် လာမည်။ "တစ်ခါသေဘူး ပျဉ်ဖိုး နားလည်" ဆိုသကဲ့သို့ သူ့ကျွန်အောက် ပြန်မရောက်ရ အောင် "အမျိုးဘာသာ သာသနာ" ကို စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ကြရမှာ ကျွန်တော်တို့ တစ်မျိုးသား လုံး၏တာဝန် ဖြစ်ပေသည်။

မိဂဒါဝုန်တွင် ရသမျှ အချိန်ကလေးတွင် ရသ၍ စေ့စပ်စွာ လေ့လာကြည့်ရှုဖူးမျှော်ကန်တော့ရွတ်ဖတ်ပူဇော် နိုင်ခဲ့ပေသည်။ မနက်ဖြန် သာဝတ္ထိသို့ ခရီးဆက်ရမည် ဖြစ်ပါ၍ ညဦးပိုင်းတွင် မိဂဒါဝုန် ဆရာတော်သို့ နဝကမ္မ အလှူနှင့် ကျောင်းဆောက်ရန် ဒေါ်လာ(၅၂၆) ဒေါ်လာနှင့် ရူပီ (၈၀၀၀) ကို ရေစက်သွန်းချ လှူဒါန်းနိုင်ခဲ့ပါသည်။

## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၇) ရက်နေ့

၇-၁-၁၉၉၈ နံနက် (၆) နာရီ

မိဂဒါဝုန် ဆရာတော်ဘုရားကြီးက ကျောင်းပေါက်ဝ ကားတွေနားအထိ ရောက်အောင်လိုက်ပို့နှုတ်ဆက်ပါသည်။ နှင်းမှုန်ဖွေးဖွေးကြားတွင် မိဂဒါဝုန်ကို လက်အုပ်ချီမိုး ရှစ်ခိုးကန်တော့ နှုတ်ဆက်လိုက်မိသည်။ (မိဂ=သမင်၊ ဒါယ=တော) သမင်တို့ ဘေးမဲ့ပေးရာတော၊ ဗာရာဏသီမင်းက နိဂြောဓရွှေသမင်မင်း ဇာတ်တော်ကို အကြောင်းပြု ဘေးမဲ့ပေးခဲ့သောတော။ ဒေသခံတို့ခေါ်ဆိုသော ဆာရနတ်သည် သာရင်္ဂနာထံမှ သာသနတ် = ဆာရနတ် (ဒေသခံတို့က သ ကို ဆ ဟုဆိုကြောင်းသိရ) (သရင်္ဂ-သမင်) (နာထ=ကိုးကွယ်အားထားမှု) သမင်တို့ကိုးကွယ်အားထားသော ဘေးလွတ်ရာဟု ခေါ်ဆိုသော မိဂဒါဝုန်။

(၁) မြတ်စွာဘုရား ပထမဦးဆုံး ဝါကပ်သောမူရာ။

(၂) ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ် အပါ အဝင် သုတ္တန်များ ဟောကြားတော်မူရာ။

(၃) ပဉ္စဝဂ္ဂီငါးဦး ရဟန္တာ ဖြစ်တော်မူရာ။

(၄) ယသသူဌေးသားနှင့် သူငယ်ချင်း (၅၄) ဦးရဟန္တာ ဖြစ်တော်မူရာ။

(၅) ပထမဝါမှာပင် ရဟန္တာ (၆၀) ဖြစ်တော်မူ၍နယ် လေးရပ်သို့သာသနာဖြန့်ချိ စတင်ရာ

မြတ်စွာဘုရားသခင် ကျေးဇူးတော်အရှင်မြတ်ကြီး ၏ ဦးစွာပထမ သာသနာ့မှတ်တိုင်များ စိုက်ထူခဲ့ရာ မိဂဒါဝုန်ကို သာဝတ္ထိသို့အသွား ကားလမ်းပေါ်မှာပင် ရှိသေ စွာ နှုတ်ဆက်ကန်တော့ခဲ့ပါသည်။

နေ့လည်စာကိုတော့ အက်ဂဘာပူမြို့နှင့် အယုဒ္ဓယမြို့ကြား ကားနားစခန်းကလေးတစ်ခုရှိ ကုလား ချာပါတီဆိုင်ရှေ့တွင် ကားရပ်ကာ ကုလားပဲဟင်းပူပူ (၅) ရူပီကိုဝယ်၍ ခရီးစဉ်ကပေးသော ထမင်း ကြက်ဥဟင်းတို့ ဖြင့် အဆင်ပြေသလို ဗိုက်ဖြည့်လိုက်ကြသည်။ သာဝတ္ထိကို ရောက်တော့ ညနေမိုးချုပ်စပြုပြီး။ သာဝတ္ထိဆရာတော်

ဦးဩဘာသသည် ကျောင်းဝမှ ဆီးကြိုနေပါသည်။

ညပိုင်းတွင် သာဝတ္ထိဆရာတော် ဦးဩဘာသနှင့် ဇေတဝန် မြန်မာကျောင်း အခြေအနေ ဒေါ်ဒွေးဇရပ် အကြောင်း မေးမြန်းလျှောက်ထားပြီးနောက် ညဉ့်နက်လာပြီ ဖြစ်၍ အိပ်စက် အနားယူရပါတော့မည်။



## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၈) ရက်နေ့

၈-၁-၁၉၉၈ နံနက် (၆) နာရီ

သာဝတ္ထိဆရာတော် ဦးသြဘာသ ဦးဆောင်၍ ဦးစွာပထမ သာဝတ္ထိမြို့ဟောင်းသို့ ကားကြီး (၂) စီးဖြင့် သွားရောက်လေ့လာကြရာ ဝင်ဝင်ချင်း လက်ယာဘက်ခြမ်း၌ အုတ်ပုံပျက်ကြီးတစ်ခု တွေ့ရှိပါသည်။ မေးကြည့်သောအခါ ဂျိန်းဘုရားကျောင်းပျက်ကြီး ဖြစ်ကြောင်း သိခဲ့ရပါသည်။ ထိုနေရာမှ တစ်အောင့်မျှ ကားစီးလိုက်လျှင်ဖြင့် ကောသလမင်းကြီးနန်းတော်နေရာကို ရောက်ပါသည်။ ကားလမ်း၏ လက်ဝဲဘက်ခြမ်း ကပ်လျှက်ရှိသော အုတ်မြစ် အုတ်ရိုးဟောင်းများသည် နန်းတော်ရာဖြစ်ပါသည်။ ကားပေါ်မှ အားလုံး ဆင်းကြည့် လေ့လာကြပါသည်။ ကောသလမင်းကြီး အိပ်မက် (၁၆) ချက်တကယ်မက်ခဲ့သည့်နေရာဆိုလည်း မမှားနိုင်ပါ။ ကောသလမင်းကြီးစံပျော်ရာ နန်းတော် နေရာ

မှာ မှတ်တမ်းဓါတ်ပုံများရိုက်ပြီးနောက် မလှမ်းမကမ်းတွင် တည်ရှိသော မလ္လိကာမိဖုရားကြီးနန်းမဆောင်သို့ ဆက်လက်လှေ့လာကြရာ အလွန်တရာမှထုထည်ကြီးမားသော အုတ်မြစ်များနှင့် ခန်းမဆောင်များ မြင်ရပြီး အရှေ့ဘက်အဆောင်မှ အနောက်ဘက်အဆောင်ကူးရာတွင် အုတ်တံတိုင်းမှာကျဉ်းနေသဖြင့် တစ်ယောက်ချင်း သတိဖြင့် တစ်ဖက်သို့ကူးရသည်။



ကောသလမင်းကြီး၏နန်းတော်နေရာ

မြတ်စွာဘုရားရှင် လက်ထက်တော်က ဗိမ္ဗိသာရမင်း အုပ်စိုးသော မာဂဓတိုင်းနှင့် ပသေနဒီကောသလမင်း အုပ်ချုပ်သော ကောသလတိုင်းတို့သည် နယ်ပါယ် အကျယ်အဝန်း များစွာပိုင်ဆိုင်ကြ၍ စစ်သည်အင်အားကြီးမားသော နိုင်ငံများဖြစ်ကြပါသည်။ တဖန်အမျိုးတော်စပ်သူများ

ဖြစ်ကြပါသည်။ ကောသလမင်း၏ နှမတော် ဝေဒေဟီ မင်းသမီး သည် ဗိမ္ဗိသာရမင်းကြီး၏ တောင်ညာစံဒေဝီ မိဖုရားကြီးဖြစ်ပါသည်။ တက္ကသိုလ် (ယခုအခါ ပါကစ္စတန် နိုင်ငံ ရာဝါလ်ပင်ဒီ မြို့တော်မှ မိုင် ၂၀ ခန့်ဝေးသော အရပ် တွင်ရှိသည်) ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင် ဘက်များ ဖြစ်ကြပါသည်။ ကောသလတိုင်းတွင် လူဦးရေ (၅) သန်း နေထိုင်ကြောင်း လေ့လာသိရှိရပါသည်။

ကောသလမင်းကြီးသည် အသားအရေ ဝင်းဝါစို ပြေ၍ ယဉ်ကျေးလိမ္မာ ဉာဏ်အရာတွင် ထက်သော သာကီ ဝင်မင်းအမျိုးများနှင့် ဆွေမျိုးတော်စပ်လိုပါသည်။ အထူး သဖြင့် ဘုရားရှင်နှင့် အမျိုးတော်လိုခြင်းဖြစ်သည်။ ထို့ ကြောင့်လည်း ဆွေတော်မျိုးတော် သကျနွယ်ဖွား သာကီဝင် မင်းကြီး မဟာနာမ်ထံ သမီးကညာ တောင်းခဲ့လာပါသည်။ သကျနွယ်ဖွား သာကီဝင် မင်းမျိုးဆိုသည်ကား ၎င်းတို့အမျိုးမှ လွဲ၍ တခြားလူမျိုးတို့နှင့် ဘယ်သောအခါမှ ပေါင်းစပ်လေ့ မရှိ။ အမျိုးမြတ်ခြင်းသာ ထိမ်းမြားလေ့ရှိရာ စစ်အင်အား ကြီးမားသော ကောသလမင်းကြီး၏ တောင်းဆိုမှုကို ငြင်းဆန်ရမှာ မဝံ့ဖြစ်နေကြသည်။ ကောသလမင်းကြီး၏ ဆန္ဒလည်းပြည့်အောင် သကျသွေးစစ်စစ်လည်း မပေးရ လေအောင် ချော့မော့လှပသော "ဝသဘခတ္တိယာ" အမည်ရှိ ကျွန်မ၏သမီးကို ပေးပို့ခဲ့သည်။

ကောသလမင်းကြီးသည် ကျွန်မ၏ သမီးအား သကျသာကီဝင်သွေးစစ်စစ်ဟု ထင်မှတ်ခါ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားလိုက်လေသည်။ ၎င်းကျွန်မမှ သားတစ်ယောက်ထွန်းကားလာ၏။ အမည်မှာ "ဝိဋူဋဘ" ဖြစ်သည်။

ဝိဋူဋဘ သည် အရွယ်ရောက်သောအခါ သူ၏ မိခင်အား အကြိမ်ကြိမ်ခွင့်တောင်း၍ မိဘ ဆွေမျိုးများထံ လည်ပတ်ခွင့်ရသောအခါ ကိုယ်ရံတော်တပ်ကြီးဖြင့် သကျ နိုင်ငံသို့ သွားရောက်ခဲ့သည်။ သကျနွယ်ဖွား သာကီဝင်တို့ မှ လည်း ဝိဋူဋဘ ကို ခန်းနားစွာ ကြိုဆိုဧည့်ခံကြပါသည်။

ဆွေမျိုးသားချင်းများထံတွင် ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်ခဲ့ရပြီးနောက် အပြန်ခရီး လမ်းခုလတ်တစ်နေရာ တွင် စစ်သားတစ်ယောက် သံခမောက်မေ့ကျန်ခဲ့ကြောင်း သတိရလာပါသည်။ မြင်းကို တအားဒုံးစိုင်း၍ ဧည့်ခံမဏ္ဍပ်သို့ အရောက်နှင်လာခဲ့သည်။ ဧည့်ခံမဏ္ဍပ်ကြီး ဖျက်သိမ်းနေ သည်ကို တွေ့လိုက်ရ၏။ ထိုစစ်သားသည် မိမိ သံခမောက် ကိုရှာဖွေရာ အလွယ်တကူပင် တွေ့လိုက်ရ၍ စိတ်သက် သာရာ ရသွားပြီး စပ်စုတတ်သူပီပီ သန့်ရှင်းရေး လုပ်နေ သော အလုပ်သမားကို မေးကြည့်ရာ အလုပ်သမားက စိတ်မရှည်ဟန်ဖြင့် "ဝိဋူဋဘဟာ သာကီဝင်မင်းကြီး မဟာ

နာမ်ရဲ့ ကျွန်မ ဝါသဘာခတ္တိယရဲ့သားကွ၊ ကျွန်မရဲ့သား ဒါကြောင့် ငါတို့ ဝိဋဋူဘ ထိုင်ခဲ့တဲ့နေရာကို နွားနို့နှင့်ဆေး ပြီး သန့်ရှင်းနေတာကွ၊ ကဲ ရှင်းပလား"

ထိုစကားကိုကြားရသော ထိုစစ်သားသည် မြင်းကို ဒုန်းစိုင်း၍ တပ်တော်ကို အမှီလိုက်သည်။ တပ်တော်မှ တွေ့ တဲ့လူတွေကို ၄င်းအကြောင်း တီးတိုးပြောသည်။ ထိုသတင်း ပြန့်တော့၏။ ဝိဋဋူဘမင်းသား ကြားသောအခါ အလွန် ဝမ်းနည်းသွားသည်။ သာကီဝင်တို့ သူ့အားဆက်ဆံခဲ့သည် များ ပြန်စဉ်းစားသည်။ သူနှင့်အကျွမ်းဝင်မှာစိုး၍ သာကီဝင် မင်းသမီးတွေ တစ်နေရာစေလွှတ်ပုန်းစေခဲ့ကြောင်း သိသာ ထင်ရှားလာသည်။ ငယ်ရွယ်သူ မင်းညီမင်းသားတို့ကလည်း သူ့အား ရှိခိုးရမှာစိုး၍ ရှောင်နေခဲ့သည်။ သူ့ထက်ကြီးသူ များသာ တွေ့ရပြီး သူကသာ အမြဲရှိခိုးခဲ့ရသည်ကို ပြန်လည် သုံးသပ်မိသောအခါ ခါးကိုကျစ်ကျစ်ပါအောင် ဆုတ်၍ ကြုံးဝါးခဲ့သည်။

"ငါ ထိုင်တဲ့ ပလ္လင်ကို နွားနို့နဲ့ဆေးတဲ့ သကျတွေ၊ မင်းတို့လည်ချောင်းသွေးနဲ့ ခြေဆေးရမှ ငါ ကျေနပ်မယ်" ဝိဋဋူဘ သည် ကြုံးဝါးခဲ့သည့်အတိုင်း လုပ်ပိုင်ခွင့်ရ ဘုရင် ဖြစ်လာချိန်မှာ မြတ်စွာဘုရား (၃) ကြိမ်တိတိ တားတော် မူပြီးနောက် (၄) ကြိမ်မြောက်တွင် သကျမျိုးနွယ်တွေကို

ဆိတ်ကလေး ဝက်ကလေး သတ်သလို အပြောင်ရှင်းသုတ်သင်ပွဲကို ဆင်နွဲနိုင်ခဲ့သည်။ မြတ်စွာဘုရားစကား မိခင်၏ စကားကို နားမထောင်ခဲ့သော ဝိဋူဍဘနှင့် သူ့တပ်မတော်ကြီး တစ်ခုလုံးသည် အောင်ပွဲခံရန်ပင် အချိန်မရလိုက် သတ်ဖြတ်ရလွန်း၍ မောမောပန်းပန်းနှင့် အစိရဝတီမြစ်ကမ်းတွင် စခန်းချအိပ်ပျော်နေစဉ် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး မြစ်ထဲမျောပါ၍တယောက်မကျန် သေဆုံးကုန်ပါသည်။

သကျ သာကီဝင်များကိုသတ်ဖြတ်၍ ပြန်လာသော ဝိဋူဍဘနှင့် နောက်လိုက်များ သေဆုံးရာမြစ်သည် သာဝတ္ထိမြို့မှ မြောက်ဘက် (၂) ကီလိုမီတာအကွာတွင် ရှိပါသည်။ ၎င်း အစိရဝတီမြစ်သည် မယ်ပဋာစာရီ၏ သားရေမျောပါ ရှာရာ မြစ်ဖြစ်သည်။ နီပေါနိုင်ငံအတွင်းမှာ တည်ရှိသော ဟိမဝန္တာတောင်တန်းကြီးမှ စီးဆင်းလာပြီး ဝေသာလီတွင် ဂင်္ဂါမြစ်နှင့် ပေါင်းဆုံသွားပါသည်။

နှင်းမှုန်ကြားမှာ မရပ်မနား တရစပ် စိတ်ပါလက်ပါ ရှင်းပြနေသောဆရာတော ဦးဩဘာသ ကိုကျေးဇူးတင်မိသည် မလ္လိကာနန်းဆောင်မှပြန်လည် ထခွာခါနီးတွင် တောတရိစ္ဆာန်တို့၏ အသံဗလံများ မလှမ်းကမ်းမှာ ကြားလိုက်ရ၍ ထိတ်လန့်တကြား စကားပြန်ဘာဗလူကို မေးကြည့်ရာ။ တောခွေးတို့ အသံနှင့် မျောက်တို့၏ အော်သံ

များဖြစ်ကြောင်း၊ ယခင်လူဦးရေ (၅)သန်းနေခဲ့သော သာဝတ္ထိမြို့ကြီးကား ယခုအခါ၌ တောရွာသာသာ တောမြို့ကလေးဖြစ်နေကြောင်း လူနေကျဲလာခြင်းကြောင့် အနီးဝန်းကျင် သည် တောအုပ်ကြီးဖြစ် လာရာ သာရဲတိရိစ္ဆာန်တို့ ခိုအောင်းလာနေကြလေ၏။ တောခွေးနှင့်မျောက်များ၏ ဆူညံသော အသံများကြောင့် မလ္လိကာမိဖုရား နန်းတော်မှအပြန် ကားရှိရာသို့ အသွားတွင် အဖွဲ့သားအားလုံးလုံး လိုလို တက်တက်ကြွကြွ မြန်မြန်ရှိလှ၏။ ကားပေါ်တွင် လူစုံသောအခါ ခေတ္တခဏမျှသာ ကြာလိုက်သည်။ မြေတောင်မို့မို့ကလေး တစ်ခုအနီးတွင် ကားရပ်လိုက်၏။

"ဒါ သရက်ဖြူကုန်း"

ဆရာတော်က လက်ညှိုးညွှန်ရင်း ကားပေါ်မှ ဦးစွာဆင်းလိုက်သည်။ ကျွန်တော်တို့ အဖွဲ့တစ်ဖွဲ့လုံး ဆရာတော် ဦးသြဘာသ နောက်မှ လိုက်လာခဲ့တော့၏။ လမ်းတွေက မကောင်း၊ တောင်ကုန်းကလေးပေါ်သို့ အတက် ခပ်ခက်ခက်ဖြစ်နေ၍ အသက်ကြီးသူများကို ငယ်သူများက ဖေးမကူညီ တွဲခေါ်ပေးရာ ခရီးကားမတွင်လှ၊ သိပ်မမြင့်လှသော်လည်း ချော်လဲမှာ ကြောက်၍ ခန္ဓာကိုယ်ကို ထိမ်းရသည်မှာ အနည်းငယ်ပင်ပန်းသယောင် ရှိပါသည်။ တောင်ကုန်းထိပ်ပေါ် တွင်မည်သည့်ရုပ်ပွားတော်မျှ မတွေ့

ရ။ ယခင်မြန်မာဘုရားဖူးအဖွဲ့မှ ၄င်းသရက်ဖြူကုန်းတွင် ရုပ်ပွားတစ်ဆူပူဇော်ခဲ့သော်လည်း ယခုအခါ အိန္ဒိယ ရှေးဟောင်းဌာနက ခွင့်မပြု၍ မြန်မာကျောင်းတွင် ပြန်ထား ရပါသည်။ သရက်ဖြူကုန်းဟုသာ လွယ်လွယ်ခေါ်ကြ သည်ဖြစ်ရာ အမှန်မှာအလွန်တရာမှ လေးနက်သော မြတ်စွာဘုရား ယမကပြာဋိဟာပြတော်မူသည့်ဌာန (ကဏ္ဍမ္ဗ သရက်ဖြူပင်) ဖြစ်တော်မူပြီး၊ မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်သို့ကြွချီရာဌာနဖြစ်တော်မူပါသည်။ ဘီစီ (၃) ရာစု တွင်အာသောကမင်းကြီးမှ နတ်ပြည်တက်လှမ်းရာ နေရာ အထိမ်းအမှတ် စေတီတော်ကြီးတစ်ဆူတည်ထားခဲ့ရာ ယခု ကျွန်တော်ရောက်ရှိရာ နေရာတွင်ဖြစ်ပါသည်။

ရာဇဂြိုလ်သူဌေးကြီးသည် အိမ်ရှေ့တိုင်ကိပ်တွင် တစ်သိန်းတန် စန္ဒကူးသပိတ်တစ်တလုံးကို အမတောင် (၆ပ) ရှိဝါးလုံးတိုင်ထိပ်ပေါ်တွင်ချိတ်ဆွဲပြီး ကောင်းကင်မှချာန်ပျံ ၍ စန္ဒကူးသပိတ်ကို ယူနိုင်သူအား တစ်သိန်းတန်စန္ဒကူး သပိတ်အပြင် သားမယား ပစ္စည်းဥစ္စာပါမကျန် ပေး၍ ကျွန်ခံမည်ဖြစ်ကြောင်းကြေငြာထားသည်။

တိတ္ထိတို့ကလည်းတကယ်စွမ်းသယောင်ယောင် တတ်ယောင်ကားကား ခြေတဖက်မြှောက်လိုက် ခုန်ပေါက် လိုက် နှင့် တိတ္ထိတို့တန်ခိုးမပြနိုင်၍ လက်လျှော့လိုက်ချိန်

တွင်မြတ်စွာဘုရား၏တပည့်သားဖြစ်သော အရှင်ပိန္ဒောလသည် လာရောက်ကြည့်ရှုကြကုန်သော မင်းပရိတ်သတ်အလယ်၌ ကျောက်ဖျာကြီးကို ခြေမနှင့်ညှပ် ကောင်းကင်မှာ ဝဲကာ လှည့်ကာ တန်ခိုးပြပြီး သပိတ်ကိုယူပြလိုက်သည်။ ထိုအချိန်တွင် စန္ဒကူးသပိတ် လက်လွတ်လိုက်ရသော တိတ္ထိတို့က 'အဖိုးမတန်တဲ့ စန္ဒကူးသပိတ်ကိုရဖို့အတွက် အဖိုးတန်တဲ့ တန်ခိုးစျာန်ကိုပြရသလား' ဟုကဲ့ရဲ့ကြပြန်သည်။ ထိုအချိန်မှစ၍ တန်ခိုးဆိုတာ အံ့ဩစရာဖြစ်သော်လည်း လူတို့အတွက်အားကိုးစရာမဖြစ်၍ ရဟန်းများ တန်ခိုးမပြရဟု သက္ခာပုဒ် ပညတ်၍ ပိတ်ပင်တော်မူခဲ့သည်။

ယင်းသို့ ပိတ်ပင်ထားကြောင်း တိတ္ထိတို့ သိသောအခါ တွေ့သောရဟန်းသို့ 'တနိခိုးပြိုင်မလား မပြိုင်ရဲဘူးမဟုတ်လား' စသည်ဖြင့် မခံချင်အောင်စ၍ စိန်ခေါ်နေကြရာ မြတ်စွာဘုရား၏ အမိန့်ပညတ်တော်ကို ရိုသေလေးစားလွန်း၍ ရှောင်ရှားကြကုန်၏။ ကြာလာသောအခါ တိတ္ထိတို့က မြတ်စွာဘုရားကိုပင်စိန်ခေါ်လာတော့၏။ ကြီးထွားလာသော ပြဿနာကို ပြေလည်စေခြင်းငှာ တိတ္ထိတို့၏ စိန်ခေါ်မှုကို မြတ်စွာဘုရားသည် လက်ခံတော်မူပြီး လာမည့်ဝါဆိုလပြည့်နေ့ သာဝတ္ထိမှာရှိသော သရက်ပင်ရင်း၌ တန်ခိုးပြတော်မူမည်ဟုမိန့်တော်မူပါသည်။ ထိုအခါ၌ တိတ္ထိတို့သည် သာဝတ္ထိမှာရှိသော သရက်ပင်အားလုံးကို

လိုက်လံခုတ်လဲပစ်လိုက်ကြသည်။ ဘုရင့်ဥယျာဉ်တော်အတွင်းရှိ သရက်ပင်၌အချိန် အခါမဟုတ် ထူးခြားသောဝင်းမှဲ့နေသည့် သရက်သီး သီး၏။ ၎င်းထူးခြားဝင်းမှဲ့သောသရက်သီးအား ဥယျာဉ်မှူးဖြစ်သူ ကဏ္ဍာမှ ခူးဆွတ်၍ ဘုရင့်ထံတော်အသွား လမ်းတွင်မြတ်စွာဘုရားရှင်နှင့်တွေ့ရာမြတ်စွာဘုရားသို့ ဆက်ကပ်လှူဒါန်းပါသည်။ မြတ်စွာဘုရားသည် ကဏ္ဍာဆက်သော သရက်သီးကို ဘုန်းပေးတော်မူပြီးနောက် ကဏ္ဍာအား၊ မြေတွင် စိုက်ပျိုးစေသည် ပြီးနောက်ကဏ္ဍာပေးသောရေဖြင့်လက်ဆေးချတော်မူရာ ချက်ချင်းပင်အစေ့မှ အပင်ကြီးပေါက် လာပါသည်။

တိတ္ထိတို့ကလည်း မြတ်စွာဘုရားနောက်တော်သို့အုတ်လိုက်လိုက်နေရာ သာဝတ္ထိမြို့သားများမှလည်းမျက်ခြေပြတ်မခံ လိုက်လံစူးစမ်းနေမိကြသည်။ ၎င်းသရက်ပင်ကြီးမှ ချက်ချင်းပင် ဝင်းမှည့်နေသော အသီးများသီးပြီး မိုးရွာသလို ကြွေကျစဉ် မြို့သူမြို့သားကလေးများက ကောက်ယူစားသုံး အံ့သြမဆုံးခင် တိတ္ထိတို့က သရက်ပင်အား ဖျက်ဆီးရန် ဝိုင်းလာကြ၏။ မြို့သူမြို့သားကလေး သူငယ်များပါမကျန်သရက်စေ့များဖြင့် ဝိုင်းပေါက်ကြရာ ခပ်ဝေးဝေးသို့ပြေးကာခပ်လှမ်းလှမ်းမှ ကြည့်နေကြ၏။ မြတ်စွာဘုရားရှင်သည်ကြာပွင့်ကြီးတစ်ခု ဖန်ဆင်းပြီး ကြာပွင့်ပေါ်မတ်တပ်ရပ်ပြ၍ခန္ဓာကိုယ်ပေါ်မှ ရေအစုံ၊ မီး အစုံ လွှတ်ပြတော်မူပါသည်။

ထိုနောက် ကောင်းကင်ပေါ် ကြွတော်မူပြီး တာဝတိံသာ နတ်ပြည်၌ တစ်ဝါသီးတင်းသုံးတော်မူခဲ့သည်။ အာသောက မင်းကြီးသည် မြတ်စွာဘုရားအား အလွန်တရာမှ ကြည်ညို တော်မူသည်ဖြစ်ရာ တန်ခိုးပြတော်မူသော ကဏ္ဍမ္ဗသရက် ဖြူပင်နေရာတွင် စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သော် လည်း ယခုအခါ ပျက်စီးယိုယွင်းလျက် မြေပုံသာသာ ရှိနေပါ၏။ ဥယျာဉ်မှူးကဏ္ဍစိုက်ပျိုးသော သရက်ပင်အား ရည်ညွှန်း၍ ကဏ္ဍမ္ဗသရက်ဖြူကုန်းဟု ခေါ်ဆိုကြသကဲ့သို့ တန်ခိုးယမကပါဋိဟာရိယာ တန်ခိုးပြရာဌာနဟုလည်း ခေါ်ဆိုကြ သည်။ ၎င်းဌာနတွင် ကျွန်တော်တို့မြန်မာ ဘုရားဖူးအဖွဲ့များမှ ဆီးမီးလှိုင်လှိုင် အမွှေးနံ့သာမြိုင်မြိုင်ဖြင့် မြတ်စွာဘုရားသို့ ရည်မျှော်လှူဒါန်းခဲ့ကြပါသည်။

သာဝတ္ထိတခွင် လှည့်လည်လေ့လာရသည်မှာ တစ်နေရာနှင့် တစ်နေရာ မဝေးကွာလှ ကားပေါ်တက် လိုက်ပြန်ဆင်းလိုက် နှင့် ယခုရောက်ရှိနေရာကား ရေကန် ဖွေးဖွေး ကလေးဘေးမှာ ဖြစ်ပါသည်။

ဘုန်းတန်ခိုးကို လိုလားသော ဒေဝဒတ်သည် အဇာတသတ် ကို ဘုရင်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ သည်။ ဘုရင့် အကူအညီဖြင့် ဘုန်းကြီးလာသော ရှင်ဒေဝဒတ်သည် ဗုဒ္ဓ မြတ်စွာအား ခေါင်းဆောင်အဖြစ်မှ

ဖယ်ရှားရန် ကြိုးစား သည်မရ။ တဖန်ဗုဒ္ဓကိုသတ်ရန် ကြိုးစားသည် မအောင်မြင်။ ကျင့်စဉ် (၅) ချက်ကို ရဟန်းတော်များ ကျင့်သုံးရန် ပညတ် ဖို့တောင်းဆိုသည်။ မရသည်အဆုံး သံဃာသင်းခွဲ၍ သီးခြား နေထိုင်ခဲ့သည်။ ဒေဝဒတ်၏ တပည့်များ အမြင်မှန်ရစေရန် မြတ်စွာဘုရားသခင်သည် ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလန် တို့အား စေလွှတ်၍ တရားဟောစေ၏။ ထိုစဉ်မှာပင် ရှင်ဒေဝဒတ်ပါ နောင်တရလာ၏။ ဗုဒ္ဓမြတ်စွာထံ မှားသမျှ ဝန်ချတောင်းပန်ရန် ဗုဒ္ဓဂယာမှ ဇေတဝန်ကျောင်းသို့ အထမ်းသမားနှင့်အလာ ဇေတဝန်ကျောင်းအနီး ဝန္ဒဆာဂရ်ရေကန်အရောက် ခန္ဓာကိုယ် အညစ်အကြေး ရေဆေးရန် အဆင်းမြေမျို သွားခဲ့သည်။ ဒေဝဒတ် မြေမျိုသွားခဲ့သော ရေကန်ဘေး တစ်နေရာအား ကားလမ်းနဘေးမှ လှမ်းမျှော်ကြည့်ရှုကြပြီးနောက် မဝေးတော့သော ဇေတဝန်ဥယျာဉ်သို့ သွားရောက်ခဲ့ကြ ပြန်သည်။

ဇေတ=အမည်၊ ဝန်=ဥယျာဉ်- ဇေတဝန ဇေတ မင်းသား၏ ဥယျာဉ် ဟု အမည်ရသော ဇေတမင်းသားပိုင် ဧက (၃၀) ရှိ ဥယျာဉ်ကြီးကို ဇေတဝန်ဟု ခေါ်ဆိုပါသည်။



**ဇေတဝန်ဥယျာဉ်**

ကျောင်းတော်များဒကာသည် သုဒတ္တဖြစ်ပါသည်။ ဆင်းရဲ သားများကိုလည်း ကျွေးမွေးပေးကမ်းတတ်လို့ သုဒတ္တအား အနာထပိဏ်သူဌေးဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ သုဒတ္တ (အနာထပိဏ်) သည် မြတ်စွာဘုရား ကျောင်းတော်ဆောက် လုပ်လှူဒါန်းလိုသဖြင့် မြေနေရာရှာရာ ဇေတမင်းသား၏ ဥယျာဉ်ကို သဘောကျသဖြင့် ရောင်းပါရန် ခဏ ခဏ မေတ္တာရပ်ခံသည့်တိုင် မရောင်းဘူးဟု ဘူးခံနေ၏။ အနာထပိဏ် သူဌေးမှ ထပ်ခါထပ်မံ မေတ္တာရပ်ခံရာ "သူပိုင်သည့် ဥယျာဉ်ကို ရွှေဒင်္ဂါး အပြည့်ခင်းရမည်" ဟု ပြီးစလွယ် ပြောချလိုက်သည်။ အနာထပိဏ်သူဌေးလည်း အားရဝမ်းသာ တပည့်တပန်းတွေအကုန်ခေါ် သူပိုင် ဘဏ္ဍာတော်တိုက်မှ ရွှေဒင်္ဂါးတွေကို သယ်ထုတ်ပြီး ဥယျာဉ်အပြည့် ခင်းပြလိုက် သည်။ ဇေတမင်းသားက

မရောင်းချင်၍ ညစ်တွန်းတွန်းပြန်သည် ရွှေဒင်္ဂါးအပြည့် ခင်းရန်သာ ဟု သူပြောကြောင်း ရောင်းမည့် စကားမပါ ဒါကြောင့်မရောင်းချင်ဟု ငြင်းဆန် သဖြင့် အနာထပိဏ် သူဌေးသည် သည်မခံနိုင်တော့၍ တရားစွဲဆိုလိုက်သည်။ တရားခွင်၌ ဇေတမင်းသားရှုံး၏။ ဇေတ မင်းသားက သူလည်းမြတ်စွာဘုရားကို ကြည်ညိုလာလို့ တဝက်ကိုသာ ရောင်း၍ တဝက်ကိုသူ့အလှူ လုပ်ပါရစေဟု မေတ္တာရပ်ခံ၍ အနာထပိဏ်သူဌေးမှ သဘောတူခဲ့သည်။

အနာထပိဏ်သူဌေးသည် ရှစ်ပါယ်အကျယ် (ဗုဒ္ဓ ခေတ်တစ်ပါယ် = ၁၁၄ ပေ) ကျောင်းကြီး တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။ ကျောင်းဒကာသည် သုဒတ္တ (ခေါ်) အနာထပိဏ်ဖြစ်ခဲ့သော်လည်း ကျောင်းအမည်ကား ဇေတဥယျာဉ်ကို အစွဲပြု၍ ဇေတဝန်ကျောင်းဟု အများက သုံးနှုန်းခေါ်ဝေါ်ကြသည်။

ဇေတဝန်ဥယျာဉ်တော်ကြီးကား သစ်ပင်ပန်းမန်တို့ ဖြင့် ကြည်နူးဖွယ်ကောင်းလှပါသည်။ ဥယျာဉ်တော်အလယ် အူကြောင်း အဝင်လမ်း လက်ဝဲဘက်မှစတင်၍ ဝင်ရောက် လေ့လာကြရာ ရဟန်းများ နေထိုင်သွားသော အခန်းများ ပစ္စည်းထည့်သိမ်းရန် အခန်းများပါရှိသည့် အုတ်ကျောင်း ဆောင်ဟောင်း ကိုစတင်တွေ့ရှိပါသည်။ ၎င်းကျောင်းဆောင်

မှ တဖန် ဂန္ဓကုဋီဘက်သို့သွားရာလမ်းတွင် စေတီငယ်ရှစ်ဆူကိုဖူးတွေ့ရသည်။ ရဟန္တာများ၏ဓါတ်တော်များ တည်ရာဌာနဟု သိရပါသည်။ အုတ်ဖိနပ် အုတ်မြစ်တော်များသာ ဖူးရခြင်း ဖြစ်ပါသည်။ ၎င်းမှတဖန် လက်ဝဲဘက် အနည်းငယ်ဆက်လျှောက်မိလျှင် ကျောင်းဆောင် နံပါတ် (၇) ရှင်သီဝလိကျောင်းကို ရောက်ပါသည်။ ဆီမီး အမွှေးတိုင်များပူဇော်၍ဆုတောင်းကြသည်။ တချို့ကလာဘ်ကောင်းရန် ဆောင်ထားရန် ဟုဆိုကာ မြေကြီးအနည်းငယ်စီယူကြ၏။ ကျွန်တော်အဖွဲ့မှ ဦးရွှေအောင်က ကျွတ်ကျွတ်အိတ်နှင့် ကြိုးထည့်နေ၍ "များလှချည်လား" ဟု မေးရာ မြန်မာပြည် ရောက်ရင် မိတ်ဆွေတွေကို ဝေဖို့ဟုသိရပါသည်။ ရှင်သီဝလိကျောင်းဆောင် ရှေ့ဘက်နားတွင်ရှိ စေတီမှာ ဘန္တေ ဗုဒ္ဓဒေဝသပိတ် ဌာပနာသော ပရိဘောဂစေတီတော် ဖြစ်ပါသည်။ ၎င်းစေတီတော်၏ အရှေ့ဘက် အလယ်အူကြောင်းလမ်းကိုမျက်နှာ မူထားရာစေတီကား ပူတိယတ္တရဟန္တာဓါတ်တော်စေတီဟု ခေါ်ဆိုပါသည်။ စေတီ နံပါတ် (၅) ဟုသိရပါသည်။ ၎င်းနေရာ၌ အနာကြီးဖြစ်၍ ခန္ဓာကိုယ်မှ အပုတ်နံ့များ ထွက်နေသော ရဟန်းတော်အား အတူသီတင်းသုံးဖေါ် ရဟန်းများက မပြုစုကြသဖြင့် "ရဟန်းတို့ ငါဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုစုနေကြတာထက်ဒီလို ဂီလာန ရဟန်းကို ပိုပြီးပြုစုရမည်" ဟု မိန့်တော်မူပြီး ကိုယ်

တော်တိုင်ပြုစုပေးရာ ဌာနဖြစ်ပါသည်။

အလယ်အူကြောင်းလမ်းအတိုင်း အနည်းငယ် လျှောက်မိလျှင် လက်ယာဘက်ခြမ်း၌ ကုလားတစ်ဦးမှအသံပြာပြာဖြင့်အော်လိုက် ရေသန့်ကို မြှောက်ပြ လိုက်တွေ့ရပါသည် ၎င်းနေရာသည်ရေတွင်း ဖြစ်ပါသည်။ ရေတွင်းကို ကျော်လိုက်သည်နှင့် ဇေတဝန်ဥယျာဉ်၌ အနာထပိဏ်သူဌေးမှ ဦးစွာဆောက်လုပ်လှူဒါန်းသောကျောင်းကို ရောက်ပါသည်။ မူလဂန္ဓာကုဋီဟုခေါ်ပါသည်။ အမြဲကျိန်းစက်တော်မူရာ အဝိဇဟိ ်တဌာနလည်း ဖြစ်ပါသည်။ ဘုံချွန်ရှစ်ဆင့် သစ်သားကျောင်းကြီးဖြစ်ပြီး ပန်းရနံ့မွှေးကျောင်းဟုလည်း ထိုခေတ်က တင်စားခေါ်ဆိုကြောင်း သိခဲ့ရပါသည်။

မူလဂန္ဓကုဋီကျောင်းဝမှာ စေတီသေးလေးတစ်ဆူ ဖူးတွေ့ရပြီး ရွှေချထားသည်ကို တွေ့၍ တချို့က အသင့်ပါလာသော ရွှေပြားများ ကပ်လှူပူဇော်ကြပါသည်။ အပေါ်ဘက်သို့ ဆက်တက်လိုက်ပါလျှင် ရှစ်ပေထူ အုတ်တံတိုင်းများဖြင့် အခိုင်အမာ အုတ်မြစ် ချထားကြောင်း တွေ့ရပါသည်။ မြတ်စွာဘုရား ကျိန်းစက်ရာဟု ထင်ရသော အခန်း၌ သံဃာတော်များမှ နေရာယူကြပြီး မေတ္တာသုတ် မင်္ဂလသုတ်များကို စုပေါင်းညီညာ ရွတ်ဆိုပူဇော်ကြပါသည်။

နံ့သာမွှေးကျောင်းမှာ နံ့သာမွှေးတိုင်များများ ပူဇော်၍ ဆုတောင်း ခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် နေ့အခါ၌ လူအများ၊ ညအခါ၌ သံဃာတော်များ၊ သန်းခေါင်၌ နတ်ဗြဟ္မာများကို နေ့စဉ် တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ ဓမ္မာရုံသည် မူလဂန္ဓကုဋီ၏ အရှေ့လက်ဝဲဘက်တွင် တည်ရှိပါသည်။ ထိုဓမ္မာရုံ၌ပင် ပဋ္ဌာစာရီအား ဆုံးမတော်မူပြီး စိဉ္စမာနကို အောင်မြင်တော်မူခဲ့ပါသည်။

စိဉ္စမာနသည် သာဝတ္ထိရှိ ထိတ္ထိဆရာကြီးများ၏ လမ်းညွှန်မှုကိုခံယူပြီး ဗုဒ္ဓမြတ်စွာအား မတရားစွပ်စွဲခဲ့သည်။ တရားနာ ပရိတ်သတ်ရှေ့၌ မြတ်စွာဘုရားနှင့် ကိုယ်ဝန် အရင့်အမာရှိဟန် ဗိုက်အတုတတ်ပြီး လက်ညိုးတငေါက် ငေါက်နှင့်မတရားစွပ်စွဲရာ တရားနာသူအပေါင်းတအံ့တသြ ဖြစ်ကုန်၏။ ထိုအခါ၌ သိကြားမင်းပဏ္ဍုကမ္ဗလာ တင်းလာ၍ သိကြားမင်းသိမြင်လာပြီးနောက် ကြွက်ယောင်ဆောင်ကာ ကြိုးများကို ကိုက်ဖြတ်လိုက်ရာ ကိုယ်ဝန်အတုကြီး ကြမ်းပြင်ပေါ် ပြုတ်ကြလာပါသည်။ ထိုအခါ၌ တရားနာ ပရိသတ်များမှ ကြိမ်းမောင်းချောက်လှန့်ရိုက်နှက်နှင်ထုတ် ကြရာ ဇေတဝန်ကျောင်းအပြင်ဖက် အရောက်တွင် မြေမြို သွားပါသည်။ စိဉ္စမာနမြေမြိုရာနေရာသည် မြန်မာကျောင်း

နှင့် မလှမ်းမကမ်းတွင်ရှိပါသည်။



ရှင်အာနန္ဒာ ဗောဓိပင်

မြတ်စွာဘုရား တရားဟောတော်မူရာမဏ္ဍပ်ရုံမှ အလယ်အူကြောင်းလမ်းအတိုင်း ပြန်လှည့်လာရာ အာနန္ဒာ ဗောဓိပင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရတော့သည်။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဝါကျွတ်သည်နှင့် ဒေသစာရီ ကြွချီတော်မူရာ ဇေတဝန်ကျောင်း၌ မြတ်ဗုဒ္ဓကိုယ်စားပူဇော် နိုင်ရန် ညီတော်အာနန္ဒာမှ စီမံစိုက်ပျိုးထားခဲ့ခြင်းဖြစ်ပါ သည်။ မြတ်စွာဘုရား၏ မူလမဟာဗောဓိပင်၏ မျိုးစေ့ဖြင့် စိုက်ပျိုးထားခြင်းကြောင့် ပရိဘောဂစေတီထိုက်ပါသည်။ ဗုဒ္ဓဂယာမှ မဟာဗောဓိပင်ကို ရှင်မဟာမောဂ္ဂလန် ကိုယ်

တော်မြတ်ကြီးမှ အဘိညာဥ်တန်ခိုးဖြင့် ယူဆောင်ပေးတော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် ကိုယ်စားအဖြစ် တပည့်တကာ တကာမတို့အား ပူဇော်ခွင့်ပြုတော်မူရာ ယခုနှစ်ပေါင်း ၂၅၄၁ ခု တိုင်တိုင် မပျက်မယွင်း ပကတိဖူးတွေ့မြင်ရ၍ ဗုဒ္ဓဘာသာသူတော်စင်အပေါင်း ဝမ်းသာမဆုံး ပီတိအဖြစ်ဆုံး နေရာတစ်ခုဖြစ်ခဲ့ပါသည်။ ဗောဓိပင်ကြီးအရှည်တည်တံ့အောင် ကျွန်တော်များ မြန်မာဘုရားဖူးအဖွဲ့သားများ စုပေါင်း၍ ရေသန့်ဗူးများဖြင့် ညောင်ရေသွန်းလောင်းခဲ့ကြပါသည်။ ၄င်းနောက်နေ့လည်စာ စားသုံးရန် မြန်မာကျောင်းသို့ ပြန်လာခဲ့ကြပါတော့သည်။

နေ့လည်စာစားသုံးပြီးချိန်မှာ အလှူခံစခန်းဖွင့်၍ မြန်မာကျောင်းဆောက်ရန် အလှူခံပေးရာ အမေရိကန်ဒေါ်လာ (၉၃၄) ဒေါ်လာနှင့် ရူပီ (၁၉၆၀၀) ရရှိပါသည်။ နဝကမ္မနှင့် ပေါင်းလျှင် ရူပီ ၂၂၇၀၀ ရရှိ၍ (၁၉၉၇) ခုနှစ်အတွင်းရောက်လာသော မြန်မာဘုရားဖူးအဖွဲ့များတွင် ကျွန်တော်များအဖွဲ့များသည် အလှူငွေအများဆုံး လှူတမ်းကြောင်း မှတ်တမ်းဘုတ်တွင် တွေ့ခဲ့ရပါသည်။ ဘုရားဖူးဓမ္မမိတ်ဆွေများ နေ့လည်စာစားပြီးချိန်တွင် ကိုယ်ပိုင်အားလပ်ချိန် ပေးလိုက်ရာ တချို့လည်း ဇေတဝန်ဥယျာဥ်သို့ သွားကြ၏။ တချို့လည်း အနီးဝန်းကျင်ကျောင်းများကို လိုက်လံလေ့လာကြ၏။ တချို့လည်း အနားယူနေကြ၏။

အလှူငွေများစွာရရှိအောင် အလှူခံရာတွင် အကူအညီပေးခဲ့သော ကိုခင်မောင်ဇော် (တောင်ကြီး )တို့သားအမိလည်း ဇေတဝန်ကျောင်း ဥယျာဉ်သို့ သွားကြပြန်ရာကျောင်းဝိုင်းကြီးတစ်ခုလုံးတွင် ကျွန်တော်၊ ဦးတင်ရှိ၊ စကားပြန်ကဗလူးနှင့် မဟာတိုးဗိဒိယိုမှ ရိုက်ကူးရေးတာဝန်ခံ ကိုဝင်းနိုင်းတို့သုံးဦးသာ ကျန်တော့၏။ ထိုစဉ် အိန္ဒိယနိုင်ငံသား စကားပြန် ကဗလူးက လဖက်ရည်သွားသောက်ကြရအောင်ဟုဆိုရာ ကျွန်တော်ကခရီးစဉ်မှာ မပါတဲ့ အစိရဝတီ မြစ်ကိုသွားချင်ကြောင်း၊ ဝိသာခါဝတ်စုံရောင်းပြီးကျောင်းဆောက်လှူဒါန်းတဲ့ ပုဗ္ဗာရုံကျောင်းနေရာကိုလည်းကြည့် ချင်ကြောင်းပြောပြရာ ကဗလူးက အစိရဝတီမြစ်ကိုသွားကြည့်ဖို့ကိစ္စကတော့ လမ်းတွေအလွန်ပျက်နေပြီး လူသူပြတ်ကြောင်း ကားငှားလျှင်လည်း အဆမတန်ပေးရပြီးအချိန်အတော်ကြာမှာ ဖြစ်ကြောင်း ပုဗ္ဗာရုံကျောင်းနေရာကိုသွားချင်ရင်တော့ သိပ်မဝေးကြောင်း သို့သော် ကန်ဒဘာရီဟိန္ဒူရွာအောက်မှာ တည်ရှိ၍ ၄င်းရွာကိုရောက်သော်လည်းပုဗ္ဗာရုံကျောင်းနေရာကို မသိနိုင်ကြောင်း အကျယ်တဝင့်ရှင်းပြရှာပါသည်။ ဤသို့ဝေခွဲ၍မရ ဖြစ်နေချိန် ဦးတင်ရှိန်(စီးပွား/ကူးသန်း) က ကန်ဒဘာရီရွာကိုသွားပြီး လဖက်ရည်သောက်ရင်း ပုဗ္ဗာရုံကျောင်းကိုလည်း ရော်ရမ်းမှန်းဆကြည့်ရင်း အိန္ဒိယကျေးလက်ဒေသကိုလည်း လေ့လာရင်း ဆို

ကောင်းမလားဟု မေးရာ အားလုံးသဘောတူသဖြင့် ပုဗ္ဗာရုံကျောင်းတည်ရှိခဲ့ဘူးသော အရှေ့ဘက် အရပ် (၁) ကီလိုမီတာအကွာရှိ ကန်ဒဘာရီရွာသို့ ဦးတည်ထွက်လာခဲ့မိသည်။ လုဗ္ဗိနိသို့ (၁၆၅) မိုင်ဟု ညွှန်ပြထားသော ဆိုင်းဘုတ်အနီးအရောက်တွင် မတင်နွဲ့ (တ/ဥ) မြင့်မြင့်သန်း (ကြည့်မြင်တိုင်) မိုးသန္တာ (ကျောက်ကုန်း) ဒေါ်မြင့်တို့နှင့် တွေ့ဆုံကြရာ သူတို့ပါ ကန်ဒဘာရီရွာဘက် လိုက်လာခဲ့ကြသည်။ အတန်ငယ် လျှောက်မိပြီးချိန်မှာ ကန်ဒဘာရီရွာလယ် ဈေးတန်းသို့ ရောက်လာပါသည်။ ဈေးတန်းလဖက်ရည်ဆိုင်တွင် ရှိန်းခိုနံ့ ပြင်းသော လဖက်ရည်ကို မကြိုက်သော်လည်း မှာသောက်မိကြသည်။ ထိုလဖက်ရည်ဆိုင်တွင် နံပြား၊ ပေါင်မုန့်တို့မရှိ၊ အီကြာကွေးဆိုတာ ဝေလာဝေး။ စမူဆာတောင်မရှိ ရွာမလေ့အရ လဖက်ရည်ဆိုင်မှာ ဘယာကြော် ပူပူလေးသာ ရပါသည်။ မြန်မာပြည် အချဉ်ရည်နှင့်ဆင်ဆင်တူသော အချဉ်ရည် မဲပြာပြာတွင် ဘယာကြော် ပူပူလေးကို တို့စားရသည်မှာ တမျိုးအရသာရှိလှပါသည်။ ရေနွေးကြမ်းသောက်လေ့ သောက်ထမရှိ၍လားမသိ၊ ရေနွေးကြမ်းတောင်း၍မရ လက်ကာပြ၍ ခွကျကျဖြစ်ရသည်။ တခုကတော့ ကျေးဇူးတင်မိသည်။ ကျွန်တော်တို့အဖွဲ့အား ခုံတန်းရှည်ကြီး (၂) လုံးချပေး၍ထိုင်စေပါသည်။ ကျွန်တော်များရောက်ခဲ့သော မဇ္ဈိမခရီးတလျှောက် မနေနိုင်၍ သောက်ခဲ့ရသော လဖက်ရည်

ဆိုင်တိုင်းတွင် သောက်သောသူမှန်သမျှ မတ်တတ်ရပ်သောက်ကြရသည်က များ၏။ သူတို့ချပေးသော ခုံတန်းရှည်ပေါ်ထိုင်ရင်း ကျွန်တော့အတွေးက ကျောင်းအမကြီးဝိသာခါထံ ရောက်သွားသည်။ ဝိသာခါကျောင်းအမကြီးသည် မြတ်စွာဘုရားကို ကြည်ညိုလွန်းအားကြီးသူဖြစ်ရာ ဇေတဝန်ကျောင်းရှိ မြတ်စွာဘုရားထံ တရားလာနာယူတိုင်း ကပိုကယိုနိုင်လှသော ခြုံလွှာကို ကျောင်းပေါက်ဝဂိတ်တွင် အပ်နှံပြီးမှသာ ဝင်ရောက် ဖူးမျှော်လေ့ရှိပါသည်။ တနေ့သ၌ မြတ်စွာဘုရားထံမှ တရားနာယူဖူးမျှော်ပြီး အပြန်ဂိတ်တဲမှ တန်ဘိုးကြီးမားသော မဟာလ္လတာဝတ်စုံ မေ့ကျန်ခဲ့သည်။ သတိရ၍ အစေအပါးကို ပြန်ယူခိုင်းရာ ညီတော်အာနန္ဒာသိမ်းထားကြောင်း သိရ၏။ ထိုအခါ၌ ဝိသာခါကျောင်းအမသည် မြတ်စွာဘုရား၏ညီ ဘုန်းကြီးသော ရဟန်းတော်လက်နှင့်ထိပြီးသော ဝတ်ရုံကို ပြန်လည်မဝတ်ဝံ့။ မဝတ်ရဲမဝတ်ချင်တော့၍ ထိုဝတ်စုံအားရောင်းချပြီး မြတ်စွာဘုရားရှင်ညွှန်ကြားသည့်အတိုင်း ပုဗ္ဗရုံကျောင်း (ပုဗ္ဗ-အရှေ့) ကိုဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၎င်းကျောင်းတော်ကြီးသည် ဇေတဝန်ကျောင်းတော် အရှေ့အရပ်တွင် တည်ရှိခဲ့သော်လည်း ယခုအခါဒေသခံတို့ အဆိုအရကန်ဒဘာရီ ဟိန္ဒူရွာ၏အောက်တွင် ပျောက်ခြင်းမလှ ကျောက်နေကြောင်းသိခဲ့ရပါသည်။ ၎င်းကန်ဒဘာရီရွာသည် တိုက်တာအိမ်ခြေ

ကြီးကြီးမားမား သိတ်မရှိသော်လည်း အိမ်ခြေ ၂၅၀ လောက်ရှိမည်ဟု ခန့်မှန်းရပ်သည်။ အနည်းငယ်ကြာကြာ လဖက်ရည်ဆိုင်မှာထိုင်မိ၍ သတိထားကြည့်ရာ ကျွန်တော်တို့အား ကုလားကြီးငယ်လတ် (၅၀)ခန့် ဝိုင်းပြီးစူးစမ်းနေကြောင်းသိရ၍ အနေအထိုင် အလွန်မှကြပ်ရကာ ရူပီ (၂၀) ပေးရသော မြင်းလှည်းငှား၍ မြန်မာကျောင်းသို့ ပြန်လာခဲ့ကြပါတော့သည်။

ဤတွင် သာဝတ္ထိနှင့်ပါတ်သက်သော ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ လေ့လာခဲ့သည်များကို စာရှုသူမမှ မိတ်ဆွေများ ဖတ်လွယ် မှတ်လွယ်ရှိအောင် တတ်သမျှ သိသမျှ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုပူးတွဲ တင်ပြလိုသည်က သာဝတ္တိရောက်လျှင် ဝေငှသော လမ်းညွှန်စာစောင် တနည်းအားဖြင့် သာဝတ္တိနှင့် ပါတ်သက်သော သိသင့်သော အကြောင်းအရာအား မူရင်းမပျက် တင်ပြအပ်ပါသည်။

## သာဝတ္ထိ မိတ်ဆက်ဘုရားဖူးလမ်းညွှန်

ဗုဒ္ဓပိဋကတ်တော်လာ သာဝတ္ထိ (သို့မဟုတ်) ယနေ့ခေတ် ဆာရာဘတ်စတီ (Sravasti) သည် အိန္ဒိယပြည်မြောက်ပိုင်း ဥတ္တာပရာဒက်ရှ် (Uttar Pradesh) ပြည်နယ် ဘာဟရိုက်ခ်ျ (Bahraich) ခရိုင်၌ တည်ရှိသည်။ ၎င်းသာဝတ္ထိရှိ ဇေတဝန်ကျောင်းတော်ရာနှင့် ကောသလနန်းတော်ဟောင်းတို့အား အိန္ဒိယရှေးဟောင်းသုတေသနဌာနမှ တာဝန်ယူစောင့်ရှောက်ထားသည်။ အခေါ်အားဖြင့် ဆာဟက်မက် (Saheth, Maheth) ဟုတွင်သည်။ ပုဗ္ဗာရုံကျောင်းတော်ရာကိုကား ယနေ့တိုင်ရှာဖွေတူးဖော်ခြင်းမရှိသေးပေ။ ပထဝီအညွှန်းအရ မြောက်လတ္တီကျုဒ် ၂၇ ဒီဂရီ ၃၁ မိနစ်နှင့်အရှေ့လောင်ဂျီတွဒ် ၈၂ ဒီဂရီ ၁ မိနစ် အကြား၌ တည်ရှိသည်။

ပိဋကတ်တော် ဖော်ပြချက်များအရ သာဝတ္ထိဟူ

သည် သဗ္ဗ+အတ္တိ မှ လာသည်။ အမိပွါယ်ကား အလုံးစုံတို့ဖြင့် ပြည့်စုံခြင်း (ရှိခြင်း) ဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်က သာဝတ္ထိပြည်ကြီးအား ပသေနဒီကောသလမင်းကြီးက အုပ်ချုပ်၍ လူဦးရေခုနှစ်ကုဋေမျှရှိပြီး အလွန်စည်ကားလှကြောင်း သိရသည်။ ယနေ့အခြေတွင်ကား မြို့ရွာကြီးများနှင့် အလှမ်းဝေး၍ ရွာငယ်ဇနပုဒ်မျှသာ ရှိတော့သည်။ ဗုဒ္ဓဘာသာအပေါင်းနှင့်ရင်းနှီးကျွမ်းဝင်သော အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတော်၊ ဝိသာခါ ကျောင်းအမကြီး၏ပုပ္ဗာရုံကျောင်းတော်တို့ကား ဤသာဝတ္ထိ၌ပင် တည်ရှိလေသည်။

ထို့အပြင် အဝိဇဟိတလေးဌာနဖြစ်သော

၁။ သဗ္ဗညုတဉာဏ်တော် ရရှိရာဌာန ဗုဒ္ဓဂယာ

၂။ တရားဦးဟောရာဌာနဖြစ်သော မိဂဒါဝုန်

၃။ ဘုရားရှင်လျှောင်းစက်ရာဌာန ဂန္ဓကုဋီရှိသော ဇေတဝန်ကျောင်း

၄။ တာဝတိံသာနတ်ပြည်မှ လူပြည်သို့ဆင်းသက်ရာဌာနဖြစ်သော သင်္ကဿနဂိုရ်

ဟူ၍ ဗုဒ္ဓရှင်တော်များ အဆက်ဆက်တို့ မစွန့်ပယ်

ရွေးချယ်တော်မူသော ဤလေးဌာနမှ တတိယမြောက် ဖြစ်သော ဂန္ဓကုဋီဌာနသည် ဤသာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ပင်တည်ရှိလေသည်။ ဂန္ဓကုဋီ၏ဗျူပ္ပတ်ကား မြတ်စွာဘုရားသခင်၌ ကြည်ညိုသူအပေါင်းတို့သည် ဘုရားရှင် ဤကုဋီ၌သီတင်းသုံးသည်ဖြစ်စေ၊ အခြားတစ်ပါးသို့ ဒေသစာရီ ကြွချီစဉ်ဖြစ်စေ ဤကျောင်းတိုက်ရှေ့၌ ဘုရားရှင်အား ရည်မှတ်၍ ပန်းများဖြင့် နေ့ညမစဲ ပူဇော်ကြကုန်၏။ အစဉ်သဖြင့် ထိုပန်းတို့၏ရနံ့ဖြင့် ထုံမွှန်းနေသောကြောင့် နံ့သာကျောင်းတိုက် သို့မဟုတ် ကန္ဓကုဋီဟုတွင်သည်။ ထို့အပြင် မြတ်စွာဘုရား၏ ဗုဒ္ဓကာလ (၄၅) ဝါ အနက်မှ (၂၅) ဝါ ပတ်လုံး ဤသာဝတ္ထိ၌ပင် သီတင်းသုံးတော်မူခဲ့လေသည်။

ဗုဒ္ဓယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သော မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ငါးရာငါးဆယ်လာ ဇာတ်တော်အချို့နှင့် ဓမ္မပဒသုတ္တန်ဝတ္ထုအချို့တို့ကို ဤသာဝတ္ထိ၌ပင် ဟောကြားတော်မူခဲ့လေသည်။ ထို့ပြင်တဝ အောင်ခြင်းရှစ်ပါးမှ အင်္ဂုလိမာလချွတ်ခန်း၊ စိဉ္စမာနအောင်တော်မူခန်း စသည်တို့အား ဤသာဝတ္ထိ၌ပင်ချေချွတ်အောင်မြင်တော်မူခဲ့သည်။ အနာဂါတ်ကိုဟောသည့် ကောသလမင်းကြီး၏ အိပ်မက် (၁၆) ချက် အဖွင့်ကိုလည်း ဤသာဝတ္ထိမှာပင်ဟောကြားခဲ့လေသည်။ ထို့ကြောင့် ဤသာဝတ္ထိမြတ်ဌာနသို့ မဖြစ်မနေ

အရောက်သွား၍ ဖူးမျှော်ကန်တော့ကြခြင်း ဖြစ်လေသည်။

**သာဝတ္ထိမြန်မာဇေတဝန်ကျောင်း**

သမိုင်း အချက်အလက်များအရ နှစ်ပေါင်း (၈၀၀) မျှ တိမ်မြုပ်နေသောသာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်း တော်ရာအား သက္ကရာဇ် ၁၈၆၃ ခုနှစ်တွင် အင်္ဂလိပ်ရှေး ဟောင်း သုတေသီ (Mr. A Cunningham) စတင်တူးဖော်မှု မှ အစပြုကာ ရှေးဟောင်းသုတေသီများ ဗုဒ္ဓဘာသာဝင်များ မှ ပြန်လည်တူးဖော် ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ဘုရားဖူးများဖူးမျှော်ကြည်ညိုနိုင်သည့် ယနေ့အခြေအနေ သို့ ရောက်ရှိလာခဲ့ရသည်။

ယင်းသို့ ဗုဒ္ဓဘာသာဝင်များ၏ နှလုံးသည်းပွတ် သဖွယ်ဖြစ်သောသာဝတ္ထိပြည်ဟောင်းနှင့်ဇေတဝန်ကျောင်း တော်တို့ ပြန်လည်ဖွံ့ဖြိုးရေးနှင့် သာသနိကအမွေများအား ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ကြိုးပမ်း အားထုတ် ခဲ့သူများအနက် မြန်မာရဟန်းတော်ဦးမဟိန္ဒသည် တစ်ပါး အပါအဝင်ဖြစ်သည်။ ဆရာတော်ကြီးကား စစ်ကိုင်းတိုင်း မုံရွာနယ်မှဖြစ်ပြီး အိန္ဒိယပြည်လွတ်လပ်ရေးမရမီကပင် မဇ္ဈိမဒေသ သာသနာပြန်လည်ထွန်းကားရေးအတွက် ဆောင်ရွက်နေခဲ့သည်။ အခြားတစ်ဖက်၌လည်း ဆရာတော် ကြီးသည် ဗုဒ္ဓဘာသာဘုရားဖူးခရီးသည်များအတွက် အစဉ်

ပြေ ချောမွေ့စွာတည်းခိုနိုင်ရေးနှင့် ဘုရားဖူးမျှော်သဒ္ဓါပွား နိုင်ရေးတို့အတွက် ဇေတဝန်ကျောင်းတော်ရာ၏အရှေ့ဘက် ၌ကပ်လျက် မြန်မာဘုန်းတော်ကြီးကျောင်းကို တည်ထောင် တော်မူခဲ့သည်။

၁၉၂၉ ခုနှစ်တွင် ဘယ်လရာမ်ပူရ် (Balrampur) မဟာရာဇာလှူဒါန်းသည့် အကျယ် (၂) ဧကရှိ မြေကွက် ပေါ်တွင် မော်လမြိုင်၊ ကတိုး၊ ရန်ကုန် နှင့် သီပေါ စသည့် မြို့များမှ အလှူရှင်များ၏ကောင်းမှုဖြင့် အုတ်ကျောင်းတိုက် ကြီးတစ်ဆောင်နှင့် ၁၉၃၅ ခုနှစ်တွင် ဒုတိယအုတ်တိုက် တစ်ဆောင်တို့ကို ဆောက်လုပ်ခဲ့သည်။ ဤကျောင်း တိုက် မတည်ထောင်မီက သာဝတ္ထိ၌ သီလရှင်ဒေါ်ထွေးဇရပ် တစ်ဆောင်ရှိခဲ့သော်လည်း မြန်မာတို့ ထိန်းသိမ်းစောင့် ရှောက်မှု အဆက်ပြတ်၍ လက်လွှတ်ဆုံးရှုံးရမည့်အခြေသို့ ဆိုက်ရောက်လျက်ရှိသည်။

ဆရာတော်ကြီးအနေဖြင့် တစ်ဖက်မှ သာဝတ္ထိ၌ တရုတ်၊ ယိုးဒယား၊ သီရိလင်္ကာကျောင်းများ တည်ထောင် နိုင်ရေးအတွက် ကူညီစောင်မ ကြိုးပမ်းခဲ့သည့်နည်းတူ မြန်မာ ဇေတဝန်ကကျောင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက်လည်း လယ်ဧက (၃၀၀) ခန့်အား ကျောင်းပိုင်အဖြစ် မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဆရာ

တော်ကြီး ပျံလွန်တော်မူလေသည်။

ဆရာတော်ကြီးလက်ထက် အပင်ပန်း အဆင်းရဲခံကာ ပြုစုပျိုးထောင်ခဲ့သမျှသည် ဆရာတော်ကြီး ပျံတော်မူပြီး နောက်ပိုင်းတွင် အိန္ဒိယတာဝန်ရှိပုဂ္ဂိုလ်များ၏ လစ်လျူရှုမှုကြောင့်လည်းကောင်း၊ သာသနာ၌ သဒ္ဓါကြည်ညိုသူများ စောင့်ရှောက်ပြုစုရန် အခွင့်အလမ်း ကင်းမဲ့မှုကြောင့်လည်းကောင်း၊ မသမာသူတစ်ဦး၏ အလွဲသုံးစားပြုမှုကြောင့်လည်းကောင်း၊ ကျောင်းတိုက်ကြီးမှာ အဖက်ဖက်မှ ပျက်စီးဆုံးပါးလျက် ကျောင်းတိုက်ကြီးပင် သာသနိက အဆောက်အဦအဖြစ်မှ လျောကျဆုံးပါးလုနီးအခြေသို့ရောက်ခဲ့ရသည်။

## ဦးသြဘာသနှင့် လက်ရှိကျောင်းတိုက်အခြေအနေ

လက်ရှိ သာဝတ္ထိမြန်မာကျောင်း၏ တာဝန်ခံနှင့် ကျောင်းထိုင်ဆရာတော်မှာ မန္တလေးတိုင်းတံတားဦးမြို့နယ်မှ ဆရာတော် ဦးသြဘာသ ဖြစ်သည်။ ဆရာတော်သည် ၁၃၃၁ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ ပထမဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တ သုပညိန္ဒာဘိဝံသ အား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ဆရာတော်သည် ဇာတိ သူငယ်တော်ရွာ ရေလည်ကျောင်းတိုက်၊ မန္တလေး ဘုရားကြီးတိုက်၊ ရန်ကုန် ရွှေဂုံတိုင်ကျောင်းတိုက်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ကမ္ဘာအေး ကျောင်းထိုင်

ဘုန်းကြီးသင်တန်းကျောင်းနှင့် အိန္ဒိယပြည် နာလန္ဒာ တက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့သည်။ အစိုးရ ဓမ္မာစရိယ စာမေးပွဲ အောင်လက်မှတ်နှင့် နာလန္ဒာတက္ကသိုလ်တို့မှ ဘီအေဘွဲ့ကို ဆွတ်ခူး အောင်မြင်တော်မူခဲ့သည်။

၁၉၅၉ ခုနှစ်တွင် မူလဆရာတော်ဘုရားကြီး ဦးမဟိန္ဒပျံတော်မူပြီးနောက် ဦးကလျာဏ က ဆက်ခံခဲ့သော်လည်း ၁၉၆၃ ခုနှစ်တွင် လူဝတ်လဲကာ အိန္ဒိယနိုင်ငံသား ခံယူ၍အိမ်ထောင်ပြုသွားခဲ့သည်။ ထိုမှ အနှစ် (၂၀) ကာလအတွင်းကျောင်းတိုက်ကြီးမှာ ထိန်းသိမ်းသူကင်းမဲ့ကာ ယိုယွင်းပျက်စီးဆုံးပါး လာခဲ့သည်မှာ ကျောင်းတိုက်ကြီး၏ အပေါ်ထပ်ဘုရားဆောင်တစ်ခုသာ မြန်မာသံဃာ့အဖွဲ့ပိုင် အဖြစ် ကျန်ရှိတော့သည်။

ထို့ကြောင့် မဇ္ဈိမဒေသ မြန်မာသံဃာ့အဖွဲ့မှ နိုင်ငံတော် သံဃဟာနာယကအဖွဲ့သို့ မေတ္တာရပ်ခံချက်အရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ၁၉၈၅ ခုနှစ်တွင် ဆရာတော် ဦးဩဘာသအား ကျောင်းတိုက်ကြီးကို စောင့်ရှောက်ရန် တာဝန်ပေးစေလွှတ်ခဲ့သည်။ ကျောင်းတိုက်အား ဆရာတော် လက်ခံစဉ်က ယခင် ပုဂ္ဂိုလ်၏ အဆင်ခြင်ကင်းမဲ့မှုကြောင့် ဘုရားဆောင်တစ်ခုသာကျန်ရှိတော့သည့် အခြေအနေဖြစ်သည်။ ကျောင်းပိုင် လယ်မြေဧက (၃၀၀)

ခန့်ကျောင်းဝိုင်းမြေ (၂) ကေနှင့် သီးပင်စားပင်များအား ရောင်းချပစ်ခြင်းနှင့် ကျောင်းတိုက် အဆောက်အဦး (၃) ခု အနက်မှ (၂) ခုအား အိန္ဒိယရှေးဟောင်းသုတေသနဌာန သို့ အခကြေးငွေယူ၍ ငှားရမ်းထားပြီး ကျန်တစ်ခုအား မိသားစုနှင့်အတူ ကိုယ်ပိုင်ပြုလုပ်နေထိုင်ခြင်း စသည့် အမြော်အမြင် ကင်းမဲ့စွာ ပြုလုပ်ထားခဲ့သည်။ ယင်းကို သက်ဆိုင်ရာမှ ထိရောက်စွာဟန့်တားနိုင်ခြင်းမရှိပေ။ ထို့ကြောင့် သာဝတ္ထိသို့ ရောက်ရှိလာကြသည့် ဘုရားဖူး ခရီးသည်များမှာ (၁၆) ကီလိုမီတာဝေးသည့် ဘယ်ရာမ်ပူရ်ရှိ တည်းခိုခန်းများ၌သာ စိတ်မသက်မသာ တည်းခိုနေထိုင်ကြရသည်။

ထို့ကြောင့် ဆရာတော်သည် ရောက်ရှိခဲ့သည့်ကာလမှစ၍ ကျောင်းတိုက်ကြီး မြန်မာသံဃာ့အဖွဲ့သို့ ပြန်လည်ရရှိရေးနှင့် ဘုရားဖူးများ အဆင်ပြေချောမွေ့စွာ တည်းခို၍ ဘုရားဖူးကြည်ညို သဒ္ဓါပွားနိုင်ရေးအတွက် မနားမနေ ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

အိန္ဒိယအစိုးရသို့ ပုဂ္ဂိုလ်ရေး မေတ္တာရပ်ခံချက်၊ နိုင်ငံတော် သံဃနာယကအဖွဲ့၏ မေတ္တာရပ်ခံချက်နှင့် အိန္ဒိယပြည် လူနည်းစုရေးရာကော်မရှင် (Minority Commisssion) ဗုဒ္ဓဘာသာ ဌာနခွဲဥက္ကဋ္ဌ ဘိက္ခုခြမ္မဝီရိယ

၏ အားပေးကူညီမှုကြောင့်လည်းကောင်း၊ ဒေလီရှိ မြန်မာသံရုံးမှ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ ပေးပို့ ကူညီမှုကြောင့်လည်းကောင်း အိန္ဒိယ ရှေးဟောင်းသုတေသနဌာနမှ သိမ်းပိုက်ထားသည့် အဆောက်အဦး (၂) ခုအား (၁၉၉၁) တွင် ပြန်လည်လက်ခံယူနိုင်ခဲ့သည်။ ထို့အပြင် သဒ္ဒါကြည်လင် ကုသိုလ်ရှင်များ၏ ကောင်းမှုဖြင့် မီးစက်၊ ရေစုပ်စက်နှင့်ရေပိုက်များတပ်ဆင်ခြင်း၊ တည်းခိုခြင်းများ မီးဖိုဆောင် ရေချိုးခန်း၊ အိမ်သာများကို ပြုပြင်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် ယခု သာဝတ္ထိမြန်မာဇေတဝန်ကျောင်းသည် ဘုရားဖူး (၁၅၀) ခန့် သက်သာအေးချမ်းစွာ တည်းခိုနိုင်သည့် အခြေသို့ တိုးတက်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

## အနာဂတ်စီမံကိန်းနှင့် အခက်အခဲများ

အထက်ပါဆောင်ရွက် အောင်မြင်မှုများ ရှိသကဲ့သို့ အားနည်း ချွတ်ယွင်းချက်များ၊ လိုအပ်ချက်များနှင့် ဆက်လက်ဆောက်ရွက်ရန် ကျန်ရှိနေသေးသည့် ကိစ္စရပ်အမြောက်အမြား ကျန်ရှိနေပေသေးသည်။ မည်သို့သော အခက်အခဲများရှိစေကာမူ ဆရာတော်နှင့် ဥပသကာများ အနေဖြင့်

၁။ တိဗက်၊ ဂျိန်းဘာသာ၊ အိန္ဒိယခရီးသွားလုပ်ငန်းဌာနနှင့်

လူနေအိမ်များအဖြစ်သို့ ရောက်ရှိနေသော မူလ ကျောင်းဝိုင်းမြေများနှင့် အဆောက်အဦများ ပြန်လည် ရရှိရေးနှင့် အုတ်တံတိုင်းကာရန်

၂။ သီရိလင်္ကာဘုန်းကြီး၏ စာသင်ကျောင်းအဖြစ်သို့ ရောက်ရှိနေသော ဒေါ်ထွေးဇရပ်နှင့် သီလရှင် ကျောင်းအား ပြန်လည်ရယူရန်။

၃။ သင့်လျော်လျောက်ပတ်သည့် နေရာတွင်မြေဝယ်ယူ၍ မြန်မာဘုရားဖူးများ ပိုမိုတည်းခိုနိုင်ရန် တည်းခိုဆောင် (Pilgram Guest House) တည်ဆောက်ရန် စသည်တို့ ကို မကြာမီအတွင်း မဖြစ်မနေဆောင်ရွက်ရန် ရည်မှန်း ပြဋ္ဌာန်းထားကြသည်။

၁၉၅၈တွင် အိန္ဒိယအစိုးရက ရှေးဟောင်း အဆောက်အဦများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အက်ဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့သည်။ ထိုအက်ဥပဒေအရ မြန်မာကျောင်းတည်ရှိသည့် ဇေတဝန်ကျောင်းတော်ရာ၏ ဝန်းကျင်ပတ်လည် မီတာ (၂၀၀) အတွင်း မြေတူးဆွခြင်း၊ အဆောက်အဦသစ် တည်ဆောက်ခြင်း အဟောင်းများ ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်းများ ကို တားမြစ်ထားသည်။ ထို့ကြောင့် စီမံကိန်း (၁) နှင့် (၂) ပါ ကိစ္စရပ်များအားဆောင်ရွက်ရန် အခက်အခဲရှိလေသည်။

ထို့ကြောင့် စီမံကိန်း (၃) အား သင့်လျော်သည့်မြေနေရာကို ဝယ်ယူရန် သတ်မှတ်ရလေသည်။ မြေဝယ်ယူရေးအတွက် ရူပီငွေ (၅) သိန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ထို့သို့ ဥပဒေအရ တားမြစ်မှုရှိသော်လည်း အိန္ဒိယဖွဲ့စည်းပုံအရ ဘာသာရေးဆိုင်ရာ လွတ်လပ်မှုနှင့် အထူးလေးထားမှုတွေ့ရသည်။ ယင်းအချက်ပေါ်မူတည်၍ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ရှေးဦးသဘောတူညီချက်များအရ နှစ်ဖက်အစိုးရတို့အကြား ညှိနှိုင်းမှုဖြင့် အောင်မြင်နိုင်ပေသည်။ ထို့အတူ ဥပသကာများ၏ စေတနာ၊ သဒ္ဓါ၊ ဒါနစသည့် ကောင်းမှု ကုသိုလ်ပါဝင်မှုသည်လည်း အထူးအရေးကြီးလှသည်။ ဆရာ၊ ဒကာ၊ ညီညာမှုက သာသနာစည်ပင်ရေးသည် မနှေးမမြန် ထမြောက်အောင်မြင်ရာသည်။

သာဝတ္ထိမြန်မာ ဇေတဝန်ကျောင်းအပါအဝင် အိန္ဒိယရှိ မြန်မာဗုဒ္ဓဘာသာ သာသနာပြုကျောင်းတိုက်များ၏ ဖွံ့ဖြိုးစည်ပင်သာယာရေးသည် မြန်မာပြည်သူများနှင့် ဘုရားဖူးများ၏ ထောက်ပံ့ပြုစုမှုပေါ်တွင်များစွာ တည်မှီလေသည်။ လွန်ခဲ့သောနှစ် (၃၀) နီးပါးကထိုသို့ပြုစုမှုကင်းမဲ့မှုကြောင့် လည်းကောင်း တာဝန်ရှိပုဂ္ဂိုလ်များ၏ လစ်လျူရှုမှုကြောင့်လည်းကောင်း သာဝတ္ထိရှိ ဒေါ်ထွေးဇရပ်၊ ဘယ်လရာမ်ပူရ် မြန်မာကျောင်းနှင့် နောင်းဂါးမြန်မာကျောင်းများ လက်လွတ် ဆုံးရှုံးခဲ့ရသည်မှာ ရင်နာဖွယ် သင်ခန်းစာတစ်ရပ်

ဖြစ်သည်။

မဇ္ဈိမဒေသ ဗုဒ္ဓဘာသာ သာသနာ ပြန်လည်ထွန်းကားရေး အတွက် မြန်မာကျောင်းများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးလှပေသည်။ ထို့ကြောင့် မြတ်သောအမှုဖြစ်သည့် မြန်မာဘုန်းကြီးကျောင်းများ အရှည်တည်တန့်ရေးနှင့် စည်ပင်ဖွံ့ဖြိုးရေးမှသည် မဇ္ဈိမဒေသ သာသနာပြန်လည်ထွန်းကားရေးတည်းဟူသော ဘိုးဘွား အဆက်ဆက်တို့၏ ကောင်းမှုအမွေကို ဆက်လက် ထိန်းသိမ်းခံယူစောင့်ရှောက်ကြရန် သာသနာ့အကျိုး ရည်မျှော်ကိုး၍ နှိုးဆော် တိုက်တွန်းလိုက်ရပေသည်။

## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၉) ရက်နေ့ ၊

## လုမ္ဗနီ

၉-၁-၁၉၉၈ နံနက် (၆း၃၄) နာရီ ဖွားတော်မူရာ ဌာနဖြစ်သော လုမ္ဗနီသို့ခရီးဆက်ခဲ့သည်။ မြို့ရွာတွေဆက် စပ်မှုကျဲလာသည်။ နီပေါနယ်စပ် နီးလာ၍ဖြစ်ပေမည်။ ထို့ အတူ လူသူပုံပန်းသည်လည်း ဗီဟာပြည်နယ်လောက် မဆိုး လှ။ သစ်ရိပ်တောရိပ်များကြောင့်လားမသိ။ နီပေါသွား လမ်းတလျှောက် တွေ့လိုက်ရသော အိန္ဒိယလူမျိုးများသည် မြန်မာပြည်အထက်အညာသားနီးနီးသန့်ပြန့်ကြ၏။ မြန်မာ မျက်စိနှင့် မစိမ်းသယောင်ရှိလှသည်။ နယ်စပ်နှင့်နီးလာ၍ လားမသိ။ မြို့ဝင်ဂိတ်တွေမှာအနည်းငယ်ကြာတတ်၏။ ထို အခါ ကားအနီးအပါးဒေသန္တရဗဟုသုတစူးစမ်းမိ၏။ နံနက် (၉) နာရီ (၁၀) နာရီပင် နှင်းကမကွဲသေး။ ဟိုတစ်စု သည်တစ်စု ဝိုင်းဖွဲ့မီးလှုံနေတတ်၏။ ကျွန်တော်လည်း

ကားပေါ်ကဆင်း ချမ်းစိမ့်စိမ့်ရှိ၍ မီးပုံဝိုင်းထဲခွင့်ပန်၍ ဝင်ထိုင်၏။ ကမ္ဘာသုံး လက်ဟန် ခြေဟန်ဖြင့်မေးကြ၏။ ကျွန်တော်တို့ မြန်မာကိုမသိ။ သူတို့သိသည်မှာတစ်ခုတော့ ရှိသည်။ သရဏဂုံ (၃) ပါးကိုရွတ်ဆိုပြနိုင်ခြင်း ဖြစ်ပါသည်။ ယခုကျွန်တော်တို့ ရောက်နေသောနေရာနှင့်မလှမ်းကမ်းမှာ ဗုဒ္ဓဘာသာ အိန္ဒိယကျောင်းရှိ၍ ၎င်းကျောင်းမှာ ရေချိုး ထမင်းစားနား၍ရကြောင်း ပြောပြလာ၍ဝမ်းသာမိပါသည်။ ဖြစ်နိုင်စရာကြောင်းတွေ များစွာရှိ၏။ မဂဓတက္ကသိုလ်က ဆရာတော်ဦးသုပီယပြော၍သိရသည်။ အိန္ဒိယတစ်နိုင်ငံလုံး ထေရဝါဒရဟန်းတော် (၁၀၀၀) ကျော်ရှိကြောင်း ဗုဒ္ဓဘာသာ ဝင်သန်းပေါင်း (၄၀) ရှိကြောင်းသိခဲ့ရပါသည်။ ကားထွက်ရန် ဟွန်းသံပေးနေ၍ မီးလှုံဖက် အိန္ဒိယလူမျိုးတချို့ကို လက်ပြနှုတ်ဆက်လိုက်သောအခါ ၎င်းတို့ကလက်အုပ်ချီပြပြီး နှုတ်ဆက်ပါသည်။ ကျွန်တော်စိတ်ထဲမှတ်လိုက်မိသည်။ ထေရဝါဒသာသနာအရိပ်အောက်က ဓမ္မမိတ်ဆွေတွေ ပါလား။

နောင်တန်းဝါးမြို့ကလေးကို ကားဖြတ်သန်းချိန်မှာ နံနက် (၁၀း၄၅) ရှိပေပြီ။ ရှေ့သင့်လျော်ရာနေရာတွင်သံဃာတော်များဆွမ်းကပ်ရင်း ထမင်းစားရအောင်ဟု ကားဆရာကို ပြောခိုင်းလိုက်ပါသည်။ ဆိုနော့လီနယ်စပ်မြို့သို့ မရောက်မီ ကားစခန်းတစ်ခုအနီးရှိ ကုလားချာပါတီဆိုင်တွင် ကားရပ်ခါ

နေ့လည်စာ စားသောက်ကြပါသည်။

ထို့မှဆက်လက်ထွက်ခွာလာကြရာ နီပေါ နယ်စပ်ဂိတ်သို့ (၁၂:၃၀) နာရီမှာရောက်ရှိပါသည်။ အိန္ဒိယ နယ်စပ်ဂိတ်တွင် ၄၅ မိနစ်ခန့်နှင့်နီပေါဘက်ခြမ်းတွင် (၂၅) မိနစ်ခန့်ကြာအောင်စောင့်နေရ၏။ ပျားပန်းခတ်မျှ ရှုတ်ထွေးများပြားလှသော နယ်စပ်ကူသန်းရောင်းဝယ်သူများ ဈေးဆိုင်တန်းများကို အကဲခတ်ခွင့်ရသည်က အမြတ်ဖြစ်၏။ အိန္ဒိယဘက်ခြမ်းစတိုးဆိုင်ကြီးတွေ (ရန်ကုန်စိန်ဂေဟာ လိုပုံစံ) ထက်နီပေါဘက်ခြမ်းစတိုးကုန်စုံဆိုင်တွေက ပိုသန့် ပြန့်၏။ အသားရောင်လဲ ကွဲပြားလာသည်။ နီပေါဘက်က အသားလတ်၍ကျွန်တော်တို့ မြန်မာများနှင့်ဆင်ပါသည်။ နီပေါအမျိုးသားပိုင်ဆိုင်တစ်ဆိုင်ကို အမှတ်မထင် ဈေးဝင်မေးကြည့်ရာ မြန်မာသံနှင့်အတော်ဆင်ဆင်တူနေသည်ကို အံ့သြစွာသိခဲ့ရပြန်ပါသည်။ နယ်စပ်ဒေသတွင် အချိန်ယူလေ့လာလိုသော်လည်းရှေ့ခရီးက ရှိနှင့်ပြီ။ သွားရပါဦးမည် လုမ္ဗိနီ။ နယ်ချားစောင့်ဂိတ် လူဝင်မှုဂိတ် အကောက်ခွန်ဂိတ်များ ငွေလဲလှယ်ရာဘဏ်တိုက်ကြီးများ ဈေးကြီးများနှင့်စည်းကားလှသော နီပေါနယ်စပ်ကို နာရီဝက်ခန့်ဖြတ်ကျော်ပြီးချိန်မှာ လုမ္ဗိနီရှိ မြန်မာနိုင်ငံသားများ တည်ထားကိုးကွယ်သော လောကမဏိစူဠာစေတီတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။

မြန်မာအင်ဂျင်နီယာမှူးကြီး ဦးအောင်သိန်းနှင့် ဝန်းထမ်းများက အားရဝမ်းသာ လှိုက်လှိုက်လှဲလှဲ ဆီးကြိုကြပါသည်။ လောကမဏ္ဍိုစူဠာ စေတီတော်မြတ်ကြီးအား နိုင်ငံရပ်ခြား တိုင်းတပါးမြေမှာ ခန့်ခန့်ထည်ထည် ဝင့်ဝင့်ကြွားကြွား မြန်မာမှု အနုပညာလက်ရာများစွာဖြင့်လွှမ်းခြုံ သပ္ပါယ်ကြည်ညိုဖွယ်ရာကိုဖူးမျှော်လိုက်ရချိန်မှာ "ဒါ တို့မြန်မာ" ဟု ကြွေးကြော်မိပါသည်။ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြသည့်အပြင် မြတ်စွာဗုဒ္ဓ၏ သာသနာကိုအမိမြန်မာနိုင်ငံတွင်သာမက နိုင်ငံရပ်ခြားအနှံ့အပြားတွင် သာသနာတော်ကြီး ပြန့်နှံ့အောင်စွမ်းဆောင်မှုတွေက ဂုဏ်ယူဝမ်းမြောက်ဖွယ် မဟုတ်ပါလော။ ထို့ပြင်တဝ လက်ရာမြောက်လှသောခြင်္သေ့လေးစီးမွမ္မစကြာပုံပါ အထိမ်းအမှတ်ကျောက်တိုင်ကြီးက ကမ္ဘာတည်သရွေ့ မြန်မာတို့၏ အလှူဒါနကို မေ့မရနိုင်အောင် စိုက်ထူထားရာ သာသနာပြုမင်းများ၏ အာဇာနည်အမြင်ကြီးမားပုံကို ညွှန်ပြနေပေ၏။ ဆီမီးအမွှေးနံ့သာများဖြင့် အားရပါးရ လှူဒါန်းပူဇော်ကြ၏။ (၂၄) ပစ္စည်းပဌာန်းတော်ရွတ်ဆိုကာ စေတီတော်ကြီးအား လက်ယာရစ် ပူဇော်ကန်တော့ကြပြီးနောက်၊ မြန်မာအင်ဂျင်နီယာမှူးကြီး ဦးအောင်သိန်းက နှုတ်ခွန်းဆက် မိတ်ဆက်စကား ပြောပါသည်။ ၎င်းနောက် မြန်မာနိုင်ငံမှ တည်ထားကိုးကွယ်ခွင့်ရသော အံ့မခန်းဖွယ်ရာ မြန်မာ

အနုလက်ရာများဖြင့် ကြည်ညိုသပ္ပါယ် လောကမဏိစူဠာ စေတီတော်ဝယ် ဆီမီးနှံ့သာ စုံလင်စွာဖြင့်ပူဇော် ကန်တော့ ကြပါသည်။

လောကမဏိစူဠာစေတီတော်မှ (၅) မိနစ်ခန့် ကားကို ဖြေးညှင်းစွာ မောင်းယုံမျှဖြင့် လုမ္ဗိနီသာမော အင်းကြင်းတောသို့ ရောက်ပါသည်။ ကားပေါ်မှအဆင်းတွင် စနစ်တကျ သုံးယောက်တစ်တွဲ တန်းစီစေ၍ မြတ်စွာဘုရား ဖွားတော်မူရာသို့ သွားရောက်လေ့လာကြပါသည်။ သုံး ယောက်တစ်တွဲ တွဲရခြင်းမှာ တိဗက်ဗုဒ္ဓဘာသာဝင်များ ကြီး မှူး၍ ဘုရားပွဲတော်တစ်ရပ် ကျင်းပကာလဖြစ်ရာ ဘုရားပွဲ လာ ပရိတ်သတ် အထူးသဖြင့်တိဗက်လူမျိုးတွေများ၏။ တိဗက် နီပေါလူမျိုးတွေကြားမှာ လူစုကွဲမှာစိုး၍ဖြစ်ပါသည်။



**ဖွားတော်မူရာအထိမ်းအမှတ်ကျောက်စာတိုင်**

ဦးစွာ ပထမ မြတ်စွာဘုရားအလောင်းတော်ဖွားတော်မူရာ အထိမ်းအမှတ် အာသောကကျောက်စာတိုင်ကို သွားရောက်လေ့လာကြသည်။

ကျောက်စာတိုင်မှာ သိပ်မမြင့် (၁၄) ပေခန့်ရှိမည်ဟု ယူဆရ၏။ ကျောက်စာတိုင်အောက်ခြေ ပါတ်လည်တွင် ၄ ပေ အမြင့်ရှိသံပန်းများ ကာရံထားသည်။ ကျောက်စာတိုင်နှင့် (၁၀) ပေအကွာတွင် အဆောက်အုံဟောင်း တစ်ခုတွေ့ရသည်။ ထိုအတွင်းသို့ ဝင်ခွင့်မရ သံဆူးကြိုးများဖြင့် ကာရံထားသည်။ ၎င်းကာရံထားသော

အဆောက်အအုံဟောင်းအတွင်း အုတ်များပုံထားသည်ကို တွေ့၍မေးကြည့်ရာ ယခင်က မယ်တော်မာယာကျောင်း ဆောင်ဖြစ်ပြီး ယခုပြိုပျက်သွားပြီးဖြစ်ကြောင်း ၎င်းနေရာတွင် မြတ်စွာဘုရားဖွားတော်မူရာ အထိမ်းအမှတ်အဆောက် အအုံကြီးတစ်ခုကို ဂျပန်နိုင်ငံမှ တာဝန်ယူဆောက်လုပ်ရန် စီစဉ်နေကြောင်းသိခဲ့ရပါသည်။ ၎င်းအဆောက်အအုံနှင့် မျက်နှာချင်းဆိုင်ဟု ဆိုရလောက်သော နေရာတွင် ပေ (၅၀) ပတ်လည်ရှိ အုတ်ရေကန်တစ်ခု တွေ့ရသည်။ ၎င်း ရေကန်သည် မြတ်စွာဘုရားအလောင်း ဖွားတော်မူပြီးနောက် နတ်၊ သိကြားများမှကောင်းကင်မှ ရေပူရေအေးများ ရေတံခွန် သဖွယ် စီးဆင်းစေခဲ့ပြီး မယ်တော်မာယာနှင့် သားတော် အလောင်းတော်အား ရေသပ္ပါယ်သန့်ရှင်း စင်ကြယ်ခဲ့သည်။ ၎င်းရေများစီးဆင်းမှုကြောင့် ရေကန်တစ်ခု ပေါ်ပေါက်လာသည်ဟု လေ့လာသိရှိရပါသည်။



လုမ္ဗိနီဥယျာဉ်အတွင်းရှိ ရေပူရေအေးကန်တော်

ဖွားတော်မူပြီးနောက် မြောက်အရပ်သို့ ခြေလှမ်း (၇) လှမ်း လှမ်းကြွရာ အထိမ်းအမှတ်စေတီများ မတွေ့ရတော့ချေ။ အုတ်ခုံ ၃ ခု ၄ ခုလောက်သာတွေ့ခဲ့ရပြီး အုတ်ကျိုး အုတ်ပဲ့များသာတွေ့ခဲ့ရသည်။ အာသောကကျောက်စာတိုင်၏ အရှေ့ဘက်ဝင်ပေါက် ထွက်ပေါက် လက်ဝဲဘက်ခြမ်းတွင် အုတ်တိုက်ငယ်တစ်ခုတွေ့ရပြီး ၎င်းအုတ်တိုက်ငယ်အတွင်း အလယ်တည့်တည့်တွင် မြတ်စွာဘုရားရုပ်ပွားတော်ရှိပြီး လက်ယာဘက်တွင် မယ်တော်မာယာ အင်ကြင်းကိုင်းကိုကိုင်၍ ဖွားတော်မူဟန်ရုပ်ထုဘေးတွင် မင်းသားငယ်ဖောင်းကြွရုပ်ထုကို မြင်နိုင်ပါသည်။ မြန်မာဘုရားဖူးများအားလုံး ဝင်ဖူး၍မရ တိုက်ခန်းငယ်က ကျဉ်းလွန်းသည်။ ဆီမီးအမွှေးများ အဆမတန် ပူဇော်ထား၍ အသက်ရှူမွန်း

ကြပ်သယောင်ရှိသည်။

ဖွားတော်မူဟန် ရုပ်ထုတိုက်ခန်းမှအထွက် လုမ္ဗိနီဥယျာဉ်၏ လက်ယာဘက် ယွန်းယွန်းတွင် နီပေါဘုန်းတော်ကြီးကျောင်းရှိပါသည်။ ၎င်းကျောင်းဝင်း အတွင်း၌ ရှားရှားပါးပါး အင်ကြင်းပင်တစ်ပင်သာရှိကြောင်း အင်ဂျင်နီယာမှူးကြီး ဦးအောင်သိန်းမှ လိုက်လံပြသပေးရှာပါသည်။ လုမ္ဗိနီသာမော ခက်ခြင်းယှဉ်တဲ့ အင်ကြင်းတောဟု အများကတင်စားဆိုကြသော်လည်း ယခုအခါ လုမ္ဗိနီဥယျာဉ်တွင် အင်ကြင်းပင် တစ်ပင်မျှမရှိတော့။ ဘုရားအလောင်း ဖွားမြင်စဉ်က အင်ကြင်းတောကြီးသည် ယခုအခါပြောင်သလင်းဖြစ်နေသည်ကတော့ စိတ်မကောင်းစရာ ဖြစ်ပါသည်။

တိဗက်ဈေးတန်း၊ နီပေါဈေးတန်းများဆီသို့ သွားရောက်ကြပြန်ရာ ဈေးချိုသည်ဟု ပြောပြ၍ ကြေးဆင်းတုတော်များကို ဝယ်ယူပူဇော်ကြပြန်ပါသည်။ အထူးခြားဆုံးကတော့ ကြေးခေါင်းလောင်းကလေးများ ဖြစ်ပါသည်။ ၎င်းကြေးခေါင်းလောင်းအပြင် နှုတ်ခမ်းပတ်လည်ကို သစ်သားတုတ်လုံးလေးဖြင့်လှည့်ပတ်ပွတ်ပါက အလွန်စူးရှသောအသံမြည်လာသည်ကို အံ့သြစွာမြင်ရကြားရပြန်ရာ အမှတ်တရဝယ်လိုက်ကြပြန်ပါသည်။ အဝတ်အစားတန်း အမှတ်တရအရုပ် အရောင်းဆိုင်တန်းများတွင်လည်း ဝယ်ယူသူများ စည်

ကားလျက်ရှိရာ မြန်မာဘုရားဖူးများ လူစုံအောင် မနည်းစုယူ ရတော့၏။

ယနေ့၌ တစ်ညတာတည်းခိုနေထိုင်ရန် ကိုရီးယား ဗုဒ္ဓဘာသာကျောင်းသို့ ဒေသစံတော်ချိန် ညနေ (၆) နာရီအချိန်မှာ ရောက်ရှိကြပါသည်။ ခန်းနားကြီးကျယ်သော (၃) ထပ်ကျောင်းတိုက်ကြီးဖြစ်ပြီး ကိုရီးယားလူမျိုး တစ်ချို့အပြင် တစ်ခြားကမ္ဘာလှည့်များလည်း လာရောက်တည်းခိုသည်ကို တွေ့ရသည်။ ကျွန်တော်များ မြန်မာနိုင်ငံတော်အစိုးရမှ လောကမဏိစူဠာ စေတီတော်ဝန်းအတွင်း မြန်မာဘုရားဖူးများတည်းခိုရန် ဆောက်လုပ်လျှက်ရှိရာ မပြီးသေး၍သာ ကိုရီးယားကျောင်းတွင် တည်းခိုရခြင်းဖြစ်ကြောင်း သိရှိရပါသည်။ သိမ်ကြီးကတော့ပြီးစီးနေပြီဖြစ်ရာ နောင်ဆိုပါလျှင် လုမ္ဗိနီဝယ် မြန်မာဘုရား၊ မြန်မာသိမ်တော်ကြီး၊ မြန်မာကျောင်းဖြင့် ဝင့်ဝင့်ထည်ထည် တွေ့မြင်နိုင်တော့မည် ဖြစ်ပါသည်။

ဒေသစံချိန် ညနေ (၆း၃၀) မှာ မြန်မာ့စေတီတော် အနီးရှိ မြန်မာသိမ်တော်ကြီးသို့ သွားရောက်ကာ ဖင်းနေရာ၌ပင် မြန်မာဘုရားဖူးများ ညစာစားသုံးကြပါသည်။ စေတီတော်တည်ဆောက်နေသော မြန်မာအင်ဂျင်နီယာများ ဝန်ထမ်းများနှင့် စကားလက်ဆုံပြောမကုန်အောင်

ဖြစ်နေကြပါသည်။ မိုးချုပ်လေ ပိုမိုအေးလာလေ ဖြစ်လာသည်မို့ တည်းခိုရာကိုရီးယားကျောင်းသို့ တစ်ညတာအိပ်စက်အနားယူရန် ပြန်လာကြတော့၏။ ဟိမဝန္တာတောင်တန်းနှင့် အလွန်နီးကပ်နေပြီဖြစ်ရာ တလလုံးနေမှ နေကို တစ်ရက်နှစ်ရက်သာ တွေ့ရကြောင်း ဝန်ထမ်းတစ်ဦးမှ ပြော၍ သိရပါသည်။ အလွန်အေးကြောင်းကို အိပ်ခန်းကုတင်တွင် အသင့်တပ်ဆင်ထားသော အပူပေးမွေ့ယာများက သက်သေထူနေပြီ ဖြစ်ပါသည်။ "အဝေမတတ် ဆရာငတ်" ဆိုသကဲ့သို့ အဖွဲ့သားအားလုံး နေရာချပြီး၍ နောက်ဆုံးမှနေရာယူသော ကျွန်တော့အဖို့ မွေ့ယာမပါသော ကုတင်ကိုသာ ရရှိခဲ့ပါသည်။ ရန်ကုန်တွင် အဆုတ်အအေးမိပြီး နေကောင်းစနာလန်ထတွင် အိန္ဒိယနီပေါသို့ လာခဲ့သည်ကို မည်သူမျှ သိမည်မဟုတ်။ မိမိကလုပ်ပိုင်ခွင့်ရှိ၍ ချန်ထားပြီး ယူလျှင်ဖြစ်သော်လည်း မိမိသာအနစ်နာခံရမှ ကျေနပ်လေ့ရှိသော ကျွန်တော့အဖို့တော့ မဆန်းတော့ပါ။ မိုးကုတ် နဂါးရုံကျောင်း ဆရာတော် ဦးကုမာရနှင့် မန္တလေးဘုရားကြီးတိုက် ပင်းတယကျောင်းမှ ဦးပဥ္စင်းဦးဝိလာသနှစ်ပါးမှ ကျွန်တော့အားသံဃာဆောင်တွင် လာရောက်အိပ်ရန် ပြောပါသည်။ သွားပြီးအိပ်ချင်သော်လည်း အိပ်၍မဖြစ်ပါ။ မိမိကြောင့် သူတစ်ပါးဒုက္ခမရောက်လိုပါအကြောင်းမှာ မြန်မာပြည်တွင် ခေတ်စားနေသော ထော်လာဂျီအင်ဂျင်သံနီးပါး ကျယ်လောင်သော

ကျွန်တော်၏ "ဟောက်" သံကို ဆရာတော်များ သံဃာတော်များ ခံနိုင်ရည်ရှိမည်မထင်။ ထေဝ်လာဂျီအင်ဂျင်နီးပါး ကျယ်လောင်သော ကျွန်တော့ဟောက်သံကြောင့် မြိတ်ဆရာတော် အအိပ်ပျက်ခဲ့ဘူးပြီ။ ကျွန်တော်၏ လက်ဦးဆရာတော် တစ်ပါးဖြစ်တော်မူသော မြိတ်မြို့ လေယာဉ်ကွင်းအနီး အရှေ့ဆရာတော် ဦဝိသုတ သည် ကွဲကွာနေသည်မှာကြာပြီဖြစ်၍ "မောင်ကံဝင်း ဒီညအားရင် ငါ့ကျောင်းလာအိပ်ကွာ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောကြရအောင်" ဟု မိန့်တော်မူပါသည်။ ကျောင်းသို့ရောက်ရှိပြီးနောက် အိပ်ယာဝင်ခဲ့၏။ ညသန်းခေါင်ယံအချိန်မှာတော့ စိတ်တိုတတ်သော မြိတ်ဆရာတော်ကြီးသည် ကျွန်ုပ်အား အတင်းနှိုးပါတော့သည်။ ကျွန်တော်လည်း ဘုမသိဘမသိနဲ့ ဆရာတော်ဘုရား "သတိထားပါဦးဘုရား" ဟု လျှောက်ရာ ဆရာတော်မှာ သူ့အား "သတိထားပါဦး" ပြောရမလားဆိုပြီး ပိုမိုဒေါကန်ကာ ကျွန်တော်အား "မင်းအခုကျောင်းခန်းထဲကထွက် အမြန်ထွက်ကွာ" "ဆရာတော် တပည့်တော်ဘာအပြစ်ရှိ" "တယ် ဒီကောင်အပြင်ဆိုထွက် မင်းအပြင်မှာအိပ်" ဆိုပြီးစောင်တွေ ခေါင်းအုံးတွေပြစ်ပေးပြီး ကျွန်တော်အား နှင်ထုတ်ကာ အခန်းတံခါးပိတ်တော့၏။ ကျွန်တော်လည်း ဘုမသိဘမသိနှင့် အပြင်ဝရံတာထွက်အိပ်ရသော်လည်း အိပ်မပျော်တော့ပါ။ မနက်အာရုံကျဉ်း အလင်းလာမှ မေးစမ်းကြည့်ရာ

"ဘယ်နှယ့်ကွာ လူကြားမကောင်း သူကြားမကောင်း နားကို ငြီးနေတာဘဲ ကောင်းကောင်းကို မကျိန်းရဘူး" ဟု မိန့်ဆို သဖြင့် ငိုအားထက်ရီအားသန်ခဲ့ရ၏။ ဤလိုအဖြစ်မျိုး ဆရာတော် သံဃာတော်များ မဖြစ်စေလို၍ ကိုယ်ဝမ်းနာ ကိုယ်သာသိ ဆိုသည့်အတိုင်း မိမိနေရာမှာပင်အိပ်ရာဝင်ခဲ့ တော့၏။



## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၁၀) ရက်နေ့

## ကုသိနာရုံပြည်

၁၀-၁-၁၉၉၈ နံနက် (၇) နာရီ

နံနက်အဆာပြေ စားပြီးသည်နှင့် လုမ္ဗိနီရှိ လောကမဏိစူဠာစေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမျှော်ပူဇော်ကန်တော့ကြပြီးနောက် စေတီတော်တည်ဆောက်ရေးအင်ဂျင်နီယာမှူးကြီး ဦးအောင်သိန်းနှင့် မြန်မာဝန်ထမ်းများကို နှုတ်ဆက်ကာ လုမ္ဗိနီဒေသမှ အိန္ဒိယဘက်သို့ပြန်လည်ထွက်ခွာလာတော့သည်။ အပြန်အထွက်ဂိတ်များတွင်မိနစ် (၂၀) ခန့်သာကြာပါသည်။ အိန္ဒိယဘက် နောင်ဝါးမြို့အဝင်လမ်းဆုံဂိတ်တွင်အကောက်ခွန်စစ်ဆေးရေးဂိတ်ရှိရာ အတန်ကြာအောင် ဟိုရှာဒီရှာလုပ်ပြီးမှ လွှတ်ပေးပါသည်။ နောင်ဝါးတန်းထုတဘာရီမြို့၌ မဲဆွယ်ပွဲတစ်ရပ် ကျင်းပနေ၍ ကားကို

လှည့်ပါတ်မောင်းနေရကာ အချိန်အနည်းငယ်ကုန်ခဲ့ပါသည်။ ကပ္ပတံဂိတ်မှအထွက် ဂေါရတ်ခပူမြို့ အိန္ဒိယလေတပ်ဌာန အလွန် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးအောက်၌ ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်ရှေ့တွင် ကားရပ်၍ နေ့လည်စာ စားသုံးကြပါသည်။

နိဗ္ဗာန်ရွှေဘုံ ဝင်ခိုလှုံ ကုသိနာရုံပြည်ကိုတော့ မွန်းလွဲ ၁း၂၀ မှာရောက်ရှိကြကာ ဦးစွာပထမ မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးအသုံးပြုခဲ့သော ရေကန်ကို သွားရောက် လေ့လာကြပါသည်။၎င်းရေကန်ဦးတွင် (၁၀) ပေ ပတ်လည်ရှိအုတ်တိုက်တစ်ခုရှိပြီး အတွင်း၌ (၅) ပေ (၆) ပေခန့် ဉာဏ်တော်ရှိစျာန်ဝင်စားနေဟန် ရုပ်ပွားတော် တစ်ဆူကိုဖူးတွေ့ရသည်။ လက်ရာမှာအလွန် ရှေးကျလွန်းသော လက်ရာတစ်ခုဖြစ်ပါသည်။ ရေသပ္ပါယ်သုံးတော်မူ ရေကန်မှ ပြန်လှည့်လာကြရာ ခေတ္တခဏလေးသာကြာသည် သာယာလှပသော ဥယျာဉ်တစ်ခုရှေ့သို့ ရောက်လာပါသည်။ ကာပေါ်မှဆင်း၍ ဥယျာဉ်ငယ်အတွင်း ဝင်လိုက်သည်နှင့် ခုံးခုံး လုံးလုံး အုတ်ပုံကြီးတစ်ခုကို ဦးစွာတွေ့မြင်လိုက်ရပါသည်။ ထိုအရာကား တေဇောဓါတ်လောင်ကျွမ်းရာမှ ကြွင်းကျန်ရစ်သော မီးသွေးများကိုစုပုံ၍ ဌာပနာပြု တည်ထားခဲ့သော အင်္ဂါရစေတီတော်မြတ် ဖြစ်ပါသည်။ ဒေသခံ လူမျိုးခြားများက ရာမမင်း သီတာဒေဝီကို စွန့်လွှတ်ခဲ့ပြီး

နောက် သီတာဒေဝီမင်းသမီးသားဖွားရာ မီးလှုံ၍ကျန်ခဲ့သော မီးသွေးများဟု ဆိုကြပြန်သည်။ ဘာသာခြားတို့သည် ဗုဒ္ဓဘာသာတို့၏ သမိုင်းဝင်နေရာများအား ပုံမှားလိုက်ရိုက်နေရာ အင်္ဂါရစေတီတော်သည်လည်း ပုံမှားအရိုက်ခံလိုက်ရသည်။ လုပ်ရက်ပေ့ လူမျိုးခြား၊ ဘာသာခြားတွေရယ် မခံချင်စိတ်ပြင်းလွန်းသော အနီးစခန်း ဆရာတော်ကြီးက "တစ်ခါ တစ်ခါ ငါလဲ စိတ်ကပြင်းလွန်းတဲ့ဘုန်းကြီးဆိုတော့ မခံချင်စိတ်တွေ တယ်ပြီး ဖြစ်တယ်ကွ" ဟု မိန့်ဆိုခဲ့ပါသည်။ အင်္ဂါရစေတီတော်မြတ်ကြီးအား လက်ယာရစ်ပါတ် ကြည်ညိုကြပြီး ဆီမီးနံ့သာတို့ဖြင့် ပူဇော်ကြပြီးနောက် အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ကြပါသည်။



**တေဇောဓါတ်လောင်ကျွမ်းရာ အင်္ဂါရစေတီတော်**

ငင်းနောက် တစ်ညတာတည်းခိုမည့် ကုသိနာရုံပြည်

မြန်မာကျောင်းသို့ ရောက်ရှိကြပြီး နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ရသည်။ ဓမ္မမိတ်ဆွေများကိုလည်း (၂း၃၀) နာရီတွင် မြန်မာကျောင်းရှေ့၌စုရပ်သတ်မှတ်ပြီး ရွှေကြာသက်န်း (၆) စုံဖြင့် ပရိနိဗ္ဗာန်ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီးအား ပူဇော်ကန်တော့ပွဲ ကျင်းပရန်ရှိကြောင်း နှိုးဆော်ထားရသည်။

ဘုရားဖူးများ ခေတ္တခဏ အနားယူကြပြီး ၂း၃၀ မှာဖြင့် မြန်မာကျောင်းရှေ့တွင် ဓမ္မမိတ်ဆွေများ စုံညီစုရုံးရောက်ရှိနေကြပြီးဖြစ်သည်။ ဘုရားဖူး ဓမ္မမိတ်ဆွေများကို ဗုဒ္ဓဂယာ မဟာဗောဓိစေတီ ရွှေကြာသက်န်း ကပ်လှူပွဲကဲ့သို့ ညီညာစီတန်းခိုင်းရပါသည်။ ၎င်းနောက် သံဃာတော်အရှင်မြတ်များ ဦးဆောင်ပြီး ရွှေကြာသက်န်း (၆) စုံကို ပုခုံးများဖြင့် ထမ်း၍ပင့်ဆောင်စေပါသည်။ မြောက်ဥက္ကလာပမြို့နယ် ( င) ရပ်ကွက် ပရိယတ္တိဒေအာင်မြေ သာစည်ကျောင်း ရန်အောင်တိုက် ဆရာတော် ဦးဇနိန္ဒအရှင်မြတ်မှ

**အနိစ္စာဝတ သင်္ခါရာ။ ဥပ္ပါဒ၀ယ ဓမ္မိနော**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

သိကြားမင်း ရွတ်ဆိုသော သံဝေဂဂါထာတော်များကို တိုင်ပေး၍ ဘုရားဖူးများမှ ပြိုင်တူလိုက်ဆိုကာ မဟာ

ပရိနိဗ္ဗာန ရုပ်ပွားတော်မြတ်ကြီးနှင့် မဟာပရိနိဗ္ဗာန စေတီတော်မြတ်ကြီးတို့အားလက်ယာရစ် (၃) ကြိမ်လှည့်ပတ်ပူဇော်ကန်တော့ကြပါ၏။ ၎င်းနောက် ပရိနိဗ္ဗာန ရုပ်ပွားတော်မြတ်ကြီးတို့အား ကုသိနာရုံဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ အရှင်သူမြတ်မှ ဦးဆောင်လွှမ်းခြုံ ကပ်လှူပူဇော်ကြပါသည်။ ကျေးဇူးတော်ကြီးမား မြတ်စွာဘုရားအား လွမ်းဆွတ် တမ်းတသတိရခြင်းများစွာ ကြေကွဲမှုတွေ ဖြစ်ပေါ်နေကြသော ကျွန်တော်တို့ မြန်မာဘုရားဖူးများ၏ မျက်ဝန်းမှာ မျက်ရည်များစို့နေသည်အထိ ခံစားနေရပါသည်။ အနာဂတ်သာသနာသည် ယနေ့ဗုဒ္ဓဘာသာဝင်များ၏ လက်ထဲတွင်တည်မှီနေရာ မြတ်စွာဘုရား၏ ကျေးဇူးတော်အားလွမ်းဆွတ်တမ်းတနေရုံမျှဖြင့် ပြီးပြည့်စုံမည် မဟုတ်။ အမြတ်ဆုံးရတနာ မြတ်ဘုရားသာသနာကို နိုင်ရာဝန်ထမ်းအင်တိုက် အားတိုက် ကြိုးပမ်း ဆောင်ရွက်သွားကြရပါလိမ့်မည်။





**မဟာပရိနိဗ္ဗာနရုပ်ပွားတော်ကြီး**

မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော အကုသိုလ်နှင့် ကုသိုလ်တရားများကို သိလာသောအချိန်မှစ၍ ကျွန်တော်တို့သည် အကုသိုလ်ကိုရှောင်ရှား ကုသိုလ်ကောင်းမှုများ ပွားများနိုင်ခဲ့ကြရာ စိတ်အစဉ်မှာ ထာဝရ အမြဲကြည်လင်နေ၏။ ထို့ထက်မြင့်မား သမထ ဝိပဿနာပွားများပါလျှင် သံသရာမှ လွတ်မြောက်ရာအမှန် ပြည်ရွှေနိဗ္ဗာန်ထိ တက်လှမ်းနိုင်မည် ဖြစ်ပါသည်။ မြတ်စွာဘုရားသခင်သည် ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံပဋိလုံဆင်ခြင်သုံးသပ်တော်မူသောအခါ ဘုရားစင်စစ်ဧကန်ဖြစ်တော်မူခဲ့၏။ အလွန်တရာမှ မြင့်မြတ်လှပါသော ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်တို့သည် ယခုအခါ မြတ်စွာဘုရားကြီး၏ သားတပည့် ရဟန္တာတစ်ဆူ ဖြစ်တော်မူသော ကျေးဇူးတော်ရှင်

မိုးကုတ်ဆရာတော်ဘုရားကြီးခန္ဓာဝန်ချခဲ့ပြီး ဖြစ်သော်လည်း သာသနာ ဝိမုတ္တိ တစ်ပါတ်ပြန်လည်လာသော အချိန်ကာလ ဖြစ်သည့် အားလျော်စွာ နေရာအနှံ့တွင် ပဋိစ္စသမုပ္ပါဒ်တရား တွေပြန့်နှံ့နေပါဦးမည်။ ဝိပဿနာ၏ အရသာကို သိသွားကြသော သံသရာမှလွတ်ငြိမ်းလိုသော ယောဂီသာဝကအပေါင်းတို့သည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သံသရာမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းတစ်ခုအဖြစ် လက်ကိုင်ပြုကာ ပွားများအားထုတ်ခဲ့ကြသည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်အား ကြေးပြားတွင် မှတ်တမ်းတင်၍ စေတီများတွင် ဌာပနာခဲ့ကြပါသည်။ အေဒီ (၅) ရာစုတွင် အိန္ဒိယကျောက်စာဌာနမှပြန်လည်ပြုပြင်ခြင်း၊ ပြင်ဆင်လိုခြင်းအလို့ငှါ မြေကြီးများတူးဖော်စဉ် စေတီအတွင်းမှ ကြေးအိုးကြီးတစ်လုံးတွေ့ရှိခဲ့ပါသည်။ ၎င်းကြေးအိုးကြီးအတွင်းမှ အဖိုးတန်ပစ္စည်းများကို တွေ့ရှိခဲ့ရပါသည်။ ၎င်းတို့အနက် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်ဆုံးပစ္စည်းတစ်ခုသည်ကား ကြေးပုရပိုက်တစ်ဆူ ဖြစ်သည်။ ထိုကြေးပြားပေါ်၌ သက္ကတဘာသာဖြင့် "ပဋိစ္စသမုပ္ပါဒ်တရားတော်" ကို ရေးထိုးထားတော်မူပါသည်။ အောက်ဆုံးအပိုဒ်တွင် "ဟရိဗလသာမိ" ၏ကောင်းမှု ဖြစ်ပြီး ပရိနိဗ္ဗာနစေတီအတွင်း ဌာပနာခဲ့ပါသည်။ မြတ်စွာဘုရား နောက်ဆုံးပရိနိဗ္ဗာန် စံတော်မူရာ စေတီတော်ကြီးသည် လျောင်းတော်မူမြတ်စွာဘုရားကျောင်း

ဆောင်၏ အနောက်ဖက်တွင်ကပ်လျက် တည်ရှိပါသည်။ ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ "မဟာပရိနိဗ္ဗာနစေတီ" တော်ကြီးအား ဆီမီး၊ အမွှေးတိုင်များ ပူဇော်ကြပြီးနောက် အမှတ်တရ ဓါတ်ပုံရိုက်ကြပါသည်။

ဤတွင် သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်တော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လမင်းတို့၏ ကုသိနာရုံ အင်းကြင်းရဂုံ၌ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ လေ့လာကြည်ညို သံဝေဂပွားများမှု ပြီးဆုံးပြီ ဖြစ်ပါသည်။

သို့သော်လည်း စာရှုသူ မမ္မမိတ်ဆွေများ ကုသိနာရုံနှင့် ပတ်သတ်၍ သိသင့်သိထိုက်သည်များကို ပိုမိုပြည့်စုံစွာ သိစေလိုသော ဆန္ဒဖြင့် ကုသိနာရုံမြန်မာကျောင်းတိုက်တွင် ဓမ္မဒါနအဖြစ် ဝေငှပေးသော "ဖူးမြင်ဖွယ်ရာအစုံကုသိနာရုံ" စာစောင်ကို ပူးတွဲ တင်ဆက်လိုက်ရပေသည်။

## ဖူးမြင်ဖွယ်ရာအစုံ ကုသိနာရုံ

ရှင်တော်မြတ်ဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး အချိန်တွင် ညီတော်ရှင်အာနန္ဒအား မိမိမရှိတော့သည့် နောက်ပိုင်း၌ အမျိုးကောင်းသားသမီးများ သွားရောက်ဖူး မျှော်၍ ကုသိုလ်တရားပွားများနိုင်သည့် "သံဝေဇနိယဌာန" ခေါ် အရပ်လေးပါးရှိကြောင်းမိန့်ကြားတော်မူခဲ့ပါသည်။ ထိုအရပ်လေးပါးတို့တွင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခဲ့ရာကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်းကြင်း ဥယျာဉ်တော်အရပ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ကုသိနာ ရုံ အရပ်ကို အိန္ဒိယအစိုးရ ကျောက်စာဌာနက ၁၈၇၆ ခုနှစ် တွင် ဂေါ်ပူရ်ခရိုင်၊ ကာဆီရွာအနီး မာထုကုဝါရ်ကော့တ်နေ ရာ၌ စတင်တူးဖော်ခဲ့သော်လည်း အစဉ်တစိုက်မလုပ်ဆောင် နိုင်ခဲ့သဖြင့်(၂၆) နှစ် တိုင်တိုင်ကြာမြင့်နေခဲ့ပြီး ၁၉၀၂ ခုနှစ်

တွင်မှ လုပ်ငန်းကို အပြီးသတ်နိုင်ခဲ့ကြပါသည်။

ယင်းသို့ တူးဖော်တွေ့ရှိရသည့် ရှေးဟောင်း ရုပ်ပွား တော်နှင့်အဆောက်အအုံများတွင် ထူးခြားဆန်းကြယ် ကြည် ညိုဖွယ်ကောင်းတော်မူလှသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ တော်မူဟန် ပြုလုပ်ထားသည့် မြေသားလျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ ပါဝင်ခဲ့ပါသည်။

## ၁။ မဟာပရိနိဗ္ဗာနဆုတောင်းပြည့်ရုပ်ပွားတော်ကြီး

မဟာပရိနိဗ္ဗာန ဆုတောင်းပြည့်ရုပ်ပွားတော်ကြီးမှာ လျောင်းတော်မူ ပရိနိဗ္ဗာန်စံမြန်းဟန်ဖြစ်ပြီး အလျားမှာ (၂၁) ပေ ရှိပါသည်။ ကျိန်းစက်တော်မူရာပလ္လင်တော်ကား အလျား ၂၃ ပေ ၉ လက်မ၊ အနံ ၅ ပေ ၆ လက်မ အမြင့် ၂ ပေ ၁ လက်မရှိသည်။

ရုပ်ပွားတော်ကြီးနှင့်ပလ္လင်တော်နှစ်ခုစလုံး မြေသား မြေခဲများဖြင့် ပြုလုပ်ထားသည်။ ခိုင်ခန့်ရန် အနားပတ်လည် တွင် ကျောက်သားဘောင် ခတ်၍ထိန်းထား၏။ ၄င်းကျောက် ဘောင်သည် တိပဗက်ဗုဒ္ဓဘာသာဝင်တို့၏ စေတနာထူး ကြောင့် ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဆိုသလိုဖြစ်၍ မြေခဲ ရပါသည်။

ပလ္လင်တော်၌ အရှင်အာနန္ဒာ၊ အရှင်သုဘဒ္ဒနှင့်

ဇီဝကဆေးဆရာကြီးတို့၏ ရုပ်ထုများကို ထွင်းထုထားရာ မဏ္ဍပ်တော်ဘက်တွင် ဆရာဇီဝကပုံ အလယ်တွင် နောက်ဆုံး သာဝကဖြစ်သောအရှင်သုဘဒ္ဒပုံနှင့် ခြေတော်ရင်းဘက်တွင် ညီတော်အာနန္ဒပုံများ ဖြစ်သည်။

မဟာပရိနိဗ္ဗာန ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပါယ် တော်မူရာ ကျောင်းဆောင်ကား ရုပ်ပွားတော်ကြီးနှင့်နှိုင်းစာ ပါက အတွင်းဘက်နေရာမှာ ကျဉ်းလှသည်။ သို့သော်တံတိုင်း ကြီးမှာ (၁၀) ပေထိ ထုကျယ်လှ၍ အပြင်မှာ ကြည့်လျှင် အထင်ကြီးဘွယ်ရာမရှိသော်လည်း အတွင်းသို့ဝင်လိုက်သော အခါတွင်မူ အသက်ဝင်လှသော ပရိနိဗ္ဗာန်စံနေတော်မူဟန် ရုပ်ပွားတော်ကြီးကိုဖူးမြင်ရသည့် ဗုဒ္ဓဘာသာဝင်များစွာတို့မှာ ဘုရားရှင်ကိုဖူးမျှော်နေရသည့်ပမာ လွမ်းဆွတ်ကြေကွဲစွာဖြင့် မျက်ရည်မဆည်နိုင်အောင်ပင် ခံစားကြရပါသည်။

ယင်းသို့ခံစားရခြင်းမှာ ပြောင်မြောက်လှသော ပညာရှင် "ဒိန္န" ၏ လက်ရာကြောင့်ဆိုလျှင် မှားအံ့မထင်ပါ။ လျောင်းတော်မူရုပ်ပွားတော်ကြီးအား ခြေတော်ရင်းမှ ဖူးမျှော် ပါလျှင် ပြင်းထန်သောဝေဒနာကို ခံစားတော်မူနေရသည့် မျက်နှာအနေအထားကို ဖူးတွေ့ရမည်ဖြစ်သည်။ အလယ် တည့်တည့်မှဖူးမျှော်လျှင် အသက်ဝိညာဉ်ကင်းမဲ့ကာ ငြိမ် သက်အေးချမ်းစွာဖြင့် ပရိနိဗ္ဗာန်စံဝင်သွားသည့် မျက်နှာ

တော်အနေအထားကို ဖူးတွေ့ရမည်ဖြစ်သည်။ မဏ္ဍိတော်ဘက်မှ ဖူးမျှော်မည်ဆိုပါက ပြုံးတော်မူနေသည့် မျက်နှာတော်အနေအထားကို ဖူးတွေ့ရမည်ဖြစ်သည်။

ပလ္လင်တော်၌ရေးထိုးထားသော ကမ္ဗည်းစာများအရ ကျောင်းဆောင်တော်နှင့် ရုပ်ပွားတော်ကြီးတို့၏အလှူဒါယကာ မှာ "ဟရိဗလဆွာမိ" ဆိုသူဖြစ်၏။

ထူးခြားဆန်းကြယ် အံ့ဖွယ်အတိနှင့် ပြည့်စုံကုံလုံလျက်ရှိသော လျောင်းတော်မူမြေသား ရုပ်ပွားတော်ကြီးအား ပြုလုပ်ပူဇော်သူမှာ မထုရာမြို့မှ "ဒိန္န" ဆိုသူပညာရှင်တစ်ဦးဖြစ်သည်။

ထို့ပြင် ရေးထိုးထားသော အက္ခရာစာသားများအရ ဤရုပ်ပွားတော်ကို အေဒီ (၅) ရာစုလောက်က ပူဇော်ခဲ့သည်ဟု ခန့်မှန်းရသည်။

ဤသို့ရှေးကျပြီး လက်ရာမြောက်လှသော လျောင်းတော်မူ ရုပ်ပွားတော်ကြီးအား ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ ရေရှည်ဖူးမျှော်နိုင်စေရန်အတွက် အစဉ်ထိန်းသိမ်းပေးခဲ့သော ဆရာတော်ကြီးမှာ ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်သော ဆရာတော် ဦးစန္ဒြာမဏိ ဖြစ်ပါသည်။ ၎င်းဆရာတော်ကြီးသည် နှစ်ပေါင်း (၇၀) ကျော် တိတိ ထိန်းသိမ်းလာခဲ့ပါ

သည်။ ယခုလက်ရှိဆက်လက်ထိန်းသိမ်းလျှက်ရှိသော ဆရာတော်မှာ ကုသိနာရုံမြန်မာကျောင်းတော်မှ ဆရာတော် "အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိဿရ" ပင် ဖြစ်ပါသည်။

ဤရုပ်ပွားတော်ကြီး ရေရှည်တည်တန့်နိုင်ရန်မှာ ဆရာတော်ကြီးတစ်ပါးတည်း၏ စွမ်းအားဖြင့် လုံလောက်နိုင်မည် မဟုတ်ပါ။ ဘုရားဖူးများဖက်ကလည်း လိုက်နာဆောင်ရွက်ကြပါမှ ရုပ်ပွားတော်ကြီး ရေရှည်တည်တန့်ရေးအတွက် ကူညီပံ့ပိုးရာရောက်ပါမည်။

ဘုရားဖူးများဖက်မှ ဆောင်ရွက်ပေးစေလိုသည့် ဆရာတော်၏အာသီသမှာ ကျောင်းဆောင်ကြီးအတွင်း၌ ဖြစ်စေ၊ ရုပ်ပွားတော်ကြီးအနီး၌ဖြစ်စေ၊ ဖယောင်းတိုင် အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်းမပြုရန်နှင့် ရွှေဆိုင်းများဖြင့် ရွှေသင်္ကန်းကပ်လှူလိုပါက မဏိတော်၊ မျက်နှာတော်နှင့် ခြေဖဝါးတော်တို့တွင် ကပ်လှူပြီး ရွှေဆိုင်းသင်္ကန်းကို ညင်သာစွာ ပွတ်သိပ်ပေးရန်ဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ အာသီသကို မိမိတို့ကိုယ်တိုင် နားလည်သိရှိပြီး မိမိတို့နှင့်ပတ်သတ်ရာ ဓမ္မမိတ်ဆွေများအားသတိပေးပြောကြားခြင်း၊ ရုပ်ပွားတော်ကြီးအား ဆီမီး အမွှေးတိုင်များနှင့် ပူဇော်နေသူများ ရုပ်ပွားတော်ကိုနှိပ်နယ် ပူဇော်နေသူများအားတွေ့ရှိပါကလည်း ယင်းသို့မပြုလုပ်ကြ

ရန် မေတ္တာရပ်ခံခြင်းဖြင့် ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းတွင် မိမိတို့ စွမ်းဆောင်နိုင်သည့်ဘက်မှ ဝင်ရောက် ကူညီ ဆောင်ရွက်နိုင်ရာရောက်မည် ဖြစ်သည်။

## ၂။ မဟာပရိနိဗ္ဗာနစေတီတော်

ကုသိနာရုံတွင်ဒုတိယအရေးပါသော သာသနာရေး ဆိုင်ရာ အဆောက်အအုံတစ်ခုမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာအရပ်၌ တည်ထားသော မဟာပရိနိဗ္ဗာနစေတီ တော်ကြီး ဖြစ်ပါသည်။

ယင်းစေတီတော်ကြီးသည် မဟာပရိနိဗ္ဗာန်လျောင်း တော်မူကိန်းဝပ်တော်မူရာ ကျောင်းဆောင်၏နောက်ဖက် အရှေ့အရပ် ကိုက်အနည်းငယ်အကွာ၌ပင် တည်ရှိသည်။

ဗုဒ္ဓမြတ်ဘုရားသည် ဝေဒနာတော်ကို အပြင်း အထန် ခံစားနေရင်းက ရေကြည်တော်များကိုဘုဉ်းပေးတော် မူပြီးနောက် ညီတော်အာနန္ဒာ ရွေးချယ်ထားသော အင်ကြင် ပင်ပျိုနှစ်ပင်ကြားရှိ နေရာထူးတစ်ခုတွင် ဒုက္ကဋ်သင်္ကန်းကို လေးခေါက်ခေါက်ပြီး ခင်းထားခဲ့သော အခင်းပေါ်ဂယ် လှဲ လျောင်းကာ ပရိနိဗ္ဗာန်စံတော်မူသည့်နေရာတွင် မလ္လာမင်း တို့က ပထမဆုံး ဝေစုရသည့်မြတ်စွာဘုရား၏ ဓါတ်တော်များ ကို ဌာပနာ၍တည်ထား ကိုးကွယ်ခဲ့သော စေတီဖြစ်ခြင်း

ကြောင့် မဟာပရိနိဗ္ဗာနစေတီစံမြန်းရာနေရာ အစစ်ဖြစ်ပါသည်။

အေဒီ (၅) ရာစု အတွင်း၌ "ဟရိဗလဆွာမိ" က စေတီတော်ကြီးအား ပြုပြင်ခဲ့ကြောင်း အထောက်အထားများ အရ သိရှိရပါသည်။ "ဟရိဗလဆွာမိ" မှာ လျှောင်းတော်မူ ရုပ်ပွားတော်နှင့် ကျောင်းဆောင်တို့၏ အလှူတကာပင် ဖြစ်ပေသည်။

ကုသိနာရုံ၏ ပထမဆရာတော် ဘဒ္ဒန္တစန္ဒြာမဏိ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံ ဟင်္သာတမြို့နယ်မှအရေး ပိုင်မင်း ဦးဘိုးကျူးက ၁၉၂၇ ခုနှစ်တွင် စေတီတော်အား စတင်ပြုပြင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူကာ အပြီးသတ်ခဲ့ပါသည်။

## ၃။ မကုဋဗန္ဓနစေတီတော်ကြီး

ကုသိနာရုံ၌ တတိယအရေးကြီးသော ဌာနေမှာ ဗုဒ္ဓ ဘုရားရှင်၏ အလောင်းတော်ကို မီးသဂြိုလ်ရာအရပ် ဖြစ် သည်။ မလ္လာမင်းတို့သည် မြတ်စွာဘုရားရှင်၏ ရုပ်ကလပ် တော်ကို မြို့တောင်ဘက်ရှိ အင်ကြင်းဥယျာဉ်တော်မှ မြို့ အရှေ့ဘက်ရှိ မကုဋဗန္ဓနရေချိုးဆိပ်အနီးသို့ ပင့်ဆောင် လာပြီး ထိုအရပ်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်ခဲ့သည်။

မကုဋ္ဌဗန္ဓလရေချိုးဆိပ်ဟူသည် ဟိရညဝတီမြစ်ကမ်းပါးတွင် တည်ရှိပြီး မလ္လာမင်းများ မင်းအဖြစ်ဘိသိက်ခံခြင်းမပြုမီ ရေသန့်စင်ရသော ရေချိုးဆိပ်တစ်ခုဖြစ်ခြင်းကြောင့် မွန်မြတ်သန့်စင်လှသည့် ဌာနတစ်ခု ဖြစ်သည်။

ယင်းအရပ်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ အလောင်းတော်မှာ တေဇောဓာတ်လောင်ကျွမ်းပြီး စန္ဒကူးနံ့သာ ထင်းတုံးကြီးများ စုပုံမိုမောက်လျက်ရှိသော ကျိတာနေရာ၌ အထိမ်းအမှတ်အဖြစ် တည်ထားသည့် မကုဗန္ဓန စေတီတော်ကြီးပင် ဖြစ်သည်။

## ၄။ အနုရုဒ္ဓါမထေရ်၏ စေတီတော်

မဟာမပရိနိဗ္ဗာန စေတီတော်မြတ်ကြီး၏အနောက်အောက်နားတွင် လေးထောင့်ပုံစေတီတော်တစ်ဆူကို ဖူးတွေ့ရမည်။

ယင်းစေတီတော်မှာရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်သွားသည့် အချိန်မှစ၍ ဆောင်ရွက်ဖွယ်ရာ ကိစ္စများနှင့်ပတ်သက်၍ အခါမလပ် သတိပေးနှိုးဆော်တော်မူခဲ့သော ရဟန္တာအရှင်မြတ် အနုရုဒ္ဓါမထေရ်၏ အထိမ်းအမှတ်စေတီတော် ဖြစ်သည်။

## ၅။ ဆုတောင်းပြည့်ရုပ်ပွားတော်

ဗုဒ္ဓရှင်တော်မြတ်ဘုရား နိဗ္ဗာန်နန်းသို့ စံတော်မမူမီ နောက်ဆုံး ရေကြည်တော်ဘုန်းပေးတော်မူခဲ့သော ခဏုဝါ မြစ်ငယ်ကမ်းပါးအနီးတွင် ကြည်ညိုဖွယ်ကောင်းလှသော ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူကို တွေ့ရမည်ဖြစ်သည်။ ယင်းဆုတောင်းပြည့်ရုပ်ပွားတော်ကို မြတ်စွာဘုရားရှင် နောက်ဆုံးရေကြည်တော် ဘုဉ်းပေးခဲ့သောနေရာတွင် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ထားခြင်းဖြစ်သည်။

ဤရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူသည့် ကျောင်းဆောင်ကို မြန်မာနိုင်ငံ ဟင်္သာတမြို့နယ်မှအရေးပိုင်မင်း ဦးဘိုးကျူး၏နှမများက လှူဒါန်းထားခြင်းဖြစ်သည်။

## ၆။ ချမ်းသာကြီး စေတီတော်

ချမ်းသာကြီး စေတီတော်၏ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ကုသိနာရုံမြန်မာ ကျောင်းပိုင်မြေအတွင်း ဝယ် ၁၉၉၇ ခုနှစ် မေ (၂၂) ရက်နေ့က ကျင်းပခဲ့ရာ ယူပီ ပြည်နယ် ဝန်ကြီးချုပ် "သုသိရိမာယာဝတီ" တက်ရောက်ချီး မြှင့်ခဲ့ပြီး မင်္ဂလာအချိန်အခါဖြစ်သော နံနက် (၉) နာရီ (၄၅) မိနစ်အချိန်တွင် ရတနာကိုးပါး စီခြယ်ထားသည့်အုတ်မြစ်

ဖြင့် ဝန်ကြီးချုပ်ကိုယ်တိုင်အုတ်မြစ်စီ ပေးခဲ့ပါသည်။

ချမ်းသာကြီးစေတီတော်မှာ ကုသိနာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့်အညီ ရွှေတိဂုံဘုရားပုံစံ မဟာဝိဇယစေတီကဲ့သို့ လှိုဏ်ပတ်လမ်းများ ပါဝင်မည်ဖြစ်သည်။ ဗိသုကာပညာရှင်များမှာ မြန်မာပြည်သားများ ဖြစ်ကြသည်။

မဝေးတော့သော အချိန်ကာလအတွင်းတွင် မြန်မာ့အနုပညာလက်ရာစုံပါဝင်မည့် "ချမ်းသာကြီးစေတီတော်" ကို ဖူးမျှော်ကြရမည် ဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်းပါး အပ်ပါသည်။

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးဩဝါဒမိန့်ကြားခဲ့ရာတွင် ဘုရားရှင်သည် သုဇာတာ ယနာနို့ဆွမ်းကြောင့် ဗောဓိဉာဏ်ထူးကို ရရှိခဲ့သည့်နည်းတူ စုန္ဒ၏ ဆုကရမဒ္ဒဝဆွမ်းကြောင့် အသခ်ရနိဗ္ဗာန ဓါတ်ထူးကိုရတော်မူခဲ့ပါသည်။ သို့ဖြစ်ရာ အသခ်ရနိဗ္ဗာနဓါတ်အစစ်အမှန် ကိန်းဝပ်တော်မူရာ ဤကုသိနာရုံမှ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီတော်များကို ကြည်ညိုသဒ္ဒါပွားများ ဖူးမျှော်ခြင်းဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ မျှော်မှန်းအားထားရာဖြစ်သော ပြည်ရွှေနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေသော်။

## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၁၁) ရက်နေ့

## ဝေသာလီ

၁၁-၁-၁၉၉၈ နံနက် (၅) နာရီ (၃၀) မိနစ်

ကုသိနာရုံ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်၏ ခြေအစုံကို နဖူးဖြင့် ဦးတိုက်ကန်တော့ နှုတ်ဆက်ခဲ့သည်။ ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ ပတ္တနားရှိ မြန်မာကျောင်းသို့ ပြန်လာကြပြီဖြစ်ပါသည်။ ပတ္တနားမြို့မရောက်မီ (၂၅) မိုင်အလိုတွင် ဝေသာလီမြို့ဟောင်းရှိရာ ဝေသာလီကို ဝင်ရောက်လေ့လာကြပါသဦးမည်။ ကုသိနာရုံမှ ကားစထွက်ကတည်းက အိပ်ချင်စိတ်က စိုးမိုးနေသည်။ ကားပေါ်၌ စုပေါင်းမေတ္တာပို့အပြီးတွင် အိပ်ပျော်သွားပါတော့သည်။ အိပ်ယာက နိုးလာတော့ အလင်းရောင်တွေ မြင်နေရပြီ။ ညက အိပ်ရေးပျက်ခဲ့

သည်။ ကုသိနာရုံဆရာတော်၏ ဘဝအတွေ့အကြုံများ အိန္ဒိယ၌ ကြံ့ကြံ့ခံသာသနာပြု ခဲ့ရသည့် ရဲရဲတောက်ဟရား များကို စိတ်ဝင်စားစွာ နာယူခဲ့ကြရ၍ဖြစ်သည်။ လူမျိုးခြား ဘာသာခြားတို့အလယ်တွင် သာသနာပြုရသည်မှာ တော်ရုံ တန်ရုံ ဇွဲသတ္တိနှင့်တော့ ဖြစ်မလာနိုင်။ ပျော့ပျော့ခွေခွေ နွမ်းနွမ်းလျလျ ပေါ့ပေါ့တန်တန် သာသနာပြုမိပြီဆိုလျှင်ဖြင့် သာဝတ္ထိမြန်မာ ဇေတဝန်ကျောင်းက ဦးဩဘာသမတိုင်မ် က ဦးကလျာဏလို ဖြစ်သွားပါလိမ့်မည်။ မစ္စတာကလျာဆင်း ဆိုသည့် လူမျိုးခြားအမည်ခံပြီး လူထွက်၊ မိန်းမယူ သာသနာ့ မြေ အဆောက်အအုံတွေ ရောင်းစားခဲ့သည့်သာဓက အိန္ဒိယ ရှိ ဗုဒ္ဓဘာသာရဟန်းတော်များအတွက် သတိပြုစရာ တစ်ချက် ဖြစ်ခဲ့ပေသည်။

"ကျွဲ" ကနဲမြည်သံနှင့်အတူ ကားရပ်သွား၍ အတွေးရပ်သွားသည်။ ရှေ့ကိုလှမ်းကြည့်လိုက်တော့ ဆိတ် အုပ် တစ်အုပ် ဖြတ်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ယခုရောက်နေသည်မှာ ရိုပါကံမြို့နှင့် ဆီဝမ်မြို့ ခြားတွင်ဖြစ် သည်။ လမ်းတွေက အတော်ဆိုးနေသည်။ ကျွန်တော့အထင် ၎င်းမြို့ခြားတွင် (၁၀) မိုင်ခန့်လမ်းမကောင်းပါ။ ဆီဝမ်ကျော် ပါမှ လမ်းတွေကောင်းလာပါသည်။ လမ်းတွေကောင်းလာပါ မှ ကားတွေကဖောက်ချင်သည်။ မကြာမကြာ "တုန့်ကနဲ" "တုန့်ကနဲ" ကားရပ်ရပ်သွား၍ ကားရပ်ပြင်ကြ၏။ ဒရိုင်ဘာ

ကြီးကို မေးကြည့်သောအခါ ဆီမသန့်၍ဖြစ်ကြောင်း ရှေ့နား ဆီဆိုင်တွင်ဆီအသစ်ဖြည့်မည်၊ ဆီအဟောင်းကို ယခုအကုန် ထုတ်နေကြောင်း ရှင်းပြသည်။ အိန္ဒိယနိုင်ငံ၏ ထူးခြားချက် က လမ်းဘေးလမ်းတလျှောက်တွင် ပုဂ္ဂလိကဆီဆိုင်ကြီးတွေ ဟိုနေရာတွေ့ ဒီနေရာတွေ့ တွေ့ရသည်။ ဈေးတွေကလည်း တပြေးညီရောင်းကြသည်။ ဆီအတွက် ဒုက္ခမရောက်စေရ ကျွန်တော်တို့ကားကြီး ဆီအသစ်ဖြည့်ပြီးနောက် ခရီးဆက် ကြရာ ဆီဝမ်မြို့အထွက် (၁၅) ကီလိုအရောက်တွင် နေ့လည် စာ ထမင်းစားကြပါသည်။ နေ့လည်စာစားသောက်ပြီးနောက် ခရီးဆက်ကြရာ ချက်ပရာမြို့အတွင်း၌ လူထုမဲဆွယ်ပွဲ တစ်ရပ် ကျင်းပနေပြန်သဖြင့် လမ်းလွှဲလမ်းကျဉ်းကလေးမှ ဖြတ်၍ ကားမောင်းရသဖြင့် ခရီးမတွင်လှသလို ပေတေတေ ဂျစ်တစ်တစ် ကပ်တပ်တပ်လူတွေက လမ်းမဖယ်ပေးချင်ကြ။ ချက်ပရာမြို့မှ ထွက်လာပြန်ရသော်လည်း ရှေ့တွင်ယာဉ် တိုက်မှု ဖြစ်ပွားသဖြင့် ယာဉ်တန်းကြီးပိတ်ဆို့နေပါသည်။ စကားပြန်ဘာဗလူးကို အထောက်တော်လွှတ်မှ အကြောင်းစုံ သိရ၏။ ရွာအတွင်းမှ လူ (၂) ဦးကို ကားတစ်စီးမှတိုက်ပြီး မောင်းပြေးသွားရာ သေဆုံးသူတို့နှစ်ဦးအတွက် မကျေနပ် ကြ၍ ရွာသားများက လမ်းပိတ်ဆို့ထားကြောင်း သိရသည်။ လမ်းပိတ်ဆို့မှု (၂) နာရီခန့်ကြာသောအခါ လမ်းပြန်ဖွင့်၍ ကားတွေ တရွေ့ရွေ့မောင်းနေကြရာ ကျွန်တော်တို့မြန်မာ

ကား (၂) စီးသည် အခင်းဖြစ်ပွားရာ ရွာထိပ်သို့ရောက်လာပါ သည်။ ထိုစဉ် ရှေ့ကားကိုရပ်ခိုင်း၍ စကားပြန်ဘာဗလူးကို လွှတ်ရပြန်သည်။ သေဆုံးသူ (၂) ဦးအတွက် သင်္ဂြိုဟ်စရိတ် ကားကြီး (၁၀၀) ကားလတ် (၅၀) ကားသေး (၂၅) သတ်မှတ် ထားကြောင်းသိရ၍ "ရော့. ဟော့. ဝေသာလီ မမှောင်ခင် ရောက်ဖို့အရေး မြန်မြန်ပေးတော့" ဟု အော်လဲအော် အိတ် ထဲကလည်းနှိုက်၍ ရူပီ (၂၀၀) ပေးလိုက်ပါတော့သည်။ "ဒါဆိုလည်းစောစောကပြောပေါ့ ကိုရွှေကုလားတို့ရယ် မှတ် လောက်ပါပေ့ မှတ်လောက်ပါပေ့" အငြိမ်းစားကျောင်း ဆရာမကြီး ဒေါ်မြထူး (သက်နှင်းကျွန်း) ကဒေါ်မြလေး လေသံနှင့် ပြောလိုက်ရာ တစ်ကားလုံး ပူပင်ကင်းမဲ့စွာ ရယ်မောသံ သောသောညံသွားပါတော့သည်။

ဟာဂျီပူမြို့လမ်းဆုံရောက်၍ လက်မှနာရီကြည့် လိုက်သောအခါ ညနေ (၅) နာရီ ထိုးနေပေပြီ။ ဝေသာလီ တော့ မှောင်မှရောက်ကြပေလိမ့်မည်။ ထင်သည့်အတိုင်းပင် ဝေသာလီရောက်တော့ မှောင်စပျိုးနေပေပြီ။မှောင်မှောင် မဲမဲမှာ မြန်မာဘုရားဖူးတွေ သုံးယောက်တစ်တွဲ လက်တွေ တွဲ၍ စမ်းတဝါးဝါး သွားရောက် ဘုရားဖူးမျှော်ရသည်မှာ ကသုတ်ကရုတ် နိုင်လွန်းလှပါသည်။ သံဝေဇနိယ (၄) ဌာန တွင် မပါဝင်သော်လည်း ဝေသာလီပြည်သည် မြတ်စွာဘုရား သာသနာပြုခဲ့ရာ သာသနာ့မှတ်တိုင်စိုက်ခဲ့ရာ မြို့တစ်မြို့

ဖြစ်ပါသည်။ ဝေသာလီမြို့ကြီး ကပ်ဆိုက်ရောက်စဉ်က မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရတနသုတ်ကို ဟောတော်မူပါသည်။ 'အရှင်အာနန္ဒာအား မြို့ပတ်လည် လှည့်လည်ရွတ်ဆိုစေပြီး ငှင်းကပ်ကြီးမှ လွတ်မြောက်စေခဲ့သည်။ ရာဇဂြိုလ်မှ ကုသိနာရုံသို့ နောက်ဆုံးပိတ်ခရီး ကြွချီရာ၌ ဝေသာလီတွင် ကြာကြာ သီတင်းသုံးတော်မူပါသည်။

မြတ်စွာဘုရားရှင်ကို ကြည်ညိုလွန်းသော အမ္ဗပါလီသည် ဘုရားအမှူးပြုသော ရဟန်းသံဃာတော် အရှင်မြတ်တို့အား ၎င်းပိုင်သရက်ဥယျာဉ်တွင် ပင့်ဖိတ်သီတင်းသုံးစေပြီး မွန်မြတ်သောဆွမ်း၊ ခဲဖွယ်များကပ်လှူပြီး သရက်ဥယျာဉ်ကြီးတစ်ခုလုံးကို လှူဒါန်းလိုက်သည်။

ဝေသာလီပြည်တွင် ဗုဒ္ဓမြတ်စွာနှင့်တပည့်သံဃာများ သီတင်းသုံးကြသည့် ကျောင်းတိုက်များ စေတီများစွာ ရှိခဲ့ဘူးကြောင်း လေ့လာတွေ့ရှိရပါသည်။ မိထွေးတော် ဂေါတမီ၏ လျှောက်ထားတောင်းပန်ချက်ကို လက်ခံတော်မူပြီး မြတ်စွာဘုရားသည် ဘိက္ခုနီဝတ်ခွင့် ပြုပေးခဲ့သည်။ "ဘိက္ခုနီအစဝေသာလီက"ဟုအမည်တွင်ခဲ့သည်။ ဝေသာလီမှ ခရီးဆက်ရာတွင် မြတ်စွာဘုရားသည် ဝေသာလီမြို့ဘက်သို့ တစ်ကိုယ်လုံးပြန်လှည့်၍ ကြည့်တော်မူပြီးလျှင် ရှင်အာနန္ဒာအား "အာနန္ဒာ ယခုတစ်ကြိမ်ကြည့်ခြင်းသည်

ဝေသာလီကို ငါဘုရားနောက်ဆုံး ပိတ်ကြည့်ခြင်းဖြစ်သည်" ဟု မိန့်တော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုသွားပြီးနောက်တွင် ဝေသာလီ လိစ္ဆဝီမင်းများသည် မြတ်စွာဘုရား ဓါတ်တော်မြတ်တို့အား စေတီတည်ထားခဲ့ကြသည်။ သာသနာနှစ် (၁၀၀) ပြည့်တွင် ကာလာသောကမင်းလက်ထက်၌ ဝေသာလီပြည် ဝါဠုကာရုံကျောင်းတော်၌ ဒုတိယသင်္ဂါယနာတင်ပွဲပြုလုပ်နိုင်ခဲ့ရာ ဝေသာလီသည် ဗုဒ္ဓသာသနာထွန်းကားခဲ့ရာဒေသတစ်ခုဖြစ်သည်ကို သိသာထင်ရှားစေပါသည်။

ကျွန်တော်တို့ မြန်မာဘုရားဖူးများအနေဖြင့် ခရီးစဉ်အခြေအနေအရပ်ရပ်ကြောင့် ဝေသာလီသို့ မိုးချုပ်မှရောက်ခဲ့ရသည်။ နောင် ဘုရားဖူးများ ဝေသာလီသို့ ရောက်ခဲ့သော် မှောင်နေပြီဆိုပါက (၂၅) မိုင်ဝေးသော ပတ္တနားမြို့သို့ ဆက်သွားလိုက်ပါ။ နောက်တစ်နေ့ နံနက်စောစောမှ တစ်ခါ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမျှော်သင့်ကြောင်း အကြံပြုအပ်ပါသည်။

မူလကခြေသေ်ရုပ်ပါ အတောင် (၂၀) ခန့်ရှိကျောက်စာတိုင်သာ ရှိခဲ့ကြောင်း၊ ယခုအခါ ဂျပန်ဗုဒ္ဓဘာသာ များမှဦးဆောင်၍ ကျောက်စာဌာနအကူအညီဖြင့် မြေအောက်သို့ တူးဖေါ်ကြရာ၊ ဝါဠုကာရုံကျောင်းတော်ရာကြီးကို တူးဖေါ်

တွေ့ရှိရသည့်အပြင် လိစ္ဆဝီမင်းများတည်ထားသော ဓါတ်တော်စေတီနေရာ အုတ်မြစ်တော်ကိုပါ တွေ့ခဲ့ရပေပြီ။ အဗ္ဗပါလီသရက်ဥယျာဉ်ကိုတော့ ကျွန်တော်တို့မရောက်နိုင်ခဲ့တော့ပါ။ မြတ်စွာဘုရား "ရတနသုတ်" ဟောတော်မူရာတွင် မြန်မာဘုရားဖူးအဖွဲ့ဝင် သံဃာတော်အရှင်မြတ်များမှ "ရတနသုတ်တော်" ကို ရွတ်ဆိုပူဇော် ကန်တော့ပြီးနောက် ပတ္တနားမြို့သို့ ဦးတည်ထွက်ခွါလာပါတော့သည်။ ပတ္တနားမြို့နှင့် ဝေသာလီမြို့ကို ဂင်္ဂါမြစ်ကြီးက ခြားထားသည်ဖြစ်ရာ ယခုအခါ (၃) မိုင်ကျော်ရှည်လျားသော တံတားကြီးတစ်ခုကို တည်ဆောက်ပြီးစီးနေပါပြီ။ ၎င်းတံတားကြီးကို "အင်ဒီရာဂန္ဒီ" တံတားဟု ကင်ပွန်းတပ်ထားပါသည်။ အင်ဒီယာဂန္ဒီတံတားကြီးပေါ် ကျွန်တော်တို့ ဖြတ်ကျော်စဉ်မှာ ဂင်္ဂါမြစ်အတွင်းမှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးအေးလေးကို အားရပါးရ ရှူရှိုက်လိုက်မိ၏။ စိတ်မှာ ကြည်လင်လန်းဆန်း လာပါသည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ပတ္တနားဘက်ခြမ်း ပါဋလိပုတ် (မာဂဓ) ကမ်းနှင့် ဝေသာလီဆိပ်ကမ်းကူးချိပြန်လှည့်သာသနာတော်အတွက် ဒေသစာရီ မကြာမကြာ ကြွချီသည်ကို ရော်ရည်မှန်းဆ စိတ်မှာတမ်းတနေမိပါသည်။

## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၁၂) ရက်နေ့

## ပတ္တနား မှ ကာလကတ္တား

၁၂-၁-၁၉၉၈

ကျွန်တော်များ မြန်မာဘုရားဖူးအဖွဲ့၏ သံဝေဇနိယ (၄) ဌာန အပါအဝင် မဇ္ဈိမဒေသဘုရားဖူး လေ့လာရေး အစီအစဉ်သည် ပတ္တနားမြန်မာကျောင်း ပြန်ရောက်သည့် အချိန်မှာ ပြီးစီးအောင်မြင်ခဲ့ပေပြီ။ ယနေ့ညအန္ဒိယ လေကြောင်းလိုင်း (၇း၀၀) နာရီခေါက်ဖြင့် ကာလကတ္တားသို့ ပြန်လာရပါတော့မည်။ နံနက် အာရုဏ်ဆွမ်းကပ်ပြီး ကတည်းက ကိုယ်ပိုင်အားလပ်ခွင့်ပေးလိုက်ရာ ပတ္တနားမြို့တွင်းသို့ ဒေသခံအိန္ဒိယလူမျိုး ကားအကူလုပ်သားများ စကားပြန် ဘာဗလူး တို့ ဦးဆောင်၍ အစု ၃-၄ စု ခွဲ၍လှည့်လည် လည်ပတ်ကြပါသည်။ မြန်မာပြန် အမှတ်တရ လက်ဆောင်

များ ဝယ်ဖြစ်ကြပါသည်။ နေ့လည် (၁၂) နာရီမှစ၍ တဖွဲဖွဲ ပြန်လာကြရာ မွန်းလွဲ (၁) နာရီခန့်တွင် လူစုံတက်စုံ ပြန်လည်ရောက်ရှိကြပါသည်။

ပတ္တနားမြန်မာကျောင်းတွင် ဒေသခံ မြန်မာအန္တိယ မိတ်ဆွေများ လာရောက်နှုတ်ဆက်ကြသလို နာလန္ဒာ တက္ကသိုလ်မှ စာသင်သားရဟန်းတော်ဦးဝါယမ နှင့် ဦးဝိစိတ္တ သာရ တို့လည်းလာရောက်နှုတ်ဆက်ကြသည်။မရှေးမနှောင်း အတွင်းမှာပင် ဗုဒ္ဓဂယာမြို့ မဂဓ တက္ကသိုလ်မှ ဦးသုပိယနှင့် ဦးဥ္ဇင်းတစ်ပါးလည်း ရောက်လာခါနှုတ်ဆက်ကြပါသည်။

မွန်းလွဲ (၂) နာရီတွင် ပတ္တနားမြန်မာကျောင်း ဆရာတော် ဦးဓမ္မစာရ အရှင်သူမြတ်အား နှုတ်ဆက် ကန်တော့ကြပါသည်။ ပတ္တနားမြန်မာကျောင်း တိုးချဲ့ဆောင် အတွက် အလှူငွေများ ထပ်မံလှူဒါန်းကြပါသည်။ ထို့အပြင် နာလန္ဒာမှ ရဟန်းတော်နှစ်ပါး မာဂဓတက္ကသိုလ်မှ ရဟန်း တော်နှစ်ပါး စုစုပေါင်း လေးပါးအား နဝကမ္မအလှူငွေများ စုပေါင်းလှူဒါန်းကြပြီးနောက် လေဆိပ်သို့ဆင်းရန် အထုပ် အပိုးများ ပြင်ရပါတော့သည်။ အဖွဲ့ဝင် (၆၄) ဦးပါဝင်သော ကျွန်တော်များ မြန်မာဘုရားဖူးအဖွဲ့ကြီးသည် ဗုဒ္ဓဂါယာ မဏ္ဍိုင်ခရီးတစ်လျှောက်ရှိ မြန်မာကျောင်းများ ပိုမိုတောင့်တင်း ဖွံ့ဖြိုးစေခြင်းအကျိုးငှါ အမေရိကန်ဒေါ်လာ (၁၈၇၀) ရှူပီငွေ

(၁၀၅၀၀) နှင့် လှူဖွယ်ပစ္စည်းအစုံ တန်ဖိုးကျပ် (၁၆၀၀၀၀) ကျော် စုစုပေါင်းမြန်မာငွေဖြင့် သိန်းပေါင်း (၂၀) နီးပါးကို အဖွဲ့ကိုယ်စား စာရေးသူကိုယ်တိုင် ရေစက်သွန်းချ လှူဒါန်း နိုင်ခဲ့ရာ စာရှုသူများ ကြည်ညိုသဒ္ဒါပွားနိုင်ရန် တင်ပြလိုက် ရပေသည်။

၁၂-၁-၁၉၉၈ နေ့ ညနေ ၄း၄၅ မိနစ်တွင် ကာလ ကတ္တားသို့သွားရန် ပတ္တနားလေဆိပ်သို့ ရောက်လာခဲ့ပါ သည်။ ပတ္တနားလေဆိပ်တွင် အမှတ်တရ ဓါတ်ပုံများခြင်း ဘုရားဖူးဓမ္မမိတ်ဆွေ အချင်းချင်းအပြန်အလှန် လိပ်စာ တောင်း ယူခြင်းများ ပြုလုပ်လျှက် ကာလကတ္တားမှ ရောက် လာမည့် လေယာဥ်ကို စောင့်မျှော်နေမိသည်။

ထိုစဥ်တစ်ခဏ၌ (၁၀၀) ခန့်ရှိသော လူစုလူဝေး သည် ပတ္တနားလေဆိပ်သို့ ရောက်ရှိလာကာ ကြွေးကြော် သံများ ဟစ်ကြွေးကြပါသည်။ ဆူညံသောအသံကြောင့် ကျွန်တော်များ မြန်မာဘုရားဖူးအဖွဲ့ ထိတ်ထိတ်ပြာပြာဖြစ် သွားရသည။အကြောင်းမှာဗာရာဏသီမှ ပြန်လာသော ဧင်းတို့၏ ပါတီခေါင်းဆောင်အမတ်လောင်းကိုကြိုဆိုကြရ ခြင်းဖြစ်သည်ဟု သိရပါသည်။ မကြာမီ လေဆိပ်ခန်းမ အတွင်းမှ ပန်းကုံးစွပ်ထားသော ဘောင်းဘီဖြူ အကျီဖြူ လက်ရှည် လည်ကတုံးဝတ်သူ၊ နှုတ်ခမ်းမွေးနှင့် လူ

တစ်ယောက်ကို ထိုလူစုမှ လက်ခုပ်တီးကြိုဆိုပြီးနောက် လေဆိပ်အပြင်သို့ ထွက်ခွါသွားကြပါသည်။

ည (၈) နာရီတိုင်အောင် ကျွန်တော်များစီးရမည့် လေယာဉ်က ကာလကတ္တားမှ ရောက်မလာသေးပါ၊ လေဆိပ် တစ်ခုလုံးတွင်လည်း ကျွန်တော်များ မြန်မာဘုရားဖူးအဖွဲ့နှင့် တခြားခရီးသည် နိုင်ငံခြားသား (၁၀) ဦးခန့်သာ ရှိတော့ သည်။ ထိုအချိန်၌ လေဆိပ်မှ တာဝန်ရှိသူနှင့် လက်နက်ကိုင် ရဲများက ကျွန်တော်များ မြန်မာဘုရားဖူးအဖွဲ့ကို အပေါ်ထပ် သို့ အမြန်တက်ရန် လာပြောပါသည်။ ကျွန်တော်တို့အဖွဲ့ တစ်ဖွဲ့လုံး အပေါ်ထပ်လေဆိပ်ခန်းမ စားသောက်ဆိုင်တွင် နေရာယူစေပါသည်။ တစ်ခဏအကြာတွင် အအေးဖျော်ရည် မုန့်များဖြင့် စားပွဲထိုးများမှလာ ရောက်ချပေးထားရာ လေယာဉ်စောင့်ရသည်မှာ ကြာနေ၍ လေဆိပ်မှာကျွန်တော် တို့အား ဧည့်ခင်းကျွေးမွေးသည်ဟု ရိုးရိုးတွက်ခဲ့မိ၏။ စူးစမ်း စပ်စုတတ်သော ကျွန်တော်ထိုင်၍မရတော့ပါ။ တောမေး တောင်မေးမေးရတော့၏။တောမေးတောင်မေးလုပ်နေစဉ် ပင် လေယာဉ်ပျံစက်သံကိုကြားလိုက်ရရာ ဝမ်းသာသွား၏။ ကျွန်တော်တို့ စီးရမည့် လေယာဉ်ရောက်လာပြီထင်ပါသည်။ မေးပါများစကားရ ဆိုသကဲ့သို့ လေဆိပ်စားသောက်ဆိုင် မန်နေဂျာ ဟု ထင်ရသူထံမှ ကြားခဲ့ရသည်။ အိန္ဒိယနိုင်ငံ၏ အကြီးဆုံးပါတီကြီး တစ်ခုဖြစ်သော ကွန်ဂရက်ပါတီမှ အကြီး

အကဲ ကိုယ်ပိုင်လေယာဉ်ဖြင့် နယူးဒေလီသို့ ပြန်ထွက်မှာမို့ ထိုသူလေဆိပ်ထဲမရောက်မီ ခရီးသည်တွေနှင့် မရောနှော စေခြင်းငှာ အပေါ်ထပ်စားသောက်ခန်းမမှာ ဧည့်ခံကျွေးမွေး နေခြင်းဖြစ်ကြောင်း သိခဲ့ရသည်။ အာလူးပူတီ ပါ ထပ်ကျွေး ရင် ကောင်းမှာပဲဟု ကျွန်တော့်စိတ်မှာ တွေးနေမိသည်။

မိနစ် (၄၀) ခန့်အကြာတွင် လေဆိပ်မှ တာဝန်ရှိသူ က ဖုန်းဖြင့် ကာလကတ္တားသို့ ထွက်ခွါရန် လေယာဉ်ဆိုက်ခါ နီး၍ အောက်ထပ်အထူးခန်းမသို့ လာကြပါရန် ခေါ်ပြန် သည်။ အောက်ထပ်အထူးခန်းမအဝင်မှာဖြင့် အဆင့်ဆင့် စစ်ဆေးလိုက်ကြရာ မပြီးနိုင်ဖြစ်နေ၏။ ကင်မရာထဲက ဓါတ်ခဲ၊ ဓါတ်မီးထဲက ဓါတ်ခဲတွေ အကုန် လက်ဆွဲအိတ်တွေ ထုတ်၍ စီးပွား/ကူးသန်းမှ တာဝန်ခံ ဦးငွေဇင်လက်ထဲ စုပေါင်းအပ်ရပါသည်။ အထူးခန်းမအတွင်း ရောက်၍ ကိစ္စက ပြီးမည်ထင်သော်လည်း အိန္ဒိယလက်နက်ကိုင် ရဲများက ဓါတ်ခဲအလုံး (၁၅၀) ခန့် အထုပ်ကြီး ကိုင်ထားသူ ဦးငွေဇင်ကို ပြဿနာရှာကြပြန်ရာ အတော်အတန်ကြာ ဖြေရှင်းလိုက်ရ၏။ လူငယ်အတွေးနဲ့တွေးလိုက် ရင် တော်တော် "ရစ်" တဲ့လူတွေဟု ပြောရပါမည်။ လေဆိပ် အထူးခန်းမမှ ကြည့်လိုက်လျှင် လေယာဉ်ကွင်းကို တိုက်ရိုက် မြင်ရပြီး တံခါးဖွင့်ဝင်လိုက်လျှင် လေယာဉ်ကွင်းထဲ ရောက်ပါ သည်။ ထိုလေဆိပ် အထူးခန်းမ၌ ထိုင်နေစဉ်

လေယာဉ်ပျံသံကြား၍ မြင်လိုမြင်ငြားကောင်းကင်မော့ကြည့်ရာ အသံသာကြားရ၍ လေယာဉ်ပျံမီးလုံးကိုပင် မမြင်ရ နှင်းတွေက ပိတ်နေ၏။ ဝင္ဒုက္ခကြီးစွာ တစ်နာရီခန့် စောင့်နေရသော်လည်း လေယာဉ်ပျံက ပေါ်မလာ။

ဒေသစံတော်ချိန် (၁၀) နာရီတွင် လေဆိပ် မန်နေဂျာ နှင့် အိန္ဒိယရဲများ ရောက်လာပြီး ကျွန်တော်တို့အား လာရောက်ရှင်းပြကြပါသည်။ ပတ္တနားလေဆိပ်ကို ကာလကတ္တားလေယာဉ် ရောက်လာသော်လည်း လေယာဉ်ကွင်းရှာမရ၍ ပြန်လှည့်ထွက်သွားပြီဖြစ်ကြောင်း၊ နောက်တစ်နေ့ (၃) နာရီမှ လေယာဉ်ကွင်းသို့ ပြန်လာရန်နှင့် ယခုမြန်မာဘုရားဖူးများအား လေကြောင်းကုမ္ပဏီ အစီအစဉ်ဖြင့် တည်းခိုနေထိုင်ရန် စီစဉ်ထားကြောင်း လာရောက်ရှင်းပြသည်။ ဤသို့နှင့် ကျွန်တော်များ ဘုရားဖူးအဖွဲ့သည် ပတ္တနားမြို့လယ် လမ်းမကြီးပေါ်ရှိ SAMRAT နိုင်ငံတကာဟိုတယ်သို့ ရောက်ရှိနားနေလိုက်ရပါတော့သည်။



## ၁၉၉၈ ခု၊ ဇန်နဝါရီလ (၁၃) ရက်နေ့

SAMRAT နိုင်ငံတကာဟိုတယ်မှနံနက်စောစော ကို ကော်ဖီ၊ ပေါင်မုန့်ကြော်များဖြင့်ဧည့်ခံပြီး နေ့လည်စာ ကို အရသာကောင်းကောင်း မဆလာအနံ့တစ်ထောင်း ထောင်း နှင့် ကြက်သားဟင်းပူတီတို့ဖြင့် ကျွေးမွေးပါသည်။ မွန်းလွဲ (၁) နာရီတွင် လေဆိပ်သို့ ထွက်ခွာခဲ့ရာ ၁း၃၀ အချိန်မှာလေဆိပ်သို့ရောက်ရှိပါသည်။ လေဆိပ်တွင်မနေ့က လောက် စစ်ဆေးမှုများ မပြုလုပ်ကြတော့ပါ။ ၁၂-၁-၁၉၉၈ နေ့က အထူးစစ်ဆေးနေခြင်းကို ယနေ့ထုတ် သတင်းစာများ ထွက်မှ သိလာရပါသည်။ အကြောင်းမှာ မဲဆွယ်ပွဲတစ်ခု၌ မြေပဲလှော်ရောင်းသော လှည်းမှ 'ဗုံးကွဲခြင်း' ကြောင့်ဖြစ် ကြောင်း သိခဲ့ရပါသည်။ လေဆိပ်တာဝန်ခံမှ (၃) နာရီ အရောက် လာကြရန် မှာကြားသော်လည်း အမှန်တကယ် ထွက်ခွာဖြစ်သည်မှာ (၄း၂၀) မှ ဖြစ်ပါသည်။ ကာလကတ္တား

နိုင်ငံတကာ လေဆိပ်သို့ (၅း၁၀) တွင် ရောက်ရှိပါသည်။ ကာလကတ္တားည၏ မီးရောင်စုံအလှကို ကြာကြာ မခံစားလိုက်ရပါ။ ခေတ္တခဏ အကြာတွင် မြန်မာပြည် ရန်ကုန်-စက်ဘုပူ ထွက်မည့်လေယာဉ်ပေါ်သို့တက်ရန် ညွှန်ကြားသဖြင့် နိုင်ငံတကာ လေဆိပ်ဘက်သို့ ကူးပြောင်းကာ လိုအပ်သော စစ်ဆေးမှုများ ခံယူပြီးနောက် လေယာဉ်ကြီးပေါ် တက်ခဲ့ရပါ သည်။

အိန္ဒိယ လေယာဉ်ကြီးသည် ကာလကတ္တားလေဆိပ်မှ ဒေသစံတော်ချိန် ညနေ (၆း၀၀) နာရီအချိန်တွင် စတင်ထွက်ခွာပါတော့သည်။ လေယာဉ်ပျံကြီးကောင်းကင်သို့ ပြန်အတက်တွင် လေယာဉ်မှန် ပြူတင်းပေါက်မှနေ၍ ဗုဒ္ဓဂယာ မဇ္ဈိမဒေသသို့ ရော်ရမ်းမှန်းဆကာ ဆယ်ဖြာလက်အုပ်ချီမိုး၍ ရှစ်ခိုးကန်တော့ခဲ့ပါသည်။

ဗုဒ္ဓဂယာမဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်ကြောင့် ကျွန်တော်တို့ဗဟုသုတတွေ တိုးလာ၏။ အသိဉာဏ်တွေ မြင့်လာ၏။ အကြားအမြင်တွေလည်းများခဲ့သည်။ ယနေ့ ဤကမ္ဘာ၌ အထောက်အထားခိုင်လုံစွာ ပြဆိုနိုင်ခဲ့သော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားနိုင်ရန် စွမ်းဆောင်နိုင်သော သာသနာပြုစိတ်များသည် တဖွားဖွားပေါ်ပေါက်လာခဲ့၏။ မိမိဘုရားဝတ်ပြုသည့်

အခါတိုင်း ဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှာ တရားဟောကြား နေသော မြတ်စွာဘုရားသခင်ကျေးဇူးရှင်ကြီး၏ ရောင်ခြည် တော်ကွန့်မြူး တရားထူးကို နာကြားဘိသကဲ့သို့ အာရုံယူ ခံစားနိုင်ခဲ့ပေပြီ။ ဗုဒ္ဓဝင်ကျမ်းကိုဖတ်ဖတ်၊ ဓမ္မစကြာကို ရွတ်ရွတ်၊ ဓမ္မပဒကို လေ့လာလေ့လာ ဇာတ်တော်ငါးရာကို ကြည့်ကြည့် နေရာဌာနတွေ သိနေသောအခါ ဘုရား ပွင့်တော်မူရာ ဗောဓိပင်ရင်း၊ ရွှေခွက်မျှောတာ နေရဉ္စရာမြစ်၊ (၆) နှစ်ကျင့်တာ ဒုက္ကရစရိယာဂူ၊ တရားဦးဟောရာ မိဂဒါဝုန်၊ ဖွားတော်မူရာ လုမ္ဗိနီ၊ စံတော်မူရာ ကုသိနာရုံ စသည်ဖြင့် မျက်စိထဲကွင်းကွင်းကွက်ကွက် ထင်းထင်းရှားရှားပွားများနိုင် သည်မှာဗုဒ္ဓဂယာမဇ္ဈိမခရီးကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် အသင်လည်း သွားရောက်သင့်သည်၊ ဗုဒ္ဓဘာသာမှန်လျှင် သွားရောက်ဖူးဖြစ်အောင် ဖူးစေလိုပါသည်။

ကျွန်တော့မိသားစုနှင့်လည်း တစ်ခါတစ်ခေါက် သွား ရောက် ဖူးမျှော်ပါဦးမည်။

အသင်နှင့်အသင်၏မိသားစုလည်း အမြန်သွား ရောက် ဖူးမျှော်လိုက်ကြပါ။

ဦးကံဝင်း



## "ကျမ်းကိုးစာရင်း"

၁။ မောင်အံ့ (မဟာဝိဇ္ဇာ ဘုံဘေ) ရေး "မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ"

၂။ ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထုတ် "ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်"

၃။ ဦးလှသိန်းထွန်း (ဓမ္မစရိယ၊ ဘီအေ-ပထဝီဝင်) ရေး "ဗုဒ္ဓသည် မြန်မာလူမျိုး "

၄။ သာဝတ္ထိ ဘုရားဖူးလမ်းညွှန်စာစောင်

၅။ ဖူးမြင်ဖွယ်ရာအစုံ ကုသိနာရုံလမ်းညွှန်စာစောင်

၆။ သဒ္ဓမ္မသီတဂူဆရာတော်ဦးဉာဏိဿရ၏ သံဝေဇနိယ လေးဌာန တရားခွေ

၂၅၇၉၇

သုတေသနစာကြည့်တိုက်

ဦးကံဝင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၂၉

ကမ္ဘာအေး၊ ရန်ကုန်။

၇။ ၁၁-၉-၉၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ

၈။ ဇလွန်ပြည်တော်ပြန်ဘုရားသမိုင်း

၉။ ပါရဂူရေး ဝေသာလီ

၁၀။ ဓမ္မစရိယ ဦးဌေးလှိုင်ရေး ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ

၁၁။ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် ဩဝါဒစရိယ နာယက ဆရာတော်ဘုရားကြီး ဦးဇနိတာလင်္ကာရ၏ "ကျင့်မြတ်မဂ္ဂင် နိဗ္ဗာန်မြင်"

၁၂။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ဝိနယပါမောက္ခ ဦးစန္ဒာဝရာဘိဝံသ (MA) ရေး "ပဋိစ္စသမုပ္ပါဒ်နှင့်ဘဝအမြင်"

၁၃။ သီဟသုဓမ္မ မဏိဇောတဓဇ သဒ္ဓမ္မဇောတိကဓဇ ဦးညို၏ "သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်ရာလမ်းညွှန်"





ဤစာအုပ်သည်

ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ သွားသင့်
သည်။ သွားရန်ရည်ရွယ်သူတိုင်း ဤစာအုပ်
ကို ဖတ်သင့်သည်။ မသွားဖြစ်သေးသူများ
ကိုယ်တိုင်ရောက်နေသကဲ့သို့ ခံစားရမည်။
သွားမည့်သူများအတွက် အကောင်းဆုံး
လမ်းညွှန်တစ်ယောက်ကဲ့သို့ အားကိုး
ရသည်။



ဤစာအုပ်တွင်

ကန်ဒကာရီရွာအောက် ရောက်သွားသော
ဝိသာခါကျောင်းတော် . . .
ကာလကတ္တားရှိ သီပေါမင်းစံအိမ် . . .
ဌာပနာကြေးအိုးအတွင်းမှ
"ပဋိစ္စသမုပ္ပါဒ် တရားတော်" . . .





ဤစာအုပ်တွင်

အိန္ဒိယနိုင်ငံရှိ ဆက်သွယ်တည်းခိုနိုင်သော
မြန်မာကျောင်းများတည်နေရာ နှင့် ဖုန်း
နံပါတ်၊ ဘုရားစေတီ တည်နေရာများ၊ ခရီး
မိုင် အကွာအဝေး၊ ရာသီဥတု အခြေအနေ၊
ခရီးစဉ် အစ အဆုံးပြမြေပုံ၊ ဗုဒ္ဓဂယာ
မသွားမီ ပြင်ဆင်သင့်သည်များ . . .